www.burmeseclassic.com

ခင်းအန္တရာယ် ကြိုတင်ကာကွယ်နိုင်ကြစေဖို့

# ရှုခင်း ရှုထောင့်

ရှုခင်းနှင့်ရသစုံမဂ္ဂဇင်း

VOL (E) , N0 ( 34 ) ၂၀၁၃ ခုနှစ်၊ အောက်တိုဘာ

BURMESE CLASSIC .com



ရှုခင်း
ရှုခင်း
ရှုခင်း
ရှုခင်း

သရုပ်ဆောင် - နဝရတ်
ဓာတ်ပုံ - ရဲမြင့်လွင်

www.burmeseclassic.com

www.burmeseclassic.com

7 SEP 20 3

# ဖြစ်ရပ်မှန်မှုခင်းဝတ္ထုများကို ဖတ်ရှုလေ့လာခြင်းအားဖြင့် မှုခင်းများကို ကြိုတင်ကာကွယ်နိုင်ကြစေရန် ရည်ရွယ်လျက်——


မှုခင်းပညာပေးအစီအစဉ်အရ ခွင့်ပြုချက်မြဲ-၀၃၈၂ ဖြင့်
ရှုထောင့်မှုခင်းနှင့်ရာသီစုံမဂ္ဂဇင်းအား
လစဉ်လဆန်း (၁)ရက်နေ့တိုင်း ပုံမှန်ထုတ်ဝေပါသည်။

| | |
|---|---|
| နာယက | - ရဲမှူးချုပ်ဝင်းခေါင် |
| | - ဒုရဲမှူးကြီးဝင်းမြင့် (ငြိမ်း) |
| အကြံပေးလမ်းညွှန်မှု | - ဒေါ်သက်ရီ (Jacob) |
| | **Jacob Media Group** |
| အယ်ဒီတာချုပ် | - ဦးသက်နိုင်ဦး |
| တာဝန်ခံအယ်ဒီတာ | - မောင်ငြိမ်းသူ (ကြို့ပင်ကောက်) |
| အုပ်ချုပ်ရေးမှူး | - ညိုညိုစိမ့် |
| တွဲဖက်အုပ်ချုပ်ရေးမှူး | - ဌေးနိုင် (ပြင်ပဆက်သွယ်ရေး) |
| | - အောင်ကျော်ဦး (သတင်း) |
| ဒီဇိုင်း | - ဇောဝဏ္ဏ |
| ကွန်ပျူတာစာစီ | - တင်တင်အောင် |
| ရုံးလုပ်ငန်း | - ခင်စန်းဝင်း၊ မြမြလှိုင်၊ ခင်မာဆွေ တင်ကြိုင်၊ တင်ဆွေ |
| ကြော်ငြာတာဝန်ခံ | - ဦးသက်ထွန်း၊ ဒေါ်အေးအေးအေး |
| စာအုပ်ချုပ်အဖွဲ့ | - ဦးတင်ဦးအဖွဲ့ |
| ပုံနှိပ် | - စိန်နဂါးပုံနှိပ်တိုက် |
| အဖုံးဖလင် | - **EAGLE** |
| အတွင်းဖလင် | - **PERFECT** |



**သတင်းနှင့်စာမူများပေးပို့ရန်လိပ်စာ**

ရှုထောင့်မှုခင်းနှင့်ရာသီစုံမဂ္ဂဇင်းရုံး၊ သတင်းစုဆောင်းရေးရုံးခွဲ
(၉၆)၊ မဟာသုခလမ်း၊ ကျိုက်တော်ရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**PH: 01-297297, 01-9000017**
**FAX : 01-397164**
**Email : shuhtaunt@gmail.com**
**nyonyoseinnt@gmail.com**


## သတင်းစုဆောင်းရေးရုံးခွဲများ

| | |
|---|---|
| ဦးဇော်လင်းသန်း (ရုံးအဖွဲ့) | - နေပြည်တော်ရုံးခွဲ |
| ဦးခင်ဇော်ဦးအဖွဲ့ | - ကရင်ပြည်နယ်ရုံးခွဲ |
| ဦးသိန်းဇော်ဦးအဖွဲ့ | - မူဆယ် (ရှမ်းပြည်နယ်-မြောက်ပိုင်း)ရုံးခွဲ |
| ဦးသန်းဝင်းအဖွဲ့ | - ချောက်ရုံးခွဲ |
| ဦးလှဌေးအဖွဲ့ | - ကျောက်ပန်းတောင်းရုံးခွဲ |
| ဦးထွန်းမြင့်အဖွဲ့ | - ဥသျှစ်ပင်/ပန်းတောင်းရုံးခွဲ |
| ဦးအောင်သန်းထွန်းအဖွဲ့ | - ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ရုံးခွဲ |
| ဦးလှထူးအဖွဲ့ | - အောင်လံ /မြေလှရုံးခွဲ |
| ဦးမိုးဇော်ဇော်အဖွဲ့ | - အင်းမ/ဝက်ပုတ်ရုံးခွဲ |
| ဦးတင်ဝင်းအဖွဲ့ | - ပုတီးကုန်းရုံးခွဲ |
| ဦးခင်အောင်အဖွဲ့ | - သဲကုန်းရုံးခွဲ |
| ဦးမျိုးသက်အောင်အဖွဲ့ | - ဇီးကုန်းရုံးခွဲ |
| ဦးတင်မောင်ကြည်အဖွဲ့ | - ပေါင်းတည်ရုံးခွဲ |
| ဦးအောင်မြင့်အဖွဲ့ | - ရွှေတောင်ရုံးခွဲ |
| ဦးထွန်းလေးအဖွဲ့ | - ကံမရုံးခွဲ |
| ဦးဝင်းဇော်အဖွဲ့ | - မိုးညိုရုံးခွဲ |
| ဦးတင်ဝင်းအဖွဲ့ | - အုတ်ဖိုရုံးခွဲ |
| ဦးသိန်းလွင်အဖွဲ့ | - နတ်တလင်းရုံးခွဲ |
| ဦးမြင့်နိုင်အဖွဲ့ | - ကယားပြည်နယ်ရုံးခွဲ |
| ဦးသိန်းကိုင်အဖွဲ့ | - မွန်ပြည်နယ်ရုံးခွဲ |
| ဦးမိုးမြင့်အဖွဲ့ | - ဘိုကလေးရုံးခွဲ |
| ဦးဇော်ရှိန်းအဖွဲ့ | - ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) |
| ဒေါ်လှလှကြည်အဖွဲ့ | - လှိုင်သာယာ (၁) ရုံးခွဲ |
| ဦးတင်ထွန်းဦးအဖွဲ့ | - လှိုင်သာယာ (၂) ရုံးခွဲ |
| ဦးဖိုးအဖွဲ့ | - သာကေတရုံးခွဲ |
| ဦးအောင်မင်းအဖွဲ့ | - ဒေါပုံ (၁) ရုံးခွဲ |
| ဦးတင်လှိုင်အဖွဲ့ | - ဒေါပုံ (၂) ရုံးခွဲ |
| ဦးစိန်ဝင်းအဖွဲ့ | - ရေကြည်ရုံးခွဲ |
| ဦးစံတာထီအောင်အဖွဲ့ | - လားရှိုး(ရှမ်းပြည်နယ် မြောက်ပိုင်း)ရုံးခွဲ |
| ဦးမြင့်လွင်အဖွဲ့ | - သာပေါင်းရုံးခွဲ |
| ဦးထွန်းထွန်းအဖွဲ့ | - ပေါင်းတလည်ရုံးခွဲ |
| ဦးထူးထူးအဖွဲ့ | - လက်ပံတန်း (၁) ရုံးခွဲ |
| ဦးသက်မြင့်ဝင်းအဖွဲ့ | - လက်ပံတန်း (၂) ရုံးခွဲ |
| ဦးအောင်ဇော်မြင့်အဖွဲ့ | - မြန်အောင်ရုံးခွဲ |
| ဒုရဲမှူးတင်လှိုင် (ငြိမ်း)အဖွဲ့ | - ပေါက်ခေါင်းရုံးခွဲ |
| ဦး————————အဖွဲ့ | - ဘင်ပေါင်ဝဲရုံးခွဲ |
| ဦး————————အဖွဲ့ | - ကဝရုံးခွဲ |
| ဦးမောင်မောင်စိုးအဖွဲ့ | - ဘုရားကြီးရုံးခွဲ |
| ဦးအောင်မျိုးဦးအဖွဲ့ | - ကျောက်တံခါးရုံးခွဲ |
| ဒေါ်သန်းသန်းမြိုင်အဖွဲ့ | - ကမာရွတ်ရုံးခွဲ |

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ။ ဓမ္မော မေ သရဏံ အညံ နတ္ထိ။
သံဃာ မေ သရဏံ အညံ နတ္ထိ။

ဒီပင်္ကရ တပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ၊ သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော၊ အထသဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ၊ တာဒိသံ တေဇသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ၊ နမက္ကာရာနုဘာဝေန၊ သဗ္ဗေပူရေန္တု သင်္ကပ္ပာ။

ဩြင်း-တစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်၊ တစ်ဆယ့်လေးချက် ဓမ္မစက်၊ တစ်ဆယ့်ရှစ်ချက် သံဃစက်၊ ထရောင်ဝင်းလျက် ရှင်ပစ္စေက ဗုဒ္ဓါရဟန္တာစက်၊ မြင်းမိုရ်တောင်ဦး မြင့်ခေါင်ကျူးလျက် မိဘစက်၊ ဝဏ်ကျေးဇူးအထူးသိလျက် ဆရာစက်၊ ဗြဟ္မစိုရ်လက်နက် ဗြဟ္မာ့စက်၊ မိုးကြိုးလက်နက် သိကြားစက်၊ လောင်မီးကျလျက် နတ်တို့စက်၊ ဘွဲ့ဖြူလက်နက် ဘီလူးစက်၊ တောင်ဟုန်ပြင်းလျက် ဂဠုန်မင်းစက်၊ အာခံတွင်းက ဝင်းဝင်းတောက်လျက် နဂါးစက်၊ သုံးထောင်သချ်ာ ယောဇနာ အာဏာစိုးလျက် သီဟစက်၊ စက်ကြီးတစ်ဆယ့်သုံးပါး ရွတ်သံကြားက ဘေးများမြင်မှမကောင်းစုတို့ ဝေးကကြဉ်ရှောင် အောင်စေတတ်သည် မြတ်သည့်ဆရာ ပညာတည်း။
ဩြင်း-နမော ဗုဒ္ဓါနုဘာဝေန၊ ဩြင်း-နမောဓမ္မာနုဘာဝေန၊ ဩြင်း-နမော သံဃာနုဘာဝေန၊
ဩြင်း-နမော ဒုရေ-ဒုရေ သွား ဟုံ-ဟုံ။


ဒါရိုက်တာ 'ဦးဦးသက်' စီစဉ်ညွှန်ကြားသော

# AUDIO WAVE

## GENERAL ENTERTAINMENT GROUP

-အသံစက်ပစ္စည်းနှင့်မီးပစ္စည်းမျိုးစုံ၊ ဆောင်းဘောက်ပစ္စည်းမျိုးစုံ ငှားရမ်းခြင်း။
- ပျော်ပွဲရွှင်ပွဲအတွက် ကာရာအိုကေစက်များငှားရမ်းပေးခြင်း။
- နိုင်ငံကျော်အနုပညာရှင်များစွာဖြင့်ဖျော်ဖြေမှုအစီအစဉ်များအတွက်စီစဉ်ဆောင်ရွက်ပေးခြင်း။
- စတိတ်ရှိုး၊ အငြိမ့်၊ DANCER , FASHION ပွဲများ၊ ပရိုမိုးရှင်း(ရောင်းအားမြှင့်တင်မှုပွဲများ)စီစဉ်ပေးခြင်း

အထူးဈေးနှုန်းဖြင့်ဆောင်ရွက်ပေးနေပြီ


ဆက်သွယ်ရန်ဖုန်း - ၀၉ ၇၃၁၂၁၆၇၀၊ ၀၉၄၃၁၁၀၃၂၁ ၊ ၀၁ ၃၉၇၁၆၄၊ ၀၁ ၂၉၇၂၉၇၊ ၀၁ ၉၀၀၀၀၁၇ (ရန်ကုန်မြို့)၊ ၀၅၃ ၂၇၁၁၃ (ပြည်မြို့နယ်ခွဲ)


www.burmeseclassic.com

www.burmeseclassic.com

## “အဋ္ဌကထာကြေးပိဋကတ်တော်ကို ပြုလုပ်လှူဒါန်းဒါနပြုကြပါစို့”

ဗဟန်းမြို့နယ်၊ ကျောင်းတော်ရာရွှေကျင်တိုက် မင်္ဂလာတိုက်ကျောင်း ကြေးပိဋကတ်ဆရာတော် ဘဒ္ဒန္တဉာဏ (သာသနာဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဓမ္မစာဆိုတော်)မှ ဦးဆောင်စီစဉ်၍အဋ္ဌကထာကြေးပိဋကတ်တော်တစ်ဆူပြုလုပ်လှူဒါန်းနိုင်ရန် စတင်ဆောင်ရွက်နေပါပြီ။



BURMESE CLASSIC .com

“ကျွန်ုပ်တို့သည် လူ့ဘဝရောက်ချိန်တွင် ကောင်းမြတ်သော သာသနာအကျိုးပြု ကုသိုလ်ကောင်းမှုပြုလုပ်သင့်ကြသည်”ဟု ယုံကြည်ကြ၍ သာသနာတော် အစွန့်ရှည် တည်တံ့အောင် မြတ်စွာဘုရား၏ ပါဠိပိဋကတ်ကျမ်းစာတော်မြတ်တို့ကို ကြေးပိဋကတ်ပြုလုပ်လှူဒါန်းထားကြပြီးဖြစ်ပါသည်။ ယခုတဖန် အဋ္ဌကထာကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းမည်ဖြစ်ပါသောကြောင့် ပါဝင်လှူဒါန်းလိုသော အောက်ပါလိပ်စာအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သိစေအပ်ပါသည်။

(အဋ္ဌကထာကြေးပိဋကတ်တော်(၁)ချပ်ကို ၂၆၀၀၀ိ/-)ကျပ်နှုန်းဖြင့်လှူဒါန်းနိုင်ပါသည်။

**အဋ္ဌကထာကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရာဌာန**

- မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ကြားတောရ ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **(ရေခဲဆိုင်မှတ်တိုင်ဆင်း၍)**
- ဖုန်း–၅၄၈၈၀၅၊ ၀၉၅၁–၉၅၂၀၆

ဒေါ်အေးအေးခန့်

www.burmeseclassic.com

www.burmeseclassic.com

# ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း၊ အောက်တိုဘာလထုတ် (၂၀၁၃)

## မာတိကာ


### "ကဗျာရှုထောင့်"

- ကို (တက္ကသိုလ်) ၈
- သားလတ် ၉
- မင်းသွေးနွယ် (ဇီးကုန်း) ၁၀
- ရွှေညာသားမြတ်မင်း ၁၁

### "ဘာသာပြန်ရှုထောင့်"

- ရွှေကိုဦး၊ ဇွဲနေ၊ မြင့်သန်း (မင်္ဂလာဒုံ)

### "ဥပဒေရှုထောင့်"

- မောင်ညာထ်ရှင် (ဥပဒေ) ၁၅

### "မှုခင်းပဟေဠိရှုထောင့်အမှတ်စဉ် (၇၁)"

- မောင်ငြိမ်းသူ (ကြို့ပင်ကောက်) ၁၉

### "မှုခင်းဝတ္ထုတို/ရှည်ရှုထောင့်"

- မောင်မောင်စိန်လင်း (အပြိုင်ချစ်နဲ့ အချစ်ပြိုင်) ၄
- ကျော်စိုးသူ (ဥသျှစ်ပင်) (အရက်ကြောင့်) ၅
- မျိုးသစ် (ပန်းသည်မလေးရဲ့ချစ်ပုံပြင်) ၆
- ကျော်သန်းစံ (သူဌေးမလေးနှင့်လူစိမ်း) ၇
- ကေတုလုနိုင် (စိတ်လိုက်မာန်ပါ) ၇
- ခင်မောင်ထွန်း (လမ်းမတော်) (ဘိုးတော်ဆိုတိုင်းယုံသင့်မှယုံပါ) ၈
- ဆွေမြင့်သူ (ကြေး/မြေ) (အရက်မှာရေစုန်မျောခဲ့သူ) ၈
- ရွှေကော်မြေကိုစိမ်းလန်း (မိုးတစ်ညအ် ငိုရှိုက်သံ) ၉၃
- တွင်းကြီးသားတင်ဝင်းဦး (ရက်မရွေးပါနဲ့ကိုကိုရယ်) ၁၀၄


www.burmeseclassic.com

www.burmeseclassic.com


"ဘာသာပြန်ရှုထောင့်"

- ယုယုလွင် (ဘာသာပြန်)
  (လက်ထဲကခြေရာ) ၁၁၃
- စိန်ဝင်းမော် (ဘာသာပြန်)
  (ချောက်ချားဖွယ်ငွေညှစ်မှုဓာတ်ပုံ) ၁၂၈

"ရသဝတ္ထုတိုရှုထောင့်"

- တက္ကသိုလ်ရွှေဆင့်
  (တစ်ကျွန်းပြန်ဓာတ်ဘဝခရီး) ၁၃၇

[illegible]

- ဆူးသစ်
  (ပင်နယ်တီဘောလုံးတစ်လုံးကပေးတဲ့
  သင်ခန်းစာ) ၁၄၉

[illegible]

- ပြည့်ဖြိုး (ဇက်အယ်လ်)
  (အမှန်းမရှိတဲ့နားခိုရာ) ၁၅၅

"ပြောင်ချက်နှလုံးသား"

- တာဝန်ခံအယ်ဒီတာရဲ့သုံးသပ်ချက် ၁၅၉
- ဟန်နီ (တောင်ကြီး)
  (ရက်လွန်အလွမ်းတို့ငြိမ်းနိုင်စေ) ၁၆၁

"ရုပ်ရှင်ရှုထောင့်"

- ကျော်ဇောဟိန်း (ဒေါ်ပုံ)
  (ဘယ်သူ့ကြောင့်) ၁၆၆
- နိုင်စင်သန့်
  (မွေ့ခံထိုက်သူ) ၁၆၉

[illegible]

- ကိုကြီးထူး ၁၇၂

[illegible]

- တက္ကသိုလ်စိုးမိုးနိုင် ၁၇၄


www.burmeseclassic.com

www.burmeseclassic.com



# လူကောင်းမဖြစ်နိုင်ပြီလော

ကို (တဏ္ဍသိုလ်)



လောကဇမ္မူ၊ တံခွန်ထူသည်
လူကောင်းသူကောင်း၊ ဖြစ်တုံရှောင်းလည်း
လှည့်ပြောင်းကြမ္မာ၊ ကြုံသောခါ၌
နာမငုပ်လျှိုး၊ ဝုဏ်သိရ်ညှိုးလျှင်
လူဆိုးဆိုသူ၊ ပယ်ခံသူတို့
လူကောင်းမဖြစ်နိုင်ပြီလော။

ရေချင်းတူလျက်
ကျောက်သားထက်တွင်၊ ဖွေးကြည်စင်လည်း
စီးဝင်ရွှံ့နှစ်၊ မည်းနောက်ညစ်သို့
နှစ်ကောင်ဖော်ကွဲ၊ နေရာစွဲ၍
ပြောင်းလဲစာဝါ၊ ကျေးပမာသို့
ခွင့်ခါကြုံကြိုက်၊ ဝန်းကျင်လိုက်၍
စရိုက်ရွှေ့ပြောင်း၊ သည်အကြောင်းကြောင့်
လူကောင်းမဖြစ်နိုင်ပြီလော။

မွေးပါဗီဇ၊ ပြင်ခဲ့ကြလည်း
စာဂမဏ္ဍိုင်၊ ပြင်ရနိုင်၏
မခိုင်မမြဲ၊ တစ်ကြိမ်လဲလည်း
မာန်ဖွဲ့ထူမတ်၊ သံစိတ်မာတ်ဖြင့်
ရပ်တည်မစောင်း၊ အကျင့်ပြောင်းသော်
လူကောင်းမဖြစ်နိုင်ပြီလော။

ဗဟိန္ဓ၏
ပေးသည့်ခြေနေ၊ အတွေ့တွေ့ကို
မသွေတုံ့ပြန်၊ တွင်းသဏ္ဍာန်၏
အမှန်အမှား၊ ရလဒ်များက
ပိုင်းခြားဖော်ပြ၊ စာရိတ္တတည့်
ဗီဇယွင်းဖောက်၊ ခွေးမြီးကောက်နှယ်
ကောက်လျှောက်မဆိုး၊ တစ်ဆစ်ချိုး၍
ကောင်းကျိုးမြော်မြင်၊ ကောင်းအောင်ပြင်လျက်
ကောင်းချင်ပါက၊ ကောင်းလေစွဟု
ရင်မှလိုက်လှဲ၊ ဖေးကူတွဲ၍
ပွဲဝင်စေကြောင်း၊ လက်ခံပေါင်းသော်
လူကောင်းမမည်ပေပြီလော။

ကြော်--တစ်ခါမည်းနတ်၊ စွန်းတစ်စက်ကို
တစ်သက်ပတ်လုံး၊ ပြောမဆုံးလျှင်
ကျင့်ထုံးဘယ်မှာ၊ မှန်တန်ပါအံ့
ကောင်းရာကောင်းမှု၊ အများစုကို
ရှုမြင်တတ်ပေ၊ သိမှတ်လေမှ
စိတ်နေမြင့်မား၊ သူကြီးစား၍
လူကောင်းတိုးပွား ပြည့်ခွန်အား။ ။



www.burmeseclassic.com

www.burmeseclassic.com



# မြန်ပြည်အလင်း

သားလတ်



**ရှု** မထား၍
လူသားနေ့များ၊ ဒေါသအားကြွယ်
လောဘသယ်ပိုက်၊ မောဟမြိုက်ဆူ
ရင်ဝယ်ပူကြ၊ ဒုက္ခမသိ
စိတ်ရှိသမျှ ကျူးလွန်သည်။

**ခင်း၊** ပြမရှင်း
ညဏ်မလင်း၍၊ မှောင်မိုက်နေ့ည
ဆိုးသွမ်းကြစဉ်၊ လွတ်မမြင်ပြီ
ထောင်ပင်အိမ်မှတ်၊ နေတတ်ကြသူ
များထိုလူလည်း
မိုက်တွင်းထဲမှာ ကျန်သေးသည်။

**ရှု** ကြည့်မြင်စေ
ပညာဝေသည်၊ အဖြေတစ်ရပ်
သေသပ်ထုတ်ပြ၊ ဘဝအများ
လမ်းမှန်များဆောင်၊ ဤလူ့ဘောင်၌
ပျော်ပိုက်နေသင့်၊ ညဏ်ဖြင့်ချင့်ချိန်
မြှင့်အရှိန်ဖြင့်၊ မီးအိမ်ပမာ
အလင်းဖြာသက်၊ လူထုလက်တွင်
ပေးဆက်အပ်နှင်း
မဂ္ဂဇင်းတစ်စောင်
မြန်ပြည်ရောင်ရှိန် လင်းစေမည်။

**ထောင့်** စုံဘက်စုံ
အကုန်မျှတ၊ သုတရသ
ပြုစုကြလျက်၊ ခရီးဆက်သော်
အောင်မြင်မော်ကြွား၊ လူကြားရပ်စေ
တောင်းဆုခြွေသည်၊ ဤမဂ္ဂဇင်း
အလင်းတစ်စ၊ အကုန်ရလျက်
အရှက်ပူသမျှ တွေးဆရည်
အခက်ဟူသမျှ ဝေးကြမည်။

**ထစ်ဆယ့်ငါးနှစ်** ဝင်
အသင်ဖြတ်ခဲ့၊ မလှည့်မတွန့်
အမွန်ရှုည်စွာ၊ အောင်မြင်ပါစေ
နှစ်ရာချီ၍ တစ်နေ့တစ်ဖဝါး
မိုးယံဖျားတိုင်၊ လှမ်းကိုင်ဖမ်းဆုပ်
ထိုစာအုပ်သည်၊ မြန်မာပြည်တွင်း
အမည်ထွင်းပြု
**“မှုခင်းရှုထောင့်”**
အမျိုးစောင့်ရင်း၊ မိုက်တွင်းရန်တာ
မှန်စွာလမ်းပြ၊ ထမ်းနိုင်ကြစေ
စာပေတာဝန်၊ သင်ထျော့ပွန်သမျှ
သမိုင်းတစ်စ မှတ်တမ်းမမေ့လို့တည်
မဆိုင်းမတွ ဖြတ်သန်းရှေ့သို့ချီ။ ။

(မှုခင်းရှုထောင့်မဂ္ဂဇင်း (၁၅)နှစ်ပြည့်အမှတ်တရ)
(၂၀း၅၅)နာရီ၊ ၁၃-၇-၂၀၁၃



www.burmeseclassic.com

www.burmeseclassic.com



# မေတ္တာစွမ်းအင်

မင်းသွေးနွယ် (ဗိုလ်ကုန်း)



❁ လောဘနွံတွင်း၊ ထိုညွှတ်ကွင်းမှ
ဖောက်ထွင်းကျော်ခိုင်းနိုင်လေ၍---
❁ ဒေါသနွံတွင်း၊ ထိုညွှတ်ကွင်းမှ
ဖောက်ထွင်းရုန်းထွက်နိုင်လေ၍---
❁ မောဟနွံတွင်း၊ ထိုညွှတ်ကွင်းမှ
ဖောက်ထွင်းအန်တုနိုင်လေ၍---
❁ အသိစိတ်ရိုင်း၊ ဒုန်းစိုင်းလွှင့်သတ်
ရမ္မက်ဖောဟုန်၊ ငွေ့ငွေ့မြှုံဆဲ
နွမ်းခြုံအုံတွေ၊ တြုံ့သမျှလျှင်
သောကပြေအေး၊ ရန်ကွာဝေးလျက်
နွေးထွေးစိတ်ဝမ်း၊ ကြည်ရွှင်လန်းရ
မျက်ကန်းတစ္ဆေ၊ မကြောက်လေသို့
ပေတေလှမ်းနင်း၊ အမှောင်ချုပ်ခဲ့
အလင်းမဲ့ရင်း၊ မိုက်မဲခြင်း၏
သက်ဆင်းနွံထဲ၊ မွန်းနစ်ဆဲဝယ်
စွဲလမ်းမှုများ၊ ဖောရိပ်ကြားမှ
အမှားခြေရာ၊ ဝေးလွင့်ကွာအောင်
မေတ္တာစွမ်းအင်၊ ပဲ့ကိုင်နှင့်၍
ရင်ထဲအမြိုက်၊ အောင်ပွဲဆိုက်ပြီ
အမိုက်နွံမှ၊ လွတ်မြောက်ကြလျက်
"အနွံ"အမှောင်၊ လောင်းရိပ်ရှောင်ရင်း
အောင်နိုင်သူ'ထုံး'၊ ကိုယ်စီသုံး၍
နှလုံးချမ်းမြ၊ လှစေပြီး
အောင်လံထူလွှင့်၊ ဝင့်စေသတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com



# ပွဲတင်သံမှ အသိရ

ရွှေညာသားမြတ်မင်း



တောင်ကြီးမို့မောက်၊ တိမ်ကိုဖောက်သော်
တောင်အောက်မှပင်၊ တောင်ရင်ခွင်သို့
ငါလျှင်အော်ကြည့်၊ စမ်းသပ်မိတော့
အော်သည့်အသံ၊ ပွဲတင်ပြန်၍
ငါ့ထံပြန်ရောက်လာခဲ့သည်။

ထိုနည်းတူစွ၊ သင်ရောက်ရလည်း
ဖွင့်ဟဟစ်ခေါ်၊ တကြော်ကြော်ဖြင့်
အော်သည့်အသံ၊ ပွဲတင်ပြန်၍
သင့်ထံပြန်ရောက်လာလိမ့်မည်။

ဪ---
ပွဲတင်သံအား၊ ပမာထား၍
စိတ်သွားတိုင်းပြု၊ ကံအစုက
ယခုတဖန်၊ ပွဲတင်ပြန်၍
သင့်ထံ ပြန်ရောက်လာလိမ့်မည်။

မကောင်းသင်ပြု၊ တန်ပြန်မှုသည်
ပြုသူသင့်ထံ၊ မကောင်းပြန်လိမ့်။

ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုးလျက်
ကောင်းကျိုးညီမျှ၊ ကောင်းကျိုးရအောင်
ကောင်မှပွဲတင်၊ ညွှန်ပြသင်သည်
ယူငင်တတ်က ကြောင်းကျိုးညီ
ဖြူစင်မြတ်မှ ကောင်းကျိုးတည်။ ။



www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှယောင့်






www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်




www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်






www.burmeseclassic.com

www.burmeseclassic.com



# ဥပဒေရေးရာအမေးအဖြေ

မောင်ဉာဏ်ရှင် (ဥပဒေ)

**မေး။** အရက်အလွန်အကျွံသောက်ပြီး မူးနေတဲ့လူတစ်ယောက် ပြစ်မှုကျူးလွန်ရင် မူးနေတဲ့အတွက် ဘာမှ မသိနိုင်လို့ အပြစ်မှ မလွတ်နိုင်ဘူးလား ဆရာ။

**မောင်မောင်စိုး၊ ဓ/ဥတ္တလာ**

**ဖြေ။** ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၅မှာ မိမိ မသိဘဲ ဒါမှမဟုတ် အလိုမတူဘဲ သူတစ်ပါးက မတရားတိုက်ကျွေးလို့ မူးယစ်နေတဲ့အတွက် ပြစ်မှုကျူးလွန်စဉ်အချိန်က အကောင်းအဆိုး၊ မည်သည့်သဘောရှိသည်။ ဥပဒေနှင့် ဆန့်ကျင်သည်တို့ကို မသိနိုင်လျှင် ပြစ်မှုမမြောက် ကင်းလွတ်ခွင့်ရနိုင်တယ်လို့ ပြဋ္ဌာန်းထားတယ်။

မိမိအလိုအလျောက် သောက်စားမူးယစ်ပြီး ပြစ်မှုတစ်ခုခုကို ကျူးလွန်ရင် မည်သို့သော သဘောရှိသည်ကို မသိကြောင်း ထုချေခြင်း မပြုနိုင်ဘူး။ မတော်မမှန်ကြောင်း အသိဉာဏ်မရှိဟုလည်း ဆင်ခြေမပေးနိုင်ဘူး။ ဒါကြောင့် မိမိကြိုက်လို့ သောက်စားမူးယစ်ပြီး ပြစ်မှုကျူးလွန်ရင် အရေးယူအပြစ်ပေးခြင်း ခံရမှာဖြစ်ကြောင်း ဖြေ ကြားလိုက်ရပါတယ်။

**မေး။** ဆရာ 'ဂရန်' ဆိုတာကို နားလည်သလိုလိုနဲ့ နားမလည်ဘူးဆရာ၊ ရှင်းပြပေးပါ။

**ဦးစောအောင်၊ ရွှေပြည်သာ**

**ဖြေ။** ဂရန် (သို့) ဂရန်မြေဆိုတာက အစိုးရ အမိန့်စာဖြင့် ပိုင်ဆိုင်ခွင့်ပြုထားသော အိမ်မြေ၊ ခြံ၊ လယ်မြေကို ဆိုလိုတယ်။ ဂရန်ချထားခြင်းနဲ့ စပ်လျဉ်းတဲ့ လုပ်ကိုင်ခွင့်ကို ဥပဒေအရ ပြဋ္ဌာန်းထားတာ ရှိတယ်။ အောက်မြန်မာပြည်ရှိ မြေများဟာ အောက်မြန်မာပြည်မြို့ရွာနှင့် ကျေးရွာမြေများ အက်ဥပဒေနဲ့ သက်ဆိုင်ပြီး အထက်မြန်မာပြည်ရှိ မြေများကလည်း အထက်မြန်မာပြည်မြေနှင့် အခွန်တော်စည်းမျဉ်းဥပဒေတွင် အကျုံးဝင်တယ်။ အဲဒီ ဥပဒေအရ အစိုးရက ချထားပိုင်ခွင့်ရှိတဲ့ မြေများတွင် လူနေထိုင်ရန်အတွက်ဖြစ်စေ၊ စက်မှုလုပ်ငန်းများအတွက်ဖြစ်စေ၊ အဆောက်အအုံ ဆောက်လုပ်အသုံးပြုရန်အတွက်ဖြစ်စေ၊ စက်မှုလုပ်ငန်းများအတွက်ဖြစ်စေ၊ အဆောက်အအုံ ဆောက်လုပ်အသုံးပြုရန်အတွက်ဖြစ်စေ ဂရန်၊ အငှားဂရန်နဲ့ လိုင်စင်များ ချထားပေးတယ်။ မြို့မြေအဖြစ် အမိန့်



www.burmeseclassic.com

www.burmeseclassic.com



ကြေညာစာထုတ်ပြန်ပြီးသော မြို့များတွင် လူနေထိုင်ရန်နှင့် စက်မှုလုပ်ငန်းများ လုပ်ကိုင်ရန် အငှားသက်တမ်း အနှစ် (၃၀) ခွင့်ပြုပြီး အနှစ် (၃၀)တုန်ဆုံးတိုင်း နောက်ထပ်အနှစ် (၃၀)စီ စုစုပေါင်း အနှစ် (၉၀) လဲလှယ်ခွင့် ရှိတဲ့ မြေငှားစာချုပ်ကို ဂရန်လို့ ခေါ်တယ်။

**မေး။** ဆရာ၊ ကျွန်တော်မသိတာလေး မေးပါရစေ။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကျွန်တော့်အဖေ ဆုံးသွားတယ်။ အဖေရဲ့ သံပန်းသံတံခါးလုပ်ငန်းကို ကျွန်တော်ပဲ ဦးဆောင်လုပ်ခဲ့တယ်။ ကျွန်တော့်အပြင် ညီလေးနဲ့ ညီမလေးလည်းရှိတယ်။ သူတို့က ကျောင်းမပြီးသေးဘူး။ မကြာသေးခင်က ကျွန်တော်တို့အမေ နောက်အိမ်ထောင်ပြုသွားတယ်။ နောက်အိမ်ထောင်ပြုတဲ့လူက လူလည်။ ကျွန်တော်တို့ ပစ္စည်းတွေကို မောင်ပိုင်စီးချင်လို့ အမေ့ကို ယူလိုက်တာဖြစ်တယ်။ အဲဒါဘယ်လိုလုပ်ရမလဲ ဆရာ ဖြေကြားပေးပါ။

**မောင်ခင်းထယ်၊ တာမွေမြို့နယ်။**

**ဖြေ။** မောင်မင်းလတ်က ဖခင်ဆုံးချိန်က သားအကြီးဆုံးဖြစ်တော့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဩရသသားကြီးဖြစ်တယ်။ ဩရသသားဟာ ဖခင်ဆုံးပြီး (၁၂)နှစ်အတွင်း မိခင်ထံမှ အမွေတောင်းနိုင်တယ်။ ပစ္စည်းရဲ့ လေးပုံတစ်ပုံ ပိုင်ခွင့်ရှိတယ်။ ကျန်သားသမီးများက ဖခင်ဆုံးချိန်က အမွေတောင်းခံပိုင်ခွင့်မရှိဘူး။ ဒါပေမယ့် မိခင် နောက်အိမ်ထောင်ပြုချိန်မှာတော့ နောက်အိမ်ထောင်ပြုပြီး (၁၂)နှစ်အတွင်း အမွေတောင်းခံပိုင်ခွင့်ရှိတယ်။ သူတို့ လည်း ပစ္စည်းရဲ့လေးပုံတစ်ပုံ ရပိုင်ခွင့်ရှိတယ်။

မောင်မင်းလတ်တို့ အနေနဲ့ ကာလစည်းကမ်းသတ် ကာလမကျော်သေးပါဘူး။ မောင်မင်းလတ်က မိခင်ထံမှ အမွေကို ဩရသ သားသမီးအနေနဲ့ တောင်းပါ။ ပစ္စည်းရဲ့ လေးပုံတစ်ပုံ ရနိုင်ပါတယ်။ မင်း ညီလေးနဲ့ မင်း ညီမလေးတို့ကတော့ မိခင်နောက်အိမ်ထောင်ပြုတဲ့အတွက် အမွေတောင်းပါ။ ပစ္စည်းရဲ့ လေးပုံတစ်ပုံရပိုင်ခွင့်ရှိပါကြောင်း ဖြေကြားလိုက်ရပါတယ်။

**မေး။** ဆရာ၊ အသက် (၁၀)နှစ်ခန့်ရှိတဲ့ ကလေးတစ်ယောက် ပြစ်မှုတစ်ခုကျူးလွန်ရင် အရေးယူအပြစ်ပေးလို့ ရ၊ မရ ဖြေကြားပေးပါဆရာ။

**မောင်သတ်ထွင်၊ ဗထန်းမြို့နယ်။**



www.burmeseclassic.com

www.burmeseclassic.com



**ဖြေ။** တရားဥပဒေတွင် အသက် (၁၈)နှစ်အောက် ကလေးပင်္ဂိုညာဥ်မပြုနိုင်ဘူး။ ပြစ်မှုဥပဒေတွင် အသက် (၇)နှစ်အောက် ကလေးဟာ ပြစ်မှုမကျူးလွန်နိုင်၊ အသက် (၇)နှစ်နှင့် (၁၂)နှစ်ကြားရှိ ကလေးနဲ့ ပတ်သက်လို့တော့ ထိုကလေးရဲ့ ကိုယ်ပိုင်အသိဉာဏ်ကိုလိုက်ပြီး ပြစ်မှုကျူးလွန်ခြင်း ရှိ/မရှိ ဆင်ခြင်ရတယ်။ အသက် (၁၂)နှစ် ကျော်ရင်တော့ ပြစ်မှုဥပဒေအရ အရေးယူမှာ ဖြစ်တယ်။

အသက် (၇)နှစ်နှင့် (၁၂)နှစ်ကြားရှိ ကလေးပြစ်မှုကျူးလွန်ရင် ပြစ်မှုကျူးလွန်စဉ်က မိမိပြုလုပ်မှုရဲ့သဘော၊ အကျိုးအပြစ်နားလည်ခြင်း ရှိ/မရှိ။ အသိဉာဏ် ရှိ/မရှိ ကြည့်ရတယ်။ အဲလိုကြည့်ရာမှာ ကလေးရဲ့ပြုမူချက်၊ နောက်ပိုင်း အပြုအမူနဲ့ အမှုအရာစတဲ့ အချက်အလက်အပေါ် မှီငြမ်းဆုံးဖြတ်ရတယ်။ ပြုစဉ်က ပြုလုပ်မှုရဲ့ အကျိုးအပြစ်ကို နားလည်ကြောင်း ပေါ်ပေါက်က အဲဒီကလေးကို သူ ကျူးလွန်တဲ့ ပြစ်မှုကိုကြည့်ပြီး ကလေးသူငယ်ဥပဒေအရ ပြစ်မှုထင်ရှား စီရင်နိုင်တယ်။

**မေး။** ဆရာ၊ ကျွန်မနဲ့ ကိုကျင်အောင်တို့ နှစ်ဖက်လူကြီးများရှေ့တွင် လက်ထပ်ပေါင်းသင်းခဲ့ကြပါတယ်။ ပေါင်းသင်းပြီး ကိုယ်ဝန် (၆)လခန့်အရှိမှာ ကျွန်မကို ရိုက်နှက်ပြီး နှင်ချခဲ့ပါတယ်။ မကြာခင်မှာပဲ ကိုကျင်အောင်က အခြား အမျိုးသမီးတစ်ယောက်နဲ့ လက်ထပ်လိုက်ပါတယ်။ အခုဆိုရင် ကျွန်မသားလေးပင် (၃)နှစ်သားအရွယ်ရှိနေပါပြီ။ ကျွန်မ ကလေးစရိတ်၊ မယားစရိတ်တောင်းလို့ ရ/မရ ဖြေကြားပေးပါဆရာ။

**မလှလှ၊ ဝဲဘူးမြို့။**

**ဖြေ။** မယားစရိတ် လျှောက်ထားရင် ကိုယ့်ဘက်က လင်ယောကျ်ားနဲ့ ခွဲခွာနေရတဲ့အကြောင်း ခိုင်လုံတဲ့အကြောင်းပြချက်ရှိရမယ်။ အကြောင်းပြချက် မခိုင်လုံရင် မယားစရိတ်မရနိုင်ဘူး။ နောက်ပြီးမယားက လင်ယောကျ်ားထံ မယားစရိတ်လျှောက်ထားရင် လင်ယောကျ်ားကလည်း မယားခေါ်လို့မှ လျှောက်ထားတတ်တယ်။

မလှလှရဲ့ စာအရ မောင်ကျင်အောင်ဟာ မလှလှ ကိုယ်ဝန် (၆)လရတဲ့အချိန်လောက်ကစပြီး မလှလှအပေါ် လင့်ဝတ္တရားပျက်ခဲ့တယ်လို့ ဆိုနိုင်တယ်။ နောက်ပြီး မလှလှကို ရိုက်နှက်ပြီး နှင်ချခဲ့တယ်။ မောင်ကျင်အောင်က အခြားအမျိုးသမီးတစ်ယောက်နဲ့လည်း နောက်အိမ်ထောင်ပြုခဲ့တယ် မဟုတ်လား။

ဒါတွေကိုကြည့်ရင်း မလှလှအနေနဲ့ မောင်ကျင်အောင်နဲ့ ခွဲခွာနေထိုင်ရန် လုံလောက်တဲ့အကြောင်းများရှိတယ်လို့ ဆိုရမယ်။ ဒါကြောင့် မလှလှအတွက် မယားစရိတ်၊ သားအတွက် ကလေးစရိတ်ကို မြို့နယ်တရားရုံးမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၈၈အရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ လျှောက်ထားရင် ရနိုင်စရာရှိပါကြောင်း ဖြေကြားလိုက်ရပါတယ်။

**မောင်ညာဏ်ရှင်(ဥပဒေ)**



www.burmeseclassic.com

www.burmeseclassic.com

# ဆုငွေများချီးမြှင့်မည့် မှုခင်းပဟေဠိအစီအစဉ် အမှတ်စဉ် (၇၁)

(၁) မေးခွန်းနံပါတ် (၄)ခုစလုံးကို တိုက်ရိုက်အဖြေမှန်သူအား ဆုငွေကျပ် ငါးသောင်းနှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

(၂) မေးခွန်းနံပါတ် (၁/၃/၄)ခုစလုံးကို တိုက်ရိုက်အဖြေမှန်သူအား ဆုငွေကျပ် သုံးသောင်းနှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

(၃) မေးခွန်းနံပါတ် (၁/၂/၃) ခုစလုံးကို တိုက်ရိုက်အဖြေမှန်သူအား ဆုငွေကျပ် နှစ်သောင်းနှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

(၄) မေးခွန်းနံပါတ် (၄)ခုစလုံးအတွက် အနီးစပ်ဆုံး အဖြေမှန်သူများအား ဆုငွေကျပ် သုံးထောင်နှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

[illegible]



www.burmeseclassic.com

www.burmeseclassic.com

# မှုခင်းပဟေဠိ အမှတ်စဉ် (၅၁)

မောင်ငြိမ်းသူ (ကြို့ပင်ကောက်)





www.burmeseclassic.com

www.burmeseclassic.com



## "မှုခင်းသမားဟောင်း အမှတ်စဉ် (၇၁)"

မောင်ငြိမ်းသူ-(ကြိုးပြင်ကောက်

"ရဲတွေ လာပြီဟေ့။ ဘေးဖယ်ကြ။ ဘေးဖယ်ကြ"

"အလုပ်ရှုပ်ရတဲ့ ကြားထဲမှာကွာ။ ကိုယ်နဲ့မဆိုင်သူတွေ သွားကြ၊ သွားကြ"

"ဟိုကောင် ငမူး သန်းဆောင်၊ ဘာ ~ယာင်တောင်တောင် လုပ်နေတာလဲ၊ မူးယစ်ရမ်းကားမှုနဲ့ ရဲအဖမ်းခံချင်လို့လား၊ သွား မြန်မြန်သွား"

လူသေ အလောင်းကို ဝိုင်းအုံကြည့်ရှုနေကြသော ရွာသူ ရွာသားများကို ရွာလူကြီးတွေက အော်ဟစ်ခြိမ်းခြောက်မောင်းထုတ်လိုက်ကြရာ လူအုပ်ကြီး ရှဲသွားသည်။

လူအုပ်ကြီးရှဲ၊ အုပ်စုကွဲသွားကြသည်မှာလည်း စခန်းမှူး ရဲအုပ်သက်မောင်နှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ရှိန်းအောင်တို့ ရဲတပ်ဖွဲ့ဝင်တွေ၊ ရောက်ရှိလာကြသောကြောင့်ပင် ဖြစ်သည်။

ကျေးရွာဥက္ကဋ္ဌ ဦးဘလှက လူသေအလောင်း၏ အနီးတွင် အသင့်စောင့်ကြို လျက်ရှိပြီး ရဲအုပ်သက်မောင်တို့ အဖွဲ့ ရောက်လာကြသောအခါ ခရီးဦးကြိုနှုတ်ဆက်ကာသတင်း ပို့သည်။

"ဗိုလ်ကြီး အလောင်းကို ခြေရာလက်ရာမပျက်အောင် ကျွန်တော် ကိုယ်တိုင်ကာကွယ်စောင့်ရှောက်ထားချင်လို့ ကျွန်တော့် ကိုယ်စား ကျွန်တော့်သားကို ဗိုလ်ကြီးတို့ဆီ လွှတ်လိုက်ရတာပါ။ ကျွန်တော် ကိုယ်တိုင်လာပြီး သတင်းမပို့နိုင်တာကို ခွင့်လွှတ်ပါ"

"ရပါတယ်ဗျာ။ အလောင်းကို အခုလို ခြေရာလက်ရာမပျက် ကာကွယ်စောင့်ရှောက်ထားတာကိုက ဥက္ကဋ္ဌကြီးဟာ ကျွန်တော်တို့ ရဲတပ်ဖွဲ့ကို ကူညီရာရောက်လို့၊ ကျွန်တော်တို့ကတောင် ဥက္ကဋ္ဌကြီးကို ကျေးဇူးတင်နေရပါတယ်။ ဒီလို မှုခင်းဗဟုသုတ ရှိနေတာကိုလဲ ချီးကျူးပါတယ်"

"ဩော် ဗိုလ်ကြီးတို့ ရဲတပ်ဖွဲ့ဝင်တွေက ရွာစဉ်တကာလှည့်ပြီး မှုခင်းကျဆင်းရေး ပ
ညာပေးဟောပြောပွဲတွေ ကျင်
ပ ဟောပြောလို့ဆော်ပေးနေ
သလို၊ မှုခင်းရှုထောင့်ဂျာနယ်
တွေနဲ့ မှုခင်းရှုထောင့် ရာဇ
မဂ္ဂဇင်းတွေကို လူထုဒါန်းဖြန့်ဝေ
ဖတ်ရှုစေတော့ ကျွန်တော်တို့
ရွာသူရွာသားတွေလဲ အခုဆိုရင်
မှုခင်းဗဟုသုတရကုန်ကြပြီ ဗိုလ်
ကြီး။ မှုခင်းမဖြစ်အောင် ဆောင်
သင့်တာတွေ ရှောင်သင့်တာ
တွေကိုလဲ နားလည်သဘော
ပေါက်ကုန်ကြပြီ ဗိုလ်ကြီးရေ"

"ဒါပေါ့ဗျာ၊ ဒါကြောင့်
ဒီရွာမှာ ဘ ာလောင်းကစားမှု
လဲ မရှိတော့ဘူး။ ဘာမှုခင်းမှ
လဲ မဖြစ်ပွားခဲ့ဖူးမဟုတ်လား"

"ကျွန်တော်လဲ အဲဒါ
ကိုပဲ ဂုဏ်ယူနေဆဲမှာပဲ အခု
တော့ ရွာနာမည် ပျက်ရမယ့်
ကိန်းဆိုက်လာပြီ။ရှက်ဖို့ကောင်း
တယ်ဗျာ"

"ဒါကတော့ အသက်
တစ်ရာမနေရ အမှုတစ်ရာကြုံရ
ဆိုသလိုပဲ၊ ဘယ်တတ်နိုင်မလဲ
ဥက္ကဋ္ဌကြီးရယ်။ ကဲ ပြောနေ
ကြာတယ် လူသတ်မှုလား၊ လူ



www.burmeseclassic.com

www.burmeseclassic.com



သေမှုလား ဆိုတာ ကြည့်ကြရအောင်''

''ကျွန်တော်တို့က တော့ ဂဃနဏ ဘာမှမသိသေးပါဘူး။ အလောင်းက မှော်ခုံကြီးဖြစ်နေတော့ ဘယ်သူဘယ်ဝါမှန်း တောင်မသိသေးပါဘူး ဗိုလ်ကြီး''

ရဲအုပ် သက်မောင်က ရှာ ဥက္ကဋ္ဌ ဦးဘလှနှင့် လိုက်လျောညီထွေ စကားတွေပြောဆိုနေရင်က အလောင်းနှင့် အလောင်းဝန်းကျင်ကို ရဲမျက်စိဖြင့် ကျီးကန်းတောင်းမှောက် ဝေ့ဝိုက် ကြည့်ပြီး ဖြစ်နေသည်။

နယ်ထိန်း ခေါင်းဆောင် ဒုရဲအုပ် ရှိန်းအောင်နှင့် အဖွဲ့က အလောင်းပတ်လည် ခပ်လှမ်းလှမ်းတွင် ပိုင်းရံထားကြသည်။ ရဲတပ်ကြပ်ကြီး စိုးနောင်က ဓာတ်ပုံ မှတ်တမ်းတင်နေသည်။

ကန်ညီနောင် တောင်ရွာနှင့် ကန်ညီနောင်မြောက်ရွာ နှစ်ရွာကြားရှိ ကန်နှစ်ကန်၏ အလယ်၊ တာပေါင်ပေါ်တွင် လူသေအလောင်းကြီးက ကန့်လန့်ဖြတ်မှော်ခုံကြီးရှိနေသည်။

မှော်ခုံကြီးမှ ဘယ်သူဘယ်ဝါမှန်း မသိကြရ။ ပုဆိုးကို တွေ့ရသောကြောင့် ယောကျ်ား အလောင်းမှန်းတော့ သိကြသည်။ သို့သော် ပုဆိုး ဝတ်ထားသည်က ထူးခြားနေသည်။ ထူးခြားသည် ဆိုတာက ပုဆိုးခါးပုံစသည် အလောင်းမှော်ခုံကြီးဖြစ်နေသောကြောင့် မှော်ခုံအောက်အလောင်း၏ ချက်အောက်တွင် ရှိရမည့်အစား အလောင်းမှော်ခုံကြီး၏ အပေါ်ခါးနောက်ပိုင်းတွင် ရှိနေသောကြောင့်ပင်တည်း။

အတွေ့အကြုံ ရင့်ကျက်နေသော ရဲအုပ် သက်မောင်က မဲ့ပြုံးပြုံးကာ သူ့ရင်ထဲမှာထင်မြင် ယူဆချက်ကို လွှတ်ခနဲဖွင့်ဟကြေညာလိုက်သည်။

''လူသေမှု ရိုးရိုး မဟုတ်ဘူးဗျ။ လူသတ်မှုဆိုတာ သေချာနေပြီ''

အလောင်းဘေးရှိ ရွာလူကြီးများနှင့် ရဲတပ်ဖွဲ့ဝင်လေးတွေက စခန်းမှူး ရဲအုပ်သက်မောင်၏ စကားကို ကြားလိုက်ကြသောအခါ အံ့အားသင့်သွားကြသည်။

ဦးဘလှက ရဲအုပ်သက်မောင်ကို ချက်ချင်းပင် မေးလိုက်သည်။

''လူသတ်မှု ဟုတ်ရဲ့လား ဗိုလ်ကြီး။ ဗိုလ်ကြီးက ဘာကိုကြည့်ပြီး အတပ်ပြောနိုင်ရတာလဲ''

ရဲအုပ် သက်မောင်က မချိပြုံးပြုံးလိုက်ကာ ခံပြင်းသောလေသံဖြင့် ဖြေကြားသည်။

**"လူသေမှု ရိုးရိုး မဟုတ်ဘူးဗျ။ လူသတ်မှုဆိုတာ သေချာနေပြီ"**



www.burmeseclassic.com

www.burmeseclassic.com



"ရဲအတတ်ပညာ ရဲအတွေ့အကြုံတွေက ကျွန်တော့်လုပ်သက်အရ ကြည့်တတ်မြင်တတ်၊ ဆင်ခြင် သုံးသပ်တတ်အောင် လေ့ကျင့်သင်ကြားပေးထားလို့ပေါ့ဗျာ။ သာမန်အရပ်သူအရပ်သားတွေ လူပြိန်းတွေ မသိနိုင်တဲ့၊ မမြင်တွေ့နိုင်တဲ့ အချက်တွေဟာ မှုခင်းဖြစ်ရပ်တိုင်းမှာရှိနေကြတယ်ဗျ။ အခုပဲကြည့်လေ။ ဦးဘလှတို့ မသိနိုင်တာ မမြင်နိုင်တာကို ကျွန်တော်က သိနေပြီ။ မြင်တွေ့နေပြီလေ"

"ဘာများလဲ ဗိုလ်ကြီးရယ်"

"ကြည့်လေ။ အလောင်းရဲ့ ပုဆိုးခါးပုံစဟာ ထူးဆန်း မနေဘူးလား"

သည်တော့မှ ဦးဘလှတို့ တစ်သိုက် အလောင်းကို အာရုံစိုက်ကြည့်လိုက်ကြလေရာ။ ပုဆိုးခါးပုံစက သဘာဝမကျဘဲ ပြောင်းပြန်ကြီးဖြစ်နေသည်ကို သတိပြုလိုက်မိကြသည်။

"ဟုတ်ပါတယ်။ ပုဆိုးခါးပုံစကြီးက ဆွဲလှည့်ထားသလိုပဲ"

"ဆွဲလှည့်ထားတာ မဟုတ်ဘူး ဥက္ကဋ္ဌကြီး လူကိုသတ်ပြီးမှ ပုဆိုးကို ကျောဘက်က ပြန်ဝတ် ခါးပုံစကို စည်းပေးထားတာ။ ပုဆိုးကို ပြောင်းပြန် လှည့်ဝတ်ပေးထားတာ။ အဲဒါက လူသတ်တရားခံဟာ ရဲတွေ သူ့ကို ဖမ်းမမိအောင် တန်ပြန်နည်း သုံးထားတာပဲ။ ဂမ္ဘီရဆန်ဆန် လုပ်ထားတာပေါ့ဗျာ။ ကဲ သေချာအောင် အလောင်းကို ပက်လက်လှန်လိုက်ကြပါ"

"ဟင် ဟာ ကျော်မြပါလား။ ရင်ဘတ်မှာလဲ သွေးတွေနဲ့ ဘယ်သူကများ သတ်သွားပါလိမ့်"

အလောင်းကို ပက်လက်လှန်လိုက်သည်နှင့် တစ်ပြိုင်နက် အံ့ဩသံများက လျှံထွက်လာကြသည်။ ရဲအုပ်သက်မောင်၏ ထင်မြင်ယူဆချက် မှန်သွားသည်ကိုလည်း ရင်ဘတ်မှသွေးတွေ ထွက်ကျနေသည်က သက်သေခံနေသည်။

အလောင်းမှာ တွေ့လိုက်ကြရသည့်ဒဏ်ရာက တစ်ချက်တည်း။ နှလုံးတည့်တည့်ချက်ကောင်းကိုမှ ချွန်ထက်သော အရာဖြင့် အပိုင်အသေထိုးသတ်ခဲ့ခြင်းဖြစ်သည်။ ရဲတပ်ကြပ်ကြီး စိုးနောင်က ဓာတ်ပုံ တဖျပ်ဖျပ် ရိုက်နေသည်။

ရဲအုပ် သက်မောင်က အလောင်းကို အသေးစိတ်လေ့လာနေ၏။ သေဆုံးသည်မှာ (၂၄)နာရီပင် မပြည့်သေး။ အလောင်း၏ ပါးစပ်မှ အရက်နံ့တွေက ဟောင်စော်နံနေ၏။ ဦးခေါင်းမှ ခြေဖျားအထိ လိုက်ကြည့်နေရင်းက ခြေထောက်အောက်တွင် ဖိနပ်တစ်ရန်ကို တွေ့လိုက်ရသည်။

သို့သော် ထိုဖိနပ်တစ်ရန်က ကွဲတစ်ဖက် နွားတစ်ဖက်ပမာဖြစ်နေ၏။ တစ်ဖက်နှင့်တစ်ဖက် အမျိုးအစားကလည်း လုံးဝမတူ။ တစ်ဖက်က အပေါစားခပ်လတ်လတ် ရော်ဘာဖိနပ်ဖြစ်ပြီး တစ်ဖက်က ကားတာရာကို အကြမ်းခံပြုလုပ်ထားသော တာရာဖိနပ် ဖြစ်နေသည်။ ဟောင်းနွမ်းပြားချပ် စုတ်ပြတ်နေလေပြီ။

သည်တော့ ရွာဥက္ကဋ္ဌကြီး ဦးဘလှက ရဲအုပ်သက်

www.burmeseclassic.com



မောင်ကို စူးစမ်းလိုသော သဘောဖြင့် စောကြောမေးမြန်းပြန်သည်။

"ဒီလို ဖိနပ်ကို ကျွဲတစ်ဖက် နွားတစ်ဖက်လို ထားခဲ့တာကလဲ လူသတ်တရားခံက သူ့ကို ဖမ်းမမိအောင် တန်ပြန်နည်းသုံးခဲ့တာပဲလား ဗိုလ်ကြီး"

ရဲအုပ် သက်မောင်က ဦးဘလှ၏ ရိုးသားစွာ မေးမြန်းပုံကို သဘောကျသွားကာ ပြုံးလိုက်သည်။ ဘေးလူတွေကလည်း ဦးဘလှ အမေးကို စိတ်ဝင်စားသွားကြသည်။ ရဲအုပ် သက်မောင်၏ အဖြေကိုလည်း ကွဲကွဲပြားပြား သိချင်နေကြသဖြင့် ငံ့လင့်နေကြသည်။

သည်တော့ ရဲအုပ် သက်မောင်က စိတ်ရှည်လက်ရှည်ရှင်းပြသည်။

"ဥက္ကဋ္ဌကြီးက ပုဆိုးခါးပုံစ ပြောင်းပြန်ထားတာဟာ လူသတ်တရားခံက သူ့ကိုဖမ်းမမိအောင်တန်ပြန်လုပ်ထားတယ်လို့ ကျွန်တော်ပြောတာကို အကြောင်းခံပြီး အခုလဲ ဖိနပ်ကို တလွဲစီ ထားသွားလို့ တန်ပြန်လုပ်ထားတာလားလို့ မေးတာ သဘာဝကျပါတယ်။ ဒါပေမယ့် ဥက္ကဋ္ဌကြီးရေ နေရာတကာမှာ ပုံသေကားကျ ယူဆလို့ မရဘူးဗျ။ အခု ဖိနပ်တစ်ဖက်စီဖြစ်နေရတာက လူသတ် တရားခံဟာ လူသတ်တဲ့အချိန်မှာ ရုန်းရင်းဆန်ခတ်ဖြစ်ကြရာက သတ်ပြီး ထွက်ပြေးတဲ့အချိန်မှာ တွေ့ရာကြုံရာဖိနပ်ကို ကသောကမျောစီးပြီး ပြေးသွားတာဗျ။ ဒါကြောင့် ကျွဲတစ်ဖက် နွားတစ်ဖက် ဖြစ်နေတာပေါ့"

ရဲအုပ် သက်မောင်က ရှင်းပြလေမှ အားလုံး နားလည်သွားကြလေသည်။ ရဲမျက်စိ လျင်လွန်းလှသည်ကိုလည်း ကိုယ်တွေ့ကြုံလိုက်ကြရသည်။

ရဲတပ်ဖွဲ့ဝင်များကို မချီးကျူးဘဲ မနေနိုင်ကြတော့ပေ။

"တာယာ ဖိနပ်ကတော့၊ အသတ်ခံရတဲ့ ကျော်မြစီးနေကျဖိနပ်ပါ"

ရွာဥက္ကဋ္ဌ ဦးဘလှက ဖိနပ်ပိုင်ရှင်အမည်ကို ပြောလိုက်ရာ ရဲအုပ် သက်မောင်က ဆက်မေးသည်။

"ကျော်မြက ဘယ်မှာ နေတာလဲ"

"ကန်ညီနောင်တောင်မှာ နေတာပါ"

"ဘာအလုပ်လုပ်လဲ။ မိသားစုဘယ်နှစ်ယောက် ရှိသလဲ"

"နွားပွဲစားလိုလို၊ ဝက်ပွဲစားလိုလို၊ ဟိုယောင်ဒီယောင်၊ ယောင်ခြောက်ဆယ်၊ လယ်ရာပြန်စား၊ အချောင်သမားပါ ဗိုလ်ကြီး။ သူ့မိန်းမက သေသွားပါပြီ။ ခုတော့ မုဆိုးဖိုပါ။ သားသမီးတစ်ယောက်မှ မရှိပါဘူး။ တစ်ကောင်ကြွက်ပါ ဗိုလ်ကြီး"

"သူနဲ့ အတွဲများတာက ဘယ်သူလဲ"

"ကန်ညီနောင်မြောက်ရွာက သိန်းဖေနဲ့ အတွဲများပါတယ်"

"သိန်းဖေက ဘာ အလုပ် လုပ်သလဲ"

"သိန်းဖေက လယ်သမားပါ။ ဒါပေမယ့် နွားပွဲစားလဲ လုပ်တယ်။ ဝက်ပွဲစားလဲ လုပ်ပါတယ်။ နွားပေါ် ဝက်ပေါ်ပြီးလဲ ရောင်းပါတယ်"

"ဒီလောက် သိရရင် တော်ပါပြီ။ အလောင်းကို ဆေးစာနဲ့ ဆေးရုံပို့ဖို့ လုပ်ရဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌကြီး၊ နွားလှည်းတစ်စီးလောက် စီစဉ်ပေးပါဦး။ ကျွန်တော့် ရဲတပ်ဖွဲ့ဝင်လေးတွေလဲ ထည့်လိုက်ပါ့မယ်''

''ဟုတ်ကဲ့ပါ ဗိုလ်ကြီး''

စခန်းမှူး ရဲအုပ် သက်မောင်က အလောင်းပတ်ဝန်းကျင်တွင် အလောင်းကို ဝိုင်းအုံကြည့်ရှုခဲ့ကြသူများ၏ ခြေရာချင်း ထပ်နေသည်ကလွဲ၍ မည်သည့် သဲလွန်စမျှ ရှာမရသောကြောင့် အလောင်းကို ဆေးရုံသို့ ပို့ရန် စီစဉ်လိုက်လေသည်။

သက်သေခံ ဖိနပ်နှစ်ဖက်ကိုတော့ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ရှိန်းအောင်ကို သိမ်းဆည်းစေခဲ့သည်။

တာယာဖိနပ်က ကျော်မြ၏ ဖိနပ်ဆိုပါက ရော်ဘာဖိနပ်က ဘယ်သူ့ဖိနပ်လဲ။

ဒါကိုတော့ နောက်မှ လေ့လာ စုံစမ်းရတော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။

ကန်ညီနောင်ရွာသည် မြို့သာမြို့အရှေ့ဘက် ငါးမိုင်ခန့် အကွာတွင်သာ ရှိသည်။ ကန်ညီနောင်ရွာဟု ခေါ်ဆိုနေကြခြင်းမှာ ရွာနှစ်ရွာကြားတွင် ရေကန်ကြီးနှစ်ကန် ခြားနေသောကြောင့် ဖြစ်သည်။ ကန်များ၏ တောင်ဘက်ခြမ်းတွင်ရှိသော ရွာကို တောင်ရွာ၊ မြောက်ဘက်ခြမ်းတွင်ရှိသောရွာကို မြောက်ရွာဟု သတ်မှတ်ထားကြသည်။ တစ်ရွာနှင့်တစ်ရွာကို ကန်နှစ်ကန်ကြားရှိတာပေါင်ပေါ်မှ ဖြတ်သန်း သွားလာနေကြသည်။ ရွာနှစ်ရွာက အရှေ့အနောက် ထမ်းပိုးထမ်းအလျားလိုက် တန်းနေကြသည်။ အိမ်ခြေ (၃၀၀) ကျော်ရှိသည်။ ရွာချင်းက နီးကပ်နေကြသဖြင့် တစ်ရွာက လှမ်းခေါ်လျှင် တစ်ရွာက ကြားရသည်။ တောင်ရွာနှင့် မြောက်ရွာတွင် ဆွေမျိုးသားချင်းတွေကလည်း အပြန်အလှန် ဆက်နွယ်နေကြသည်။

ထို့ကြောင့် ကန်ညီနောင် တောင်ရွာ၊ မြောက်ရွာဟု ခွဲခြားခေါ်ပြောနေကြသော်လည်း မြို့နယ်ကတော့ တစ်ရွာတည်းအဖြစ် သတ်မှတ်ထားကာ ကန်ညီနောင်ရွာဟုပဲ အသိအမှတ်ပြုကာ ကျေးရွာ ဥက္ကဋ္ဌ တစ်ဦးတည်းသာထားကြသည်။

ထိုရွာသူရွာသားများမှာ ရိုးသားသော တောင်သူလယ်သမားများ ဖြစ်ကြသည်။ မှုခင်းကြီးကြီးမားမား တစ်ခါမျှ မဖြစ်ပွားဖူးသည့် ရွာကြီးဖြစ်သည်။ အသေးအမွှား ပြဿနာရှိပါကလည်း ရွာသူကြီးနှင့် ရွာဆွေမျိုးသားချင်း အချင်းချင်းကသာ ညှိနှိုင်းဖြေရှင်းပေးလေ့ရှိရာ ရဲမှုခင်းမှတ်တမ်းတွင် ကန်ညီနောင်ကျေးရွာသည် မည်သည့်အခါမျှ နာမည်ပျက်ခဲ့ခြင်း

## တာယာဖိနပ်က ကျော်မြ၏ ဖိနပ်ဆိုပါက ရော်ဘာဖိနပ်က ဘယ်သူ့ဖိနပ်လဲ ?



www.burmeseclassic.com

www.burmeseclassic.com



ဆင်ခဲ့။

ယခုတော့ ကျေးရွာသူကြီး ဦးဘလှ ညည်းတွားနေသလို ဖြစ်မယ့်ဖြစ်တော့၊ လူသတ်မှု၊ မှုခင်းကြီး ဖြစ်ပွားလာခဲ့ရလေပြီ။

နယ်ထိန်းရဲတပ်ဖွဲ့ဝင်တွေက အသတ်ခံရသူ ကျော်မြ၏ အခြေအနေကို လေ့လာစုံစမ်းခဲ့ကြသည်။

ကျော်မြသည် မုဆိုးဖိုဖြစ်သည့်အလျောက် လွတ်လပ်စွာနေသူ ဖြစ်လေရာ ရွာရိုးကိုးပေါက်လျှောက်၍ အိမ်ထောင်ရှက်ရှာနေသူ ဖြစ်သည်။ နွားပွဲစား၊ ဝက်ပွဲစား သိန်းဖေ၏ အပည့်လက်တွဲဖော် သူငယ်ချင်းအဖြစ်၊ နွားပွဲစားယောင်ယောင်၊ ဝက်ပွဲစားယောင်ယောင်၊ ယောင်ခြောက်ဆယ်လုပ်ကာ၊ မိန်းမရှာနေသူဖြစ်သည်။

သို့သော် ကျော်မြကို မည်သည့်အမျိုးသမီးကမျှ သဘောမကြဘဲ နှာခေါင်းရှုံ့နေကြသာ ရွံမုန်းအော့နှလုံးနာနေကြသည်။ အလျင်က သူ့မိန်းမသေဆုံးသွားရခြင်းမှာ ကျော်မြ အရက်မူးမူး ထန်းရည်မူးမူးဖြင့် နှိပ်စက်ညှဉ်းပန်းသောဒဏ်ကြောင့် နာတာရှည် ရောဂါရကာ သေဆုံးခြင်းဖြစ်ကြောင်း၊ အလုပ်ကို လက်ကြောတင်းအောင် လုပ်ချင်သူမဟုတ်ကြောင်း၊ အရက်ကလေးတမြမြဖြင့် မိန်းမမြင်လျှင် အငန်းမရ ငန်းကြောထလေ့ရှိသောကြောင့် ရွာထဲမှလူငယ်၊ လူရွယ်တွေက ကျော်မြကို မယားတရူးဟု ခေါ်ဆိုနေကြပြီး မည်သူမျှ အပေါင်းအသင်း မလုပ်ကြကြောင်း၊ သူ၏အဓိက မှီခိုအားထားရာမှာ မြောက်ဘက်ရွာမှ သိန်းဖေတို့ မိသားစုသာဖြစ်ကြောင်း အကြမ်းဖျင်းလောက်သာ စုံစမ်းသိရှိခဲ့ကြသည်။

ကျော်မြ အသတ်မခံရမီ ရက်ပိုင်းကလည်း ကျော်မြသည် သိန်းဖေတို့အိမ်မှမခွာ၊ သိန်းဖေခရီးလွန်နေစဉ်တွင် အိမ်စောင့်အဖြစ် ကျန်ရစ်ခဲ့သည်။ သိန်းဖေတို့ အိမ်တွင် စားသောက် ထိုအိမ်တွင်ပင် အိပ်စက်နေလေ့ရှိသည်ဟု သိရသည်။

သိန်းဖေတွင် လေးနှစ်သားအရွယ် သားလေး တစ်ယောက်နှင့် သူ့ဇနီး မစိန်တုတ်သာ ရှိသည်။ မိသားစုသုံးယောက်ရှိသော သိန်းဖေ၏ ခေါင်းရင်းအိမ်တွင် မစိန်တုတ်၏ဖခင် ဦးစိန်သန်းနှင့် သားငယ် အုန်းငွေတို့ လင်မယား မိသားစုရှိကြသည်။ သိန်းဖေ၏ ယောက္ခမနှင့် ယောက်ဖများ ဖြစ်ကြသည်။ သူတို့မိသားစုက လည်း လယ်သမားများပင် ဖြစ်ကြသည်။

ရဲအုပ် သက်မောင်က ကျော်မြ၏သူငယ်ချင်း သိန်းဖေကို ရဲစခန်းသို့ခေါ်ဆောင်ကာ သိမ်မွေ့နူးညံ့စွာ စစ်မေးသည်။

"ကဲ ကိုသိန်းဖေ ခင်ဗျားနဲ့ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်း ကိုကျော်မြအသတ်ခံရတာနဲ့ပတ်သက်လို့ ခင်ဗျားဘာတွေများ သိထားသလဲဆိုတာ ပြောပြပါလားဗျာ"

သိန်းဖေက ပြူးပြူးပျာပျာ အကြောက်အကန် ဘူးခံငြင်းဆန်သည်။

"ကျွန်တော် ဘာမှ မသိပါဘူး ဗိုလ်ကြီး။ ဘာမှလဲ မပတ်သက်ပါဘူး။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သစ္စာရှေသောက် ကျိန်ဆိုရဲပါတယ်"

ရဲအုပ် သက်မောင်က သိန်းဖေကို စိုက်ကြည့်ကာ လေပြည်ကလေးဖြင့် ဆက်မေးပြန်သည်။

"ကိုသိန်းဖေ စိတ်အေးအေးထားစမ်းပါဗျာ။ ခင်ဗျားရဲ့ သူငယ်ချင်းကို သတ်တဲ့ လူသတ်တရားခံကို အမြန်ဆုံး ဖမ်းဆီးချင်လို့ ကျွန်တော်က မေးနေတာပါ"

"ကျွန်တော်လုံးဝ မသိတာပါ ဗိုလ်ကြီးရယ်။ သိမှဖြင့် ကျွန်တော့် ကျွန်တော့်သူငယ်ချင်းအတွက် ခံစားရခက်လွန်းလို့ ဖွင့်ပြောမှာပေါ့ ဗိုလ်ကြီး"

"ဟုတ်ရဲ့လား ကိုသိန်းဖေ"

"ဟုတ်ပါတယ်။ ကျွန်တော်အမှန်ကို အမှန်အတိုင်း ဖွင့်ပြောတာပါ"

"ဘာကို ဖွင့်ပြောတာလဲ။ ခင်ဗျားဘာမှ ဖွင့်ဟဝန်ခံတာ မရှိသေးဘူးလေ"

"ကျွန်တော်က ဘာကို ဝန်ခံရမှာလဲ။ ကျွန်တော်က လူသတ်မှုကျူးလွန်သူ မဟုတ်ပါဘူး။ ကျွန်တော် အားကိုးနေရတဲ့ ကျွန်တော်သူငယ်ချင်း တစ်ကောင်ကြွက် အသတ်ခံလိုက်ရလို့ ကျွန်တော်က ခံပြင်းနာကြည်းနေရသူပါ ဗိုလ်ကြီး"

"ဒါက ခင်ဗျားအပြောလေဗျာ။ ကိုကျော်မြက ခင်ဗျားထားရာနေ စေရာသွားစေတဲ့ ကျွန်၊ ထွန်တဲ့နွားအဆင့်ဆိုတော့ကာ ခင်ဗျားမှာလဲ တစ်နည်း တစ်လမ်းအနေနဲ့ တာဝန်ရှိမနေဘူးလား"

"တာဝန် ဘာ တာဝန်လဲ"

"တာဝန် ဆိုတာက မိတ်ဆွေကောင်းတစ်ယောက်အနေနဲ့ ကိုယ့်သူငယ်ချင်း အသတ်ခံခဲ့ရတာနဲ့ပတ်သတ်လို့ခင်ဗျားက ဘယ်လို ပံ့ပိုးကူညီရမယ်။ဘယ်လို အထောက်အကူပြုရမယ်ဆိုတာကိုပြောတာပါ"

"သိပ်ပံ့ပိုး ကူညီချင်တာပေါ့ ဗိုလ်ကြီးရယ်။ ဖြစ်နိုင်ရင် ကျွန်တော့်သူငယ်ချင်း အတွက် ပြန်လည်လက်စားချေချင်တာမှ လက်ကိုယားနေပါပြီ"

"လက်စားချေတယ် ဆိုတာက ဥပဒေမဲ့ ပြစ်မှုကျူးလွန်တာပဲဗျာ။ ကျွန်တော်တို့ ရဲတပ်ဖွဲ့ကို ကူညီစုံစမ်းပေးပါ။ ဖြစ်နိုင်ခြေရှိတာကို ပြောပြမယ် ဆိုရင် လူသတ်တရားခံကို ဖမ်းမိမှာ သေချာတယ်ဗျ"

"ကျွန်တော် ကူညီချင် ပါတယ် ဗိုလ်ကြီး။ တကယ်မသိ လို့ပါ။ သူအသတ်ခံရတဲ့နေ့က ကျွန်တော်မြို့ပေါ်က ဘုရားပွဲမှာ ရောက်ရှိနေပါတယ်။ မြို့ပေါ်က သက်သေတွေလဲ ရှိနေကြပါ တယ်"

"ဪ ကိုသိန်းဖေ ကလဲဗျာ။ ခင်ဗျားကို တရားခံ စစ် စစ်နေတာမဟုတ်ပါဘူး။ ဘာသက်သေမှလဲ ပြစရာမလို သေးပါဘူး။ ခင်ဗျားသူငယ်ချင်း ကိုသတ်တဲ့ လူသတ်တရားခံကို မြန်မြန်ဖမ်းမိအောင်ကျွန်တော်က အကူအညီတောင်းခံရတာပါ"

ကျီးလန့်စာစားသလို မျက်ကလဲဆန်ပြာဖြစ်နေသော သိန်းဖေကို ရဲအုပ်သက်မောင်က နှစ်သိမ့်အားပေးစကားပြောလိုက် ပါလေမှ သိန်းဖေ ဣန္ဒြေကို ပြန် ထိန်းသည်။

"ကျွန်တော် အရှမ်းရှိ သလောက် ဗိုလ်ကြီးတို့ကို ကူ



www.burmeseclassic.com

www.burmeseclassic.com



ညီပါမယ်''

''ဒါပေါ့ဗျာ။ ကဲ ကိုသိန်းဖေ ပြန်လို့ရပါပြီ။ ဪ ဒီကြားထဲမှာတော့၊ ကိုသိန်းဖေ ခရီးဝေးသွားစရာရှိရင် ကျွန်တော့်ဆီမှာ သတင်းပို့ပြီးမှ သွားပါနော်''

''ဟုတ်ကဲ့ပါ ဗိုလ်ကြီး''

ရဲအုပ် သက်မောင်သည် ရဲစခန်းထဲမှ လျင်မြန်သွက်လက်စွာ ထွက်ခွာသွားသော သိန်းဖေဆီသို့ ငေးရီစွာ လှမ်းမျှော်ကြည့်နေရင်း အမှုအခြေအနေကို တွေးတောစဉ်းစား နေလေတော့သည်၊

ကန့်ညီနောင်ရွာ လူသတ်မှုအတွက် တရားခံကို မြန်မြန် ဖော်ထုတ်နိုင်ရန် အသည်းအသန် ကြိုးစားနေသော ရဲအုပ် သက်မောင်သည် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ရှိန်းအောင်၏ အကူအညီဖြင့် နေ့မနား ညမအားကြိုးစား နေပါသော်လည်း မည်သည့် သဲလွန်စကိုမျှ မရသေး။

တာရာဖိနပ်က အသတ်ခံရသူ ကျော်မြ၏ ဖိနပ်ဖြစ်နေသဖြင့် ရော်ဘာဖိနပ်ပိုင်ရှင်ကိုသာ လေ့လာစုံစမ်းနေခဲ့ကြရသည်။ ဈေးပေါသော ရော်ဘာဖိနပ်ကလည်း၊ ကလေး လူကြီး တစ်ရွာလုံးနီးပါး စီးနေကြရာရှာဖွေရန် ခဲယဉ်းလွန်းနေသည်။ ဖိနပ်ပေါ်မှာ ခပ်ရေးရေးသာ တွေ့မြင်ရသော အမှတ်အသားကိုတော့ ဘယ်သူ့ကိုမျှ အသိမပေး။ ကိုယ့်နည်းကိုယ့်ဟန်ဖြင့်သာ လေ့လာစုံစမ်းနေခဲ့လေသည်။

ကျော်မြ အသတ်ခံခဲ့ရသည့် ညက သိန်းဖေက မြို့ပေါ်ရှိ သားသတ်လိုင်စင် ရထားသော ဦးဝမ်ချူးအိမ်တွင် ရှိနေကြောင်း နိုင်မာသည့် သတင်းကိုရထားလေရာ၊ သိန်းဖေကို မသင်္ကာသူ လူသတ်တရားခံစာရင်းမှ ဖယ်ရှားထားလိုက်ရသည်။

ဆရာဝန်၏ ဆေးစာအရ နှလုံးတည့်တည့် ချက်ကောင်းကို တစ်ချက်တည်း ထိုးသွားခဲ့သဖြင့် နှလုံးကွဲအက်အသက်သေဆုံးရခြင်းဖြစ်ကြောင်း သိလိုက်ရသည်။ ရဲအုပ် သက်မောင်နှင့် ဒုရဲအုပ် ရှိန်းအောင်တို့နှစ်ယောက် ခေါင်းချင်းဆိုင်ကာ စဉ်းစားရဖန်များ၍ ခေါင်းတွေ ပူထူနေကြလေပြီ။

မြို့ပေါ်ရှိ နွားပွဲ(နွားများကိုရောင်းဝယ်ကြရာဈေး)က တနင်္ဂနွေနေ့တိုင်းရှိသည်။ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ရှိန်းအောင်နှင့် နယ်ထိန်းအဖွဲ့ဝင်များက နွားပွဲဈေးထဲနှင့် ဝန်းကျင်တွင် အသွင်ယူကာ ကျော်မြနှင့် ပတ်သက် ဆက်နွယ်မှုရှိသူများကို အပတ်စဉ် လေ့လာစုံစမ်းခဲ့ကြသည်။

ထိုသို့ စုံစမ်းခဲ့ကြရာမှ သတင်းစ တစ်စရလာသည်။ ကျော်မြအသတ်မခံရမီ တစ်ပတ် (တနင်္ဂနွေနေ့) နွားပွဲဈေးသို့ သိန်းဖေနှင့် ကျော်မြတို့ နှစ်ယောက်ရောက်ခဲ့ကြသည်။သိန်းဖေ၏ ယောက္ခမ ဦးစိန်သန်းလည်း ပါသည်။ ဦးစိန်သန်းက နွားတစ်ကောင် ဝယ်ချင်သောကြောင့် သိန်းဖေနှင့်ကျော်မြကို နှစ်ယောက်က ရှာပေးကြရသည်။ ရွေးချယ်ပေးကြရသည်။ ဈေးစကားပြော ဆိုညှိနှိုင်းပေးကြရသည်။ ဦးစိန်သန်းက သူကြိုက်သော နိုင်းနွားထီးကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ဈေးဖြင့် ရသောကြောင့် ဝယ်ယူခဲ့သည်။ သမက် သိန်းဖေနှင့် ကျော်မြတို့လည်း နွားရောင်းသူထံမှ ပွဲခရခဲ့ကြသည်။

ဦးစိန်သန်းကလည်း သိန်းဖေနှင့် ကျော်မြကို နွားပွဲဈေးတန်းရှိ စားသောက်ဆိုင်မှာ နွားဝယ်ပေးသည့်အထိမ်းအမှတ်အဖြစ် အရက်ဖြင့်ဧည့်ခံခဲ့သည်။ သုံးယောက်စလုံး ရေချိန်ကိုက်သွားကြသောအခါ ရွာသို့ပြန်ကြရန် ဆိုင်ထဲမှ ထွက်ခဲ့ကြသည်။

ကျော်မြက ဝယ်ထားသောနွားကို ကြိမ်တို့ပြီး မောင်းကြည့်ရာ နွားကလန့်ပြီး လှည့်ပတ်ပြေးရာမှ ဦးစိန်သန်း၏ ဖိနပ်တစ်ဖက်ကို တက်နင်းမိသွားခဲ့ သည်။ ဖိနပ်သည်းကြိုးပြတ်သွားသဖြင့် ဦးစိန်သန်းက ဟောင်းနွမ်း ပြားချပ်နေသော သူ့ဖိနပ်တစ်ရန်ကို လွှင့်ပစ်ခဲ့သည်။ နွားပွဲဈေးထဲမှာပင် ရော်ဘာ ဖိနပ်တစ်ရန် အသစ်ကို ချက်ချင်းပင်ဝယ်စီးသွားခဲ့သည်။

ဤသည်မှာ နွားပွဲဈေးမှရသော သတင်းဖြစ်သည်။

ထို့ကြောင့် ဦးစိန်သန်းစီးနေသော ဖိနပ်ကို လေ့လာခဲ့ကြရာတွင်လည်း ရော်ဘာဖိနပ် အသစ်ဖြစ်နေသည်ကို တွေ့ရသောကြောင့် လက်လျှော့လိုက်ကြပြန်လေသည်။

ရဲတပ်ဖွဲ့ဝင်များက လက်လှမ်းမီသမျှ လေ့လာစုံစမ်းနေကြသော်လည်း မည်သည့် ကွင်းဆက်ကိုမျှမရကြဘဲ လက်မှိုင်ချရမလိုဖြစ်နေသည်။

"တရားခံက သူ့ကို ဖမ်းမမိအောင် သေဆုံးသူရဲ့ခါးပုံစကို ပြောင်းပြန် စီးပေးခဲ့ပြီး တန်ပြန် လုပ်ခဲ့တာ မှန်နေပြီလား" ဟုပင် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ရှိန်းအောင်က တွေးတောနေမိသည်။

သို့သော် ရဲအုပ် သက်မောင်ကိုတော့ ဖွင့်ဟမပြောရဲ။

ရဲအုပ် သက်မောင်က ခံယူချက် ပြင်းထန်သူဖြစ်သည်။ အမှုတစ်ခုကို စိတ်ရှည်ဖွဲသန်စွာ ကြိုးစား ဖော်ထုတ်တတ်သူဖြစ်သည်။ သူ့ထံမှ အတုယူစရာ ရဲပညာရပ်များကို ဒုရဲအုပ် ရှိန်းအောင်က အနီးကပ် လေ့လာဆည်းပူးနေသူဖြစ်ရာ ရဲအုပ် သက်မောင်နည်းတူပင် စိတ်ရှည် ဖွဲသန်စွာ အမှုမှန်ကို ဖော်ထုတ်ရပေဦးမည်။

ရဲအုပ်သက်မောင်နှင့် တပ်ဖွဲ့ဝင်များသည် မြို့အရှေ့ ဘက်တောင်ခြေရွာမှ တရာ မဝင် သစ်ခိုးထုတ်သူများကို စစ်ဆင်ရေး တစ်ရပ်အနေဖြ လေ့လာ စုံစမ်းဖမ်းဆီးပြီး အပြ တွင်ကန်ညီနောင်ရွာတွင်ခေတ္တ တစ်ထောက်ဝင်၍နားကြသည်

သစ်မျိုးစုံ ငါးတ ကျော်နှင့် သစ်ခိုးသမားသုံးဦးကို သစ်တင်ကားဖြင့်ပင် သယ် ဆောင်လာခဲ့ကြရာ နယ်ထိန် ခေါင်းဆောင် ဒုရဲအုပ် ရှိန် အောင်နှင့် ရဲတပ်ဖွဲ့ဝင်များ သ တောဦးစီးဌာနမှ တောအုပ်ကြ နှင့် ဝန်ထမ်းများက ကြီးကြ ထိန်းသိမ်းခေါ်ဆောင်လာခဲ့ကြ သည်။ သူတို့ကတော့ မန ကြတော့ဘဲ မြို့သို့ ဆက်လက် ထွက်ခွာသွားကြသည်။

ရဲအုပ်သက်မောင်နှ ရဲတပ်ဖွဲ့ဝင် နှစ်ဦးက ကန်ည နောင်ရွာဥက္ကဋ္ဌ ဦးဘလှအိမ်သ ဝင်ခဲ့ကြသည်။ ကျော်မြအသ ခံရသည့် အမှုကိစ္စအတွက် တင်း အစအနလေး ရလိုရငြ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက် ရပ်နားကြခြင်း ဖြစ်သည်။

"ဥက္ကဋ္ဌကြီး နေကောင်းရဲ့လား၊ ကျွန်တော်တို့အဖွဲ့ တောင်ခြေရွာက အပြန်လမ်းကြုံတာနဲ့ ခဏဝင်လာကြတာပါ"

"ဟုတ်လား နေကောင်းပါတယ်။ ခဏ မဟုတ်ပါဘူး။ အေးဆေးဆေးဆေး အနားယူပါဦး ဗိုလ်ကြီး။ ဗိုလ်ကြီးတို့ ရောက်လာတာ အတော်ပဲ။ စောစောကပဲ ဝက်သားပေါ်ပြီး လာရောင်းလို့ ဝက်သားတစ်တွဲ (တစ်ပိဿာ) ဆွဲထားတယ်"

"ဟာ မလုပ်ပါနဲ့ ဥက္ကဋ္ဌကြီးရယ်၊ ကျွန်တော်က ဟိုလူသတ်မှုနဲ့ ပတ်သက်ပြီး ဘာတွေများ သတင်းထူးသေးလဲလို့ ဝင်မေးတာပါ"

"ဘာမှ မထူးသေးပါဘူး ဗိုလ်ကြီး၊ တစ်ရွာလုံးကလဲ လူသတ်တရားခံ မပေါ်သေးလို့ ဒွိဟ သံသယလေသံတွေထွက်နေကြပါတယ်"

"ဘယ်လို ဒွိဟသံသယလေသံတွေလဲ ဥက္ကဋ္ဌကြီးရဲ့"

"ဪ ဗိုလ်ကြီးပြောသွားတဲ့ လူသတ်တရားခံက သူ့ကို ဖမ်းမမိအောင် ခါးပုံစကို ပြောင်းပြန် လှည့်စီးသွားတယ်ဆိုတဲ့ စကားပါ။ ဒါကြောင့် ဖမ်းမမိတော့ဘူးလို့ ပြောဆိုနေကြတယ် ဗိုလ်ကြီး"

ရဲအုပ် သက်မောင် ခံပြင်းသွားသည်။ လူသတ် တရားခံက ရဲတပ်ဖွဲ့ကို စိန်ခေါ်သွားသလိုအဖြစ်မျိုးနှင့် ကြုံတွေ့နေချိန်တွင် သူတို့ပြောဆိုနေကြသည့်အတိုင်း လူသတ်တရားခံကိုလည်း ယခုအချိန်အထိ လုံးဝဖမ်းဆီး၍ မရသေး။ ဖော်ထုတ်နိုင်စွမ်းမရှိကြသေး။

မြို့နယ် ရဲတပ်ဖွဲ့မှူးကို ခရိုင်ရဲတပ်ဖွဲ့မှူးက ဖိအားပေးနေလေရာ မြို့နယ် ရဲတပ်ဖွဲ့မှူးကလည်း သူတို့ကို ပြန်လည်ဖိအားပေးနေလေရာ စခန်းမှူး ရဲအုပ်သက်မောင်ကိုယ်တိုင် စိတ် ဖိစီးမှုဒဏ် ခံနေခဲ့ရလေပြီ။

ထို့ကြောင့်လည်း သူက အမှုမှန်ပေါ်အောင် မရပ်မနား လှုပ်ရှားနေခြင်း ဖြစ်သည်။ သည်လို လှုပ်ရှားကြိုးပမ်းနေသည့်ကြားမှ ရွာသူရွာသားတွေ၏ အထင်အမြင်သေးမှုကိုလည်း ခံနေကြရလေပြီ။

"အမှုဆိုတာ ဘယ်တော့မှဆွေးမသွားပါဘူး ဥက္ကဋ္ဌကြီး အနှေးနဲ့အမြန်ပဲ ကွာခြားတာပါ။ ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေကလဲ တရားခံ (၁၀) ယောက်လွတ်မြောက်ရင် လွတ်မြောက်သွားကြပါစေ၊ အပြစ်မရှိတဲ့ ပြည်သူတစ်ယောက်ကို အပြစ်မဲ့ မဖမ်းဆီးမိအောင် သတိထား ဆောင်ရွက်နေရတော့ အချိန်ယူနေကြရလို့ ကြာတယ်ထင်နေကြတာပါ။ အဲဒီလူသတ်တရားခံကို မကြာမီ ဖမ်းဆီးပေးပါ့မယ် ဥက္ကဋ္ဌကြီး ရယ်"

"ကျွန်တော်ကတော့ ဗိုလ်ကြီးတို့ ရဲတပ်ဖွဲ့ရဲ့အခြေအနေကို နားလည်သဘောပေါက်ပါတယ်"

"တချို့ အမှုတွေ ကျတော့ တရားခံတွေက အမှုဖြစ်ခါစမှာ ပုန်းရှောင်ငုပ်လျှိုးခြေရာဖျောက်နေတတ်ကြတယ်။ နောက် အချိန်ကြာလာတော့မှ ရဲတွေက သူတို့ကို အလေးမထားတော့ဘူးဆိုပြီး ပုန်းရှောင်



www.burmeseclassic.com

www.burmeseclassic.com



နေကြရာက အပြင်ထွက်လာကြတယ်။ အဲဒီအချိန်ရောက်မှ သက်သေ အထောက်အထားတွေနဲ့ ဖမ်းဆီးလိုက်နိုင်တာတွေလဲ ရှိတယ် ဥက္ကဋ္ဌကြီး"

"ဩော် ဗိုလ်ကြီးရောက်နေတာ ကျွန်မမသိလိုက်ဘူး။ နောက်ဖေးမှာ ဝက်သားဟင်းကိုင်နေလို့လေ။ အတော်ပဲ ဗိုလ်ကြီးတို့ ထမင်းစားပြီးမှ ပြန်ပါ။ ခဏပဲစောင့်ပါ။ အခုဟင်းချက်နေပါပြီ။ ကျက်တော့မယ်"

"အားနာစရာကြီး ဒေါ်ဒေါ်ရယ်"

"ဘာမှ အားနာစရာမလိုပါဘူး။ ကျွန်မတို့ တောသူတောင်သားတွေက ဧည့်သည်မျှော်နေကျပါ။ အိမ်သာမှ ဧည့်လာတယ် မဟုတ်လား"

ဦးဘလှ၏ ဇနီး ဒေါ်ခင်ပုက မီးဖိုချောင်ထဲမှ ထွက်လာပြီး ရဲအုပ် သက်မောင်ကို မြင်တွေ့လိုက်သောအခါ လိုက်လှဲ ပျူငှာစွာဖြင့် ဧည့်ဝတ်စကားဆိုလေရာ ရဲအုပ်သက်မောင်က အလိုက်သင့်ပြန်ပြောလိုက်လေသည်။

တစ်ဆက်တည်းပင် ရဲအုပ် သက်မောင်က စပ်စုချင်လာသည်။ အမျိုးသားတွေထက် အမျိုးသမီးတွေကို စပ်စုရတာလွယ်ကူ၏။ အမျိုးသားတွေက ထိန်းထိန်းသိမ်းသိမ်း ပြောဆိုကြသလောက်၊ အမျိုးသမီးတွေက ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်ကြသည်။လျှို့ဝှက်စကားများကို အမျိုးသမီးများက ပိုမို၍ ဖွင့်ဟချင်ကြလေ့ရှိသည်။

■■■■■■■■■

**ဒီကောင်က**

**လက်လဲလက်ယဉ်နေပြီဟ။**

**မားမြောင်တစ်ချောင်းနဲ့**

**ဝက်အကောင်**

**နှစ်ဆယ်သတ်ရရင်လဲ**

**သူ့အတွက်ကတော့**

**ငှက်ပျောသီးအခွံ**

**နွှာစားသလို ဖြစ်နေပြီ။**

ဤသည်ကို နားလည်နေသော ရဲအုပ်သက်မောင်က ဒေါ်ခင်ပုထံမှ စကားနှိုက်ကြည့်လိုက်သည်။

"ဘယ်သူတွေက ဝက်သားပေါ်ရောင်းတာလဲဒေါ်ဒေါ်"

"သိန်းဖေရဲ့ ဝက်ကို သူ့ယောက်ဖ အုန်းငွေက သတ်ပေး ဖျက်ပေးတာပါ။ ဝက်ပေါ်တာပေါ့။ တော်တော်လိုက်ဖက်ကြတဲ့ သမီးယောက်ဖစုံတွဲပါ"

"သိန်းဖေနဲ့ အုန်းငွေက ဘယ်လိုယောက်ဖတော်တာလဲဗျ"

"အုန်းငွေ အစ်မကို သိန်းဖေက ယူထားတာပါ"

"ဝက်သတ်တယ် ဆိုတာက မလွယ်ဘူး။ အတွေ့အကြုံတော်တော်များမှသာ သတ်ရဲကြတာပါ"

"အောင်မလေး အုန်းငွေကတော့ ရှားမှရှားပါ ဗိုလ်ကြီးရယ်။ ဘယ်ဝက်ကိုပဲ သတ်ရသတ်ရ တစ်ချက်ဆိုတစ်ချက်တည်းပဲ။ စိတ်ချရတယ်ဆိုပဲ။ အကုသိုလ်ကြီးပါ့ရှင်"

"ဒီကောင်က လက်လဲ လက်ယဉ်နေပြီဟ။ မား



www.burmeseclassic.com

www.burmeseclassic.com



မြှောင်တစ်ချောင်းနဲ့ ဝက်အကောင် နှစ်ဆယ်သတ်ရရင်လဲ သူ့အတွက်ကတော့ ငှက်ပျောသီး အခွံနွှာစားသလို ဖြစ်နေပြီ။ ဝက်သတ်တဲ့ အလုပ်ဟာ သူ့အတွက် ထမင်းစားရေသောက်သဘောမျိုး ရှိနေပြီ။ ကဲ–ကဲ ပြောနေတာကြာတယ်။ ဟင်း မြန်မြန် ကျက်အောင်ချက်စမ်းပါဟာ။ ဗိုလ်ကြီးတို့ ဆာနေကြပေါ့”

ဦးဘလှက ဝင်ပြောလိုက်သည်။

“ကျွန်တော်တို့ မဆာသေးပါဘူးဗျာ။ ကျွန်တော် ကိုသိန်းဖေတို့ အိမ်ဘက်ခဏသွားချင်တယ်။ ဥက္ကဋ္ဌကြီးလဲ လိုက်ခဲ့ပါဗျာ”

“ဟုတ်ကဲ့ လိုက်ခဲ့ပါမယ်”

ရဲအုပ် သက်မောင်က ဦးဘလှနှင့်အတူ သိန်းဖေတို့ အိမ်ဘက်သို့ ထွက်ခဲ့ကြသည်။ သိန်းဖေတို့ အိမ်ရှေ့တွင် သွေးသံရဲရဲဖြင့် ဝက်သားတွဲတွေ ချိတ်ဆွဲထားသည်ကို မြင်တွေ့လိုက်ကြရသည်။

သိန်းဖေက ရဲအုပ် သက်မောင်နှင့် ရွာဥက္ကဋ္ဌ ဦးဘလှကို မြင်တွေ့လိုက်ရသောအခါ အံ့အားသင့်ထိတ်လန့်သွားသည်။ သို့သော် ဣန္ဒြေကိုထိန်းကာ ပျူငှာစွာ နှုတ်ဆက်သည်။

“ဟာ ဗိုလ်ကြီးပါလား။ ဥက္ကဋ္ဌကြီးလဲပါတယ်။ ဘယ်ကလှည့်လာကြတာလဲ”

“လမ်းကြုံလို့ ဝင်လာတာပါဗျာ။ ကိုသိန်းဖေက ဝက်ပွဲစားလဲလုပ် ဝက်လဲပေါ်ရောင်းနေပါလား”

“တစ်ခါတလေ၊ ဟင်းစားပြတ်တဲ့အခါမျိုးမှာကျွန်တော့်ဆရာ ဝက်လိုင်စင်ရထားတဲ့ ဦးဝမ်ချူးရဲ့ ခွင့်ပြုချက်နဲ့ ပေါ်တာပါ ဗိုလ်ကြီးရယ်။ ကျွန်တော် ခိုးကြောင်ခိုးဝှက်ပေါ်တာမဟုတ်ပါဘူး”

ရဲအုပ် သက်မောင်က သဘောရိုးဖြင့် ပြောလိုက်သည်ကို သိန်းဖေက အိုးမလုံအုံပွင့်ကာ တရားဝင် ဝက်သတ် ပေါ်ဖျက်ပြီးဝက်သားရောင်းသည်ကို ရှင်းပြနေလေရာ ရဲအုပ် သက်မောင်က ပြုံးနေလေသည်။

“ဗိုလ်ကြီးတို့ ရောက်တာနဲ့ အတော်ပဲ အခု ဝက်ဝမ်းတွင်းသား လတ်လတ်ဆတ်ဆတ်နဲ့ အမြည်းလုပ်နေကြတာပါ။ ဗိုလ်ကြီးလဲ ကြုံတုန်းဝင်နွှဲလိုက်ပါဦး”

“ကျေးဇူးတင်ပါတယ်ဗျာ။ ရပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ ရွာထဲ လျှောက်ကြည့်ရင်း ရောက်လာတာပါ”

သိန်းဖေ အပါအဝင် အမျိုးသား သုံးဦး ပါဝင်သော အရက်ဝိုင်းတွင် ဝက်သားပေါ်ပြီးပြီးချင်း ချက်ချင်း ထုတ်ယူထားသော ဝမ်းတွင်းသားနှင့် သွေးခဲများကို အမြန် ချက်ပြုတ်ကာ အရက်နှင့် မြည်းနေကြခြင်း ဖြစ်သည်။

အရက်ဝိုင်းထဲတွင် အသက်(၆၀)အရွယ်ခန့် အသက်ကြီးသူ တစ်ယောက်ပါသည်။ ရဲအုပ် သက်မောင်နှင့် သိန်းဖေတို့ နှစ်ယောက်နှုတ်ဆက် စကားပြောကြားနေကြစဉ်တွင် အရက်ဝိုင်းထဲမှ ဂင်တိုတို လူရွယ်တစ်ယောက်က ဝိုင်းထဲမှထကာ အိမ်နောက်ဖေးဘက်ဆီသို့ မယောင်မလည်ဖြင့် ထွက်သွားသည်။ မျက်စိလျင်သော ရဲအုပ် သက်မောင်



www.burmeseclassic.com

www.burmeseclassic.com



က ထိုလူ၏ခါးကြားတွင် ဓား မြှောင် တစ်ချောင်း ထိုးထား သည်ကို မြင်တွေ့လိုက်သည်။

သိန်းဖေသည် ရဲအုပ် သက်မောင် ဝက်ပေါ်သည့်အ ချိန်ကျမှ ရောက်လာသည်ကို မလုံမလဲဖြစ်နေဟန်ဖြင့် မျက်နှာ အမူအရာပျက်နေသည်။

ဤသည်ကိုလည်း ရဲ အုပ် သက်မောင်က ရိပ်စားမိ သောကြောင့် သူသိချင်တာကို စကားလမ်းကြောင်းပြောင်းလိုက် သည်။

"ကျွန်တော် ငယ်ငယ် က ရန်ကုန်မြို့ ဆင်မလိုက် ဝက် သတ်ရုံနားမှာ နေဖူးတယ်ဗျ။ ဝက်သတ်သမား အလုပ်က အ ကုသိုလ် ကြီးတယ်ဆိုပေမယ့် တရုတ်ဝက်ကုန်သည်တွေကြား မှာ တော်တော်သြဇာရှိတာပဲ။ ဝက်တွေကို နေ့စဉ်အများကြီး သတ်ပေးရတာဆိုတော့ ဝက် သတ်သမား သုံးလေးယောက် လောက်ထားကြရတယ်။ ဝက် သတ်သမား ဆိုတာတောင် တော်ရုံတန်ရုံ အဆင့်နဲ့မရဘူး။ ဝက်တစ်ကောင်ကို ဓားမြှောင် တစ်ချက်ရှုန်းနဲ့ သတ်နိုင်သူကို မှ ရွေးပြီးငှားထားတာဗျ။ ကြေး စားဝက်သတ်သမားတွေပေါ့ဗျာ။ ဝက်မသတ်ခင်မှာရော သတ်ပြီး တဲ့အချိန်မှာပါ ဝက်သတ်သမား တွေ ကြိုက်နှစ်သက်တဲ့ အရက် အမြည်းတွေနဲ့ ညှော်ခံပြုစုပေး ကြရတယ်။ ဒါမှမဟုတ် ညှော်ခံ ပြုစုစရိတ်ကို အပိုကြေးပေးကြ ရတယ်။ ဝက်သတ်သမားတွေ သူတို့အိမ်မှာစားဖို့ကိုလဲဝက်သား တွေကို ပေးကြရသေးတယ်ဗျ။ ဒါကြောင့် ဝက်သတ်သမားဆို တိုင်း အထင်သေးလို့ မရဘူး။ သူ့ပညာနဲ့သူ ထူးချွန်နေကြတာ ပေါ့ဗျာ"

"ကျွန်တော့် ယောက် ဖ လိုနေမှာပေါ့ ဗိုလ်ကြီးရာ။ ကျွန်တော့်ယောက်ဖ အုန်းငွေ ကလဲ ကျွမ်းသလား မမေးနဲ့ ဗိုလ်ကြီးရာ။ သိပ်လျင်တယ်။ လက်လဲယဉ်တယ်။ သိပ်ကျွမ်း တယ်။ ချက်ကောင်းကို တစ် ချက်နဲ့ ပွဲသိမ်းနေကျပါ ဗိုလ် ကြီး"

"ဟုတ်လား၊ ပြစမ်းပါ ဦး ဘယ်သူလဲ"

"စောစောက ဝိုင်း ထဲက ထွက်သွားတဲ့ကောင်ပေါ့ ဗျာ"

"ခင်ဗျား ယောက်ဖက ဒီလောက်တောင်ပဲ လက်လျင် လက်ယဉ်နေသလား၊ ကျွမ်းနေ သလားဗျာ"

"ဗိုလ်ကြီးကို တစ်နေ့ နေ့မှာ လက်တွေ့ပြလိုက်ချင် တယ်။ သူ့ထက် သူ့အဖေ ကျွန်တော့် ယောက္ခမက ပိုပြီး လက်လျင် ပိုပြီး ကျွမ်းတယ်တဲ့။ အခု အသက်ကြီးလာလို့ အဲဒီ အလုပ်ကို စွန့်လိုက်တာတဲ့။ သူ့ အမွေကို သားကိုလက်ဆင့်ကမ်း သင်ပေးထားတာတဲ့။ ကျွန်တော် လဲ ကျွန်တော့်မိန်းမ စိန်တုတ် ပြောပြထားလို့ သိနေတာပါ"

ထိုအချိန်တွင် သိန်းဖေ ၏ မိန်းမ စိန်တုတ်က ရေနွေး ကြမ်းနှင့် လက်ဖက်ပွဲလာချပေး သည်။ မစိန်တုတ်သည် နာမည် နှင့်လိုက်ဖက်အောင်ပင် တုတ် တုတ်ခိုင်ခိုင်ရှိလှသည်။ ညိုချော ကြီးမဟုတ်သော်လည်း လုံးကြီး ပေါက်လှ မျှစ်စို့ကြီးနှယ် ခန့် ထည် တည်ကြည်ပုံရသည်။

ရဲအုပ် သက်မောင်က အရက်ရှိန်ရနေသော သိန်းဖေ ၏ စကားကို နားထောင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



က နေအိမ်ဝန်းကျင်အခြေအနေကို လေ့လာ အကဲခတ်ရင်း လက်ဖက်တစ်ဖွန်းကို စားလိုက်ပြီး ရေနွေးကြမ်း တစ်ခွက်ကို သောက်လိုက်သည်။

ထိုအချိန်တွင် အသက်ကြီးကြီး အမျိုးသားကြီးကလည်း ဝိုင်းထဲမှထကာ သိန်းဖေတို့ အိမ်ခေါင်းရင်းဘက်ဆီသို့ ထွက်သွားသည်။ သိန်းဖေ ယောက္ခမ မစိန်တုတ်၏ ဖခင် ဦးစိန်သန်းပဲ ဖြစ်လိမ့်မည်ဟု ရဲအုပ် သက်မောင်က တွေးလိုက်သည်။

ဝက်သတ်သမား အုန်းငွေလည်း ပေါ်မလာတော့ဘဲ ကြက်ပျောက် ငှက်ပျောက် ပျောက်ကွယ်သွားသည်။

ရဲအုပ် သက်မောင်နှင့် ဦးဘလှတို့လည်း ရောက်တတ်ရာရာ စကားတွေကို ပြောကြားပြီး သိန်းဖေကို နှုတ်ဆက်ကြကာ ဦးဘလှ အိမ်သို့ပြန်လာခဲ့ကြလေတော့သည်။

❂❂❂❂❂

ရဲအုပ် သက်မောင်က မြို့ရဲစခန်းသို့ ပြန်ရောက်သောအခါ နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ် ရှိန်းအောင်နှင့် ကျိတ်၍ တိုင်ပင်ကြသည်။

"လူသတ် တရားခံ ဖြစ်နိုင်ခြေရှိသူ မသက်ာစရာ ကောင်းသူတွေကတော့ ဦးစိန်သန်းနဲ့ သူ့သားအုန်းငွေတို့ နှစ်ယောက်ကိုပဲတွေ့နေရပြီဗျ။ ဒီတော့ကာ ကိုရှိန်းအောင်က နယ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးကို အဲဒီရွာထဲမှာ အသွင်ယူလေ့လာ စုံစမ်းဖို့လုပ်ပါ။ ရွာထဲက အမာခံ သတင်းပေး တစ်ယောက်ကိုလဲ လက်သပ်မွေးပြီး သူတို့သားအဖကို စောင့်ကြည့်ခိုင်းထားပါ။ ထူးခြားချက်တွေ့ရင် ချက်ချင်း သတင်းပို့ခိုင်းပါ"

"စိတ်ချပါ ဗိုလ်ကြီး ကျွန်တော် အမြန် စီစဉ်ပေးပါ့မယ်"

"ကျွန်တော်က မြို့ပေါ်မှာရော နွားပွဲဈေးမှာပါ လှည့်လည် စုံစမ်းပါ့မယ်။ အမာခံ သတင်းပေး တစ်ယောက်ကိုလဲ နွားပွဲဈေး ပတ်ဝန်းကျင်းမှာ လှုပ်ရှားခိုင်းထားတယ်။ ကျွန်တော့်တွေ့ရှိချက်နဲ့ ခင်ဗျားရဲ့တွေ့ရှိချက်ပေါင်းစပ်ပြီး အဖြေရှာကြတာပေါ့ဗျာ။ အဖြေ ထွက်လာတော့မှာပါ။ မကြာတော့ပါဘူး"

"ကျွန်တော်လဲ အစွမ်းကုန်ကြိုးစားပါ့မယ်။ လူသတ်တရားခံကို သုံးလကျော်လာတဲ့အထိ မမိသေးလို့ ရွာသူရွာသားတွေက ကျွန်တော်တို့ ရဲတပ်ဖွဲ့ကို အထင်သေးနေကြပါတယ်။ ကွယ်ရာက နေပြီး အမနာပ စကားတွေနဲ့ ကဲ့ရဲ့အပြစ်တင်နေကြပါတယ်။ ကျွန်တော်လဲ ရှက်လှပါပြီ။ ဒါကြောင့် ဒီလူသတ်မှုကို အမြန်ဆုံးပဲ အဆုံးသတ်ချင်လှပါပြီ ဗိုလ်ကြီးရာ"

"လူ့မနော လူ့သဘောသဘာဝတွေကတော့ ဒီလိုပါပဲဗျာ။ မထူးဆန်းတော့ပါဘူး။ လမ်းဆုံရင် ရွာတွေ့တော့မှာပါ။ စိတ်မာတ်မကျပါနဲ့။ ကျွန်တော် ပြောသလိုသာ လုပ်။ လူသတ်တရားခံကို ဖမ်းမိတော့မှာပါ။ ကဲ သွားတော့ စိတ်အေးအေးထားပြီး ခင်ဗျား လူ့တွေကို လှုပ်ရှားခိုင်းပါ"

"လေးစားပါတယ် ဗိုလ်ကြီး"

ဒုရဲအုပ် ရှိန်းအောင်က ရဲအုပ် သက်မောင်ကို အလေးပြုကာ ရုံးခန်းထဲမှ ထွက်ခွာ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

ရဲအုပ် သက်မောင်က ကျော်မြ အကြောင်းကို တွေးတောရင်း ကျန်ရစ်ခဲ့သည်။

သိန်းဖေ၏ အိမ်တွင် အဝင်အထွက်များနေသည့်အပြင် တစ်ခါတစ်ရံတွင် ထိုအိမ်မှာပင် အိပ်စက်နေလေ့ရှိသည့် ကျော်မြ ဘာကြောင့် အ သတ်ခံရသလဲ။ ငွေကြောင့်လား၊ မိန်းမကြောင့်လား။

ကျော်မြက မယားတရှူးရှူးနေသူ၊ နောက်မိန်းမမြန်မြန်ယူချင်နေသူ။ သူ့ကို မုဆိုးမ တစ်ခုလပ် အမျိုးသမီးတိုင်းက လည်း ရွံ့မုန်းအော့နှလုံးနာနေကြသည်။ အမျိုးသမီးတိုင်းက လက်မခံကြဘဲ ငြင်းပယ်ခံနေရသော ကျော်မြ၊ အမျိုးသမီး တစ်ဦးဦးကိုများ ကြံရွယ်မိ၍ အသတ်ခံလိုက်ရတာလား။

လူငယ်၊ လူရွယ်တစ်ဦးဦး၏ လက်ချက်လား။ သိန်းဖေ အုန်းငွေ နှင့် ဦးစိန်သန်းတို့၏ လက်ချက်များလား။

ထောင့်စုံဘက်စုံမှ စဉ်းစားနေဆဲမှာပင် ရဲအုပ် သက်မောင်၏ အမာခံသတင်းပေးက နွားပွဲဈေး အရက်ဆိုင်မှသတင်းကို လာရောက် ပြောပြသည်။

"ကန်ညီနောင်ရွာက ကိုသိန်းဖေရဲ့ ယောက်ဖအုန်းငွေက အရက်မူးမူးနဲ့ဓားကြိမ်းကြိမ်းနေတယ် ဆရာ။ အရက်ဝိုင်းမှာ သူ့ကို ဝက်ပဲသတ်ဖူးရုံနဲ့ ကြွားမနေနဲ့ နွားကိုရော တစ်ချက်တည်းနဲ့ သတ်နိုင်ပါ့မလားလို့ ဘေးရွာက လူတွေက မခံချင်အောင် နောက်ပြောင်ကြတာကို အုန်းငွေက ဒေါကန်ပြီး နွားကိုလဲ တစ်ချက်တည်းနဲ့ သတ်နိုင်တယ်။ လူကိုလဲ တစ်ချက်တည်းနဲ့သတ်နိုင်တယ်။ မိုက်တဲ့ကောင်ထွက်ခဲ့ကြ။ ဟောဒီဓားက လူကို တစ်ချက်တည်းနဲ့ အသေသတ်ခဲ့တဲ့ဓားကွ။ မမြင်ဖူးရင်ကြည့်ထားကြဆိုပြီး ဖွေးဖွေးလက်နေတဲ့ ဓားမြှောင်ကို ထုတ်ပြ ကြိမ်းမောင်းခြိမ်းခြောက်နေလို့ သူ့ယောက်ဖကိုသိန်းဖေက အုန်းငွေကို ဝိုင်းထဲက ဆွဲထုတ်သွားရတယ်။ ကိုသိန်းဖေက ဝိုင်းထဲက လူတွေကိုလဲ ဒီကောင်က မူးရင်သွေးဆိုးလို့ပါ။ အရူးချီးပန်းပြောနေတာတွေကို ဗွေမယူကြပါနဲ့ဗျာ။ တောင်းပန်ပါတယ်လို့ ပြောပြောဆိုဆို ဆွဲထုတ်သွားတယ် ဗိုလ်ကြီး"

"သူအဲဒီလို သောင်းကျန်းနေတာကို မင်း သက်သေ ပြနိုင်သလား"

"သက်သေ ပြနိုင်ပါတယ် ဗိုလ်ကြီး။ မှုခင်းရှုထောင့် ဂျာနယ်က ရုံးခွဲတာဝန်ခံ မှုခင်း သတင်းထောက် ကိုညီညီက အသံ ဖမ်းထားပါတယ်"

"ကျေးဇူးပဲ ငါ့ညီရာ ကိုညီညီနဲ့ ငါ ဆက်သွယ်လိုက်ပါ့မယ်"

ရဲအုပ် သက်မောင် အနည်းငယ် အသက်ရှူ ချောင် သွားလေတော့သည်။

တစ်ပတ်ခန့် အကြာတွင် ဒုရဲအုပ် ရှိန်းအောင်က လည်း ကန်ညီနောင်ရွာသို့ စေလွှတ်ထားသော သူ့နယ်ထိန်း ရဲတပ်ဖွဲ့ဝင် မြင့်ဆွေထံမှ ထူးခြား သတင်းရထားကြောင်း သတင်းပေးကာ ရဲအုပ်သက်မောင်ကို ရှင်းပြသည်။

"ရွာပြင် လယ်ကွင်းထဲက ထန်းတဲထဲမှာ ထန်းရည်မူးနေတဲ့ အုန်းငွေက မင်းတို့က ငါ့ကို ဝက်ပဲ သတ်ဖူးတယ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



အထင်သေးနေကြတယ်။ ဆိတ်ကို သတ်ရမလား။ ကျွဲ နွားကို သတ်ရမလား။ တစ်ချက်တည်းနဲ့ သေစေရမယ်။ ဘယ်သူ လောင်းကြေးထပ်ရဲသလဲ။ စကားကို ကုန်အောင်ပြောလိုက်မယ်။ လူကိုလဲ တစ်ချက်တည်းနဲ့အသေသတ်နိုင်တဲ့ကောင်ကွ။ မယုံမရှိနဲ့ လက်တွေ့ပဲဟေ့" လို့ ကြွားဝါနေတယ်တဲ့ ဗိုလ်ကြီး။ အဲဒီစကားတွေကို သူ့အဖေနဲ့ သိန်းဖေက ကြားသွားလို့ ဒီကောင်တော့ အသံကြောင့်ဖားသေတော့မယ်လို့ ကြိမ်းမောင်းနေကြတယ်တဲ့။ ဦးစိန်သန်းက အခုဆိုရင် အုန်းငွေကို အိမ်ပြင်လုံးဝ ထွက်ခွင့်မပေးတော့ဘူးတဲ့။ သောက်ချင်တဲ့အရက်နဲ့ ထန်းရည်ကို အိမ်ထဲမှာပဲ သောက်ရမယ်လို့ တားမြစ်ထားတယ်တဲ့။ သိန်းဖေကလဲ နောင်ဆိုရင် အုန်းငွေကို နွားပွဲဈေး ဘယ်တော့မှ မခေါ်တော့ဘူးလို့ ညည်းညူနေတယ်တဲ့ ဗိုလ်ကြီး"

"ရဲကို အထင်သေးတဲ့ကောင်တွေ တွေ့ကြသေးတာပေါ့ကွာ"

ရဲအုပ် သက်မောင်က ဒုရဲအုပ်ရှိန်းအောင်၏သတင်းပေးစကားကို ကြားလိုက်ရသောအခါ မေးကြောကြီးများ ထောင်တက်လာပြီး ကြိမ်းဝါးလိုက်လေရာ ဒုရဲအုပ် ရှိန်းအောင်ပင်လျှင် လန့်ဖျပ်သွားလေတော့သည်။

"ကဲ အခု ချက်ချင်းပဲ အုန်းငွေနဲ့ သူ့အဖေ ဦးစိန်သန်းကို သွားခေါ်ခဲ့ဗျာ။ ပိပိရိရိနဲ့ခေါ်ခဲ့နော်။ စခန်းမှာ လူသတ်တရားခံကို ပြချင်လို့ပါလို့ပြော။ လူသတ်တရားခံက ဦးစိန်သန်းရဲ့ တပည့်ဖြစ်ခဲ့ဖူးလို့ သူ့မိသားစုနောင်ရေးအတွက်အခေါ်ခိုင်းတာပါလို့ လိမ်လိမ်မာမာပြောခေါ်ခဲ့။ လုံခြုံရေး သတိဝီရိယ ရှိကြပါစေ။ စခန်းရောက်တာနဲ့ သားအဖနှစ်ယောက်ကို အချုပ်ခန်းတစ်ခန်းစီမှာ ခွဲချုပ်ထားပြီးမှ စစ်မေးမယ်။ ရှင်းရဲ့လား"

"ရှင်းပါတယ် ဗိုလ်ကြီး"

"ဆက်လုပ်"

"ကဲ အုန်းငွေ မင်းအမှန်အတိုင်း ထွက်ဆိုဝန်ခံရင်တော့ သက်သာမယ်။ တို့လဲ လက်အနာ မခံချင်ဘူး။ မင်းလဲ အသားနာ မခံချင်နဲ့ကွာ။ မင်း ကျော်မြကို ဘာကြောင့်သတ်ရတာလဲ"

"ဗျာ ကျွန်တော်က ကျော်မြကို သတ်တယ်လို့ ဘယ် သူကပြောသလဲ။ ကျွန်တော် လုံးဝမသတ်ပါဘူး ဗိုလ်ကြီးရယ်။ ကျွန်တော် ကျိန်ဆိုရဲပါတယ်"

"ဟေ့ကောင် သူခိုးဟာ ဘယ်တော့မှ ခိုးပါတယ်လို့

## "ရဲကို အထင်သေးတဲ့ကောင်တွေ တွေ့ကြသေးတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဝန်မခံဘူး။ အနာခံပြီးမှပဲ မှားပါတယ်လို့ ဝန်ခံလေ့ရှိတယ်။ လူသတ်တရားခံတွေလဲ အဲဒီအတိုင်းပဲ။ ဘူးခံငြင်းကွယ်နေကြတာပဲ။ အနာခံချင်လို့လား''

''ဗိုလ်ကြီး ရိုက်လဲခံပါ့မယ်။ သတ်လဲခံပါ့မယ်။ ကျွန်တော် ကျော်မြကို မသတ်ရိုးအမှန်ပါဗျာ''

■ ■ ■ ■ ■ ■ ■ ■ ■

''ဘယ်လိုပဲ ထွက်ဆို ထွက်ဆို ကျွန်တော့်ကတော့ ကျော်မြကို မသတ်တာအမှန်ပါ။ ကျွန်တော့်ကို လုပ်ကြံထွက်ဆိုသူ ကိုယ်တိုင်ကလဲ လူသတ်တရားခံ ဖြစ်ချင်ဖြစ်နေမှာပါ ဗိုလ်ကြီး''

''မင်းက ဝက်တွေကို တော့ လွယ်လွယ်လေးတစ်ချက်တည်းနဲ့ သတ်ရဲပြီး ကိုယ့်အလှည့်ကျမှ ကြောက်နေပြီလား ကွ။ လုပ်ရဲရင်ခံရဲမှ ယောကျ်ားပီသတာကွ''

''ကျွန်တော် လုပ်ရဲရင် ခံရဲပါတယ်။ ဒါပေမယ့် ကျွန်တော် မလုပ်ရတဲ့ကိစ္စမှာတော့ အချောင်မခံနိုင်ဘူး ဗိုလ်ကြီး''

''မင်းပဲ မင်းရဲ့ ဓားမြှောင် နဲ့ လူကိုတစ်ချက်တည်း အသေထိုးသတ်ခဲ့တာ လက်တွေ့ မယုံမရှိကြနဲ့လို့ နွားပွဲဈေးမှာရော ရွာထန်းရည်တဲမှာပါ ကြိမ်းမောင်းကြွားဝါနေတာလေကွာ။ မင်း ငြင်းချင်သေးလား''

''အဲဒါကို ကျွန်တော် မငြင်းပါဘူး။ အဲဒီကောင်တွေက ကျွန်တော် မခံချင်အောင်စကြ နောက်ကြ လှောင်ကြ ပြောင်ကြလွန်းလို့ ကျွန်တော်ကလဲ အရက်မူးမူး ထန်းရည်မူးမူးနဲ့ ပြန်ပြီး ကြိမ်းမောင်းပြခဲ့တာပါ။ စိတ်ကိုဆွပေးလွန်းလို့ ဒီကောင်တွေ ဖြုန်သွားအောင် ကြွားလုံးထုတ် ပြလိုက်ရတာပါ။ လူရှိန်အောင် ကြွားလိုက်တာပါ။ ဗိုလ်ကြီး တွေးကြည့်ပါဦး။ ကျွဲနွားတွေကို ဓားမြှောင်နဲ့ တစ်ချက်တည်းသေအောင် ဘယ်လိုလုပ်သတ်လို့ရမှာလဲ''

အုန်းငွေ ပြောတာကလည်း သဘာဝ ကျနေသည်။ သို့သော် ရဲအုပ်သက်မောင်က အုန်းငွေကို နည်းဗျူဟာ ပြောင်းလဲကာ ဆက်လက် စစ်ဆေးသည်။

''မင်းက ကျော်မြကို ဓားမြှောင်နဲ့ တစ်ချက်တည်း ထိုးထွက်ပြေးသွားတာကို မြင်တွေ့သူက တို့ဆီလာပြီးထွက်ဆိုထားပြီကွ။ မင်း ငြင်းကွယ်နေလဲ အပိုပဲ''

''ဘယ်လိုပဲ ထွက်ဆို ထွက်ဆို ကျွန်တော့်ကတော့ ကျော်မြကို မသတ်တာအမှန်ပါ။ ကျွန်တော့်ကို လုပ်ကြံထွက်ဆိုသူ ကိုယ်တိုင်ကလဲ လူသတ်တရားခံ ဖြစ်ချင်ဖြစ်နေမှာပါ ဗိုလ်ကြီး''

''အဲဒါက တို့အလုပ်ပါကွာ။ မင်းအလုပ်မဟုတ်ပါဘူး''

''ဒါဆိုရင် ကျွန်တော့်ကို စွပ်စွဲသူနဲ့ ကျွန်တော် မျက်နှာချင်းဆိုင် ဆုံရှင်းခွင့်ပြုပါ



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီး''

အုန်းငွေက ခေသူ မဟုတ်။ အကျိုးသင့် အကြောင်းသင့်တော့ ပြန်ပြောနိုင်စွမ်းရှိသည်။ ရဲအုပ် သက်မောင်က အုန်းငွေကို အချုပ်ခန်းထဲ ပြန်ထည့်ခိုင်းလိုက်သည်။

အချုပ်ခန်းထဲ မထည့်မီတွင် သက်သေခံအဖြစ် သိမ်းဆည်းထားသော ရော်ဘာဖိနပ် ဘယ်ဘက်စီးကို အုန်းငွေ၏ ဘယ်ဘက်ခြေထောက်တွင် စီးကြည့်စေသောအခါ အုန်းငွေခြေဖဝါးက ရှည်လျားပြီး ကားနေသောကြောင့် ဖိနပ်နှင့်မတော်သည်ကို သတိပြုမိလိုက်ကြသည်။

အုန်းငွေကို အချုပ်ခန်းထဲထည့်ပြီး သူ့အဖေ ဦးစိန်သန်းကို အချုပ်ခန်းထဲမှ ထုတ်ကာ စတင် စစ်ဆေးကြသည်။

ရှေးဦးစွာ အုန်းငွေကဲ့သို့ပင် ဦးစိန်သန်း၏ ဘယ်ဘက်ခြေထောက်တွင် ရော်ဘာဖိနပ်ဘယ်ဘက်ကို စီးကြည့်စေသောအခါ ခြေဖဝါးနှင့်ဖိနပ်တစ်သားတည်းကျနေသည်။ အံဝင်ခွင်ကျ ဖြစ်နေလေသည်။

ဦးစိန်သန်း ဟန်ပန်မဆောင်နိုင်တော့ဘဲ မျက်စိမျက်နှာပျက်ယွင်းသွားသည်။ ရဲအုပ်သက်မောင်က ခေါင်းတစ်ဆတ်ဆတ်ညိတ်ကာ အဓိပ္ပာယ်ပါပါ ပြုံးလိုက်သည်။ တစ်ဆက်တည်းမှာပင် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ရှိန်းအောင်ကို ပြောလိုက် သည်။

''ကိုရှိန်းအောင် ဟိုကောင် အုန်းငွေကို ပြန်လွှတ်လိုက်တော့ ရပြီ။ တရားခံကို မိပြီကွ။ တို့ကိုစိန်ခေါ်ခဲ့တဲ့ လူသတ်တရားခံကို လက်ရဖမ်းဆီးနိုင်လိုက်ပြီကွ''

ဒုရဲအုပ်ရှိန်းအောင်က ရဲအုပ်သက်မောင်၏ စကားကို နားလည် သဘောပေါက်သွားသော်လည်း ဦးစိန်သန်းက လုံးဝ နားမလည် ယောင်တိယောင်ချာဖြင့် ကြောင်တောင်တောင်ဖြစ်သွားသည်။ သူ့စိတ်ထဲမှာ ဇဝေဇဝါဖြင့် ဂနာမငြိမ်ဖြစ်လာကာ ရဲအုပ် သက်မောင်ကို ဒေါသသံဖြင့် မေးသည်။

''ဗိုလ်ကြီး လူတွေ ကျွန်တော်တို့ကို လာခေါ်ကတည်းက လူသတ် တရားခံကို မိထားပြီဆို။ ကျွန်တော့်တပည့်ဆို။ သူက သူ့မိသားစုနောင်ရေးအတွက် မှာချင်တာရှိလို့ဆို။ အခုတော့ ကျွန်တော်တို့သားအဖကိုအချုပ်ခန်းထဲထည့်ထားတာ ဘာသဘောလဲ။ ဒါဟာ ရဲကျင့်ရဲကြံ ယုတ်မာလုပ်ကြံတာလား''

''ဒီမှာ ဦးစိန်သန်း ခင်ဗျား ပြောချင်တာ ပြောလို့ရတယ်။ ခင်ဗျားတောင် ကျွန်တော်တို့ကို လှည့်စားတဲ့နည်းနဲ့ ခါးပုံစကို ပြောင်းပြန်ဝတ်ပေးပြီး တန်ပြန် လုပ်ခဲ့သေးတာပဲဗျာ။ ကျွန်တော်တို့ ရဲကျင့်ရဲကြံ ကြံတယ်ဆိုတာက အမှန်တရားကို ဖော်ထုတ်ဖို့ဗျ။ မတရားတာကို တရားတဲ့နည်းနဲ့ ပြသနိုင်ဖို့ဗျ။ ရှင်းရှင်းပြောရရင် ရှောင်တိမ်းနေတဲ့ လူသတ်ကောင်ကို တရားနည်းလမ်းတကျ ဖော်ထုတ်ဖမ်းဆီးနိုင်ဖို့ဗျ။ ရှင်းရဲ့လား''

''ကျွန်တော့်ကို လူသတ်တရားခံအဖြစ် ဖမ်းဆီးရအောင် ဘာအထောက်အထားရှိလို့လဲ''

''ရှိပါပြီကောဗျာ။ ခင်ဗျား စောစောကစီးပြတဲ့ ရော်



www.burmeseclassic.com

www.burmeseclassic.com



ဘာဖိနပ်ဘယ်ဘက်က ခင်ဗျား သတ်ခဲ့တာကို သက်သေအဖြစ် ထွက်ဆိုပေးနေတဲ့ သက်မဲ့ သက်သေပဲဗျ။ သက်ရှိ သက်သေကမှ ပြောင်းလဲထွက်ဆို ကောင်း ထွက်ဆိုဦးမယ်။ သက်မဲ့သက်သေကတော့ ဘယ်တော့မှ ပြောင်းလဲပြီး မထွက်ဆိုဘူးဗျ''

''တော်တော် ရယ်စရာကောင်းတဲ့စွပ်စွဲချက်ပဲ။ ဖိနပ်နဲ့ ခြေထောက်တော်ရုံမျှနဲ့ တရားခံဆိုရင် အဲဒီဖိနပ်ကို လူ (၁၀) ယောက် စီးခိုင်းကြည့်ပါလား။ အနည်းဆုံး သုံးယောက်လောက်ကတော့ အဲဒီဖိနပ်နဲ့ တော်နေမှာပဲ။ ဒါဆိုရင် အဲဒီဖိနပ်နဲ့ တော်နေသူတွေဟာ တရားခံတွေပဲလား''

''ဩော် တော်တော်လာတဲ့ လူကိုး။ ခင်ဗျားလို ပုစ္ဆန်ဆိတ် ဦးနှောက်လောက်နဲ့ ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေက လူတိုင်းကို မဖမ်းဘူးဗျ။ မတော်မတရား မချုပ်နှောင်ဘူးဗျ။ အမှုနဲ့ ကွင်းဆက်ရှိသူတွေကိုသာ ခေတ္တခဏချုပ်နှောင် စစ်ဆေးကြတာ။ အဲဒီဖိနပ်နဲ့တော်တဲ့လူတိုင်းကို တရားခံလို့လဲ မစွပ်စွဲပါဘူး။ ခင်ဗျားကိုတော့ တရားခံအဖြစ် စွပ်စွဲရုံသာမက ဘူး။ တရားခံ အစစ်ပါလို့ ရဲရဲကြီး ပြောရဲပါတယ်ဗျာ။ ဘယ့်နယ်လဲ''

''ဘာကြောင့်လဲဆိုတာ သက်သေပြပါဦး''

''ဟောဒီမှာကြည့်။ ဒီဖိနပ်ရဲ့ထိပ်ဖျားမှာ အင်္ဂလိပ်လို (ST)လို့ သဘော်ဆေးနဲ့ ရေးထားတာ၊ ဘယ်သူ့ လက်ရေးထင်သလဲ။ ဦးစိန်သန်းရဲ့ဖိနပ်နဲ့ သူများရဲ့ ဖိနပ်တွေမမှားအောင် ရေးထားတာ။ ဖိနပ်ကို ရေနဲ့ ဆေးကြောကြည့်မှ ခပ်မှိန်မှိန်လေးပဲ မြင်ရတဲ့ စာလုံးတွေ။ ခင်ဗျား ငြင်းချင်သေးလား။ ကျွန်တော်က လူသတ်မှုဖြစ်ပြီးကတည်းက ရွာသူရွာသားတွေထဲမှာ(စနဲ့သ)ပါတဲ့နာမည်တွေကို စုဆောင်း စုံစမ်းခဲ့တာ။ ကိုစိန်သောင်းက တစ်ခြားရွာကို ပြောင်းသွားတာကြာပြီ။ ဦးစိုးသာကလဲ သေဆုံးသွားပြီ၊ ဦးစိုးသော်ကလဲ လေဖြတ်နေတယ်၊ ဦးစိန်သွင်ကလဲ နာတာရှည်ရောဂါသည်၊ မောင်စန်းသော်ကလဲ နေ့ကျောင်းတက်နေတဲ့ ကျောင်းသားလေး။ မောင်စိုးသက်ကလဲ နာမည်ပျက်မရှိတဲ့ ရိုးသားသူ၊ကိုစည်သူကကျောင်းဆရာ၊ ကိုစိုးသန့်က ဥက္ကဋ္ဌရဲ့သား။ အားလုံးဟာ အမှုနဲ့ ပတ်သက်မှုမရှိကြဘူး။ နောက်ဆုံးမှာ ဦးစိန်သန်းတစ်ယောက်ပဲ မသင်္ကာသူအဖြစ် သံသယဝင်ခဲ့တာပဲ။ ဒါပေမယ့် ကျွန်တော်တို့ ရဲတပ်ဖွဲ့က မပိုင်ရင် လုံးဝ မကိုင်ပါဘူး။ ကြိုးရှည်ရှည်နဲ့ လှန်ထားခဲ့တာပါ--

''ဖြစ်ချင်တော့ ခင်ဗျားသား အုန်းငွေဆီက သဲလွန်စရခဲ့တာပဲ။ အုန်းငွေ မူးမူးနဲ့ကြွားဝါလွန်းနေတော့ ခင်ဗျား အိမ်ထဲမှာ အုန်းငွေကို ကျိတ်ပြီး ကြိမ်းမောင်းပြောဆို ဆုံးမနေခဲ့တာလေ။ ''မင်း အဲဒီလိုသာ ကြွားဝါနေရင် အသံကြောင့်ဖားသေ၊ အမေ့ကြောင့် လူသိဆိုသလိုပဲ ငါထောင်ထဲမြန်မြန်ရောက်အောင် တွန်းပို့နေတာနဲ့အတူတူပဲ။ ငါ ရဲတွေကို လှည့်စားနိုင်ခဲ့သမျှ အားလုံးဒုက္ခရောက်ကုန်ကြမယ်ဆိုတာ မင်း နားမလည်ဘူးလား။ မင်းကလူလား ခွေး



www.burmeseclassic.com

www.burmeseclassic.com



လား။ လူဆိုရင် နားလည်ရမယ်။ ကိုယ့်အဖေ ဒုက္ခရောက်မယ့် လုပ်ရပ်တွေကို မလုပ်ရဘူးကွ''လို့ ဆုံးမခဲ့ဖူးတယ်မဟုတ်လား--

"ခင်ဗျား ငြင်းကွယ်နေလဲ အပိုပါပဲဗျာ။ ခင်ဗျားတို့သားအဖ ကျိတ်ပြီး ပြောဆိုနေကြတဲ့ စကားသံတွေကို အိမ်အောက်မှာရောက်နေသူက အကုန်ကြားခဲ့တာဗျ။ ကြားခဲ့သူက ရဲမျက်စိရဲနားဆိုပါတော့ဗျာ။ အဲဒီ ရဲမျက်စိ၊ ရဲနားဆိုသူက သက်ရှိ သက်သေပဲ ဦးစိန်သန်းရေ။ နောက်သက်ရှိ သက်သေတစ်ဦးကတော့ ခင်ဗျားရဲ့ ရင်သွေး ခင်ဗျားရဲ့ သားအရင်းအုန်းငွေပဲ။ သူ့ ထွက်ဆိုချက်တွေကို အသံဖမ်းထားပါတယ်။ နားထောင်ချင်သေးလား။ ဖွင့်ပြရမလား''

"တောက်---ဟင်း''

ဦးစိန်သန်းထံမှ တောက်ခေါက်သံပြင်းပြင်း တစ်ချက် ထွက်ပေါ်လာပြီ ဟင်းခနဲ မြည်သော သက်ပြင်းချသံကြီးကလည်း စိတ်ပျက်ငြီးငွေ့ဖွယ် ပေါ်ထွက်လာသည်။ ခေါင်းငိုက်စိုက်ကြီး ကျသွားကာ မလှုပ်မယှက် ငြိမ်သက်သွားလေတော့သည်။

> **နောက်သက်ရှိ သက်သေတစ်ဦးကတော့ ခင်ဗျားရဲ့ ရင်သွေး ခင်ဗျားရဲ့ သားအရင်း အုန်းငွေပဲ။ သူ့ ထွက်ဆိုချက်တွေကို အသံဖမ်းထားပါတယ်။ နားထောင်ချင်သေးလား။ ဖွင့်ပြရမလား**

သည်တော့မှ ရဲအုပ်သက်မောင်က လေပြည်ကလေးဖြင့် ဦးစိန်သန်းကို ဖျောင်းဖျ နားချသည်။

"ကဲ ဦးစိန်သန်း ဖြစ်ပျက်ပြီးမှတော့လဲ ဘာတတ်နိုင်မှာလဲဗျာ။ လောကဓံ လှိုင်းရိုက်ခတ်မှု ဒဏ်ခံရတယ်လို့ပဲ ဖြေသိမ့်ပါတော့။ လုပ်ရဲရင် ခံရဲရမယ်ဆိုတဲ့ စိတ်ကိုပဲမွေးပါတော့။ ကျွန်တော်သိချင်တာက ခင်ဗျားအသက်အရွယ်နဲ့ ဒီလိုလူသတ်မှုမျိုးကို ဘာကြောင့်များကျူးလွန်ရသလဲဆိုတာ သိပ်သိချင်နေတယ်ဗျာ''

ဦးစိန်သန်းက ဦးခေါင်းမော့လာသည်။ ရဲအုပ် သက်မောင်ကို တစ်ချက်စိုက်ကြည့်လိုက်ကာ ချောင်းဟန့်လိုက်သေးသည်။ ပြီးမှ သူ့ပင်ကိုဟန် လေသံမှန်မှန်ဖြင့် ရှင်းပြဝန်ခံသည်။

ဒုရဲအုပ် ရှိန်းအောင်က အသံဖမ်းစက်ဖြင့် အသံဖမ်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် ကျော်မြက ဆွေမရှိမျိုးမရှိ တစ်ကောင်ကြွက် မုဆိုးဖိုမို့ ကျွန်တော့်သမက်နဲ့ သမီးက လက်တိုလက်တောင်း ခိုင်းကောင်းကောင်းနဲ့ ကျွေးမွေး ကူညီနေတာပါ။ ဒီကောင်က စားစရာသာမရှိတယ်။ မိန်းမလဲ အရမ်းလိုချင်နေတဲ့ တဏှာရူးပါ။ အများကတော့ မယားတရူးလို့ လဲခေါ်နေကြပါတယ်။ ကျွန်တော့် သမက် သိန်းဖေ ကွယ်ရာမှာ ကျွန်တော့်သမီး စိန်တုတ်ကို ဒီကောင်က ရိတိတိ သွေးတိုးစမ်းလာခဲ့ပါတယ်။ ကျွန်တော့် သမီးကလဲ လင်ရယ် အဖေရယ် မောင်ရယ်ကြားမှာ ပြဿနာ အကျယ်အကျယ်ဖြစ်မှာစိုးရိမ်လို့ ဘယ်သူ့ကိုမှ မပြောဘဲ ဒီကောင့်ကို ရှောင်နေခဲ့ပါတယ်။ ဒါကိုပဲ ဒီကောင်က သူ့ကို ကျွန်တော့်သမီးက စိတ်ပါလာပြီ အထင်နဲ့ အတင့်ရဲလာခဲ့ပါတယ်။ အဲဒီအချိန်ကျမှ သမီးက လင်နဲ့မောင်ကို လုံးဝအသိမပေးဘဲ ကျွန်တော့်ကို တိုင်ပြော ခဲ့ပါတယ်--

"ကျွန်တော် အဲဒီအချိန်ကတည်းက ဒီကောင့်ကို လမ်းစပျောက် သတ်ပစ်ချင်ခဲ့တာပါ။ သမီးကိုတော့ သတိနဲ့နေဖို့ပြောထားပါတယ်။ နောက်မှ သိန်းဖေကို အေးအေးဆေးဆေး ပြောပြပြီး ဒီကောင်နဲ့ မပေါင်းသင်းဖို့ အဆက်အသွယ်ဖြတ်ဖို့ ပြောပြမယ်လို့ ကြံရွယ်ထားတာပါ။ သိန်းဖေ သိသွားရင်လဲ မယားထိ ဓားကြည့်ဖြစ်မှာ သေချာတယ်။ ဒါကြောင့် အသက်ကြီးနေတဲ့ ကျွန်တော်က ဒီပြဿနာကို ပြေလည်အောင် ဖြေရှင်းပေးမယ်လို့ စဉ်းစားထားခဲ့ပါတယ်။ ကျော်မြ၊ ဒီကောင်တော်တော် မိုက်ရိုင်းလွန်းတဲ့ ကောင်ပါ ဗိုလ်ကြီးရော။ ကျွေးတဲ့လက်ကို ပြန်ကိုက်တဲ့ ခွေးထက်ဆိုးတဲ့ကောင်။ အရိပ်နေနေ၊ အခက်ချိုးချိုး လုပ်ရက်တဲ့ကောင်ပါ။ ဖေသိန်း အိမ်မှာ မရှိတုန်းမှာ စိန်တုတ်ကို အဓမ္မကျင့်ကြံဖို့ ကြိုးစားခဲ့တယ်။ ကျွန်တော်လဲ မထင်မှတ်ဘဲ သူတို့ အိမ်အောက် အချိန်မီရောက်သွားလို့ ကျွန်တော့်သမီးအရှက်ဘကွဲ၊ ကိုယ်ကျိုးမနည်းခဲ့ရတာပါ။ ကျွန်တော်သာ အချိန်မီရောက် မသွားရင် ကျွန်တော့် သမီးလက်ချက်နဲ့ ဒီကောင် သေမှာအမှန်ပဲ။ ကျွန်တော့် သမီးက သူ့လို ကောင်မျိုးကို ကိုင်ရိုက် သတ်နိုင်တယ်။ လည်ပင်းညစ် သတ်လို့လဲရတယ်။ ကျွန်တော် စိတ်ကို မနည်းထိန်းနေခဲ့ရပါတယ်---

"ဒီလိုနဲ့ ကျွန်တော်က ကျော်မြကို အချိုသတ်ပေါင်း။ သူ့အကြိုက် အရက်ကို တဝ တပြဲတိုက်ကျွေး။ သူတော်တော် မူးနေတဲ့အချိန်မှာ သူ့အိမ်ကို လိုက်ပို့ပေးမယ်လို့ ချော့ခေါ်လာခဲ့တယ်။ တော်တော့်ကို မူးနေလို့ မနည်း တွဲခေါ်လာခဲ့ရတာပါ။ ကန်နှစ်ကန်ကြားက တာပေါင်လဲရောက်ရော၊ ဓားမြှောင်နဲ့ တစ်ချက်တည်း ထိုးသတ်ခဲ့တာပါ။ ဆွဲလား ရမ်းလား လုပ်ပါသေးတယ်။ အလောင်းကို မှောက်ခုံထား၊ ခါးပုံစကို ပြောင်းပြန်လှည့်စီးထားပေးခဲ့တာက အဲဒီလိုလုပ်ထားရင် ရဲက ဖမ်းမမိတော့ဘူးလို့ ကြားဖူးနားဝနဲ့ လုပ်ခဲ့တာပါ။ ပြီးခါနီးမှာ လူသံလိုလို ကြားရတာနဲ့၊ ဒရောသောပါးနဲ့ တွေ့ရာ၊ စွပ်မိရာ ဖိနပ်ကို စီးထွက်ပြေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာပါ။ ဗိုလ်ကြီးပြောတာ မှန်ပါတယ်။ ရော်ဘာဖိနပ်က ကျွန်တော့် ဖိနပ်ပါ။ ဖိနပ်မှာ သဘော်ဆေးနဲ့ (S.T)လို့ ရေးထားတာလဲ ကျွန်တော့် လက်ရေးပါ။ တာရာဖိနပ်ကတော့ ကျော်မြဖိနပ်ပါ"

ဦးစိန်သန်းက သူပြစ်မှု ကျူးလွန်ရခြင်း အကြောင်းရင်းနှင့် ပြစ်မှုကျူးလွန်ခဲ့ပုံ အလုံးစုံကို အသေးစိတ် ရှည်လျားစွာ ပြောကြား ဝန်ခံသွားလေရာ ရဲအုပ် သက်မောင်၏ ရင်ထဲမှာ တစ်ဆို့နေသော အလုံးကြီး ကျသွားခဲ့လေပြီ။ ဦးစိန်သန်း အမောပြေအောင် ရဲအုပ် သက်မောင်က ရေတစ်ခွက် တိုက်လိုက်သည်။

သူသိချင်တာရှိသဖြင့် ထပ်၍မေးပြန်သည်။

"ဓားမြှောင်က ဘယ်မှာထားသလဲ ဦးစိန်သန်း"

"အုန်းငွေဆီမှာပါ။ ဓားကလဲ သူ့ဓားပါပဲ။ သူမသိအောင် ဓားကို ခဏယူဆောင်ထားပြီး ကျော်မြကို သတ်ပြီးမှ ဓားကိုရေဆေးပြီး ပြန်ထားလိုက်တာပါ"

"ဦးစိန်သန်း စီးသွားတဲ့ ဖိနပ်တစ်ရန်ကိုကော၊ ဘယ်သွားဝှက်ထားသလဲ"

"နောက်ဖေး အိမ်သာကျင်းထဲမှာ လွှင့်ပစ်ထားတာပါ"

"အဲဒီဖိနပ်တွေကို လွှင့်ပစ်ပြီး ရော်ဘာဖိနပ်အသစ်ကို ချက်ချင်း စီးနိုင်အောင် ဘယ်မှာ ဝယ်ခဲ့တာလဲ"

"အင်း အဲဒီဖိနပ် အတွက်က ခက်ခက်ခဲခဲကို ကြံလိုက်ရတယ်။ ကျွန်တော်သတ်တာကို ဘယ်သူမှမရိပ်မိစေချင်တာကြောင့် ဗိုလ်ကြီးတို့ဖိနပ်ကို သက်သေခံအဖြစ် သိမ်းဆည်းသွားတာနဲ့ တစ်ပြိုင်နက် ကျွန်တော် မြို့ပေါ်ကို ဘယ်သူမှမသိအောင် ဆိုင်ကယ်နဲ့ တိတ်တဆိတ် တက်သွားပြီး ဆိုင်တစ်ဆိုင်က ဝယ်စီးနေခဲ့တာပါ"

"ဦးစိန်သန်း အနေနဲ့ တရားရုံးမှာလဲ ဒီအတိုင်းထွက်ဆိုပေးနိုင်ပါ့မလား"

"ထွက်ဆိုပေးပါ့မယ် ဗိုလ်ကြီး။ ကျွန်တော့် အရွယ်က သေလို့ရပါပြီ။ သမီးရဲ့ အရှက်နဲ့ မိသားစုပြိုကွဲမှာ စိုးရိမ်သောကဖြစ်ပြီး မိဘစိတ်နဲ့ ကျူးလွန်ခဲ့မိတာပါ"

"အေးပေါ့လေ။ သမီးဇောကြောင့် ဒေါသစိတ်မွှန်သွားလေတော့၊ မဖြစ်သင့်တာတွေ ဖြစ်ကုန်တာပေါ့။ ဥပဒေနဲ့ ဖြေရှင်းရမှာကို ဒေါသနဲ့ဖြေရှင်းမိလို့ လူသတ်မှုဖြစ်ပွားခဲ့ရတာပဲ ဦးစိန်သန်း။ ကျွန်တော်တို့လဲ ဥပဒေဘောင်အတွင်းက ကူညီနိုင်သမျှ ကူညီပေးပါ့မယ်ဗျာ"

တကယ်တော့ လူသတ်မှုမပေါ်အောင် တန်ပြန်နည်းသုံးခဲ့သော လူသတ် တရားခံကို စခန်းမှူးရဲအုပ်သက်မောင်က လူသတ်တရားခံနည်းတူပင်၊ တန်ပြန်နည်းသုံးခဲ့သည်ကို ဦးစိန်သန်းတစ်ယောက် လုံးဝ မသိရှာ။

ရဲအုပ် သက်မောင်၏ တန်ပြန်နည်းကတော့ သူ့သား အုန်းငွေကို တည်ကြက်လုပ်ပြီး သူ့အဖေ လူသတ်တရားခံကို ဖော်ထုတ်ဖမ်းဆီးနိုင်လိုက်ခြင်း ပင်တည်း။ ။

မောင်ငြိမ်းသူ

(ကြို့ပင်ကောက်)



www.burmeseclassic.com

www.burmeseclassic.com



# ဆုငွေချီးမြှင့်မည့် မှုခင်းပဟေဠိ

## အမှတ် (၇၁)အတွက် အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ။

**မေးခွန်းနံပါတ် (၁)** ဝတ္ထုလေးရဲ့ ခေါင်းစဉ်ကို အနှစ်သာရရှိရှိ ဘယ်လိုပေးရင် ကောင်းမလဲ?

လူသတ်မှုရဲ့ သဲလွန်စတွေထဲက အဓိကကျတဲ့ သဲလွန်စက ဘာလဲ?

သည်မှုခင်းဖြစ်ပေါ်ရခြင်းရဲ့အကြောင်းအရင်းတွေက ဘာတွေလဲ?

ဒီမှုခင်းဝတ္ထုတိုကို ဖတ်ပြီး ဘာတွေ သင်ခန်းစာယူသင့်သလဲ?

အဖြေလွှာများကို သီးခြားလျှောက်လွှာဖြင့် ဖြေဆို၍ မှုခင်းရှုထောင့်ရာဇဝတ်မဂ္ဂဇင်းရုံး (အမှတ်၉၆၊ မဟာသုခလမ်း၊ ကျိုက်တော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့)သို့ လိပ်မူ၍ (၁၀-၁၀-၂၀၁၃)နေ့နောက်ဆုံးထား၍ ပေးပို့ကြပါရန်နှင့် ဖြေဆိုကြရာ၌ အဓိကအချက်ကို လိုတိုရှင်းသာ ဖြေကြပါ။ ကျိုးကြောင်းဖော်ပြချက်ကို ရှည်လျားစွာ ရေးသားထားပါက ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၁။ ဆုငွေရရှိသူများသည် နိုင်ငံသားမှတ်ပုံတင်နှင့်အတူ မှုခင်းရှုထောင့်ရာဇဝတ်မဂ္ဂဇင်းရုံး တည်ရှိရာ နေရာတွင် ကိုယ်တိုင်လာရောက် ထုတ်ယူနိုင်ပါသည်။



www.burmeseclassic.com


www.burmeseclassic.com












အမှတ်(R-1)၊ ဂန္ဓမာလမ်း နှင့် (၆)လမ်းထောင့်၊ မင်္ဂလာဥယျာဉ်မြို့တော်အိမ်ယာစီမံကိန်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ။
ဖုန်း - ၂၉၂၉၉၂၊ ၂၉၆၈၄၆၊ ၂၉၉၂၆၈၊ ၂၀၅၈၅၄၊ ၂၀၅၄၀၄၊ ၂၀၅၈၈၉


www.burmeseclassic.com

www.burmeseclassic.com





# အပြိုင်ချစ်ခဲ့ အချစ်ပြိုင်

မောင်မောင်စိန်လင်း(နှတ်တောက်)





www.burmeseclassic.com

www.burmeseclassic.com



## "အပြိုင်ချစ်နဲ့ အချစ်ပြိုင်"

မောင်မောင်စိန်လင်း

(နတ်မောက်)

(၁)

"အမည် – ဒေါက်တာ ချစ်ဆန်းမောင်"

"ပညာရေး – M.B., B.S ရန်ကုန်၊ မြန်မာ"

"သင်တန်း တက်လိုသည့် ရည်ရွယ်ချက်"

"သင်တန်းအောင်ပြီး ဒီတက္ကသိုလ်မှာ တစ်နှစ်ဆရာအဖြစ် တာဝန်ထမ်းပြီး၊ ရန်ကုန်၊ မြန်မာမှာ အဆင့်မြင့် သူနာပြုသင်တန်းကျောင်းဖွင့်ရန် ဖြစ်ပါသည်"

ဒေါက်တာ ချစ်ဆန်းမောင်သည် စင်္ကာပူ နိုင်ငံရှိ "သက်ရှည်၊ ကျန်းမာ၊ ငြိမ်းချမ်းကမ္ဘာ သူနာပြုတက္ကသိုလ်" သို့ တက်ရောက် ပညာသင်ကြားရန် လျှောက်ထားခဲ့သည်။ ပညာသင်ကြားခွင့်ရရှိသောကြောင့် ဘွဲ့ရရှိသည်။ ဆရာအဖြစ် တစ်နှစ်တာဝန်ထမ်းဆောင်ခွင့်ပြုခဲ့သည်။

ဒေါက်တာ ချစ်ဆန်းမောင်သည် ဉာဏ်ကောင်းသူဖြစ်သည်။ ရုပ်ရည်သန့်ပြန့်သူလည်း ဖြစ်သည်။ အသားမဖြူမညို၊ အရပ်မှာ (၅)ပေ (၈)လက်မ တဏှာအားသန်သူ ဖြစ်သည်။ အမျိုးသမီးများနှင့် ရင်းနှီးစွာ နေတတ်သူဖြစ်သည်။ မနာလိုသူများက သူ့ကို(နွားဘူး)ဟု အပုပ်ချလေ့ရှိသည်။

သို့ကြောင့်လည်း (သက်ရှည်၊ ကျန်းမာ၊ ငြိမ်းချမ်းကမ္ဘာသူနာပြုတက္ကသိုလ်) အစုရှယ်ယာဝင်ပိုင်ရှင် (ဒေါ်မာဂရက်) နှင့် ရင်းနှီး ပတ်သက်ခဲ့သည်။ (တဏှာဝါသော ဗဟုကီစွော) ဖြစ်လာခဲ့ကြသည်။ ဒေါ်မာဂရက်မှာ အမေရိကန်တွင် နေသောခင်ပွန်းရှိသောကြောင့် ဒေါက်တာ ချစ်ဆန်းမောင်နှင့် ချစ်လို့သာ ရပြီး ညားလို့ မရပါ။

ဒေါ်မာဂရက်သည် ဒေါက်တာချစ်ဆန်းမောင်အပေါ် သံယောဇဉ်ရှိသည်။ သူ၏ဆန္ဒကို ဖြည့်ဆည်းပေးလိုသော ဆန္ဒရှိသည်။ သို့အတွက်လည်း ရန်ကုန်မြို့တွင် ဒေါက်တာချစ်ဆန်းမောင် အဆင့်မြင့် သူနာပြုသင်တန်းကျောင်းဖွင့်လှစ်ရန် ကူညီပံ့ပိုးပေးခဲ့သည်။

ဒေါက်တာ ချစ်ဆန်းမောင်သည် ရန်ကုန်မြို့တွင် (သိဂီရွှေရည် အဆင့်မြင့်သူနာပြုသင်တန်းကျောင်း) ဖွင့်ခဲ့သည်။ စင်္ကာပူရှိ ဒေါ်မာဂရက်တို့ပိုင်သော (သက်ရှည်၊ ကျန်းမာ၊ ငြိမ်းချမ်းကမ္ဘာ)တက္ကသိုလ်မှ ဆရာ၊ ဆရာမများကိုပါ ခေါ်ယူသင်ကြားပြသစေခဲ့သောကြောင့် အောင်မြင်ခဲ့သည်။ မန္တလေးမြို့၊ မော်လမြိုင်မြို့တို့တွင်ပါ (သိဂီရွှေရည်အဆင့်မြင့် သူနာပြုသင်တန်းကျောင်း)များ ဆက်ဖွင့်လှစ်ခဲ့သည်။ သူ၏ကျောင်းမှ သင်တန်းဆင်း၊ သူနာပြုဆရာမတို့အား စင်္ကာပူ၊ ထိုင်း၊ မလေးရှား၊ ဒူဘိုင်းနိုင်ငံများရှိ ဆေးရုံကြီးများသို့ အလုပ်ရရှိရေးကိုပါ ဆောင်ရွက်ပေးခဲ့သည်။

(၂)

"ကဲ ဒီနေ့ဟာ ဆရာရဲ့ မွေးနေ့ဖြစ်တယ်၊ မွေးနေ့အထိမ်းအမှတ်အနေနဲ့ ဆရာအမြတ်နိုးဆုံး အချစ်ဆုံးတပည့်တွေဖြစ်ကြတဲ့ ဖွန်ပွင့်ဖြူ၊ နန်းခမ်းမွန်၊ မေမျိုးသရဖူတို့ သုံးဦးကိုသာ ဖိတ်ကြားတာပါ–––

"ကဲ အားရပါးရ စား

www.burmeseclassic.com



ကြ သောက်ကြပါ။ စားချင်တာ ရှိတာကိုလဲ မှာစားကြပါ''

မွေးနေ့ရှင် ဒေါက်တာ ချစ်ဆန်းမောင်၊ တပည့်ရင်းချာများဖြစ်ကြသော ဖွန်ပွင့်ဖြူ၊ နန်းခမ်းမွှန်၊ မေမျိုးသရဖူတို့သည် စီဒိုးနားဟိုတယ်သီးသန့်ခန်းတွင် တည်ခင်းထားသော စားဖွယ်သောက်ဖွယ်များကို အားရပါးရ စားကြသောက်ကြလေသည်။

''ကဲ ကဲ တပည့်တို့ကို ဂုဏ်ပြုလက်ဆောင်အဖြစ် ရော့ယူကြ''

ဖွန်ပွင့်ဖြူ၊ နန်းခမ်းမွှန်၊ မေမျိုးသရဖူတို့သည် ရွှေပြည်နန်းရွှေဆိုင်အမည်ပါသော ဘူးကို ဖွင့်ကြည့်လိုက်ရာ နှစ်ကျပ်သားရှိသော ရွှေဆွဲကြိုးတစ်ကုံးစီကို ဝမ်းသာစွာတွေ့ရှိလိုက်ကြလေသည်။

''ကဲ ဆရာ ကိုယ်တိုင် ဆွဲပေးမယ် လာကြ''

ဒေါက်တာ ချစ်စန်းမောင်သည် တပည့်သုံးဦးတို့အား သူ၏လက်ဖြင့် ကိုယ်တိုင် ရွှေဆွဲကြိုးများကို ဆွဲပေးလိုက်လေသည်။

''ဆရာ တပည့်တို့က



လဲ ဆရာ့ကိုမွေးနေ့လက်ဆောင်ပေးချင်တယ်။ ဆရာအလိုချင်ဆုံးပစ္စည်းကို တပည့်တို့ကို ပြောပါလား''

''အဲဒီ ကိစ္စကို တပည့်တို့သုံးဦးကို ပြောချင်လို့ သီးသန့်ဒီလိုခေါ်ရတာပဲ။ တိုရှင်းလိုရင်း ပြောမယ်ကွာ''

''ပြောပါ အားမနာပါနဲ့ ပွင့်ပွင့်လင်းလင်းသာ ပြောပါ ဆရာ''

''ဆရာနဲ့ ဖွန်ပွင့်ဖြူနဲ့ ချစ်နေကြတာကိုလဲ နန်းခမ်းမွှန်နဲ့ မေမျိုးသရဖူ သိကြတယ်။ ဆရာနဲ့ နန်းခမ်းမွှန်နဲ့ ချစ်နေကြတာကိုလဲ ဖွန်ပွင့်ဖြူနဲ့မေမျိုးသရဖူတို့ သိကြတယ်။ ဆရာနဲ့ မေမျိုးသရဖူနဲ့ ချစ်နေကြတာကိုလဲ ဖွန်ပွင့်ဖြူနဲ့ နန်းခမ်းမွှန်တို့ သိကြတယ်''

''ဟုတ်ပါတယ် ဆရာ''

သုံးယောက်လုံး ပြိုင်တူဝန်ခံပြောဆိုကြလေသည်။ ငြင်းကွယ်သူတစ်ယောက်မျှ မရှိပေ။

''နောက်ပြီး ရန်ကုန်ရှိ သူနာပြုသင်တန်းကို ဖွန်ပွင့်ဖြူ စီမံအုပ်ချုပ်နေတယ်။ မန္တလေး သူနာပြု သင်တန်းကျောင်းကို နန်းခမ်းမွှန် စီမံအုပ်ချုပ်နေသလို မော်လမြိုင်ကျောင်းကိုလဲ မေမျိုးသရဖူစီမံအုပ်ချုပ်နေကြတဲ့ စီးပွားဖက်တွေပဲ မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဆရာ"

"ဒါ့ကြောင့် မနက်ဖြန်ကျရင် ဆရာနဲ့တပည့်တို့ တရားရုံး သုံးရုံးသွားပြီး ထိမ်းမြားလက်ထပ်ကြမယ်"

အတန်ငယ် တွေဝေတိတ်ဆိတ်သွားကြသည်။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

"သဘောတူ လက်ခံကြပါသလား"

"သမီး ဖွန်ပွင့်ဖြူနဲ့ နန်းခမ်းမွန်တို့က သဘောတူပါတယ် ဆရာ"

"သမီးကတော့ စဉ်းစားချင်သေးတယ် ဆရာ"

"ကဲ ဒါဆိုရင် သဘောတူကျေနပ်သူ နှစ်ဦးက တရားရုံးချုပ်မှာ တစ်ဦး၊ တိုင်းတရားရုံးမှာ တစ်ဦး ဆရာနဲ့လက်ထပ်ကြမယ်။ အပြန်အလှန် သက်သေအဖြစ် လက်မှတ်ရေးထိုးကြ၊ ဆရာ စီစဉ်ထားမယ်"

စဉ်းစား ချင်သေးသော မေမျိုးသရဖူကတော့ စဉ်းစားခန်းထုတ်ရန်အတွက် အိမ်သို့ပြန်သွားခဲ့လေသည်။ သတို့သမီးလောင်း နှစ်ဦးတို့ကတော့ မနက် မိုးသောက်ရုံးချိန်ရောက်သော် ထိမ်းမြား လက်ထပ်ကြမှာဖြစ်သောကြောင့် စီဒီးနားဟိုတယ်မှာပင် ညအိပ်ကြလေသည်။

(၃)

(၈–၈–၂၀၀၉) နေ့တွင် ဒေါက်တာချစ်ဆန်းမောင်နှင့် ဖွန်ပွင့်ဖြူတို့ တရားရုံးချုပ်တွင် ထိမ်းမြား လက်ထပ်ကြသည်။ ဖွန်ပွင့်ဖြူက သက်သေအဖြစ် လက်မှတ် ရေးထိုးသည်။ ထိမ်းမြား လက်ထပ်ပြီးစီးကြောင်းကိုလည်း သတင်းစာမှာ ဖြိုင်တူကြေညာခဲ့ကြသည်။

"ကဲ အချစ်တို့ရေ (၉–၉–၂၀၀၉) နေ့မှာ ထရိတ်ဒါးမှာဖြစ်စေ၊ စီဒီးနားမှာဖြစ်စေ၊ ရတဲ့ဟိုတယ်မှာ မင်္ဂလာအခမ်းအနားပြုလုပ်ကြမယ်။ သဘောတူကြလား"

"ဆရာ ကြိုက်သလိုသာ စီစဉ်ပါ ဆရာ"

"အစ်ကို တစ်ခုပြောချင်တာက ဖွန်ပွင့်ဖြူရဲ့ မိဘနှစ်ပါး၊ နန်းခမ်းမွန်တို့ရဲ့ မိဘနှစ်ပါး မင်္ဂလာအခမ်းအနားမှာ တက်ရောက်ဖို့ ပြောပေးပါ။ အစ်ကိုက အလယ်က ဖွန်ကညာဘက်၊ ဖွန်ရဲ့မိဘတွေက ညာဘက်၊ နန်းခမ်းက လက်ဝဲဘက်၊ နန်းခမ်းရဲ့ မိဘတွေက လက်ဝဲဘက်။ အဲဒီလိုစုံစုံညီညီ တက်ရောက်ပေးဖို့ ပြောပေးကြပါ။ အစ်ကို မင်္ဂလာဖိတ်စာ၊ ဘိသိက်ဆရာ၊ တီးဝိုင်း အားလုံး စီစဉ်လိုက်မယ်"

"ဆရာ့ သဘောပါ ဆရာ"

ဖွန်ပွင့်ဖြူသည် သူ၏ မိဘများကို ထိမ်းမြားလက်ထပ်မည့်အကြောင်း၊ မင်္ဂလာအခမ်းအနားစီစဉ်များ အကြောင်းတို့ကို မိဘမောင်ဖွားများကို ပြောပြစည်းရုံးလေသည်။

"ဒီမှာ သမီးမင်းတို့ဟာက တစ်လင် တစ်မယားစနစ်၊ မြန်မာ့ယဉ်ကျေးမှုကို ဆန့်ကျင်တယ်။ ရှက်ဖို့ကောင်းတယ်။ ဂုဏ်သိက္ခာကျတယ်။ (တစ်လင်နှစ်ယားစနစ်ကို မင်းတို့လုပ်ကြတာ) ငါတို့ကြားတောင် မကြားဖူးဘူး––

"နောက်ပြီး တစ်ပင်လဲ တစ်ပင်ထူတာလဲ မဟုတ်ဘူး။ တစ်ပင်ခုတ်ပြီး နောက်တစ်ပင် ထူတာလဲ မဟုတ်ဘူး။ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ဟာ မြန်မာ့ယဉ်ကျေးမှုကို ထိခိုက်တယ်။ လုံးဝ (လုံးဝ)သဘောမတူဘူး။ အဲဒီမင်္ဂလာပွဲကိုလဲ မလာဘူး---

"ငါ သိပ်ရှက်တယ်။ ငါ့မျက်နှာကို ဓားနဲ့သာ လှီးပစ်ချင်တယ်။ ရှက်တယ် ရှက်တယ် ဟူး ဟူး"

"အမေ လုပ်ပါဦး ဖေဖေ ဘာဖြစ်သွားတာလဲ မသိဘူး။ ဖေဖေ---ဖေဖေ"

"ဆရာဝန်ကြီး သွားပင့်ပါ့ဟေ့ အမြန်သွား။ အမြန်သွားကြ"

ဖခင်ကြီး ဦးသိန်းဖံ



သွေးတက်ပြီး မူးလဲသွားသည်။ မိခင်ကြီး ဒေါ်လုံးကျင်မှာ ရုတ်တရက် ဘာလုပ်ရမှန်းမသိ။ ခြေကိုင်မိ၊ လက်မကိုင်မိဆိုသလို ဖြစ်သွားသည်။ သမီးဖွန့်ပွင့်ဖြူက ဆရာဝန်ကြီး ပင့်ပေးပါပြောတော့မှ သတိဝင်လာပြီး ဆရာဝန်ကြီးကို အမြန်ပင့်ခိုင်းခဲ့လေသည်။

"မစိုးရိမ်ကြပါနဲ့ နဂိုက သွေးတိုးရှိတော့ ဒေါသအရှိန်လွန်ကဲပြီး သွေးဆောင့်တိုးသွားလို့ သတိမေ့သွားတာပါ"

"ဖေဖေ သတိရလာပြီလား"

"သတိရသွားပါပြီ။ ဒီဆေးကို မနက်နှစ်လုံး၊ ညနှစ်လုံး တိုက်ပါ။ စိတ်ဒေါသ မဖြစ်ရလေအောင် မိသားစုက သတိပြုပါ"

မိသားစု၏ ပင်တိုင်ဆရာဝန်ကြီး အချိန်မီရောက်လာသောကြောင့် ဖခင်ကြီး ဦးသိန်းဖံ လေဖြတ်ခြင်း၊ လေဖြန်းခြင်း မရှိဘဲ သက်သာသွားခဲ့လေသည်။

"ဖေဖေ သမီးဖေဖေ့ကို စိတ်ဆင်းရဲအောင် မပြောတော့ပါဘူး။ ဖေဖေ ပြီးတာတွေပြီးပါစေတော့နော်။ ဖေဖေနော် ဖေဖေ"

ဖွန့်ပွင့်ဖြူသည် ဖခင် ကြီးစိတ်ချမ်းသာအောင် စိတ် ဒေါသမဖြစ်ရလေအောင် ကန္တ ကလျ နွဲ့ဆိုးလေး အမူအရာဖြင့် ခရာတာတာ ပြုစုလာခဲ့လေသည်။ သုံးရက်ကြာပြီး လေးရက် မြောက်အရောက်တွင် ..

"အိမ်ရှင်တို့ အိမ်ရှင် တို့"

"ဩော် ဥက္ကဋ္ဌနဲ့ ရဲ အရာရှိတို့ပါလား။ ဘာကိစ္စရှိလို့ ပါလဲ ခင်ဗျား"

"ဟုတ်ကဲ့ ကျွန်တော် ဒုရဲအုပ် ကျော်စိန်လင်းပါ။ ဒေါက် တာ ချစ်ဆန်းမောင်က သူ့ဇနီး မဖွန့်ပွင့်ဖြူကို ဖခင်ဦးသိန်းဖံက (မတရားချုပ်နှောင်ထားမှု) ပြစ်မှု ပုဒ်မ ၃၄၃နဲ့ အမှုဖွင့်တိုင်ကြား ထားလို့ စုံစမ်းစစ်ဆေးဖို့ လာ ရောက်ခြင်း ဖြစ်ပါတယ် အန် ကယ်"

"ဟာ ဘယ်က ဟုတ် ရမှာလဲ ဖေဖေ နေမကောင်းလို့ သမီးပြုစုပေးနေတာပါ"

ဖွန့်ပွင့်ဖြူကိုယ်တိုင် ရဲ အရာရှိနှင့် ရပ်ကွက်(ရယက) ဥက္ကဋ္ဌ၊ ရာအိမ်မှူးတို့ကို ရှင်း



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ကဲ ကဲ သမီးကိစ္စ၊ သမီးသွားရှင်းပြီးတော့ သမီး ယောက်ျားဆီသွားနေ။ ငါတို့ဆီကို ဘယ်တော့မှလဲမလာနဲ့တော့။ ငါသေရင်လဲ နင်မလာနဲ့"

(အသိခေါက်ခက် အဝင်နက်) ဆိုသကဲ့သို့ ဖွန့်ပွင့်ဖြူ၏ဖြစ်ကြောင်းကုန်စင်ကို ဒုရဲအုပ်ကျော်စိန်လင်းနှင့် ရယကဥက္ကဋ္ဌတို့အား ရှင်းပြလိုက်ရလေသည်။ ဖွန့်ပွင့်ဖြူရဲစခန်းသို့ သွားရောက်ရှင်းလင်းခဲ့လေသည်။ သျှောင်နောက်ဆံထုံးပါ ဖြစ်သွားခဲ့ပါပြီ။

(၄)

ဒေါက်တာ ချစ်ဆန်းမောင်သည် သူကိုယ့်သူ (သိကြားမင်း)ဟု ထင်နေလားမသိ။ ယောက္ခထီး ဦးသိန်းဖံကို (အသူရာနတ်)ဟု ယုံကြည်နေလားမသိ။ သိကြားမင်းက အသူရာနတ်၏သမီး (ဖွန့်ပွင့်ဖြူ)ကို သိမ်းပိုက်ရယူခြင်းအား တိုက်ခိုက်သည်။ စစ်ခင်းသည်ဟု (ခရေစီ) ဖြစ်နေဟန်တူသည်။

ဒေါက်တာ ချစ်ဆန်းမောင်သည် ယောက္ခထီးဖြစ်သော ဦးသိန်းဖံအပေါ် (မြို့နယ်) တရားရုံးသို့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၃ဖြင့် တရားစွဲခဲ့လေသည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၃၏ ပြဋ္ဌာန်းချက်မှာ (သုံးရက်သို့တည်းမဟုတ် သုံး ရက်ထက်ပို၍ မတရားချုပ်နှောင်ထားမှု) ပြုလုပ်လျှင် ထိုသူကို (နှစ်နှစ်ထိ) ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် စလုံးဖြစ်စေ ချမှတ်ရမည်။

(တရားရုံးတို့မည်သည်မှာ) စွဲဆို ရောက်ရှိလာသော ရာဇဝတ်မှု၊ မတရားမှုများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံး ဥပဒေတို့အရ အလျှား၊ အနံ၊ အမှားအမှန်တို့ကို စစ်ဆေးဖော်ထုတ်၊ စိစစ်၊ စီရင်ပေးကြရသော တာဝန်ဖြစ်သည်။

တရားလို ဒေါက်တာ ချစ်ဆန်းမောင်၊ တရားခံ ဦးသိန်းဖံတို့၏ ရာဇဝတ်မှုကြီးအမှတ် (ဝဝ၇/၂ဝဝ၂)မှ တရားလိုဖြစ်သူ ဒေါက်တာ ချစ်ဆန်းမောင်၊ တရားလိုပြသက်သေများ၊ ရုံးခေါ်သက်သေများကို (အနုလုံ ပဋိလုံ) စစ်ဆေးခဲ့ပြီး ဖြစ်သည်။ တရားလို၏ရှေ့နေ၊ တရားခံ၏နေရှေ့နေကြီးများ၏ လျှောက်လဲချက်များကိုလည်း ကြားနာခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် "စွဲချက်တင်သင့်၊ မတင်သင့်" အမိန့်ချမှတ်ရန် ချိန်းဆိုသည်။

ဤနေ့သည် ဒုတိယအကြိမ် အမိန့်ချမှတ်ရန် ချိန်းဆိုသော ရုံးချိန်းရက်ဖြစ်၍ အမိန့်ချမည် ဖြစ်သည်။ တရားလို ဒေါက်တာ ချစ်ဆန်းမောင်၊ တရားခံ ဦးသိန်းဖံတို့ ရုံးရှေ့ရောက်ရှိကြပြီး ဖြစ်သည်။ အမှုခေါ်သည်။ တရားသူကြီး တရားခွင်သို့ တက်ရောက်လာပြီ။

"အမိန့်"

(က) ဦးအောင်မြင့်၏သားဖြစ်သူ ဦးသိန်းဖံအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၃ အရ အပြစ်မရှိသဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၅၃(၁)အရ အမှုမှ အပြီးအပြတ်လွှတ်သည်။

ဒေါက်တာ ချစ်ဆန်းမောင်သည် ယောက္ခထီးဦးသိန်းဖံကို မြို့နယ်တရားရုံးမှ စွဲချက်မတင် တရားရှင် လွှတ်ခဲ့သည်ကို မကျေနပ် (လုံး၀) မကျေနပ်သောကြောင့် ခရိုင်တရားရုံးသို့



www.burmeseclassic.com

www.burmeseclassic.com



စွဲချက်တင်ဖြေရှင်းစေရန် ပြစ်မှုဆိုင်ရာပြင်ဆင်မှု တင်သွင်းပြန်သည်။ ခရိုင်တရားရုံးတော်က ပြစ်မှုပြင်ဆင်မှုအမှတ် (၀၀၉/၂၀၁၂)ဖြင့် လက်ခံသည်။

လျှောက်ထားသူ၏ ရှေ့နေ၊ လျှောက်ထားခံရသူတို့၏ လျှောက်လဲချက်များကို ကြားနာသည်။ မူလရုံးရှေ့ဆွက်ဆိုချက်များကို ပြန်လည်စိစစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ တရားရုံးများလက်စွဲ၊ စီရင်ထုံး၊ ဖြတ်ထုံးတို့ဖြင့် စိစစ်ကိုက်ညီသည်။ အမိန့်ချရန် ချိန်းဆိုသည်။

"<u>အမိန့်</u>"

အမှုတွဲကို သုံးသပ်တွေ့ရှိချက်များအရ မူလအမှုစစ်တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ–၂၅၈(၁)အရ အမှုမှ အပြီးအပြတ်လွှတ်ခဲ့ခြင်းအပေါ် ဝင်ရောက်စွက်ဖက်ရန် မရှိသောကြောင့် ဤပြင်ဆင်မှုအား ပလပ်လိုက်သည်။

(၅)

(ဂျိုးဂျိမ့်သံ မာန်တင်းကာပ အသူရာသိကြားမင်းတို့စစ်ခင်းကာ ပြိုင်တော့သည်။)

စိတ်မဖြေနိုင် အနိုင်လုတော့ဆွေးလျှပါသည့် နွေးစရာ့ဗလာ အတည် ဆွေး––ဆွေးနှမ တာ ရှည်––။

ဒေါက်တာ ချစ်ဆန် မောင်သည် ယောက္ခထီး ဦးသိန် ဖံအပေါ် သူစွဲဆိုသောအမှုမျာ မအောင်မြင်သောကြောင့် အာ မလို အားမရဖြစ်နေသည်။ စိတ် အကြဲအိုက်နေသည်။ ဘာဆက် လုပ်ရင်ကောင်းမလဲ အတွေးနယ် ချဲ့နေသည်။ (ရွှေအက်ဖ်အဝ် ရေဒီယိုအသံလိုင်းကို ဖွင့်ကြည် လိုက်သည်။ အလင်္ကာကျော်စွ မြို့မငြိမ်းရေးပြီး ကိုမြကြီးသီခ သော (မိုး)သီချင်းလာချိန်နှ





www.burmeseclassic.com

www.burmeseclassic.com



တိုက်တိုက်ဆိုင်ဆိုင် ခံစားလိုက်ရသည်။ သိကြားမင်းက အသူရာ၏ ထီးနန်းကို ရယူလိုက်ပြီး (အသူရာ)သို့ မောင်းထုတ်လိုက်သော သိကြားမင်း၏ အောင်နိုင်မှုများကို အတွေးဝင်လာသည်။ အားတတ်လာသည်။ အသူရာ ဦးသိန်းဖံ (ယောက္ခမ)အပေါ် နောက်ထပ်ပြီး စစ်ခင်းရန်၊ အမှုလုပ်တရားထပ်စွဲဆိုရန် စိတ်ဆုံးဖြတ်လိုက်သည်။ ၎င်း၏ရှေ့နေကြီးများနှင့် တိုင်ပင်လိုက်သည်။ ရှေ့နေကြီး၏ အကြံပြုချက်ကို လက်ခံသည်။

ဒေါက်တာ ချစ်ဆန်းမောင်သည် ယောက္ခမ ဦးသိန်းဖံအပေါ်( မြို့နယ်)တရားရုံးသို့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၅ လိမ်လည်အတုပြုမှု၊ ပုဒ်မ ၄၇၁ လိမ်လည်အတုပြုလုပ်ထားသည့် စာတမ်းအမှတ်အသားကို အစစ်အမှန်အဖြစ် အသုံးပြုမှုဖြင့် ဦးတိုက်လျှောက်ထား တရားစွဲဆိုသည်။ တရားရုံးတော်က ၂၀၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုအမှတ် ၀၁၀ဖြင့် လက်ခံပြီး စစ်ဆေးရန် ဆောင်ရွက်ခဲ့သည်။

(၆)

ဒေါက်တာ ချစ်ဆန်းမောင်သည်သမက်နှင့် ယောက္ခမ ဘောက်ကျနေရသော စိတ်အာရုံတွေ၊ စိတ်ဒေါသလွှမ်းမိုးမှုတွေကြောင့် မေမျိုးသရဖူထံသို့ စဉ်းစားပြီးပြီလားဆိုသော မေးခွန်းလေးများ မေးရန်အချိန်မရဖြစ်ခဲ့ရသည်။ တကယ်ဆိုတော့ မေမျိုးသရဖူကား (အပြိုင်ချစ်ပြီး အချစ်ပြိုင်ခဲ့သူ)တစ်ဦးဖြစ်လေသည်။

"သရဖူ နေကောင်းလား"

"ကောင်းပါတယ် ဆရာ"

"တို့ကို သတိကောရသေးရဲ့လား"

"စက္ကန့် မိနစ် မခြား သတိရနေပါတယ်ဆရာ၊ ဆရာ ယောက္ခမကြီးနဲ့ စစ်ခင်းနေရတာသိလို့ အလိုက်သိစွာနဲ့ ဖုန်းမဆက်တာပါ ဆရာ"

"အေး ကောင်းပြီ။ သရဖူ စဉ်းစားပြီးပြီလားဆိုတဲ့ အဖြေကို သိရအောင် စနေနေ့ (၁၁) နာရီ (အီတာလျံဟိုတယ်) အခန်း (၁၀၈)ကိုလာခဲ့"

"ဟုတ် ဟုတ်ကဲ့ပါ ဆရာ"

ဒေါက်တာ ချစ်ဆန်းမောင်နှင့် မေမျိုးသရဖူတို့သည် စားဖွယ် သောက်ဖွယ် အသွယ်သွယ်တို့ဖြင့် (အီတာလျံဟိုတယ်ကြီး)တွင် (တိုလျှင်ဆက် ရှည်လျှင်ဖြတ်) အချစ်ပိုင်ရေးပိုင်ခွင့်များကို ရင်တွင်းဖြစ်ခံစားချက်တို့ဖြင့် ဆွေးနွေးကြသည်။

"သရဖူ စဉ်းစားပြီးပြီလား"

"ဟုတ်ကဲ့ အစ်ကို။ သရဖူ အစ်ကိုနဲ့ လက်ထပ်ချင်ပါတယ်။ ဒါပေမယ့် နောက်ကျသွားပါပြီ အစ်ကို"

"ဘာကို ဆိုလိုတာလဲ အချစ်"

"သရဖူက အစ်ကို့ကို သရဖူ တစ်ဦးတည်းချစ်ချင်တာ၊ စုပေါင်းချစ်၊ စုပုံချစ်၊ သမဝါယမ အချစ် မလုပ်လိုဘူး။ အစ်ကို့ကို သရဖူတစ်ဦးတည်းချစ်ချင်တယ်။ ဘယ်သူမှ မချစ်ရဘူး( မုန့်ကိုသာ ဝေစားနိုင်မယ်။ အချစ်ကို ဝေမစားနိုင်ဘူး)ဆိုတဲ့ အချစ်မျိုးပါ အစ်ကို။ ဒါပေမယ့် အစ်ကိုနဲ့ ဖွှန်ပွင့်ဖြူ။ နန်းခမ်းမွန်တို့က တရားဝင် လက်ထပ်လိုက်ပြီဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



သရဖူရဲ့ ချစ်ပိုင်ခွင့်တွေ အစ်ကို့အပေါ် အချစ်နဲ့ပတ်သက်တဲ့ (ခရေစီ)ဟာ နောက်ကျသွားပါပြီ အစ်ကို"

"အေး အချစ်ရယ် တို့ရဲ့ ချစ်ခြင်းမေတ္တာတရားတွေနဲ့ ပတ်သက်ပြီး ငါရူးနေတာလား။ မင်းရူးနေတာလား တစ်ခုခုတော့ တစ်ခုခုပဲ အချစ်ရယ်"

"အစ်ကို တကယ်ဆိုတော့ လူတွေဟာ တစ်မျိုးစီ ရူးသွပ်တတ်ကြပါတယ်။ ဒါပေမယ့် အစ်ကိုနဲ့ သရဖူတို့က တဏှာရူး အချစ်ရူးတွေဆိုတော့ သူများတွေထက်သာတာပေါ့ အစ်ကိုရယ်က ပျော်ပျော်ပါးပါး အနားယူကြစို့အစ်ကို"

(၇)

(တဏှာဝါသော ဗဟုကိစ္စော) တဏှာရာဂ အလုပ်များပြားမှု၊ သမက်နှင့် ယောက္ခမ ဘောက်ကျသော စိတ်ပိုင်းဆိုင်ရာလှုပ်ရှားမှု၊ စိတ်အလိုမကျမှု၊ စိတ်ဘဝင်မကျမှု၊ EMOTION (စိတ်လှုပ်ရှားမှု)၊ DEPRESS (စိတ်ကျမှု)၊ SCHIZOPRENIA (စိတ် ကစဉ့်ကလျားဖြစ်မှု)တို့ကြောင့် သန်မာထွားကျိုင်းပြီး ယောက်ျားပီသလှသော ခန့်ချောကြီး ဒေါက်တာချစ်ဆန်းမောင်မှာ တစ်နေ့တခြား ပိန်ချုံးလာသည်။ ကိုယ်၊ စိတ်၊ နှလုံးကြည်သာမှု မရှိတော့။ မိမိပတ်ဝန်းကျင်မှ လူသားများနှင့် ယခင်ကလို ပျော်ပျော်ရွှင်ရွှင် နေလိုစိတ်မရှိတော့။

မိသားစု ဆရာဝန်ကြီး၏ အကြံပြုချက်အရ စင်္ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံရှိ အဆင့်မြင့်ဆေးရုံကြီးများတွင် သွားရောက်ဆေးကုသခံရန် စီစဉ်သည်။ ငွေကြေးမည်မျှပင် တတ်နိုင်စေကာမူ ဒေါက်တာချစ်ဆန်းမောင်တွင် AIDS ရောဂါရှိနေသူဖြစ်ကြောင်း ပေါ်ပေါက်လာသဖြင့် ပြည်ဝင်ခွင့်(ဗီဇာ)မရသဖြင့် ဆေးကုသခွင့်မရပါ။

မြဝတီမြို့မှတစ်ဆင့် တစ်ဖက်နိုင်ငံရှိ ခေတ်မီပုဂ္ဂလိကဆေးရုံကြီးတစ်ရုံသို့ သွားရောက်ကုသသည်။ ရောဂါအရှိန်မြင့်နေပြီဖြစ်၍ အေးအေးဆေးဆေး အနားယူ ဆေးကုသခံခဲ့ရပါသည်။ သက်သာပျောက်ကင်းခြင်း မရှိတော့။

ဒေါက်တာ ချစ်ဆန်းမောင်သည် (အသူရာနတ်) ဖြေ စစ်ခင်းတိုက်ခိုက်ခံနေရမှုကြောင့် အကာအကွယ်ပြုပေးတော် မူပါရန် ဘုရားရှင်ထံသို့ (သိကြားမင်း) လျှောက်ထားရာတွင် ဘုရားရှင် ပေးသနားသော ဂါထာကို ပူဇော်ရွတ်ဖတ်ပွားများနေခဲ့ရသည်။

နမော တေ ဗုဒ္ဓ ဝီရထု
ဝိပ္ပမုတ္တောသိ သဗ္ဗဒိ။
သမ္ဗာဒ ပဋိသမ္ဘောသမိ သတ္တ
မေ သရဏံ ဟာဝ။

ထွက်လာသော စကြာ နေမင်းကြီးသည် ဝင်ခြင်းလျှင် အဆုံးရှိသကဲ့သို့ ဖြစ်လျှင်မုချ ချုပ်ပျက်ရသော သင်္ခါရသဘောတရားအတိုင်း ဒေါက်တာ ချစ်ဆန်းမောင်သည် AIDS ဝေဒနာဖြင့် ကွယ်လွန်အနိစ္စရောက်သွားခဲ့ရလေသည်။

"လူ့ပြည်မှာ အမှု မပွေကြပါနဲ့"


မောင်မောင်စိန်လင်း

(နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## "အရက်ကြောင်"

ကျော်စိုးသူ–(ဥသျှစ်ပင်)

(၁)

"ကိုကုလား–ရှင်–တရား လွန်ပြီနော်။ ဘာမှအလုပ်အကိုင် မရှိလဲ အိမ်မှာ အေးအေးနေပါ။ ကျုပ် ဈေးရောင်း ကျွေးပါ့မယ် ဆိုလဲ ရှင်က ကောင်းကောင်းမ နေဘူး"

"ကောင်းကောင်းမနေ လို့ ငါကဘာလုပ်နေလို့လဲ"

"ဘာလုပ်နေရမှာလဲ။ မရှိလို့ ပြောင်းဖူးပြုတ်ရောင်းပါ တယ် ရှင်ကပြောင်းဖူးတွေခိုးပြီး အရက်နဲ့ လဲသောက်တယ်။ အိမ်မှာ လဲ ဘာမှအကောင်းမရှိတော့ဘူး။ ရှိသမျှတွေ လစ်ရင် လစ်သလို ခိုးပြီးအရက်နဲ့လဲသောက်တယ်"

"ဘာဖြစ်လဲ နင်က အရက်ဖိုးမပေးလို့ ငါရှိတာလေး နဲ့ ထုခွဲပြီး ချိုးခြံသောက်ရတာ ငါကိုယ့်ငါတောင် သနားလာပြီ"

"သောက်သောက် သေအောင်သောက် ကျုပ်က တော့ ဝဋ်ရှိသမျှ ခံရမှာပဲ"

"ဟဲ ဟဲ ဟဲ ပါရမီ ဖြည့်တယ်လို့ သဘောထားပါ မိန်းမရယ် လိုအပ်တဲ့ချိန်မှာ လျှ ဒါန်းရတာ ကာလဒါနမြောက်ပါ တယ်ကွာ"

"တော်စမ်းပါ၊ ဖိနပ် ကြားက နတ်စကား မပြောစမ်း ပါနဲ့။ ရှင်လို လူမှာတော့လေ အိမ်ပေါ်မှာ မိဘ တစ်ယောက် လုံး ရှိနေလို့ သည်းခံနေတယ် မှတ်ပါ"

ပြောရင်းဆိုရင်း ပြောင်း ဖူးပြုတ်တောင်းကို ခေါင်းပေါ် ရွက်ထွက်သွားသော "မခင်မြ" ကိုကြည့်ရင် လက်ကျန်အရက် ခွက်ကို မော့ချလိုက်သည်။

ဒီအချိန် ရောက်တိုင်း ကြားနေကျ ကိုကုလားတို့ လင်မ ယားအသံဖြစ်သည်။ ကိုကုလားက မိုးလင်းမိုးချုပ်အရက်ကို ရှာဖွေ သောက်သည်။ မခင်မြက ကြုံရာ ကျပန်းလုပ်ရင်းကနေ အခုတော့ ပြောင်းဖူးပြုတ် ရောင်းသည်။ ယခင်ကတော့ လင်မယား နှစ် ယောက်ဒိုးတူပေါင်းဖက် အလုပ် လုပ်ကြသည်။ တဖြည်းဖြည်း အပေါင်းသင်းဆုံရာကနေ တစ်ခွက် မှ တစ်ဖလားအဆင့်ရောက်ပြီး အ ရက်က လူကိုနိုင်သွားတော့ အ လုပ်လည်းမလုပ်နိုင် လူကလည်း လူရုပ်မပေါ်တော့။ အရက်မှလွဲပြီး သူခေါင်းထဲမှာ ဘာမျှမရှိ။ အ ရက်ဖိုးမရှိလျှင်ရအောင်ရှာသည်။ မြေကြီးပေါက် လိုက်သည်။ ပေါက်တူးမနိုင်၍ မြေကျင်းထဲမှာ လဲနေသောကြောင့် အိမ်ရှင်က ဆိုက္ကားနှင့် ပြန်ပို့ရသည်။ တခြားမှာငွေရှာမရတော့ အိမ်မှ ရှိတာခိုးပြီးအရက်နှင့်လဲသောက် သည်။ နောက်ဆုံးအဆင့် မခင်မြ ရောင်းသော ပြောင်းဖူးပြုတ်များ ကို ခိုးကာ အရက်နှဲ့လဲသောက် သည့်အဆင်သို့ ရောက်သဖြင့် အခုလို ပြဿနာ ဖြစ်နေခြင်း ဖြစ်သည်။

မခင်မြတို့ အိမ်တွင် လင်မယား နှစ်ယောက်အပြင် မခင်မြ အဖေအသက် ၇၀ကျော် အဘိုးကြီးတစ်ယောက်နှင့် ၁၃ နှစ်အရွယ် သမီးတစ်ယောက်ရှိ သည်။ သားအမိနှစ်ယောက် ဈေးရောင်းထွက်ချိန်တွင် သမီး ယောက္ခမနှစ်ယောက်သာအိမ်မှာ ရှိသည်ဖို့ ကိုကုလားစိတ်ကြိုက် လုပ်ဆောင်ခွင့်ရနေသည်။အဘိုး ကြီးကလည်းနေရာတကာတော့ ဝင်မပြောပါ။ သို့သော် တစ်ခါ တရံ လူကြီးပီပီ ဆုံးမစကား တော့ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အရက်သောက်တယ်ဆိုတာကောင်းတယ် မကောင်းဘူး မပြောလိုပါဘူးကွယ်။ ဒါပေမဲ့ အသိနဲ့ယှဉ်ပြီးတော့ သောက်စေချင်တယ်။ အခုမင်းသောက်နေပုံက စီးပွားပျက်မိတ်ပျက်အပြင် လူပါပျက်စီးနေပြီဆင်ခြင်ပါကွယ်"

ပြောတဲ့သူက ပြောနေပေမယ့် ကိုကုလားကတော့ အိမ်ရှေ့ခန်းမှာ တခေါခေါနှင့် အိပ်ပျော်နေလေပြီ။

ဘုရား ကုန်းတော်ပေါ်မှ အလှူခံဌာနတွင် နိဗ္ဗာန်ဆော်၏ ကြည်လင်အေးမြသောဆုပေးသံအပြီး ခေါင်းလောင်းကို အသံချဲစက်မှ ဖွင့်လိုက်ချိန်တွင် ကိုကုလား အိပ်ပျော်နေရာမှ လန့်နိုးသွားသည်။ ပူနေသောရင်ကို ခေတ္တအေးသွားစေရန် ရေတစ်ခွက်သောက်လိုက်သည်။ သို့သော် သူ့ရင်ထဲက တောင့်တနေတာက ရေမဟုတ်ပါ။ လက်ကျန်အရက်ကလည်းမရှိတော့ ထုံးစံအတိုင်း အိမ်မှာမွှေနှောက်ရှာကြည်သည်။ အဘိုးကြီးကလည်း အလှူခံဌာနတွင် နိဗ္ဗာန်ဆော်သွားလုပ်နေသဖြင့် အိမ်တွင်တစ်ယောက်တည်းရှိသည်။

အဝတ်သေတ္တာထဲတွင် မိန်းမထဘီအဟောင်း၊ အင်္ကျီအဟောင်းများအောက်၌ ကလေးဝတ်စုံအသစ်ကလေး တွေ့သည်။ ရုတ်တရက် မကိုင်သေးပါ။ စဉ်းစားနေသည်။ နောက်တော့ ဆုံးဖြတ်ချလိုက်ပြီး ကောက်ယူကာ ခါးကြားတဲ ထိုးထည့်လိုက်ပြီး အိမ်ပေါ်မှ ခပ်သုတ်သုတ် ဆင်းသွားသည်။ အိမ်တွင်အဝတ်အစားအကောင်းထားမရ။ ထို့ကြောင့် မိန်းမက စိတ်ချရသည့် အပေါင်ဆိုင်သို့ပို့ကာ အရင်းအနှီးလုပ်၍ ပြောင်းဖူးပြုတ်ရောင်းနေခြင်းဖြစ်သည်။ ဒီကလေးဝတ်စုံလေးက တစ်နေ့ကမှ ပူဆာလွန်း၍ နေသွင်းပေးကာ ဝယ်ပေးထားခြင်းဖြစ်သည်။ တစ်ခါမှတောင် မဝတ်ဖြစ်သေးပါ။

"အမေ သမီး အင်္ကျီတွေ မရှိတော့ဘူး"

"မရှိလို့ ဘယ်ရောက်လဲ။ သေသေချာချာ သွားရှာကြည့်"

မခင်မြ ပြောသာပြောရသည် ရင်ထဲက အလိုလိုသိနေသလိုပင်–

"မတွေ့တော့ဘူးအမေရဲ့"

"တိတ်တိတ်နေ နင့်အဖေ လက်ချက်ပဲဖြစ်မယ်"

သမီးဖြစ်သူ၏ ငိုရှိုက်သံကို စိတ်မချမ်းသာစွာ ကြားနေရသည်။

မကြာပါ။ ကိုကုလား ယိမ်းထိုးကာ တစ်လမ်းလုံးပြည့်အောင် လျှောက်ရင်း ပါးစပ်မှလည်း ထွေရာလေးပါး ပြောကာပြန်လာသည်။ ဝါရင့်အရက်သမားသုတေသီတွေရဲ့ပြောစကားမှတ်သားဖူးသည် အရက်သမား၊ ထန်းရည်သမား၊ ခနီရည်သမား မူးပုံချင်းမတူဟုဆိုသည် အရက်သမား မူးလာလျှင် ရှေ့နောက်ဝဲယာ ယိုင်ထိုးပြီး လမ်းလျှောက်သည်။ ထန်းရည်သမား မူးလာလျှင် ရှေ့သို့ စိုက်စိုက်လျှောက်ရင်း တစ်ချက်တစ်ချက် လူကိုထိန်းရပ်ရင်းဆက်လျှောက်တတ်သည်။ ခနီရည်မူးသူများကတော့ နောက်ဘက်သို့ လန်သွားလိုက်နှင့် လျှောက်တတ်သည်ဆို၏။

"ကိုကုလား ရှင်ကလေးအင်္ကျီတွေယူသွားတယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာ မပြောနဲ့ ငါ့သမီးပစ္စည်း ငါ ယူတာ ဘာဖြစ်လဲ ငါ့သမီးကုသိုလ်တောင် ရသေးတယ်"

မခင်မြ အသားတွေ တဆတ်ဆတ် တုန်လာသည်။ သည်းခံနိုင်သည် အတိုင်းအတာ လွန်လာပြီ။ မစားရက်မသောက် ရက်သမီးအပို့ပေါက်ကလေးဝတ် စေချင်၍ နေ့သွင်းပေးကာ ဝယ်ထားသောပစ္စည်း။ သမီးတောင် ခါးပေါ်မတင်ရသေးမီ၊ အဖေလုပ်သူက အရက်နဲ့လဲသောက် သည့်အဖြစ်။ မခင်မြ ထမီတိုတို



ဝတ်လိုက်သည် စကားမပြော တော့ဘဲ ကိုကုလား လည်ပင်းကို ထည်စ်ပြီးနပမ်းလုံးပစ်လိုက်သည်။ စိတ်ရှိလက်ရှိလည်း ထုရိုက်ပစ်လိုက်သည်။ ကိုကုလားကတော့ ဗလုံးဗထွေးပြောရင်း ထုသမျှ ရိုက်သမျှ ခံနေရပြီး သမီးလေး ဟစ်အော်ငိုရှိုက်သံက ဆူညံစွာ ထွက်ပေါ်လာသည်။

"ငါလဲ မပြောဘူးလို့ နေတာပဲကွာ။ မနေနိုင်လို့မ ပြော မဖြစ်လို့ ပြောရတယ်မှတ် ပါ။ မင်းတို့အဖြစ်က တရားလွန် နေပြီ။ စီးပွားရေးလဲပျက်၊ လူမှုရေးလဲပျက်တဲ့အပြင် ခုဟာကာ အိမ်ထောင်ရေးပါ ထိခိုက်လာလို့ပြောရတာပါ"

"ငါ့ သမီးကွယ်ရာမှာ မင်းကို ပြောချင်တာက မင်း အရက်သောက်တာကလွဲရင်တ ခြား ဘာအပြစ်မှ မရှိပါဘူး။ ဒါ ပေမယ် ကံငါးပါးမှာ အကြီးဆုံး ကံကိုကျူးလွန်ထားမှတော့ ကျန် တာတွေကျူးလွန်ဖို့ ဝန်မလေး တော့ဘူးပေါ့ကွာ။ ဒီတော့ အ ရက်သောက်တာကို လျော့စေ ချင်တယ်။ ကြာရင် ဒီထက်ဆိုး တဲ့ အဖြစ်တွေကြုံရမှာ ငါ မပြင်



www.burmeseclassic.com

www.burmeseclassic.com



ချင်လို့ ကြိုပြီး သတိပေးတာပါကွာ''

ကိုကုလား ဘာမျှပြန်မပြောဘဲ ကုပ်ကျိုးကာခေါင်းစိုက်ပြီး နားထောင်နေသည်။ နားထဲဝင်သည်မဝင်သည်တော့မသိပါ။ သူ့ရင်ထဲမှာ တောင့်တနေသည်က ပူနေသော ရင်ကိုဘယ်လိုအေးအောင်ငြိမ်းအောင်လုပ်ရမလဲဆိုတာသာ တွေးနေသည်။

''အရက်ဆိုတာ ဆေးဖြစ်ဝါးဖြစ်သုံးရင် ဆေးဝါးဖြစ်သလို ဘေးဖြစ်အောင် သုံးရင်လဲ ဘေးဖြစ်တတ်တာပဲ။ အခု မင်း ဖြစ်နေတာက ဆေးဖြစ်ဆင့်ကို အများကြီး ကျော်ပြီး ဘေးဖြစ်တော့မှာမို့လို့ သတိပေးတာပါကွာ။ အရက်ဆိုတာ ခွေးတောင်မသောက်ဘူးဆိုတာ မင်းသိပါတယ်''

''ဒီ စကားကိုတော့ ကျွန်တော် ကန့်ကွက်တယ်။ အရက်ကို ခွေးတောင်မသောက်ဘူးဆိုတာ ခွေးမို့လို့ မသောက်တာပါဗျာ''

ကိုကုလား၏ စကားက တစ်သက်လုံး အရက်ကို အနံ့တောင်မခံ၊ မသောက်ခဲ့သော ယောက္ခမကြီးကို စော်ကားသလို ဖြစ်သွားသည်ကိုတော့ ပြောသူ မသိပေမယ့် ဆုံးမနေသူကတော့ ဆွံ့အသွားသလို ဘာမျှမပြောနိုင်တော့ပါပေ။

ထိုအချိန်မှာ သမီးဖြစ်သူကဈေးမှ မိခင်ဝယ်ပေးလိုက်သော ဆန်ထုပ်နှင့်ဟင်းချက်ရန်ဝယ်ပေးလိုက်သည်များကို ယူဆောင်ပြီးပြန်လာသည်။ ဖခင်ဖြစ်သူကို ရှုံ့ရှာမှုန်းတီးသော အကြည့်ဖြင့်ကြည့်၍ မီးဖိုချောင်ထဲသို့ ဝင်သွားသည်။ ကိုကုလားသည် သမီးဖြစ်သူကို ကြည့်လိုက်စဉ် သမီး၏အကြည့်ကသူ့ရင်ထဲတွင် နာကျင်သွားသည်။ ရုတ်တရက် ရှက်စိတ်နှင့်ဒေါသဖြစ်သွားသည်။ ငါ့ကို သူက ဘယ်အချိုးနှင့်ကြည့်တာလဲ ဟူသည် စိတ်ကဝင်လာသည်။

''ဟိုကလေးမက ငါ့ကို ဘာသဘောနဲ့ ကြည့်တာလဲ ပြောစမ်း''

ယောက္ခမ လုပ်သူ၏ စကားကို နားထောင်နေရသော်လည်း ရင်ထဲမှာ မကျေနပ်ချက်တွေက ပြည့်နေသည်။ သူ့ကို ဆရာလုပ်သည်။ အေးဆေးမနေဘူး။ နေရာတကာ ဝင်ပါသည်ဟူသော အတွေးတွေကယခင်ထဲကရှိနေရာ အခုအရက်မသောက်ရသဖြင့် စိတ်တိုဒေါသ ဖြစ်နေချိန်တွင် ပွင့်ထွက်လာသည်။ ထိုဒေါသက သမီးအပေါ်သို့ ရောက်သွားသည်။ သို့သော်သမီးလုပ်သူမှာဘာမျှပြန်မပြောဘဲ နောက်ဖေးသို့ထွက်ပြီး ရေခပ်ရန် ထွက်သွားသောကြောင့် ကိုကုလား၏ ဒေါသသည် ယောက္ခမကြီး သောက်နေသော ရေနွေးပန်းကန်ကိုယူပြီး ပေါက်ခွဲပစ်လိုက်သည်။ ယောက္ခမကြီးသည် 'တောက်'တစ်ချက်ကို ပြင်းထန်စွာခေါက်ရင်း အိမ်ရှေ့သို့ ဆင်းပြီး ထွက်သွားပါတော့သည်။

''သမီး နှင့်ယောက်ျားကတော့ အဘက်ဘက်က တရားလွန်နေပြီ။ အဖေလဲ သမီးစိတ်ဆင်းရဲနေရတာ မကြည့်နိုင်လို့ ဆုံးမတာတောင် မခန့်လေးစား လုပ်လာနေပြီ''

''သမီး သိပါတယ် အဖေရယ်။ ဒါပေမယ့်ကလေးများကြောင့် သည်းခံနေရတာပါ''

''အဖေ ပြောတာက



www.burmeseclassic.com

www.burmeseclassic.com



သမီးတို့ အိမ်ထောင်ရေးထိခိုက်အောင်ပြောတာမဟုတ်ဘူးနော်။ အသိတရားနဲ့ သတိထားနေဖို့ ပြောတာပါ။ အဖေကိုတော့ စိတ်ချပါ။ သမီးတို့အတွက်သာ စိုးရိမ်လို့ပြောတာနော်''

''ဟုတ်ကဲ့ပါ အဖေ ရယ်။ အဖေ့လဲ အားနာပါတယ်''

''ကိစ္စမရှိပါဘူး သမီးရယ်၊ ဖြစ်လာမှာတော့ အေးအတူ ပူအမျှပေါ့''

ကိုကုလား၏ အခြေအနေက မသိမသာအဆိုးဘက်သို့ရောက်လာသည်။ နည်းနည်းပါးပါး သောက်ရသည့်နေ့တွင် ငြိမ်တတ်သော်လည်း မသောက်ရသည့်နေ့တွင် ဟိုရမ်းသည်ရမ်း ရမ်းချင်လာသည်။ အိမ်မှာ ရှိသည့် အပေါင်ဆိုင် လက်မခံ၍ ကျန်သော ပစ္စည်းများကို လွှင့်ပစ်ရိုက်ခွဲ လုပ်ပါသည်။ သို့မဟုတ်ပါက အိမ်ရှိ လူတွေကို ပြဿနာ ရှာလာတတ်သည်။

သည်နေ့တော့ နေကလည်းပူလှသည်။ နေအေးမှ ပြုတ်ထားသည့် ပြောင်းဖူးကို သမီးလေးနှင့်အတူ သွားရောင်းမည်။ တစ်ရေးလောက်တော့ အိပ်လိုက်ဦးမည်ဟု တွေးရင်း ပြောင်းဖူးပြုတ်ပြီးသား တောင်းကို အိမ်ရှေ့တွင်ချထားပြီးခေတ္တ

ဘယ်မလဲ

ကျုပ်

ပြောင်းဖူးတွေ၊

အရက်နဲ့လဲပြီး

ဝမ်ကျနေတယ်

မဟုတ်လား

မြန်မြန်

သေစမ်းပါတော်

အိပ်ပျော်သွားသည်။ သမီးဖြစ်သူကတော့ အိပ်ခန်းထဲမှာ အိပ်နေသည်။ အဘိုးကြီးကတော့ ရွာထဲရှိ မိတ်ဆွေများ အိမ်သို့ နားအေးပါအေး သွားနေ၍ အိမ်တွင်မရှိပေ။ အရက်သမားက တော့ အိမ်မှာ ရှာမရသော ကြောင့် ရတတ်သည့်နေရာတွင် အရက်ဖိုး ကြံဖန်နေမည်ထင် သည်။ အိမ်တွင်မနက်ကတည်း ကမရှိ။

မခင်မြ အိပ်ရာမှ နိုး၍ မျက်နှာသစ် သနားခါး ရေကြ လိမ်းကာ ခေါင်းခုပြင်ပြီး ပြောင်း ဖူးတောင်းကို ဖွင့်ကြည့်လိုက် သည်။ အခြေအနေကိုမသက်ာ ဖြစ်ပြီးရေတွက်ကြည့်လိုက်သော အခါပြောင်းဖူးတွေလျော့နေသည် မခင်မြ သိလိုက်ပြီ။ ထိုကြောင့် တလိပ်လိပ်တက်လာသော ဒေါ သကိုအနိုင်နိုင်ထိန်းရင်း ထမီကို တိုတို ပြင်ဝတ်ရင်း မပြေးရုံတ မည် ခြေလှမ်းများဖြင့် ရွာထဲ သို့ထွက်လာခဲ့သည်။

ရွာထဲ အရက်ဆိုင်တွင် ကိုကုလား အရက်တစ်ပိုင်းကို ရှေ့တွင်ချ ခွက်ထဲ တစ်ဝက် လောင်းထည့်ပြီး ပြောင်းဖူးစေ့ကို ခွာလိုက် ပါးစပ်ထဲ ပစ်ထည့် လိုက် အရက် တစ်ငုံလောက် သောက်လိုက်နှင့် ရေချိန်ကိုက်



www.burmeseclassic.com

www.burmeseclassic.com



တကိုက် ဖြစ်နေသည်။ ထိုကြောင့် စကားကို ဟောင်ဖွာဟောင်ဖွာ ပြောနေသည်။ အရက်ဆိုင်တွင်းရှိသူများကလည်း သူ့စကားကိုယ်စကားပြောနေကြရင်း ဆူညံနေသည်။ ကိုကုလားကတော့ ရေချိန် မကိုက်လျှင် ယခင်လိုပဲနားမခံနိုင်အောင်ပြောနေတတ်ပေမယ့် ရေချိန်ကိုက်ပြီဆိုလျှင် ဝက်သေကို တုတ်နှင့်ထိုးနေသလိုမျိုး ဖြစ်နေတတ်သည်။

"ကိုကုလား ရှင်ဟာလေ လူစိတ်မရှိဘူး။ လူလိုမလုပ်ဘူး။ ဘယ်လောက်ပြောပြော အရှက်ကို မရှိတော့ဘူး။ ဘယ်မလဲ ကျုပ် ပြောင်းဖူးတွေ၊ အရက်နဲ့လဲပြီး ဝမ်ကျနေတယ်မဟုတ်လား မြန်မြန် သေစမ်းပါတော်"

ရေချိန် မကိုက်တကိုက် ဖြစ်နေသော ကိုကုလား၏နားထဲသို့မခင်မြ၏အသံကပြေးဆောင့်ဝင်လာချိန်တွင် ကိုကုလား ထောင်းခနဲဒေါသထွက်သွားသည်။ အများ၏ရှေ့မို့လည်း ရှက်စိတ်ကဝင်သွားပြီး ထိုင်နေရာမှ ထထိုက်သည်။ လူကတစ်ချက်ယိုင်သွား၍ထိန်းလိုက်ကာ ပုလင်းကိုတစ်ဖက်က ကိုင်ပြီး မခင်မြရှိရာသို့လာကာ မခင်မြ ရှေ့တွင်ရပ်လိုက်သည်။

"နင် လွန်လာပြီနော်။ ဒီအထိ ငါ့ကို အရှက်လိုက်ခွဲတယ်၊နင် ဘာဖြစ်ချင်သလဲ"

ဗလုံးဗထွေး အသံနှင့် မျက်ခွံကိုပင့်ပြီး မေးလိုက်သည်။ မခင်မြ၏ ဒေါသသည် အထွတ်အထိပ်သို့ရောက်သွားပြီး–

"အေး ဖြစ်ချင်တာကတော့ ဒါပဲ"

ပြောပြီး ပါးကို လှမ်းရိုက်လိုက်သည်။ ပြီးတော့ မျက်နှာကို လက်နှစ်ဖက်နှင့် ကုတ်ခြစ်ဆွဲပစ်လိုက်သောကြောင့် ကိုကုလား မျက်နှာတွင် သွေးများခြင်းခြင်းနီသွားသည်။

"ခင်မြ နင် ငါ့ကို တကယ်ပေါ့ ကဲ. . ဟာ"

လက်ထဲမှ ပါလာသော ပုလင်းဖြင့် ရိုက်လိုက်ရာ–

"ခွမ်း"

မြည်သံနှင့်အတူ မခင်မြ ခေါင်းမှသွေးများ ဖြာခနဲကျလာပြီး မခင်မြ ခွေခနဲ လဲကျသွားရာ ကွဲသွားသော ပုလင်းဖင်ပြတ်ကို တစ်လှည့်၊ လဲကျသွားသော မခင်မြကို တစ်လှည့် ကြည့်နေရင်း ကိုကုလား တစ်ယောက် မျက်နှာ အမူအရာ ကြည့်ရသည်မှာ ကြောက်စရာ အသွင်သို့ ပြောင်းလဲသွားသည်။

ထိုအချိန်တွင် ရွာထဲမှ ပြန်လာသော ယောက္ခမ အဘိုးကြီးသည် သမီး၏ ဒဏ်ရာနှင့် လဲနေပုံကို တွေ့ရသောအခါ သမီးကိုပြေးပွေ့ကာ ပါးစပ်မှာလည်း တဖွဖွ သမီးကို ခေါ်ရင်း ခေါ်မရသည့်အဆုံး၌ သမက်ဖြစ်သူထံ တိုးသွားပြီး–

"မင်း ဘယ်လို လုပ်လိုက်တာလဲကွာ။ မင်းမှာ လူစိတ်ရှိသေးရဲ့လားကွာ"

"ဘာလဲ ခင်ဗျားသမီးထိလို့နာသလား။ တစ်သက်လုံး ကုလား ငုံ့ခံလာတာ၊ အခုမခံတော့ဘူးဗျာ။ ခင်ဗျားလဲ သေပေတော့"

ပုလင်း ဖင်ပြတ်ဖြင့် ဆတ်ခနဲ ရင်ဝသို့ ထိုးလိုက်ရာ ဘယ်လိုမှ မရှောင်နိုင်ဘဲ ရင်ဘတ်ကို လက်နှင့်ဖိကာ–

"အမလေးဗျာ"

ဟုတစ်ခွန်းသာ အော်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပြီး လဲကျသွားလေတော့သည်။

ရင်ဘတ်မှ သွေးများစီးကျနေကာ ညည်းညူနေရင်း ငြိမ်သက်သွားသော ယောက္ခမကိုတစ်လှည့်၊ ခေါင်းမှသွေးများစီးကျကာ သတိလစ်နေသော မိန်းမကို တစ်လှည့်ကြည့်ရင်း

“သေ––သေကြ၊ နင်တို့သေမှ ငါ အရက်ကို လွတ်လွတ်လပ်လပ် သောက်ရမယ်။ နောက်မို့ဆိုရင် သူတို့ကိုပဲ ကြောက်နေရတယ်။ အရက်တစ်ခါ သောက်ရဖို့ သူတို့ဆီမှာပဲ လျှောက်လွှာတင်နေရဦးမှာကျနေတာပဲ။ ခုတော့ အေးပြီ၊ ကောင်းတယ်”

ပြောရင်းအားရပါးရရယ်လိုက်သော အသံက ကြားရသူ အပေါင်း ကြက်သီးထလောက်အောင်ထိတ်လန့်သွားကြရသည်။

အဖြစ်အပျက်က ဘာမှ မကြာလိုက်ပေမယ့် ဖြစ်သွားပုံကတော့ အံ့ဩ ထိတ်လန့်ဖွယ်ရာ ဖြစ်သည်။ မိန်းမဖြစ်သူက အတွင်းလူနာအဖြစ်ဆေးရုံတင်ရသလို ယောက္ခမ ဖြစ်သူက သွေးထွက်လွန်ပြီး ဆေးရုံအရောက်တွင် သေဆုံးသွားခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာချိန်တွင် ကိုကုလားက သူဘာမှ မဖြစ်သလို အေးဆေးစွာပင် အရက်ထိုင်သောက်နေသည်။ ရဲတပ်ဖွဲ့ဝင်များက စခန်းသို့ လိုက်ခဲ့ရန်ခေါ်သော အခါတွင်–

“ခင်ဗျားတို့ ခေါ်တာ လိုက်ရင် အရက်ကို အေးအေးဆေးဆေးသောက်ရမှာလား”

ဟုပင် မေးလိုက်သေးသည်။ ရဲတပ်ဖွဲ့ဝင်များက ရဲလုပ်ငန်းများ ကုန်စင်အောင်ပြုလုပ်ကာ ခေါ်သွားချိန်မှာတော့ တစ်ဦးတည်းကျန်ရစ်သူ သမီးငယ်လေး နှင့်အတူ ရပ်ဆွေရပ်မျိုးများက မခင်မြရှိရာ ဆေးရုံသို့ လိုက်ပါသွားကြသည်။ အဘိုးကြီး၏ အလောင်းကိုတော့ သက်ဆိုင်ရာမှ ဆေးရုံသို့ ယူဆောင်သွားကြပြီး လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ကြရပေဦးမည်။

အရက်၏ ဆိုးကျိုးက ကြောက်မက်ဖွယ် ကောင်းလှသည်။ အစတွင်အရက်ကိုလူကသောက်သည်။နောက်တော့လူကို အရက်ကသောက်သည့် အဆင့်သို့ ရောက်လာသောအခါ မသောက်ရမနေနိုင်ဖြစ်လာသည်။ ဘယ်လို ပုံစံနဲ့ပဲ သောက်ရသောက်ရ အရက်သောက်ရဖို့သာ အဓိကဖြစ်လာသော ဘဝတွင် အရှက်ဆိုတာလည်း မရှိ၊ အကြောက်ဆိုတာလည်း မရှိ။ ဇနီးမယား၊ သားသမီးဆိုတာလည်းမရှိတော့ဘဲ သူ့ဘဝတွင် အရက်သာ အဓိကဖြစ်ပြီး ဒီအချိန်မှာ သူ့အတွက် အနှောင့်အယှက်မှန်သမျှ ကျော်လွှားရန်လည်း သူ့မှာခွန်အားတွေ ရုတ်တရက်ရလာတတ်သည်။သို့သော် သူ့အတွက် ကောင်းဆိုးနှစ်တန်ကို ဝေဖန်နိုင်စွမ်းတော့မရှိတော့ပေ။ ထိုအချိန်တွင် သူ့ဘဝ အတွက်ရော သူနှင့် ပတ်သတ်ခဲ့ရသူများအဖို့အတွက် သောကပရိဒေဝနှင့်ဒုက္ခမျိုးစုံတို့နှင့်သာ ကြုံတွေ့ခဲ့ရသည်ကိုတော့ သင်ခန်းစာယူနိုင်ရန် တင်ပြလိုက်ရပါသည်ဟုဆိုလိုက်ပါရစေလား။

ကျော်စိုးသူ(ဥသျှစ်ပင်)



www.burmeseclassic.com

www.burmeseclassic.com

# ပန်းသည်မလေးရဲ့ ချစ်ပုံပြင်

မျိုးသစ်





www.burmeseclassic.com

www.burmeseclassic.com



"ပန်းသည်မလေးရဲ့ချစ်ပုံပြင်"

မျိုးသစ်

<u>ညစ်ညူးရာဂ၊ ကိလေသာဖြင့်၊ တဏှာလိုလိုက်၊ ဒုစရိုက်နှင့်၊ အမိုက်အားကိုး၊ ပုဂ္ဂိုလ်မျိုးကား၊ အကျိုးမဲ့စွာ၊ အပြစ်သာရှင့်။</u>

<u>(မှာဃဒေဝ)</u>

(၁)

တကယ်တမ်း ..စိတ်ထဲရှိတဲ့အတိုင်းပြောရရင်၊ သူနေ့စဉ်ရောင်းမယ့် ပန်းတွေထဲက "နှင်းဆီ"လို ဖြစ်လာရင် အကောင်းသား။ နှင်းဆီမှာ ဆူးတွေနဲ့လေ။ သဘာဝက သူ့ကိုအကာအကွယ်ပေးထားတာ။ ဆူးဟာ သူ့အတွက် လက်နက်ပဲမဟုတ်လား။ ချိုးချင်ဖွဲ့ချင်ပေမယ့် ဖိုးခနဲ့ ဖတ်ခနဲ မလုပ်ရဲကြဘူး။ ဆူးစူးမှာကြောက်နေရတာကိုး။ ဒီတော့ နှင်းဆီဟာ အမြဲတမ်း ငွားငွားစွင့်စွင့်၊ ကြွားကြွားဝင့်ဝင့်၊ အလှတရား မပျက်သုဉ်းဘူးပေါ့။ အရောင်အသွေးတွေကိုက စိုလက်တောက်ပနေတယ်။

သူ့ကို "စံပယ်"လို ပန်းမျိုးလို့ ဆိုရမယ်။ စံပယ် ဟာ အနံ့သင်းပေမယ့် အဆင်း တော့ မရှိရှာဘူး။ ဖြူလွလွ အရောင်အသွေးနဲ့ ခူးလိုသူခူး ဖွဲ့လိုသူဖွဲ့ စိတ်ကြိုက်ထင်သလို လုပ်ရဖို့ လွယ်တယ်။ ပြီးတော့ တန်ဖိုးထားတာလည်း မဟုတ်ဘူး။ မွှေးရင်ပန်း၊ နံရင်ပစ်ဆိုတဲ့ အတိုင်း ကာလတိုတစ်ခုကိုဖြတ်သန်းခဲ့တဲ့နောက် စွန့်ပယ်ခံရတတ်တာမျိုး။ သဘာဝတရားက ကွာခြားလွန်းပါဘိ။ ပန်းဖြစ်တာချင်းတူပေမယ့် အခြေအနေက မတူတာသိသာလွန်းတယ်။ သက်မဲ့ပန်းတစ်ပွင့်အဖြစ်ထက်၊ လူတစ်ယောက်ဘဝကဆိုးတော့ မပေါ့။ ချဉ်းကပ်လာသူတိုင်းကို ခေါင်းခေါက် ရွေးချယ်တာမျိုး မဟုတ်ဘူးလေ။ လွယ်လွယ်ကူကူ တလိုက်တလျောရှိနေတဲ့အတွက် အလိုလိုနေရင်း မျက်နှာများသူ (မိန်းမ ဒုဿဂီရိ)လို့ တိတ်တခိုး ကင်ပွန်းတင်ခံရတယ်။ နို့ ..ပိုင်းပိုင်းလည်နေတဲ့ ချစ်သူတွေကြောင့် ဂုဏ်ယူစရာ မဟုတ်ပေဘူးလား။ ဝေးသေး။ တဒ်ဂ သာယာမှု အကြောင်းပြု ရောက်လာကြတာမို့ မြဲမြဲစွဲစွဲ မရှိလေတော့ ကြည်နူးဖို့နေနေသာသာ သူများတံတွေး ပေါ် ချော်မလဲအောင် မနည်း ထိန်းထားရတာပါ။ ကိုယ့် အကြောင်း ကိုယ်အသိဆုံးဆိုတဲ့ အထဲမှာ သူမပါဘူးလို့ ပြောရမယ်ထင်ပါရဲ့။

ယောက်ျားသား အချောင်သမားတွေကလွဲရင် အတော်များများက နှာခေါင်းရှုံ့ကြတယ်၊ မိန်းမအချင်းချင်းကလည်း သီးချိုအပျက်မခံချင်ကြလို့ တ ဘလိုသိမှတ်ထားတဲ့သူကို မပေါင်း ဖက်ဝံ့ကြတာလည်း အဆန်းမှ မဟုတ်ပါပဲ။ ရုပ်ရည်ကလေး သနားကမားနဲ့ အကျင့်တန်သူ ရယ်လို့ ပိုင်းဝန်းသတ်မှတ်ခံရတဲ့ ဘဝ။ သူကလည်း တပြန်တ လှည့် ပတ်ဝန်းကျင်ကို အလေး ထားဂရုစိုက်စရာ မဟုတ်သလို ဘဲ။ အိုးရွဲ့ကို ဖုံးမှာက စလောင်း ရွဲ့လေ။ ဟော တစ်ယောက် ဟောတစ်ယောက် ထည်လဲတွဲဖို့ ဝန်မလေးတော့။ ရှေးကပြောသ လို "ရည်စားတစ်ထောင် လင် ကောင်တစ်ယောက်" ဆိုတဲ့ ကိန်းဆိုက်နေပြီ။ ခက်တာက ဘယ်သူတွေ ဘာပြောပြော သူ က အေးဆေးပဲ။

www.burmeseclassic.com



“တစ်နေ့တော့ ဒင်းတော့ နာခေါင်းကျည်ပွေ့တွေ့မှာ သေချာတယ်”

“ဘယ် လူကောင်း သူကောင်းက ယူမှာတဲ့လဲ”

“သူရရင်တော့ ကုပ်ပိုးက တော်တော်ထူမှ ဖြစ်မှာ၊ လုညးကျိုးထမ်းရတော့မယ်လေ။ မကောင်းသူထိပ်၊ ကောင်းသူထိပ် ဆိုပါတော့”

အမျိုးမျိုး အဖုံဖုံ ကဲ့ရဲ့သဂြိုဟ်စကား တင်းဆိုကြပေမယ့် သူက မဖြုလုဘူး။ သူ့အကြောင်း စိတ်ဝင်တစားပြောသူတွေ ပါးစပ်ပေါက်ပိတ်သွားလောက်အောင် အံ့ဩစရာတစ်ခုပေါ်လာပါလေရော။ မြို့ဆင်ခြေဖုံးမှာ နေပြီး ပါးပါးရှားရှားနဲ့ ပန်းရောင်းနေရတဲ့ ဖတဆိုးပန်းသည်မလေးကို နယ်ရှာကြီးတစ်ရွာနေသက်တူရွယ်တူ လူငယ်လေးတစ်ယောက်က မိသားဖသားပီပီ တောင်းရမ်းပြီး လက်ထပ်မယ်ဆိုပါလား။ မယုံနိုင်လောက်တဲ့စကား။

◉◉◉◉◉

(၂)

ဒီသတင်းက အင်တာ

နက်မပို့ရဘဲ တစ်ရပ်လုံးပြန့်နှံ့သွားတယ်။ ကံတရားတွေက တကယ် ထူးဆန်းလိုက်တာ။ မထင်မှတ်ဘဲ စိုင်ကော်လို ချုံပေါ်ရောက်သွားတယ် ပြောရမလား။ လူတိုင်းအဖို့ အံ့အားသင့်သွားစေတဲ့ကိစ္စ။

“ကောင်းပါတယ်။ လင်နဲ့သားနဲ့ဆို သူ့အလိုလို သေဝပ်သွားမှာပါ”

“သူ့အတွက် အချည်အနှောင်ရှိသွားပြီပဲ။ ဆိုးမှာ မဟုတ်ဘူး”

“ထင်လို့လား။ ခြံခုန်စရှိရင် ခုန်မှာပဲ။ ဘယ်တော့မှ အငြိမ်နေမယ့်အစား မဟုတ်ဘူး။ သူ့လင်လေးကို သနားမိပါရဲ့”

လူဆိုတာက ခက်တယ်။ ပြောစရာရှိရင် မှုဒိတာဖင်ချပြီး ပြောချင်တိုင်းသာ ပြောနေကြတော့တာပဲ။ အကောင်းထက် အဆိုးကို ပြောရတာ အာတွေ့နေလေသလား မသိဘူး။ သူတို့တွေ အဖြစ်သည်းနေပေမယ့် မအေးငြိမ်းက တစ်ချက်ကလေးမပျက်ဘူး။ သူလမ်းသူလျှောက်တာမှ ဖြူးလို့။ မင်္ဂလာပွဲကိုလည်း အကျအန ညှော်ခံပေးလိုက်သေးတယ်။ ကဲ ဘယ့်နှယ့်ရှိစ”

အိမ်ထောင်ကျတော့ အမေကြီးကို ညီမနဲ့ထားခဲ့ပြီး တောလိုက်သွားခဲ့တာ နှစ်လ၊ သုံးလ။ မကြာပါဘူး မိခင်အ





www.burmeseclassic.com

www.burmeseclassic.com




ကြောင်းပြုပြီး ပန်းပြန်ရောင်းဖြစ်ခဲ့တယ်။ သူ့ခင်ပွန်းကလည်း ကြည်ကြည်သာသာ ခွင့်ပြုတယ်နဲ့တူပါရဲ့။ သူတို့အိမ်ကလေးကို တောင် သွပ်မိုးပေးလိုက်တာတွေ့နေရပြီ။ သူ့ခင်ပွန်းက ရွာတစ်လှည့်ပြန်။ မြို့စွန် သူတို့အိမ်မှာနေတာ သုံးလေးရက်။ အားလုံး အဆင်ပြေပြေပါပဲ။ အိမ်နီးပါးချင်းတွေ အမြင်တော့ ပျော်စရာ သူတို့မိသားစုလေးပေါ့။ အိမ်ထောင်ကျစက ဆွဲကြိုးသေးသေးလေး ဆင်ထားပေမယ့် အခုတော့ လက်ကောက်နှစ်ကွင်းရယ်၊ လက်စွပ်ရယ်၊ တကယ့်ကို သားနားလာတယ်။ ထူးလည်းထူးတဲ့ မအေးငြိမ်း။ လင်သားကလည်း ချစ်လိုက်သမှ ပါးစပ်က တငြိမ်းတည်း ငြိမ်းနေတာ။ ရွာပြန်တဲ့အချိန်ကလွဲလို့ မယားနားက ခွာတယ်ကိုမရှိဘူး။ ကုန်ကုန်ပြောရင် ဈေးရောင်းတဲ့နောက်တောင် တကောက်ကောက် လျှောက်လိုက်နေတာပါ။ အဲဒီတော့လည်း အပြောမလွတ်ချင်ကြသေး။

"အရှုးအမဲသားကျွေးသလို ဆိုတာ ဒါမျိုးပေါ့"

"ကြာတော့ ကြည့်ရတာ မျက်စိကိုနောက်ရောပဲ"

"မကောင်းမကန်း ရထားလို့။ အမှန်အကန်ဆို ခက်



မယ်"

တချို့လူတွေက တစ်ဖက်သား ချိုးချိုးဖဲ့ဖဲ့ နှိမ်ပြောတတ်ကြတယ်။ ဘဝတစ်ခု ဖြောင့်ဖြူးသွားတာကို မေတ္တာထားပြီး ကျေနပ်ဝမ်းမြောက်ရမယ့်အစား မဲ့ချင်ရွဲ့ချင်ကြတယ်

လေ။ မတုန်လှုပ်တာက မအေး
ငြိမ်းပဲ။ တစ်ခါတစ်ရံ မထိခလုတ်
စောင်းမြောင်းတဲ့ စကားတွေက
သူ့အကြား။ သူ့ကိုပြောနေမှန်း
သိပေမယ့် နှုတ်တုံ့ပြန်စကား
မဟာခဲ့ဘူး။ ရန်မများခဲ့ဘူး။ သူ
မပြောသလို နေလိုက်ပြီး၊ လုံး
သည်းခံတတ်တဲ့ စိတ်ကိုတော
ချီးကျူးရမှာပဲ။ သူ့ခင်ပွန်းက
တော့ တကယ်မသိတဲ့ဟန်။ သူ
နေတာက ရိုးရိုးသားသား အေ
အေးဆေးဆေး။

ရပ်ကွက်ထဲမှာ သူ့ အ
ရှယ်မဆိုထားနဲ့။ လူပျိုပေါက်
လေးတွေ သောက်တတ်နေပြီ
သူက အသောက်အစားကင်
တယ်။ ပြီးတော့ လူတကာ
လည်း ရောရောထွေးထွေး ဒွေ
ရောယှက်တင် မနေခဲ့ဘူး။ အ
ပေမယ့် လူမှုရေး ခေါင်းပါးသ
လားဆိုတော့လည်း မဟုတ်ပြ
ဘူး။ ရပ်ကွက် သာရေး နာရေ
ကိစ္စတွေ ပေါ်လာရင် သူမရှေ့
တတ်တာ အမြင်ပါ။ တစ်ခါ
တစ်ခါ သူမရှိပေမယ့် မအေးငြိမ်း က
သူ့ကိုယ်စား ရောက်လာ
တယ်။ အလှူအတန်းအတွက်
ခွဲရင် သူတို့လင်မယားကမငြင်းဘူး



www.burmeseclassic.com

www.burmeseclassic.com





အများနည်းတူ ထည့်လိုက်တာပါပဲ။

အဲလို လုပ်ရပ်တွေကြောင့် အရပ်ထဲက ပါးစပ်ပေါက်တချို့ ပိတ်သွားတယ်။ သူတို့ရဲ့ ပြောင်းလဲတဲ့ အခြေအနေပေါ်မှာလည်း အပြောအဆိုနည်းသွားတာ သိသိသာသာ။ မအေးငြိမ်းတို့ကို အရင်တုန်းကလို တင်းတင်းခဲခဲ အပြောအဆိုတွေ ဆက်ဆံပုံတွေ ပြင်လာကြတယ်။ မထီမဲ့မြင် ဟန်ပန်တွေ ပျောက်လာကြတယ်။ မအေးငြိမ်းတို့အတွက် ပကတိအေးအေးငြိမ်းငြိမ်းပါပဲ။ ဟိုအရင် ဇာတ်လမ်းရှိပြီး ရှုပ်ရှုပ်ပွေပွေ သမားတွေလည်း ရှဲသွားတာ အမှန်။

"ဘယ်လောက် ဆိုးတယ်ပြောပြော အုပ်ထိန်းသူကာမပိုင် ရှိလာရင်တော့ လိမ္မာသွားတာပဲ ကြည့်လေ"

"ဒါပဲကွ။ ပျက်အစဉ့်ပြင်ခဏလို့ဆိုထားတယ် မဟုတ်လား"

တစ်စတစ်စ လေသံတွေ ပြောင်းပြီး အကောင်းမြင်တတ်လာကြတယ်။

ပြောပါပြီကော။ ပတ်ဝန်းကျင်ဆိုတဲ ၁ အခက်သားကလာ။

ဓဓဓဓဓ

(၃)

မအေးငြိမ်း မိခင်ကြီး ရုတ်တရက် သေဆုံးသွားတာကလည်း ကံကြမ္မာအလှည့်အပြောင်း တစ်ခုပါပဲ။ မအေးငြိမ်း အမေ ဒေါ်ထွေးမြ မိုးအကုန်မှာ ဆုံးသွားတော့ အစစအရာရာ သူ့ခင်ပွန်းပဲ အကုန်အကျခံခဲ့တာမို့ အသုဘကို စည်စည်ကားကား ချနိုင်ခဲ့တယ်။ ရက်လည်ဆွမ်းသွပ်ပြီးမှ ကိုခင်မောင်စိုး ရွာပြန်တာပါ။ စိတ်ပြေလက်ပျောက် သူ့ဇနီးကို ရွာခေါ်သွားတာကလည်း တစ်လကိုးသဟင်းပဲ။ နောက်တော့ မအေးငြိမ်းက ရွာမှာ မပျော်ဘူးလေ။ သူက ရွာရဲ့ တောခလေ့အလုပ်တွေကိုလည်း ကျွမ်းမှမကျွမ်းတာ။ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



မြို့ပြန်လာခဲ့တယ် ဆိုပါတော့။ အိမ်စောင့်နေခဲ့တဲ့ ညီမလင်မယားကို သူတို့ယောက္ခမအိမ် ပြန်နေမယ့်အစား ကိုခင်မောင်စိုးကပဲ အိမ်ဘေးမှာ အဖီလေး ဆွယ်ပေးလိုက်တယ်။ မအေးငြိမ်း ညီမက သူ့အရင်အိမ်ထောင်ကျတာ ကလေးသားမြေးတော့ မရှိသေးဘူး။ ယောက္ခမအိမ်မှာလည်း အိုးခွဲစားနေတာ ကြာပြီမို့ သူတို့လင်မယားအတွက် ပိုပြီး ဝန်ကျယ်စရာမှ မရှိတာပဲ။

"မင်းတို့ ညီအစ်မ နီးနီးနားနားနေတော့ မင်းအတွက် တိုးတိုးဖော်လေးလဲ ရတာပေါ့။ မင်း မရှိတဲ့အခါ သူတို့ပဲ မင်းအိမ်လာစောင့်ပေးတာ မဟုတ်လား။ ကိုယ်က သွားချည် လာလှည့်နေတာဆိုတော့ စိတ်မချဘူး"

ကိုခင်မောင်စိုးက အစီအစဉ်နဲ့ သူ့အကွက်ချ လုပ်ပေးခဲ့တာ အားလုံးအတွက် အဆင်ပြေဖို့ပါ။ ရွာမှာကလည်း သူ့မိသားစုကို ဦးဆောင်ပေးနေတာ သူပါပဲ။ ဒါကြောင့် ဟိုမှာက သူ မရှိလို့ မဖြစ်ဘူးလေ။ သူနဲ့ မယားညီအစ်ကို (မအေးငြိမ်းခယ်အို) က အသောက်ကလေး အနည်းအပါး ရှိပေမယ့် ရမ်းရမ်းကားကား လူစားမဟုတ်တော့ စိတ်ချရတယ်။ ပတ်ဝန်းကျင်နဲ့လည်း သင့်မြတ်အောင် နေတတ်စားတတ်တာ သူ့အသိ။ ကို ခင်မောင်စိုး စနစ်တကျစီမံတတ်တာကိုတော့ အရပ်က အောချရလောက်အောင်ပါပဲလို့ ပြောရမယ်။

"တော်တယ်ကွာ။ အမေကြီးမရှိတဲ့အချိန်မှာ သူ့အိမ်လုံခြုံအောင် လုပ်သွားပုံကလေးက မလှလာ။ ယောက္ခမအိမ် မှာ လူကများတော့ ကျပ်ကျပ်တည်းတည်း နေရတဲ့ မအေးငြိမ်းညီမလည်း အဆင်ပြေလို့ သူတို့အတွက်လည်း အလုပ်ဖြစ်အောင် ခင်မောင်စိုး ဖန်တီးသွားနိုင်တယ်"

"ဒီမောင်ကို အထင်မသေးနဲ့။ ဆယ်တန်းအထိ ကျောင်းနေခဲ့တယ်ဆိုလား။ တောမှာက အိမ်ထောင်နဲ့နှစ်မတစ်ယောက်၊ အပျိုနှမတစ်ယောက်ပဲ ရှိတာ။ အားလုံး သူ့ခြေသူ့လက်ပဲတဲ့"

"ဘာပြောပြော။ ဒီလို လူမျိုးရတာ မအေးငြိမ်း အများ ကြီး ကံကောင်းတယ်။ အရင်က ပုံစံအတိုင်းသာသွားရင် ဒီကောင် မလေး ပျက်စီးမှာ သေချာသ လောက်ပဲ"

အရပ်က အလိုတရား နဲ့ဝေဖန်လာကြတယ်။ ဒါကြောင့် အတင်းအဖျင်း လေသံမျိုး မဟုတ်ကြတော့ဘူး။ အစစ ချော မွေ့လို့။

ကိုခင်မောင်စိုးက သူ့ ဇနီးရဲ့ နေမှုလုံခြုံအောင်လုပ် သလို၊ မြို့စွန်ကမြို့ထဲဈေးအထိ သွားလာမှု လုံခြုံအောင်လည်း စီစဉ်ပေးခဲ့ပြန်တယ်။ အဲဒါက တော့ လက်ဝတ်လက်စားတချို့ နဲ့ သွားတတ်တဲ့ သူ့ဇနီးကို မသမာသူတွေက ပစ္စည်းအတွက် မကြံစည်နိုင်ဖို့ ခြေကျင်သွား မယ့်အစား နေ့စဉ်သွားလာဖို့ ဆိုက္ကားငှားပေးလိုက်တာပါ။ ဆိုက္ကားနဲ့ဆိုတော့ ခရီးလည်း တွင်ပြီး စောစောရောက်တယ် လေ။ စောစောရောက်မှလည်း စောစောဝယ်တတ်သူတွေ ဖောက် သည်တွေကို ရောင်းရတော့မယ် ပေါ့။ ညနေအပြန်ကိုတော့ ဈေး ဗန်းချည်းအလွတ်မို့ အဖော်တွေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပြန်လေ့ရှိတယ်။

မနက်တိုင်း စီးတဲ့ ဆိုက္ကားကို လပေးငှားထားရတာ။ တစ်လကုန်တစ်ခါ ရှင်းပေးနေရတယ်။ အဲဒီမှာပဲ ထွန်းလင်းဆိုတဲ့ လူရွယ်တစ်ယောက်။ သာယာလှပနေဆဲ ကိုခင်မောင်စိုး နဲ့ မအေးငြိမ်းတို့ ဇာတ်လမ်းထဲ ကို ဇာတ်ဆရာပို့ပေးလိုက်တဲ့ ဇာတ်ကောင်တစ်ကောင် အဖြစ် ထောင်မှတ်ဘဲ ရောက်လာခဲ့ရတယ်။

ဓဓဓဓဓ

(၄)

(မြင်းဖန်များ ယဉ်ပါး) တဲ့၊ တစ်နည်းတော့လည်း မိန်းမယောက်ျား မြင်ဖန်များသော် သနားချစ်ခင်, စိတ်ကျွမ်းဝင်)တတ်တဲ့ သဘောသဘာဝ ရှိလာတယ်။ ဒါကိုတော့ ကိုခင်မောင်စိုး မေ့နေသလား မသိဘူး။ သူ့ဇနီး စိတ်ချတာလည်း ပါ,ပါလိမ့်မယ်။ အဲဒီ ထွန်းမင်းဆိုတာက အားကောင်းမောင်းသန် လူရွယ်တစ်ယောက်ပါ။ ရုပ်ရည်ရူပက မိန်းမကြိုက်ရုပ် မျိုးမဟုတ်ပေမယ့် ယောက်ျားပီပီသသ ကိုယ်လုံးကိုယ်ထည် အမြဲတမ်း အပြုံးကိုနှုတ်ခမ်းပေါ် တင်ထားလေ့ရှိတော့ သဘောကောင်း မနောကောင်းလို့ မြင်ကြမှာပါ။ လူနေဆင်းရဲပေမယ့် မရှိ့ ရှိတာလေးနဲ့ ကြည့်ကောင်းအောင် ဝတ်စားတတ်သူမို့ အနေသန့်ပြီး ခန့်ထည်တဲ့ အသွင်သဏ္ဍာန်။ ကိုခင်မောင်စိုးဟာ မြို့စွန်နဲ့မြို့ထဲပြေးနေတဲ့ ဆိုက္ကားဂိတ်မှာ သူ့ကိုမျက်ကဲကျပြီး ရွေးငှားခဲ့တာ အမှားလို့ပြောရတော့မယ်။ မအေးငြိမ်းနဲ့ ထွန်းတင်က အသက်မကွာလှဘူး။ လကြီးလငယ်လောက်ပဲ ရှိမှာ။ ထွန်းတင်အနေနဲ့ မအေးငြိမ်းကို တကယ့်အလှဗိုင်ရှင်လို့ပဲ မြင်တာပါ။ မူလကထက် ဝတ်စားလာနိုင်တော့ မအေးငြိမ်းကလည်း ဟိုအရင်ကလို စုတ်တီးစုတ်ဖတ် မဟုတ်တော့ဘူး။ အဆင်အသွေးနဲ့ချုပ်ပုံကအစ ခေတ်မီမီအဝတ်အထည်တွေ ရွေးချယ်ဝတ်တတ်လာပြီ၊ တောင်အကွဲ လူ့အဝတ်ဆို မဟုတ်လာ။ ပင်ကိုက သနားကမားရုပ်ရည်လေးကို တန်ဆာဆင်လိုက်တော့ ကြော့နေတာပဲ။ ပန်းရောင်းပါတယ် ပြောလို့ မယုံချင်စရာ ရုပ်မျိုး။ မျက်လုံးလေး ထောင့်ကပ်ပြီး မခို့တရို့ရယ်သံလေးက ညင်းညင်းပျပျလို့ ပြောရမယ်။ ဒါတွေ ထွန်းတင်စွဲနေခဲ့မိတယ်။ ခန္ဓာကိုယ်ကလည်း ဖြောင့်ဖြောင့်တောင့်တောင့် ထွန်းတင်က ခေါ်တော့ မငြိမ်းဆိုပဲ။ မအေးငြိမ်းရဲ့ ခေါ်သံက အထွန်းတဲ့လေ။ မကြာပါဘူး။

**ကိုခင်မောင်စိုးဟာ မြို့စွန်နဲ့ မြို့ထဲပြေးနေတဲ့ ဆိုက္ကားဂိတ်မှာ သူ့ကိုမျက်ကဲကျပြီး ရွေးငှားခဲ့တာ အမှားလို့ ပြောရတော့မယ်။**



www.burmeseclassic.com

www.burmeseclassic.com



# မင်းပါးစပ်က နောက်ဒီကောင်နဲ့ အဆက်အသွယ်မလုပ်တော့ပါဘူးဆိုတာ ဝန်ခံကတိပေး။

လေးငါးလအတွင်းမှာ မမငြိမ်းနဲ့ အထွန်းဇာတ်လမ်းဟာ ပီပီပြင်ပြင် ဇာတ်အိမ်ဖွဲ့တော့တာပါပဲ။ ဒီရွာသားမဟုတ်ဘဲ ပြောင်းလာသူမို့ ထွန်းတင်ကလည်း အရှုးအမူး။ မအေးငြိမ်း အနေနဲ့ ယောက်ျားဆိုတာ အဆန်းကြီးမဟုတ်ပေမယ့် သူ့ကို စွဲစွဲလမ်းလမ်းရှိလှတဲ့ ထွန်းတင်ကိုတော့ တွယ်တာမိတယ်။ ဒီနေရာမှာ သဘောသကာယ ကောင်းတဲ့ လင်ကြီး ကိုခင်မောင်စိုးကို ပစ်ခွာနိုင်သလား ဆိုတော့လည်း မစွန့်လွှတ်နိုင်ဘူးလေ။ မပြတ်သားနိုင်တဲ့အကြောင်းက ထွန်းတင်ဟာ သူ့အတွက်အာမခံချက်မှ မရှိဘဲဟာ။ ပစ်ရမှာလည်း အဆီနဲ့ဝင်းဝင်း။ စားရမှာလည်း သဲနဲ့ရှုပ်ရှုပ်ပေါ့။ နောက်ဆုံးတော့ မအေးငြိမ်းတစ်ယောက် လှေနှံနှစ်ဖက် နင်းလိုက်တော့တယ်။

ပေါ်ပေါ်တင်တင်ကြီး မဟုတ်လေတော့ ကွာခြေနဲ့နေတဲ့ အတွက် လူသူလေးပါး မသိကြဘူး။ ဒါပေမယ့် မကောင်းမှုဆိုတာ ကြာရှည်ဖုံးကွယ်ထားလို့ ရတာမျိုးမှ မဟုတ်ဘဲကလား။ တစ်နေ့ပေါ်တော့ တာပေါ့။ ပိုဆိုတာက အပြင်မှာလက်သမားလိုက်လုပ်နေတဲ့ ကိုအောင်ထူး (မအေးငြိမ်းညီမရဲ့ ယောက်ျား) နဲ့ အိမ်တစ်အိမ်မှာ ပက်ပင်းတိုးခဲ့တယ်။ ဟိုလူကလည်း ကိုခင်မောင်စိုးကို သူတို့သားစု ခက်ခဲ ရင်ကူညီလေ့ရှိတော့ ကျေးဇူးရှင်တစ်ယောက်လို သဘောထားတာ၊ ကိုခင်မောင်စိုး ထိရင် ဆွေမျိုးထက် နာသေးတယ်။ သူမခံနိုင်ဖြစ်ပြီး ပေါက်ကွဲလို့ အသိပေးလိုက်တာကြောင့် ကိုခင်မောင်စိုးနားပေါက်သွားပါလေရော။ ကိုခင်မောင်စိုးက တော်ပါတယ်။ သူ့မယားကို အသည်းနင့်အောင် ချစ်သူပီပီ ခွ
လွှတ် စကားဆိုပြီး ထွန်းတင
ဆိုက်ကားနဲ့ လမ်းစဖြတ်လိုက
တာပါပဲ။ တခြား အသက်ကြ
ကြီး တစ်ယောက် ပြောင်းငှာ
လိုက်တယ်။ ဈေးရောင်းမပျက
စေရဘူး။

"မင်းပါးစပ်က နောက
ဒီကောင်နဲ့ အဆက်အသွယ
မလုပ်တော့ပါဘူး ဆိုတာ ဝန
ကတိပေး။ အေး ‥ ပေးတဲ့ ကတ
လဲ တည်ပါစေ။ ကတိပျက်ရင
တော့ ငါ့အဆိုးမဟုတ်တော့ဘူ
နော်"

ကိုခင်မောင်စိုးရဲ့ အေ
စက်တင်းခဲ့တဲ့ လေသံကို မအေ
ငြိမ်းကျောစိမ့်အောင် ကြောက
သွားပြီး ဘုရားစူးတွေ မိုးကြိ
ပစ်တွေနဲ့ မယုံ့ယုံအောင်ကျိ
တွယ်ကတိပေးရှာတယ်။ တကယ
တမ်း ကိုခင်မောင်စိုး ပစ်သွ
မှာကိုလည်း သေမလောက
ကြောက်သွားတာ အမှန်။ က
ခင်မောင်စိုးနဲ့ ထွန်းတင်တို့ မ
ဖွေနိုင်ပုံခြင်းက မိုးနဲ့မြေလောက
ကွာတာကိုး။ ထွန်းတင်က
သွေးသားဆန္ဒကို ဖြေပျာ
ယုံကလွဲလို့ အဒုံးကျတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲဟာ။ သူမှန်ကန်တဲ့ လမ်းကိုပဲ ရွေးရမယ်မဟုတ်လား။ ဒီပွဲမှာ သေမတတ်ခံစားရတာက ထွန်းတင်။ တစ်ဖက်က ကွာပေးရင် ကြည်ကြည်ဖြူဖြူ ယူမှာတဲ့။ မအေးငြိမ်းအပေါ် အစွဲကြီးစွဲနေတဲ့ ထွန်းတင်ဟာ ဘေးမကြောက် ရန်မကြောက် တစ်ဖွတ်ထိုးတာဖောက်ကန်းစိတ်။

၀၀၀၀၀

(၅)

တစ်နေ့ .. မမျှော်လင့်တဲ့ တစ်နေ့မှာ။

ထွန်းတင် (ကြိုက်မရှက်, ငိုက်မရှက်) မအေးငြိမ်းကို မရအရ ချိန်းတယ်။ အတင်းငြင်းဆန်ပေမယ့် (အဆိပ်သောက်သေလိုက်မယ်) ဆိုတဲ့ ခြိမ်းခြောက်အပြောနဲ့ မအေးငြိမ်းရဲ့ အားနည်းချက်ကို ဆုပ်ကိုင်လိုက်တယ်။ လင်ကြီးသိမှာကလည်း စိုး။ အမြှောင်လင်လေး မတော်တရော်ဖြစ်သွားမှာကိုလည်း စိုးရိမ်မိလို့ မအေးငြိမ်းမှာ ဘေးကျပ်နံကျပ် ဖြစ်နေရတယ်။ နောက်ဆုံး ...။

"ဒီနေ့တောက မလာလောက်သေးပါဘူး။ ရက်ဝေးသေးတာပဲ"

သူ့ဘာသာ ဖြေသိမ့်ပြီး ပန်းရောင်းတဲ့ဆိုင်က ချိန်းတဲ့နေရာကို ထွက်ခဲ့မိတယ်။ ဟိုရောက်တော့ အကြောင်းကြောင်းကြောင့် နှစ်နာရီလောက်ကြာသွားရော။ သုတ်သုတ်ပျာပျာ ပြန်လာတော့ ဆိုင်က ဒီအတိုင်းပါပဲ။

"တော်ပါသေးရဲ့၊ ခုမှ ရင်အေးသွားရတယ်"

မအေးငြိမ်း သက်ပြင်းမောကြီး ချမိသလားမသိဘူး။ ဆိုင်ထဲထိုင်မိရုံ ရှိသေး။ တစ်ဖက်ဆိုင်တန်းနောက်က ကိုခင်မောင်စိုး ထွက်လာတယ်လေ။ ရင်ထဲ ဒိုင်းခနဲအလုံးကြီး ဆောင့်တက်လာသလို ခံစားလိုက်ရပြီ။ အတတ်နိုင်ဆုံး ဣန္ဒြေမပျက်အောင် ကြိုးစားနေရတယ်။ လူလည်း တုန်ယင်လို့။

"အစ်ကို ထမင်းစားပြီးပြီလား။ ဘယ်တုန်းကရောက်တာလဲ"

ကိုခင်မောင်စိုး စကားပြန်မပြော။ မအေးငြိမ်း မျက်နှာကို စိမ်းစိမ်းဝါးဝါး ကြည့်နေတယ်။ မအေးငြိမ်း မနေတတ်တော့။ မျက်လွှာချသွားမိတဲ့အခါ သူ့အတွက် တုန်လှုပ်စေမယ့် မေးခွန်းတစ်ခုက ဖျတ်ခနဲ ဝင်လာတယ်။

"စောစောက ဘယ်သွားနေလဲ"

မအေးငြိမ်း အသံမပျက်အောင် ထိန်းလိုက်ပြီး ဖြေခဲ့မိတယ်။

"ဒီနားတင် အိမ်သာသွားတာပါ"

ကိုခင်မောင်စိုး အသက်မပါတဲ့ ခြောက်ကပ်ကပ်လေသံနဲ့ ရယ်လိုက်တယ်။

"ဟုတ်လား ငါရောက်နေတာ နှစ်နာရီကျော်သွားပြီ"

ပကတိ စကားသံတို့ ဆိတ်သွားပေမယ့် ဈေးဗန်းနဘေးက စတီးဓားချွန်နဲ့ ထိုးလိုက်တဲ့ ဓားချက်တွေ၊ အော်ဟစ်သံတွေ ညံလို့။ လူတွေ ရှုတ်ရှုတ်သဲသဲ။ ကိုခင်မောင်စိုး ဓားကို ပစ်ချပြီး သွေးသံရဲရဲနှင့် လဲနေသော မအေးငြိမ်း ဘေးမှာ ထိုင်ချလိုက်တယ်။ တာဝန်ကျရဲ‌‌တွေ မရောက်မချင်း သူစောင့်နေတော့မယ်လေ။

မိုးသစ်



www.burmeseclassic.com

www.burmeseclassic.com



# သူဌေးမလေး နှင့် လူစိမ်း



ကျော်သန်းစံ



www.burmeseclassic.com

www.burmeseclassic.com



"သူဌေးမလေးနှင့်လူစိမ်း"

ကျော်သန်းစံ

လူမိုက်တို့သည် ကားမိမိပြုခဲ့သော မကောင်းမှုအကျိုး မပေးသေးသမျှ ကာလပတ်လုံး ကောင်းမှုကို နှစ်သက်၍ ဝမ်းမြောက် ဝမ်းသာစွာ ပျားသကာကဲ့သို့ မှတ်ထင်တတ်၏။

သူ၏ မကောင်းမှု အကျိုး ပေးသောအခါ ထိုလူမိုက်သည် ဆင်းရဲဒုက္ခကြီးစွာရောက်ရလေ၏ ဟူ၍ ဓမ္မပဒ၌ လာရှိသည်။

ရန်ကုန်မြို့လယ်ကောင် ၌ အထပ်ပေါင်း (၂၄)ထပ်ရှိသော ကုန်သည်ကြီးများဟိုတယ်သည် မြို့၏ ကျက်သရေဆောင်ပင်ဖြစ်သည်။ တည်းခိုခန်းပေါင်း တစ်ထောင်ကျော်ခန့်ရှိသည်။ ထို့ပြင် စားသောက်ခန်း၊ ဘားခန်း၊ ကပွဲဆောင်၊ လူနေခန်း၊ ပျော်ပွဲစားဆောင်တွေနှင့် တည်းခိုသူတွေ အကြိုက်လိုလေသေးမရှိရအောင် စီမံထားသည်။

ဟိုတယ်ကြီးရဲ့ (၁၁)ထပ်မှာ ရှိသော တည်းခိုခန်းအမှတ် (၁၀၅)အခန်း၌လာရောက်တည်းခိုနေသူကတော့ မွန်ပြည်နယ်၏ မော်လမြိုင်က သန်းကြွယ်အမွေခံသူဌေးမလေး သက်လျာကျော့ခိုင်ပင်ဖြစ်သည်။

၀၀၀၀၀

၁၉၆၃ ခုနှစ်၊ ဩဂုတ်လ (၅)ရက်၊ တနင်္ဂနွေနေ့တွင် သန်းကြွယ်သူဌေးမ တည်းခိုရာ ကုန်သည်ကြီးများ ဟိုတယ်သို့ ကိုကိုကြီးရောက်ရှိလာသည်။ ကိုကိုကြီးသည် အိမ်ထောင်နှစ်ဆက်ရှိခဲ့သည်။ ပထမ အိမ်ထောင်နှင့် ကွာရှင်းပြီး ဒုတိယအိမ်ထောင်နှင့်လည်း သီးခြားစီနေထိုင်ကြသည်။ လက်ရှိအချိန်မှာတော့ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့က ကန်ထရိုက်တာ တစ်ယောက်နှင့် ရည်ငံနေကြသည်။

၁၉၃၆ ခုနှစ်၊ ဩဂုတ်လ (၆)ရက် တနင်္လာနေ့ နံနက် (၉း၃၀)နာရီအချိန်တွင် ဟိုတယ်သန့်ရှင်းရေး အလုပ်သမားလေး တစ်ယောက်သည် ကိုကိုကြီး၏ အခန်းထဲကို သန့်ရှင်းရေးပြုလုပ်ရန် ဝင်သွားစဉ် လည်ပင်းတွင် နိုင်လွန်ခြေအိတ်နှင့်စည်းနှောင်ပတ်ချုပ်ထားပြီး သေဆုံးနေသည်ကိုတွေ့ရှိရသည်။



**ဟိုတယ် သန့်ရှင်းရေး အလုပ်သမားလေး တစ်ယောက်သည် ကိုကိုကြီး၏ အခန်းထဲကို သန့်ရှင်းရေး ပြုလုပ်ရန် ဝင်သွားစဉ် လည်ပင်းတွင် နိုင်လွန်ခြေအိတ်နှင့် စည်းနှောင် ပတ်ချုပ်ထားပြီး**

www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်းရေး အလုပ်သမလေးသည် ဟိုတယ်အုပ်ချုပ်ရေးမှူးထံ သွားရောက်သတင်းပို့သည်။ အုပ်ချုပ်ရေးမှူးသည် ချက်ချင်းပင် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးထံ ဖုန်းဆက်တိုင် ကြားအမှုဖွင့်လိုက်သည်။



ရဲတပ်ဖွဲ့သည် ချက်ချင်းရောက်လာကြပြီး လူသေကောင်ကို ကိုင်တွယ်ကြည့်သည်။ သူ့အခန်းတွင်ရှိသော ပစ္စည်းများကို နှိုက်နှိုက်ချွတ်ချွတ်ရှာဖွေစစ်ဆေးကြသည်။

ကိုကိုကြီးသည် အင်္ဂါနေ့ နံနက် ၃–၄ နာရီခန့်အတွင်းက အသတ်ခံရခြင်းဖြစ်သည်ဟု ဆေးအစီရင်ခံချက်အရ သိရသဖြင့် တနင်္လာနေ့တွင် ကိုကိုကြီး၏ လှုပ်ရှားမှုတွေကို ရဲအဖွဲ့က စုံစမ်းရှာဖွေကြသည်။ ကိုကိုကြီးသည် အင်္ဂါနေ့ ညဉ့် (၁၂)နာရီအထိ ဟိုတယ်၏ မိုးပျံဘားခန်း၌ အမျိုးသား (၃)ယောက်နှင့်ရှိ ခဲ့သည်ဟု ဟိုတယ်အလုပ်သမ တွေက သတင်းပေးကြသည်။ ဘက်က ထိုဘားခန်းကို စ ဆေးကြသည်။

အမျိုးသား (၃)ယောက် အနက် တစ်ယောက်က မန္တလေ မြို့မှ အထည်အလိပ်ကုန်သည် တစ်ဦးဖြစ်သည်။ နောက်တစ် ယောက်က ပြင်ဦးလွင်မြို့က ဆောက်လုပ်ရေး ကိုယ်စားလှယ် ဖြစ်သည်။ သူတို့နှစ်ယောက် သည် ဟိုတယ်မှာ ဆက်လက် တည်းခိုလျက်ရှိကြသည့်အတွက် အလွယ်တကူ စစ်ဆေးမေးမြန်း နိုင်ခဲ့သည်။

တတိယ လူကို ဟိုတယ် စာရင်း၌ ရှာမတွေ့ဖြစ်နေသည် သို့သော်လည်း ကျန်လူနှစ်ယောက် ၏ ပြောပြချက်အရ မော်လမြိုင် မြို့ ဇာတိသားဖြစ်သည်ဟုသိ ရပြီး ယခုအခါ မြဝတီမြို့၌ နေထိုင် လျက်ရှိသော ကျော်ရှိန်ဝင်းဆို သူဖြစ်ကြောင်းသိရှိခဲ့ရသည်။ လူပုံသဏ္ဌာန်ကို ပြောပြရာ၌ သဲသဲကွဲကွဲ မသိခဲ့ရသဖြင့် မ သေမချာ ဖြစ်နေသည်။ သတင်း စုံစမ်းသည့်အခါ သူနေခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



လမ်းရှိ အိမ်၌ သူ့အခန်းမှာ လူတစ်ယောက်မှ မတွေ့ရသောကြောင့် ပြန်လာခဲ့ရသည်။

❀❀❀❀❀

မွန်ပြည်နယ်၊ မော်လမြိုင်ရဲအဖွဲ့ကို ကျော်ရှိန်ဝင်း၏ ကိုယ်ရေးရာဇဝင် မှတ်တမ်းမှန်သမျှ ပို့ပေးရန်(အီးမေးလ်)ရိုက်လိုက်သည်။ မြဝတီမြို့က ရဲဌာနမှာ စုံစမ်းသောအခါ မော်လမြိုင်မြို့က ရရှိခဲ့သော ကျော်ရှိန်ဝင်း၏ ပုံသဏ္ဍာန်အတိုင်းဖြစ်နေသည်။ သူသည် ကားခိုးမှုနှင့်အလိုရှိနေသော တရားခံပြေးဖြစ်နေသည်။ ကျော်ရှိန်ဝင်းခိုးခဲ့သော ကားနံပါတ်ကိုလည်း မှတ်သားထားလိုက်သည်။

ကျော်ရှိန်ဝင်းသည် ခံဝန်ချုပ်ကို ကျူးလွန်ဖောက်ဖျက်ပြီး ပြည်ပ(ထိုင်း)ကိုထွက်ပြေးသွားသဖြင့် တွေ့သောနေရာတွင် ဖမ်းဆီးရန် ဝရမ်းထုတ်ထားသည်ဟု မော်လမြိုင်ရဲအဖွဲ့က ပြန်ကြားထားသည်။ ထို့ကြောင့် ကျော်ရှိန်ဝင်း၏ ဓာတ်ပုံကိုလည်း ပို့လိုက်သည်။ ကုန်သည်ကြီး ဟိုတယ်၌ ကိုကိုကြီးနှင့်အဖွဲ့ ကျကျနရစ်ခဲ့သော ဓာတ်ပုံက ကျော်ရှိန်ဝင်း၏ ဓာတ်ပုံဖြစ်နေသည်။ ထို့ကြောင့် ကိုကိုကြီး၏ ဓာတ်ပုံကို မိတ္တူကူးပြီး အမှုဖြစ်ရပ်မှန်နှင့် ခိုးယူသွားသော ကားအမျိုးအစားပါ ပြည်ထောင်စုတစ်ဝှမ်းလုံးရှိ ရဲအဖွဲ့များကို ဖြန့်ဝေလိုက်သည်။

❀❀❀❀❀

ကရင်ပြည်နယ်၊ မြဝတီမြို့သည် အခင်းဖြစ်ပွားသော ရန်ကုန်မြို့နှင့် မိုင်ပေါင်းများစွာ ဝေးကွာသော်လည်း ရဲအဖွဲ့အနေဖြင့် ပြောရမည်ဆိုလျှင် နံရံတစ်ချပ်ခြားနေသော သဘောမျိုး ပါပဲဟူ၍ ရင်ဝယ်ပိုက်ထားသည်။

တစ်နေ့သော နံနက်ခင်း၌ ရဲမှူးအောင်မင်းသည် လမ်းလျှောက်သွားရင်း ဆိုင်ရှေ့အရောက်တွင် ဆိုင်ရှေ့ ရပ်ထားသော ကားကို အမှတ်မထင် ကြည့်လိုက်မိသည်။ ထိုအခါ ရန်ကုန်တိုင်းရဲတစ်ဖွဲ့မှ ကြော်ငြာထားသော ကျော်ရှိန်ဝင်း ခိုးယူထားသည့် ကားဖြစ်နေသည်။

ထိုအခါရဲမှူးအောင်မင်း စောင့်ကြည့်နေဆဲမှာပင် ဆိုင်ထဲမှ ကျော်ရှိန်ဝင်း ထွက်လာသည်။ ထိုနောက် ရဲမှူးအောင်မင်းသည် နာမည်မေးပြီး ဖမ်းဆီးလိုက်သည်။ သူ့ခန္ဓာကိုရှာဖွေကြည့်သောအခါ ကိုကိုကြီး၏ ပျောက်ဆုံးနေသော စိန်လက်စွပ်ကို တွေ့ရှိရသည်။

ထို့ကြောင့် ရန်ကုန်မြို့တရားရုံးတော်၌ ကျော်ရှိန်ဝင်းသည် ပစ္စည်းခိုးမှု၊ လုယက်မှု လူသတ်မှုတို့အတွက် သက္ကရာဇ် ၁၉၆၄ ခုနှစ်၊ မတ်လ (၃)ရက်နေ့တွင် ထောင်ဒဏ်တစ်သက်အပြစ်ဒဏ် အမိန့်ချမှတ်လိုက်သည်။

ကျော်သန်းစံ

**ကျော်ရှိန်ဝင်းသည် ခံဝန်ချုပ်ကို ကျူးလွန်ဖောက်ဖျက်ပြီး ပြည်ပ(ထိုင်း)ကိုထွက်ပြေးသွားသဖြင့် တွေ့သောနေရာတွင်ဖမ်းဆီးရန် ဝရမ်းထုတ်ထားသည်**




www.burmeseclassic.com

www.burmeseclassic.com

# စိတ်လိုက်မာန်ပါ

✱ ကေတုလှနိုင်





www.burmeseclassic.com

www.burmeseclassic.com



"စိတ်လိုက်မာန်ပါ"

ကေတုလှနိုင်

"တင်မြင့်ကတော့ လုပ်ချလိုက်ပြန်ပြီ။ ပင်လယ် ထွက်တော့မယ်ဆိုတာနဲ့ ငနဲသားဖျားပြီး မနေ့ကပဲ ဖိုးထောင်တို့အရက်ဆိုင်မှာ အရက်ချနေတာ အလွန်အကျွံ"

"ဒါကြောင့်ကိုး ဖျားချင်ချင်ဖြစ်နေလို့ ခေတ်ကြမ်းတိုက်သာတယ် ပြောတာ"

"ယုံလား အရက်ကြိုက်သို့ အမုန်းဆွဲတာ၊ မဖြစ်သေးပါဘူး လူတစ်ယောက်ခေါ်ဦးမှ ဖြစ်မယ်"

ဦးမြတ်ထွန်းက သူ့မိန်းမခေါ်လှနှင့် ဆက်မပြောတော့ဘဲ ဆစ်ဖက်သို့ချာခနဲလှည့်ကာ ခပ်သုတ်သုတ် ထွက်လျှောက်သွားလေတော့၏။

ဆစ်တိုတဲသို့ ရောက်ချောင်ရောက်ချင်း ဆစ်တိုအား

"ပင်လယ်လိုက်မယ့် လူရှိသားပေါ့ . . ."

ဟု မေးလိုက်သည်။

ဆစ်တိုက . .

"အခု လောလောဆယ်တော့ ဘယ်ရှိမှာလဲ"

ဟု ဖြေသည်။

ဆစ်တိုတဲသို့ ဦးတင်ဆောင် ရောက်ရှိလာပြန်သည်။ ဦးတင်ဆောင်က

"ပင်လယ်လိုက်မယ့် လူလားရှိတယ်။ မထားစိန်မောင်ရောက်နေတယ်။ အလုပ်ရှိရင်ပြောပါလို့ ကျုပ်ကိုပြောထားတယ်"

ဟု ပြော၏။

ဤသို့ဖြင့် သူတို့သည် "ထွန်း" မော်တော်ဖြင့် ပင်လယ်သို့ ထွက်လာပါတော့သည်။ ဤခရီးမှာ ပင်လယ်ပြင်တွင် မျှင်ထောင်ရန် ဖြစ်သည်။

ဤပင်လယ်ပြင်မှာ အရှေ့ဖျားကျွန်းရွာမှ မိုင်(၃၀)ကျော်သာ ဝေးကွာသော နေရာ ဖြစ်သည်။ အရှေ့ဖျားကျွန်းကျေးရွာမှ ထွက်လာစဉ်ကတည်းက အတော်လေး နောက်ကျသွားသည်။ အလျင်က နေ့လယ် ၁ နာရီ နောက်အကျဆုံးထားသည်။ သည် ကနေ့ကျခါမှ နေ့လယ် ၂ နာရီ ကျော်နေပြီ။

ရေလုပ်သားသစ် တင်ရှိန်ကို ဦးတင်ဆောင်သွားခေါ်နေသည့်အချိန်မှာ အနည်းငယ်ကြာသွားသောကြောင့်ပင်။ သည်မှာလည်း ဦးမြတ်ထွန်းသည် တင်ရှိန်ကိုပဲ မကျေမနပ်ဖြစ်ရမလိုလို အားလုံးကိုပဲ လှည့်ပတ်အော်ဟစ်ဆဲဆိုပစ်ရကောင်းမလား ဆန္ဒတွေဖြင့် မျက်နှာမှာ မှုန်သိုးသိုး။

သို့ဖြင့် ပင်လယ်ပြင်လုပ်ကွက်သို့ ညနေ ၃ နာရီကျော်မှ ရောက်သည်။ ပိုက်ချကြသည်။ ပိုက်ချရာတွင် ဦးမြတ်ထွန်းက ညွှန်ကြားပေးလွန်းသည်။

ဆစ်တိုနှင့် ဦးတင်ဆောင်တို့က ဦးမြတ်ထွန်းလို ညွှန်ကြားပေးပေးမယ့် သူတို့လုပ်ရမယ့်အလုပ်တွေကို ဟန်ပြပဲလုပ်တော့သည်။

"တင်ရှိန် လုပ်လိုက်စမ်းပါဦး"

သည်လိုပြောတာတွေက များနေသည်။ ထွန်း မော်တော်ဖြင့် မျှင်ထောင်ရန် ပင်လယ်ပြင်မှာ လုပ်ရသောအလုပ်ကို တင်ရှိန်တစ်ခါမျှ မလုပ်ဖူးမကိုင်ဖူးမဟုတ်။ လုပ်ဖူးကိုင်ဖူးသည်။

ပိုက်ချ ပိုက်ဖော် အလုပ်သာမက မျှင်များကိုဆားပေါ်က်ရသည်။ ရေနွေးတည်။ ထမင်းဟင်းချက် အလုပ်တွေရှိသေးသည်။

အလှည့်ကျ မန္တဲ့စတမ်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြရသည်။ သည်မှာ အလုပ်ပိုင်ရှင်သာ ဦးစားပေးအဆင့်မှာ ရှိသည်။ ကျန်ရေလုပ်သား သူ့အလုပ်ကိုယ့်အလုပ် မသတ်မှတ်။ ကြုံလျှင်ကြုံသလို လုပ်ကြသည်ချည်ပင်။

ပိုက်ဖော်သည့်အခါ ကင်းပုစွန်၊ ကျောက်ပုစွန်၊ ငါးလိပ်ကျောက်များပါ ပိုက်ထဲပါလာ



တတ်သည်ရှိရာ ကင်းပုစွန်၊ ကျောက်ပုစွန်၊ ငါးလိပ်ကျောက်တို့ကို အလုပ်ရှင်မယူပါ။

သို့သော် သည်နေ့မှာတော့ ဦးမြတ်ထွန်း၏ "ထွန်း" မော်တော်တွင် ကင်းပုစွန် နှစ်ကောင်ပါလာခဲ့ရာ ဦးမြတ်ထွန်းက ထိုကင်းပုစွန် နှစ်ကောင်ကို လုပ်သားတွေမပေးဘဲ သူက ယူလိုက်သည်။

"မင်းတို့ နောက်မှယူပေါ့ ..."

စကားကိုတော့ မကော[...] တတ်၍ ပြောလိုက်ပုံရသည်။

✖✖✖✖✖

သည်လိုလုပ်ငန်းရှင်[...] မော်တော်တွင် လိုက်လာမိသည်[...] အတွက် တင်ရှိန် ဘဝင်မကျ[...]

"ဒီမော်တော်မှာ ငါလိုက်[...] လာတာ မှားတာပဲ"

ဟု တွေး လိုက်သည်[...]

အခုလည်း ဦးမြတ်ထွ[...] ကအစ အရက်မူးနေကြသည်[...] သူက အလုပ်တွေအကုန် သိမ်[...] ကျုံးလုပ်ရမည့်သဘော။ တင်ရှိ[...] သည် မကျေမနပ်ဖြစ်နေသည်[...]

ဦးတင်ဆောင်နှင့် ဆ[...] တိုတို့ကလည်း အတော်ကို တ[...] ကိုယ်ကောင်းဆန်တဲ့လူတွေ။ [...] ပြောတဲ့လေသံက တစ်မျိုး။ [...] လုပ်ရှင် ဦးမြတ်ထွန်း ပြော[...] အချိုးကတစ်မျိုး။ တတ်ပဲတ[...] နိုင်လွန်းသည်။ အချိုတစ်ဖ[...] အချဉ်တစ်ခြမ်း မျက်နှာတွေပဲ[...]

တင်ရှိန်သည် သန့်ရှ[...] ရေးလုပ်ရင်း ဦးမြတ်ထွန်းနှင့် သ[...] လူများကို ကျိတ်ပြီးမကျေမန[...] ဖြစ်နေသည်။

စောစောပိုင်းက ဗို[...] တစ်ခါဖော်သည်။ သည်နေ့[...]



www.burmeseclassic.com

www.burmeseclassic.com



ကာမှ ငါးလိပ်ကျောက်တစ်ကောင် ပါလာသည်။

"ဒီ ငါးလိပ်ကျောက်ကိုတော့ ကျူပ် မယူလို့ မဖြစ်ဘူး"

တင်ရှိန်က ငါးလိပ်ကျောက်ကို ကောက်ယူပြီး အားလုံးကြားအောင် ပြောလိုက်သည်။

"ဘယ်သူလဲကွ"

ဦးတင်ဆောင်က လေသံလေးလေးကြီးနှင့် အော်သည်။ သူ အခုအရက်မူးနေပြီ။

"နောက်မှလဲ လာသေး။ နာမည်ကို ငြီးမှည့်ချင်တာလား။ သွား သေလိုက်စမ်း"

ဆစ်တိုက မီးလောင်ရာ လေပင့်နေသည်။ ဆစ်တိုက အရက်ကို မှန်မှန်သောက်ပြီး တသိမ့်သိမ့် မူးနေသည်။ ပြော၍အားရဟန်မတူ။ ဆက်ပြောသည်။

"လူတွေက ပင်လယ်ရောက်မယ်မကြံသေးဘူး။ ကဲချင်ဖြချင်တာက အမှန်းပဲ"

"ဘယ်ရောက်သွား ပြီလဲ။ ငါးလိပ်ကျောက် လက်တွေတ သွက်လှချည့်လား"

ဦးတင်ဆောင်က တင်ရှိန်အနီးလျှောက်လာရင်း ပြောလိုက်သည်။ "ထွန်း" မော်တော် ပိုက်ချထား၍ ပင်လယ်ပြင်လှိုင်းလုံးတွေကြားတွင် မျောနေသကဲ့သို့ ရှိသည်။

ပင်လယ်လေသည် တစ်ချက် တစ်ချက် ခပ်ပြင်းပြင်း တိုက်ခတ်လာတတ်၏။ ထိုအခါ 'ထွန်း" မော်တော်သည် တိမ်းကာယိမ်းကာနှင့် လေဆောင့်တိုက်လိုက်လျှင် တိမ်းမှောက်သွားလေမလား။ စိုးရိမ်စရာပင်။

ပင်လယ်ပျော်တို့ ဘဝမှာကား ပင်လယ်လှိုင်းလုံးတွေကို မြင်တိုင်းကြောက်မက်ဖွယ်ရာ အဖြစ်မမြင်။ သူတို့နှင့် မိတ်ဆွေအပေါင်းအသင်းတွေဟုသာ တွေးထင်ထား၏။ ဒါမှလည်း ကြောက်စိတ်ကို ဖယ်ရှားထားနိုင်ပါလိမ့်မည်။

ကြောက်စိတ် ဆိုတာက မရှိမဟုတ် ရှိသည်။ သဘာဝ ပေးထားသော စိတ်ဖြစ်သည်။ ကြောက်စိတ်ကို ဖယ်ထုတ်ထားကြရသည်သာ။

သည်တော့မှ ကြောက်စိတ်ကို လွှမ်းမိုးနိုင်သော စိတ်မျိုး အစားဝင်လာမည် ဖြစ်၏။

"ဒီမှာ .. ဒီမှာ ဦးတင်ဆောင်"

"ဘာလဲ"

"ငါးလိပ်ကျောက်ကို ကျူပ်ယူတယ်ထင်လို့ လာရစ်နေတာလား။ ကျူပ်ယူတာ မဟုတ်ဘူး။ အာချောင်လိုက်တာ"

"ဟော့ကောင် စကားကို အတည်ပြောစမ်း"

ဆစ်တိုက ငါးလိပ်ကျောက်ကိုယူသွားပြီး တစ်နေရာမှာ ထားလိုက်သည်။

သည်မှာ ပြဿနာက ရှင်းနေပြီ။ စောစောက ကင်းပုစွန်နှစ်ကောင်ကိစ္စ၊ အခု ငါးလိပ်ကျောက်ကိစ္စ။

"ခင်ဗျား စကားပြောတာ ကြည့်ပြော"

တင်ရှိန်က ပက်လိုက်လျှင် ဦးတင်ဆောင် မခံ၊ ဆဲပါလေတော့၏။

✻✻✻✻✻

ထိုအခါ .. စောစောက အရက်မူးပြီး မော်တော်တက်မခန်းသွားထိုင်နေသော ဦးမြတ်ထွန်း ထလာကာ ..

"ဟော့ကောင် တင်ရှိန် မင်းကို ငါမော်တော်ပေါ်တင်လာတာ အတော့်ကိုမှားသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com





ဟု ဝင်ပြောဇါ်။

"ကျုပ်ကလဲ ဘာထူး မှာလဲ၊ ခင်ဗျားတို့လိုပဲပေါ့။ လူ လို နိုင်းမလားလို့ လိုက်လာတာ"

"ခွေးကောင်"

ဦးမြတ်ထွန်းက တင်ရှိန် ကို 'ခွေးကောင်'ဟု အော်ပြီး ပျစ်ပျစ်နစ်နစ် ဆဲပြန်ပါဇါ်။

"ဦးမြတ်ထွန်း ခင်ဗျား လူကြီးဖြစ်ပြီး မမိုက်ရိုင်းနဲ့"

"မင်းမသိဘူးလား။ ပင် လယ်မှာ အလုပ်သမားဟာ အ လုပ်ရှင်ဘာခိုင်းခိုင်း လုပ်ကိုလုပ် ရမယ်ဆိုတာ မကျေနပ်လို့ ဆဲ လဲခံရမှာပဲကွ"

တင်ရှိန်က ဦးမြတ်ထွန်း ကို မျက်မှောင်ကြုတ်၍ ကြည့်နေ သည်။ ဘာမျှမပြောတော့။ အံ ကို မသိမသာ ကြိတ်လိုက်ဇါ်။

ဦးမြတ်ထွန်းတို့ကို အ စိမ်းလိုက် ဝါးစားချင်လောက် အောင် ရင်ထဲမီးထတောက်နေ သည်ထင်ဇါ်။ ဦးမြတ်ထွန်း၊ ဦး တင်ဆောင်နှင့် ဆစ်တိုတို့ကား အရက်မူးပြီး တစ်ယောက်တစ် နေရာ တုံးလုံးပက်လက်တွေ ဖြစ် ကုန်ကြဇါ်။ ယောင်သူက ယောင်၊ ဟောက်သူ( ဟောက်။

တင်ရှိန်သည် အလုပ် တွေ အားလုံးကိုလုပ်နေရသဖြင့် ဦးမြတ်ထွန်းတို့ သုံးယောက်အပေါ် ပို၍ မကျေမနပ်ဖြစ်လာဇါ်။

သည်လိုအချိန် ဓားကို တွေ့လိုက်သည်။

တစ်ချိန်တည်းမှာပဲ ဦး မြတ်ထွန်းကိုကြည့်လိုက်ရာ မော် တော်တက်မခန်းမှာ အိပ်ပျော်နေ သည်ကို တွေ့လိုက်သည်။

တင်ရှိန်သည် ဘာမျှ ဆက်မတွေးတော့။ မီးဖိုဘေး ၌ထောင်ထားသော ငါးခုတ်ဓား ကို သွားယူပြီး ဦးတင်ဆောင်၏ လည်ပင်းကို ခုတ်ချလိုက်ဇါ်။

"အွန့် . . ."

ဦးတင်ဆောင်မှာ အိပ် ပျော်နေရာမှ နိုးချိန်ပင်မရလိုက်၊ အွန့်ခနဲ အသံတစ်သံသာ မချိ မဆန့်ပေါ်ထွက်လာနိုင်သည်။ လူး လိမ့်လူးလှုပ်ရှားနေရာမှ ကိုယ်တစ် ပိုင်းရေထဲသို့ ကျလုတည်းတည်း ဖြစ်၍ သွားလေသည်။ အနီးတွင် အရက်မူးပြီး အိပ်ပျော်နေသော ဆစ်တိုလန့်နိုးလာသည်။ သူက အထိတ်တလန့်ဖြင့် . .



www.burmeseclassic.com

www.burmeseclassic.com



"ဦးတင်ဆောင် . ."

"ဦးတင်ဆောင် . ."

ဟု ဗလုံးဗထွေးအော်ရင်း ဦးမြတ်ထွန်းကို လှမ်းဆွဲထား၏။

"ဒုတ် . . ဒုတ် . . ဒုတ်"

"အား . . အား . . အား"

တင်ရှိန် ခုတ်နေသော ဓားချက်များသည် ဆစ်တို၏ ကျောပေါ်၊ မျက်နှာပေါ်၊ ကုပ်ပိုးပေါ်ခုတ်မိလျက်သား ဖြစ်နေလေရာ ဓားချက်တိုင်းသွေးများ တိုးထွက်ကာ နှစ်ယောက်စလုံးပင် ရေပြင်ပေါ် ပြုတ်ကျသွားကြ၏

"ဗွမ်း . . ဗွမ်း"

ရေသံများ ပင်လယ်လေတိုက်ခတ်နေသည့် အသံများကြားမှ ပေါ်ထွက်လာ၏။

ထိုအခိုက် ဦးမြတ်ထွန်း အိပ်ပျော်နေရာမှ လှမ်းမြင်လိုက်သည်။ အခြေအနေမကောင်းပါလား။

"ဟာ . . ."

သူ့ပါးစပ်က အာမေဋိတ်သံတစ်သံ ပေါ်ထွက်လာ၏။

ပြီးလျှင်ကား ဦးမြတ်ထွန်းသည် လက်ရှိ အနေအထားကို သိလိုက်ရသည်နှင့် ဘာဆက်လုပ်ရမည်ကို တွေးလိုက်သည်။

သို့နှင့် . .

သူသည် မော်တော်တက်မချပ်ကို ဆွဲနုတ်ယူလိုက်သည်။ တက်မချပ်လက်ထဲ ရောက်လျှင် ရောက်ချင်း မော်တော်ပဲ့ပိုင်းအမိုးပေါ် လွှားခနဲ ခုန်တက်လိုက်သည်။

တင်ရှိန်က နောက်မှ ထက်ကြပ်မကွာ ပြေးလိုက်လာ၏။ ဦးမြတ်ထွန်းက တက်မချပ်ဖြင့် တင်ရှိန်ကို လှမ်းရိုက်၏။

တက်မချပ်က ရိုက်ကွင်းကိုမထိ၊ တင်ရှိန်ရှောင်လိုက်သောကြောင့် တက်မချပ်ရိုက်ချက်လွဲချော်သွားပြီး ဝါးလုံးတန်းကို ဖြောင်းခနဲ ရိုက်မိသွား၏။

ဦးမြတ်ထွန်းလည်း ရပ်နေသောနေရာတွင် ဟန်ချက်လွတ်ပြီး တစ်ဖက်သို့ တိမ်းစောင်းသွား၏။ ထိုအချိန်တွင် ဦးမြတ်ထွန်းက တင်ရှိန့်ရှေ့ ပြုတ်ကျလာ၏။

တင်ရှိန်သည် လက်တွင် အသင့်ကိုင်ထားသော ဓားဖြင့် ကုပ်ပိုးကို ခုတ်ချလိုက်သည်။ ဦးမြတ်ထွန်းအော်ဟစ်ရင်း ပင်လယ်ရေပြင်ပေါ် ပြုတ်ကျသွားလေတော့၏။

"ဗွမ်း . . ဗွမ်း "

တင်ရှိန်သည် သွေးတွေပေကျံနေသော ဓားကိုကိုင်ကာ ဦးမြတ်ထွန်းပြုတ်ကျသွားပြီး နစ်မြုပ်သွားသော ရေပြင်ကို စိုက်ကြည့်နေသည်။ သူ့ကိုယ်သူ ဘာတွေလုပ်နေမှန်း မသိသလို ခပ်ကြောင်ကြောင် ဖြစ်နေသည်။

နောက်မှ မော်တော်ကို ကမ်းစပ်တစ်နေရာသို့ ရောက်အောင် မောင်းလာပြီး ဆိုက်ကပ်လိုက်သည်။ ပြီးလျှင် ခတ္တာကျွန်းကျေးရွာထဲ ဝင်ခဲ့သည်။

အရှေ့ဖျားကျွန်းရှိ အစ်မအိမ်ပြန်ပြီး အစ်မနှင့် ဘာဆက်လုပ်ရမလဲ တိုင်ပင်ရ ကောင်းမလား တွေးသည်။ လောလောဆယ် ဘာလုပ်ရမှန်းကို မသိဘဲ ဖြစ်နေသည်။

သို့နှင့် ခေတ္တာကျွန်းကျေးရွာရှိ ဦးငြိမ်းအရက်ဆိုင်မှာ အရက်ဝင်သောက်နေစဉ်မှာပဲ ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာကာ တင်ရှိန်အား ဖမ်းလိုက်ပါလေတော့၏။

*ကေတုလှနိုင်*



www.burmeseclassic.com

www.burmeseclassic.com

# ဘိုးတော်ဆိုတိုင်း ယုံသင့်မှယုံပါ





www.burmeseclassic.com

www.burmeseclassic.com



### ဘိုးတော်ဆိုတိုင်း
### ထုံဘင့်မှုထုံဝါ
### ခင်မောင်ထွန်း–ထမ်းမထော်

ဆယ်ရာစု (၂)စု၏ ဟိုဘက် ဆီက ဖြစ်တယ်။ စာရေးသူ ရန်ကုန်တိုင်းရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့စဉ် 'ဘိုးတော်' အတုယောင်များကို သက်သေအထောက်အထားများ ရှာဖွေ ဖော်ထုတ်ပြီး တရားစွဲတင်ပို့နေစဉ် ကာလက ဖြစ်ပါတယ်။ ထိုစဉ်က ရန်ကုန်တိုင်း အပါအဝင် နယ်မှ ဘိုးတော်အမည်ခံ လူလိမ်အချို့ ဥပဒေအရ အဖြစ်ပေးခံနေရချိန် ဖြစ်ပါတယ်။

ထို ကာလကလည်း ဘိုးတော်အမည်ခံလူလိမ်လူညာများ ခေတ်စားခဲ့ကြပါတယ်။ ရှေးဖြစ်နှောက်ဖြစ်ပေါ်ယောရာ၌ လက်ကိုမြှောက်လိုက်လျှင် ထက်ထဲမှာ အဆောင်ပစ္စည်း စီးတရုတ်၊ ရုပ်ပွားတော်၊ အင်းကွက်၊ ဓာတ်စာ စသည်တို့ကို ထွက်ပေါ်လာစေသည့် လက်လှည့်ပညာများကိုလည်း သုံးစွဲထားကြပါတယ်။

အတတ် ဟောပညာကို အနည်းငယ်တတ်ရုံသင်ပြီး လက်လှည့်၊ မျက်လှည့်တွေ ပူးတွဲသုံးလိုက်တော့ ပြဿနာဖြစ်နေသူ၊ ချို့တဲ့နေသူ၊ စိတ်ဆင်းရဲနေသူ၊ အားငယ်နေသူ၊ ကြီးပွားချင်သူတွေ ထကထယ်ထုံပြီး ဘိုးတော်အတုအယောင်တွေဆီ အလုအယက်သွားကာ အားထိုးတကြီး ဖြစ်လာတာပါတယ်။ အဲဒီနေရာမှာ အမျိုးသမီးတွေက ပိုများတယ်ပေါ့။ အတုအယောင်တွေက အဲဒီအားနည်းချက်ကို ယူပြီး ငွေ၊ ပစ္စည်း၊ အဲဒီကနေ အချို့ဘိုးတော် အတုတွေက လူမှုရေးဖောက်ပြန်တဲ့အထိ လုပ်လာကြတယ်။ အဲဒီအမှုတွေထဲက တစ်ခုကို ထပ်ပြရရင်တော့–––

စာရေးသူ၏ အထက်အရာရှိကြီးတစ်ဦးက သူ့ရုံးခန်းကို အခုလာခဲ့ပါဆိုလို့ အနော်ရထာလမ်းနှင့် ၄၇ လမ်းမှာရှိတဲ့ ရန်ကုန်တိုင်းရဲတပ်ဖွဲ့ရုံးကနေ သိမ်ဖြူလမ်းမှာရှိတဲ့ ဝန်ကြီးများရုံးကို ချက်ချင်းပဲ သွားခဲ့ပါတယ်။

အရာရှိကြီး ရုံးခန်းရောက်တော့ စာရေးသူကို တိုင်စာတစ်စောင် ထုတ်ပေးရင်း–

"ရော့ ဒီမှာ တိုင်စာတစ်စောင် အထက်က ပို့လိုက်တယ်။ "ဘိုးတော်လိမ် မောင်ချစ်" တဲ့။ တာမွေဘက်မှာရှိတယ်။ ခင်းလက်အောက်တအဖွဲ့နဲ့ သေချာစစ်ဆေးပြီး အမှန်ကို ဖော်ထုတ်ပါ။ အခြေအနေကို ပြန်ပြီး တင်ပြပါ"

"ဟုတ်ကဲ့"

စာရေးသူ ပြန်လာခဲ့ပါတယ်။ ရုံးခန်းရောက်တော့ တိုင်စာကို ဖတ်ကြည့်မိပါတယ်။ တိုင်ထားသူက အမျိုးသားတစ်ယောက်ပါ။ သူ့ဇနီးဟာ ဘိုးတော်လိမ် မောင်ချစ်ကို သွားမေးရင်း မောင်ချစ်၏ လှည့်ဖြားမှုခံရကြောင်း သူ့ဇနီးအပြင် အခြားအမျိုးသမီးများကိုလည်း လိမ်လည်လှည့်ဖြားအကိုသွင်းနေကြောင်း မကြာခင် လူမှုရေး ဖျက်ဆီးခံရမည်စိုးရိမ်၍ တိုင်ကြားပါကြောင်း ဖော်ပြထားပါတယ်။

မောင်ချစ်ဆိုသူအကြောင်း

## ရော့ ဒီမှာ တိုင်စာတစ်စောင် အထက်က ပို့လိုက်တယ်။ "ဘိုးတော်လိမ် မောင်ချစ်" တဲ့။ တာမွေဘက်မှာရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူ သတင်းရထားပြီး ဖြစ်ပါတယ်။ သူတို့လည်း အနီးတစ် လေ့လာစုံစမ်းနေသောအဖွဲ့ရှိနေပါတယ်။ သူတို့နဲ့ ဆက်သွယ်ပြီး စာရေးသူကိုယ်တိုင်တွေ့ဆုံခဲ့ပါတယ်။ တိုင်စာတိုင်ကြားသူကို အဖွဲ့တစ်ဖွဲ့ စေလွှတ်ပြီး စစ်ဆေးဖို့ တာဝန်ပေးခဲ့ပါတယ်။ သူတို့ထံက အစီရင်ခံချက်အရ လူတွေကို အထုံသွင်းပြီး ညာစားနေသည်ဟု သံသယရှိကြောင်း သိရပါတယ်။ စာရေးသူလည်း ကိုယ်တိုင် လေ့လာချင်တာနဲ့ ရဲမှန်းမသိအောင် ဗေဒင်မေးသူ ဟန်ဆောင်ပြီး သွားတွေ့ခဲ့ပါတယ်။

စာရေးသူ ရောက်သွားချိန်မှာ လူဝါးသော နေ့ခင်းထမင်းစားချိန် ဖြစ်ပါတယ်။ နေ့ခင်းတစ်နာရီခန့်ဆိုတော့ မောင်ချစ် ထမင်းစားပြီး ပတ်လက် ကုလားထိုင်မှာ ထိုင်ကာ အချို့ဖွဲ့စားနေချိန် ဖြစ်ပါတယ်။

စာရေးသူနဲ့ တပည့်တစ်ဦး သူ့ထံ ရိုရိုသေသေပုံစံဖြင့်ပြီး ဝင်သွားပါတယ်။ မောင်ချစ်က စာရေးသူကို လှမ်းကြည့်ရင်း---

"ညီတော်မောင် လာ ရှေ့တိုးလာခဲ့။ ဒီဆက်တီ ကုလားထိုင်မှ(?) ထိုင်ကြပါ"

> "ညီတော်မောင်
> လာ
> ရှေ့တိုးလာခဲ့။
> ဒီဆက်တီကုလားထိုင်မှာ
> ထိုင်ကြပါ"

စာရေးသူနှင့် တပည့်တ... ဆက်တီကုလားထိုင်တွင် ဝင်ထိုင်ကြ... ထယ်။ မောင်ချစ်က ပတ်လက်ကုလား... ထိုင်မှ ထပြီး စာရေးသူတို့နှင့် မျက်နှာ... ချင်းဆိုင် ထိုင်ခုံသို့ ရွှေ့ထိုင်လာပါတယ်...

သိရှိထားသော မေးမြန်းသ... တို့ထုံးစံအတိုင်း စာရေးသူက စာအိတ်... နှင့် ထည့်လာသော ငွေကျပ် ၁၀၀၀တို... မောင်ချစ်ရှေ့ရှိ စားပွဲပေါ်သို့ တင်ပေး... လိုက်ပါတယ်။ မောင်ချစ်က စာအိတ်... ကို လက်နဲ့ ဖိရုံဖိလိုက်ပါတယ်။

"ထဲ ညီတော်မောင်ရဲ့ မွေး... သက္ကရာဇ်၊ နာမည်ပြော"

စာရေးသူက တလွဲတွေကို ပြောပြလိုက်ပါတယ်။

မောင်ချစ်က စာရွက်ပေါ်... ရေးပြီး တွက်ချက်ပါတယ်။

"ပြီးတော့ ညီတော်မောင်... အဓိက ဘာမေးချင်ပါသလဲ"

"ကျွန်တော် စီးပွားရေးလုပ်... ငန်းတစ်ခု လုပ်ချင်ပါတယ်။ အဲဒါ ဘိုး... တော် အောင်မြင်အောင် ဆောင်ရွက်... ပေးပါ"

"အင်း ညီတော်မောင် အ... ညံ့ထဲ ရောက်နေတယ်။ ပြီးတော့ ညီ... တော်မောင်က သိုက်က လာ...ဆို...



www.burmeseclassic.com

www.burmeseclassic.com



တော့ အသက် အန္တရာယ်ရှိနိုင်တယ်။ ဒါပေမဲ့ ကျုပ် အကောင်းဆုံး ထကြွ တွေ လုပ်ပေးရမှာပေါ့။ ဒါပေမယ့် ဒီနှစ် ထုန့်ရင်တော့ အညှာလွှတ်ပြီ။ ဒီအတွက် ဆကြာအပြင် အဆောင်ပါ ပေးလိုက် မယ်။ အဲဒါဆောင်ရင် မင်း လုပ်ချင်တဲ့ အလုပ်တွေ အောင်မြင်လိမ့်မယ်--

"ရော့ ဒီရေနွေးကြမ်း ထည့်ထားတဲ့ ပန်းကန်ကို မင်း ကိုင် ထား။ မျက်စိမှိတ်ပြီး ဘုရားကို ဆု တောင်း။ မင်းရဲ့သိုက်က အစောင့် တွေနဲ့ တိုင်ပင်ပြီး အဆောင်ပေးမယ်။ မျက်စိမှိတ်ထားတော့---"

စာရေးသူက သူပေးလာ သော ရေနွေးကြမ်းပန်းကန်ကို ယူပြီး လက်နှစ်ဖက်နဲ့ ကိုင်ပါတယ်။ မျက်စိ မှိတ်ခါနီး ထပည့်ကို လှမ်းကြည့်လိုက် တယ်။ ထပည့်က သဘောပေါက် ကြောင်း ခေါင်းညိတ်ပြပါတယ်။ ဆရာ ထပည့် အတိုင်အဖောက်လုပ်ထား သည်မှာ ဘုဘာကို လိမ်သလဲဆိုတာ စောင့်ကြည့်ရန် ဖြစ်ပါတယ်။

"ထဲ ညီတော်မောင် မျက်စိ မှိတ် ဘုရားအာရုံပြု--"

စာရေးသူ မျက်စိမှိတ်လိုက် ပါတယ်။ တစ်အောင့်အကြာလောက် မှာ-

"ထဲ မျက်စိဖွင့်ပြီး ပန်းကန် ထဲ ကြည့်လိုက်ပါ"

ရေနွေး ပန်းကန်ထဲတွင် သေးထော်လှသော ရှင်သီဝလိရုပ်ပွား တော် အဖြူရောင်လေး တစ်ဆူ ရောက်နေပါတယ်။

စာရေးသူက ထပည့်ကို လှမ်းကြည့်ရာ ခေါင်းခါပြသည်။ မမြင် တွေ့လိုက်ကြောင်း ပြောခြင်းဖြစ်၏။ သူ သိလိုက်ပုံ မပေါ်ပါ။

"ထဲ ညီတော်မောင်ရဲ့သိုက် ဆက်တွေကိုလည်း တိုင်တည်ပြီးပြီ။ စောင့်ရှောက်ကြလိမ့်မယ်။ အကြံအ စည်အတိုင်းဆက်လုပ်ပေတော့၊ အဘ ထလဲ ထကြာအတွက် အိမ်မှာ ဘာသ နာပွဲ တင်ပေးမယ်။ အဲ ဘာသနာပွဲအ တွက်ကတော့ ငွေကျပ် ၁၅၀၀ ကုန် မယ်။ အခု ပါရင်လဲ ပေးခဲ့၊ မပါရင်လဲ ညနေလာပို့ပေါ့"



www.burmeseclassic.com



"ဟုတ်တဲ့ ညနေ လာပို့ပါမယ်"

စာရေးသူကို ပြောဆိုနေချိန်မှာပင် အသက် (၃၀)ခန့် အမျိုးသမီးတစ်ဦး ဝင်လာပါသည်။

"ဪ ကြည်မေနွယ် သမီးရောက်လာပြီကိုး"

"ဟုတ်ကဲ့ အဘ၊ အဘစားဖို့ ကြက်သားပလာတာလဲ ဝယ်လာတယ်"

"ညက အဘပြောတာ လုပ် ဖြစ်ရဲ့လား သမီး"

"ဟုတ်ကဲ့ လုပ်ပါတယ် အဘ"

"အေး ထူးခြားလာမယ် သမီး၊ သမီးကလဲ သိုက်ဆက်ထဲကပဲ"

စာရေးသူ မထသဲ နားထောင်နေမိပါတယ်။ နောက်ထပ် အမျိုး သမီးငယ်နှစ်ဦး ထပ်ရောက်လာပါတယ်။

"ထဲ ညီတော်မောင်တို့ပြန်ပြီး လုပ်စရာရှိတာ လုပ်ကြတော့"

စာရေးသူ ဆက်မနေတော့ဘဲ နှုတ်ဆက်ပြီး ပြန်ခဲ့ပါတယ်။ တားပေါ်ရောက်တော့ တပည့်ဖြစ်သူကို ရှင်သီဝလိရုပ်ပွားတော် ဘယ်လို ပန်းထန်ထဲ ထည့်လိုက်တာလဲဟု မေးကြည့်ရာ သူ သေချာအာရုံစိုက်ကြည့်နေသော်



လည်း မမြင်မိကြောင်း ပြောပါတယ်။ လိမ်တာတော့ လိမ်ခြင်းဝင်၊ ဝိရိုသေသပ်စွာ လိမ်ခြင်းဟု စာရေးသူ မှတ်ချက်ချမိပါတယ်။

စာရေးသူ ရုံးခန်းရောက်တော့ တိုင်စာပို့တဲ့သူကို သွားစစ်တဲ့အဖွဲ့ပြန်ရောက်နေပါပြီ။ တိုင်ကြားသူထံမှ အချက်အလက်မှာ အခိုင်အမာရခဲ့ပါတယ်။ ဒါနဲ့ည (၇)နာရီလောက်မှာ 'ဘိုးတော်လိမ် မောင်ချစ်' ကို သွားခေါ်ပြီး ရရှိတဲ့ အချက်အလက် အခိုင်အမာနဲ့ စစ်ဆေးခဲ့ရပါတယ်။

မောင်ချစ်ကို အချက်အလက်အခိုင်အမာတွေ စစ်ဆေးရရှိကြောင်း ပြောတော့ မောင်ချစ်က ကွယ်မနေတော့ဘဲ အမှန်အတိုင်းဝန်ခံပါတယ်။ အဲဒီအချိန်က မောင်ချ ပြောဆိုခဲ့တဲ့ အချက်အချို့ကို တင် ရမယ် ဆိုရင်တော့---။

ကျွန်တော် ဗေဒင်ပညာ နှစ်ခါသင်ခဲ့ပါတယ်။ လူတွေပိုပြီး ကြည်လာအောင် ဗေဒင်ပညာနဲ့ရော



www.burmeseclassic.com

www.burmeseclassic.com



လက်လှည့် မျက်လှည့်ပညာကို သင်ဖို့လိုတယ်ထင်လို့ မျက်လှည့်ပညာကိုတော့ သုံးနှစ်လေ့ကျင့်ခဲ့ပါတယ်။

ကျွန်တော့်လက်ထဲက အဆောင်တွေ ထွက်လာအောင် လုပ်တာကတော့ ကျွန်တော်က တိုက်ပုံခပ်ပွပွ ချုပ်ပြီး ဝတ်ပါတယ်။ လေ့ကျင့်ထားတဲ့အတိုင်း တိုက်ပုံတံတောင်ဆစ်တွေရဲ့ အောက်မှာ စီးကရက်ဘူးကို လက်မောင်းက ညှပ်ထားပါတယ်။ လိုချင်တဲ့အခါ ထွက်လာအောင် လက်ကို ဆွဲယမ်းလိုက်ရင် တံတောင်ဆစ်နားက စီးကရက်ဘူးက အလိုလို ထွက်ကြလာတော့ လှမ်းဖမ်းလိုက်ပါတယ်။ မြင်တွေ့ရသူက အံ့ဩသွားစေခဲ့ပါတယ်။

ရှင်သီဝလိ ဆင်စွယ်ရုပ်တုငယ်လေးတွေနဲ့ ကျောက် အနီအစိမ်းရောင်စုံ အသေးဆုံးလေးကို ရွှေတိဂုံဘုရားဈေးနဲ့ ရွှေဘုံသာလမ်းက ဝယ်ပါတယ်။ ကျွန်တော့် လက်ဆယ်ချောင်းကို ကြည့်ပါ။ လက်သည်းအောက်က အသားကို လက်သည်းနဲ့ ကွာပြီး ပေါင်းလောင်းဖြစ်အောင် ပင်အပ်နဲ့ ထိုးထိုးပြီး ပြုပြင်တော့ လက်သည်းတွေကို ညှိပြီး အောက်က အသားနဲ့ ကပ်နေရာက ကွာပြီး ကလိုင်လိုဖြစ်နေတယ်။ အဲဒီကွာကနေတဲ့ လက်ဆယ်ချောင်းရဲ့ ကလိုင်ထဲမှာ ရှင်သီဝလိရုပ်နဲ့ရောင်စုံ ကျောက်ကလေးတွေ တစ်ခုစီ ထည့်ထားပြီး လာမေးတဲ့သူတွေ ယုံအောင် လက်ကို ဆွဲယမ်းလိုက်ပြီး လေ့ကျင့်ထားတဲ့အတိုင်း ထုတ်ယူလိုက်ပါတယ်။ ပြီးတော့ အဆောင်အဖြစ် ပေးပါတယ်။ ကြည့်နေသူတွေက တကယ်ပဲ အစောင့်တွေကပေးလိုက်လို့ ရောက်လာတယ်ဆိုပြီး ထင်ကြအံ့ဩကြတာတွေ့ရပါတယ်။

အချို့ကိုတော့ ရေနွေးကြမ်းပန်းကန် ကိုင်ထားစေပြီး မျက်စိမှိတ်ခိုင်း ဘုရားအာရုံပြုခိုင်းထားပြီး ပေးမယ့် အဆောင်ဝစ္စည်းကို လက်သည်းကြားကထုတ် လက်ညှိုးပေါ်တင်ထားလက်မနဲ့တောက်ပြီး ပန်းကန်ထဲ ကျအောင် လုပ်ပါတယ်။ အဲဒါလည်း သုံးနှစ်လောက် လေ့ကျင့်ခဲ့ရပါတယ်။

စာရေးသူနဲ့ အဖွဲ့က လက်တွေ့ လုပ်ခိုင်းကြည့်ပါတယ်။ ပန်းကန်အတွင်းသို့ ကျအောင် လုပ်ပြနိုင်ပါတယ်။ သေးငယ်သော ဝစ္စည်းဖြစ်လို့ ပေါင်ကြားတွင် ဂုတ်ထားသောလက်မှ တောက်လိုက်ခြင်းဖြစ်လို့ သတိမထားမိကြပါ။

သိုက်ဆက်၊ လူဝင်စား၊ အညံ့တွေ များနေပါတယ်။ အချို့ကို အသက် အန္တရာယ်ထိ ရှိတယ်ဟု ပြောခြင်းမှာလည်း လာမေးသူ၏ စိတ်ဓာတ်ကို ကျစေပြီး ယုံကြည်လာအောင် ပြောနေကျ သုံးနေကျ စကားများပင် ဖြစ်ကြောင်း သိရပါတယ်။

ထကြွအရွက် ပွဲထိုးရပါမယ်ဟု ပြော၍ ငွေတောင်းခြင်းမှာ ထိုးထားသော ပွဲကို ထုတိုင်းဖြစ်၍ ငွေလိမ်ယူခြင်းဖြစ်ကြောင်း ဝန်ခံပါတယ်။

လာမေးတဲ့သူများထဲမှ အမျိုးသမီးများမှာ အထူးသဖြင့် ယုံလွယ်ကြ၍ ယုံသည်ထက်ယုံအောင် မြှူဆွယ်ခဲ့ကြောင်းကိုလည်း ဝန်ခံခဲ့ပါတယ်။

မောင်ချစ်က နောက်ဆုံး ပြောတဲ့ ဝန်ခံချက်ကတော့–

"ကျွန်တော် လူလိမ်ပါ"

ဝန်ခံပါတယ်။

"လူတွေကို ကျွန်တော်လိမ်တာ ကျွန်တော့်မှာ အပြစ်ရှိပါတယ်။ ဒါကို ကျွန်တော် မငြင်းလိုပါဘူး။ လိမ်တဲ့ ကျွန်တော့်မှာထင် အပြစ်ရှိသလား။ ကျွန်တော့်ဆီလာပြီး ကျွန်တော် လိမ်သမျှ အလိမ်ခံကြတဲ့ လူတွေမှာတော အပြစ်မရှိဘူးလားတဲ့"

ယုံသင့်မှ ယုံကြပါလို့ စာရေးသူ အကြံပြုပါရစေ။ ။

**ခင်ဆောင်ထွန်း–ထမ်းမဂေဇော်**



www.burmeseclassic.com

www.burmeseclassic.com



ဆွေမြင့်သူ(ကြေး/မြေ)

# တရက်မှာ ရေစုန်မျောခဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



## "အရက်မှာရေစုန်မျောခဲ့သူ"

ဆွေမြင့်သူ (ကြေး/မြေ)

အခြား တိုင်းရုံးတစ်ရုံးသို့ မိမိတိုင်းဦးစီးကိုယ်စား အစည်းအဝေး တက်ရောက်သည့် အခါကျမှ မိတ်ဆွေရောင်းရင်း ဟောင်းကြီးတစ်ဦးလည်း သည်မြို့တွင် မိမိထက်အလျင် ရောက်ရှိတာဝန်ကျနေကြောင်း သိခွင့်ရသည်။

အနီးပုဂ္ဂိုလ်ကား အခြားမဟုတ်ပါ။ လွန်ခဲ့သော (၁၉၉၀) ပြည့်နှစ်လောက်မှစ၍ တာဝန်ကိုယ်စီဖြင့် ကွဲကွာခဲ့ရသော ကိုစိုးလှသန်းဖြစ်ပါသည်။ ယခုအခါ သူကဒုတိယညွှန်ကြားရေးမှူး ရာထူးဖြင့် ဒု-တိုင်းဦးစီးမှူးဟု သိရှိရပါသည်။ ယင်းရုံးမှာ သူ့ကို မမြင်မိတော့ ရုံးစာရေးမများကို မေးမြန်းစုံစမ်းကြည့်မိသည်။

''ဦးစိုးလှသန်းလား ဟုတ်တယ်လေ။ သူဒီကိုရောက်တာ ခုနစ်လလောက်ရှိသွားပြီ။ ဒါပေမယ့် သူကရုံးမလာတာများတယ်။ လာတဲ့အခါကျရင်လဲ ခဏ တလေးနေပြီး ပြန်သွားတာ။ တိုင်းဦးစီးကလဲ သူငယ်ချင်းချင်းဆိုတော့ ခွင့်လွှတ်ထားတယ်လေ"

"ဘာဖြစ်လို့ ရုံးမတက်တာလဲဟင်။ ကျန်းမာရေး မကောင်းလို့လား"

"ကျန်းမာရေးက ဘယ်ကောင်းပါ့မလဲ။ အရက်ချည်းနေ့တိုင်းသောက်နေတာကို။ ဦးစိုးလှသန်းက လွန်လဲလွန်လွန်းပါတယ်လေ"

ထိုရုံးမှ သူနေထိုင်သည့် လိပ်စာကိုယူပြီး နောက်တစ်နေ့တွင် သူပေးထားသော နေအိမ်ခန်းသို့ သွားရောက်သတင်းမေးပါသည်။

"ဗျို့ ဦးစိုးလှသန်း။ ဦးစိုးလှသန်း"

"ဘယ်သူလဲ ဝင်ခဲ့လေ"

''ကျွန်တော်ပါ အေးဝင်းလေ။ အသံမှတ်မိရဲ့လား။ တံခါးဖွင့်ပါဦး''

"ဩော် ကိုအေးဝင်းလား။ ဒီအသံကို ခွေးချီသွားတာတောင် မှတ်မိပါတယ်နော်။ ဝင်ခဲ့ပါဆို တံခါးက စေ့ရုံစေ့ထားတာပါ"

ဍဍဍဍဍ

တံခါးကျီခနဲ ပွင့်လာသည်။ အဝတ်အစား ဖိုသီဖတ်သီနှင့် ခုတင်ပေါ်မှာ လူးလဲထလာရပုံရသည်။ ပြီးတော့ ခုတင်ပေါ်ပြန်ထိုင်ပြီး ကျွန်တော့်ကို ခပ်ငူငူကြီး ကြည့်၍

"တံခါးပြန်ပိတ်လိုက်ပါလား။ အိမ်ထဲမှာ အလင်းရောင်ရှိပါတယ်"

သူကြည့်ရတာ နေ့တိုင်းအခန်းအောင်းပြီး အရက်ချည်းသောက်နေပုံရသည်။ လူကလည်း ညှဉ်းသိုးသိုးနှင့် အတော်အိုဇာသွားသည်။ သူ့အနားတိုးကပ်ထိုင်ခိုင်းတော့ စိတ်ရောဂါကျစရာ ကောင်းသည်။ ချဉ်စုတ်စုတ်အရက်နံ့ တထောင်းထောင်းနှင့်။

"ဘယ်လိုလဲ ရုံးမသွားတော့ဘူးလား။ ဘာပြုလို့ ရုံးမတက်တော့တာလဲ"

"ရုံးသွားတော့ကော ဘာထူးမှာလဲဗျာ။ ကျွန်တော့်ကို ဘာတာဝန်မှ မပေးတာ။ နေပါဦး။ ခင်ဗျားကကော ကျွန်တော်ဒီမှာရှိမှန်း ဘယ်လိုလုပ်သိသလဲ ဆိုစမ်းပါဦး"

"မနေ့က ခင်ဗျားတို့ ရုံးမှာ အစည်းအဝေးလုပ်တော့၊ တိုင်းဦးစီးကိုယ်စား ကျွန်တော် အစည်းအဝေး တက်ရတယ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့ တိုင်းဦးစီးနဲ့စကား လက်ဆုံကျရင်း ခင်ဗျားဘယ်မှာ ရောက်နေသလဲ ဘယ်မှာတာဝန် ကျနေသလဲမေးရင်း စမ်းရင်း ဒီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက် လာတော့တာပဲဗျာ"

"ဩော် ဟုတ်လား။ ကောင်းတာပေါ့ဗျာ။ ဘော်ဒါတွေ ပြန်ဆုံကြတာပေါ့။ ဒါနဲ့ခင်ဗျား မိသားစုရော၊ ဒီမှာပဲလား"

"အမျိုးသမီးတော့ ပါတယ်ဗျာ။ သားသမီးတွေက အိမ်ထောင်တွေကျလို့ လက်လွှတ်ကုန်ပါပြီ။ သူတို့က ရန်ကုန်မှာလေ။ ကျွန်တော့်ကိုချည်း မေးနေတယ်။ ကျွန်တော်လဲ ပြန်မေးရဦးမယ်။ ခင်ဗျားရဲ့ မိသားစုကော ဘယ်မှာလဲ"

ကျွန်တော့်မေးခွန်းကို ပြန်မဖြေဘဲ သူရုတ်တရက် ခုတင်ပေါ်မှထ၍ ခြေရင်းစားပွဲဆီ သွားသည်။ စားပွဲပေါ်တွင်လည်း ရှုပ်ယှက်ခတ်နေသည်။ ပန်းကန်ခွက်ယောက်တွေကလည်း ရှုပ်ပွပြီး ဆေးကြောသန့်စင်ခြင်း ရှိပုံမရ။

သူက စားပွဲပေါ်ရှိ 'ရမ်' ပုလင်းမှ အရက်ကို ညစ်ထပ်ထပ် ဖန်ခွက်ထဲငှဲ့ယူပြီး တစ်ချက်တည်း မော့သောက်လိုက်သည်။ ပြီးတော့ ပလတ်စတစ်ထုပ်ထဲမှ မက်မန်းသီးကို တစ်ကိုက်ကိုက်ပြီး ပြန်လာထိုင်သည်။

"ကျွန်တော်က မိသားစုကံမကောင်းဘူးဗျ။ မိန်းမနဲ့ကွဲခဲ့တာ ကြာပြီလေ။ သားသမီးနှစ်ယောက်ကလဲ ကျွန်တော့်လို အရက်သမား အဖေကြီးနောက်ကို ဘယ်လိုက်ကြမလဲဗျာ။ ကျွန်တော့်ကို ဘယ်သူမှ မချစ်ကြဘူးဗျ။ ခင်ဗျားကိုတော့ ခင်ဗျားမိန်းမနဲ့ သားသမီးတွေက ချစ်ကြမှာပါ။ ဟုတ်တယ်ဟုတ်"

"အင်း ခင်ဗျားမိန်းမနဲ့ တရားဝင် ကွာရှင်းလိုက်တယ်ဆိုတာတော့ သတင်းကြားမိပါရဲ့၊ ဘယ်လိုဖြစ်ကြတာလဲဗျာ"

"ဒီအကြောင်းတွေ ပြန်မပြောချင်တော့ပါဘူး။ ကိုအေးဝင်းရာ၊ မမေးပါနဲ့တော့"

⁂⁂⁂⁂⁂

ကျွန်တော်ကိုစိုးလှသန်း

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

## "အင်း ခင်ဗျားမိန်းမနဲ့ တရားဝင်ကွာရှင်းလိုက်တယ်ဆိုတာတော့ သတင်းကြားမိပါရဲ့၊ ဘယ်လိုဖြစ်ကြတာလဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



နှင့် စတွေ့တာ ပဲခူးအရှေ့ခြမ်းက မြို့နယ်ကလေးတစ်မြို့မှာပါ။ နှစ်ဦးစလုံးမြို့နယ်အဆင့် အရာရှိများ ဖြစ်သလို၊ ဝါသနာတူချင်းလည်း ဖြစ်သမို့ တိုတောင်းသောအချိန်ကလေးအတွင်းမှာပင် သူများ တကာတွေထက် ခင်မင်ရင်းနှီးမှု ပိုခဲ့ရပါသည်။

ကျွန်တော်တို့နှစ်ဦး အပြင် အခြားခင်မင်ရင်းနှီးသော မြို့နယ်အဆင့် အရာရှိများလည်း ညနေရုံးဆင်းချိန်တွင်သွားရောက်နေကျ စားတော်ဆက်ရုံဝိဘာယာလေး ယမကာလေး မိုဝဲ အပန်းဖြေကြသည်။ ထွေရာလေးပါး အာလာပသလ္လာပ စကားပြောကြဆိုကြ၊ တစ်ယောက်အကြောင်း တစ်ယောက်သိခွင့်ရပြီး ညီအစ်ကိုရင်းများလို ပွင့်ပွင့်လင်းလင်း တိုင်ပင်နှီးနှောကြလေ့ ရှိပါသည်။

ကျွန်တော် အပါအဝင် မြို့နယ်အရာထမ်းအတော်များများက တာဝန်ကျမြို့တွင် နေထိုင်ရုံးတက်ကြသော်လည်း ကိုစိုးလှသန်းကမူ မြို့နယ်ရုံးစိုက်ရာမှ (၇)မိုင်ခန့်ဝေးကွာသော ဇာတိမြို့မှ နေ့စဉ်ရုံးတက်ပြီး ညနေတိုင်း မီးရထားလိုင်းကားနှင့် ပြန်လေ့ရှိသည်။

ကိုစိုးလှသန်းသည် ဖခင်ဦးစိုး၊ မိခင် ဒေါ်သန်းတို့မှ ဖွားမြင်ခဲ့ပြီး လူချောလူလှတစ်ဦး ဖြစ်သည်နှင့်အညီ ဖခင်၏နာမည်နှင့် မိခင်၏နာမည် နှစ်ခုစလုံးလည်း ပါအောင် 'စိုးလှသန်း'ဟု အမည်တွင်ခဲ့ကြောင်း အမြဲတမ်းပြောပြပါသည်။

ပြီးတော့ 'တက္ကသိုလ်စိုးလှသန်း'အမည်ဖြင့် ဂီတနယ်ပယ်ထဲဝင်ရောက်ပြီး မြန်မာအသံတွင် အမြဲတမ်းလွှင့်ခွင့်ရ ဓာတ်ပြား(၂)ချပ်ရခဲ့ဖူးသူ ဖြစ်ပါသည်။ ယင်းဓာတ်ပြား (၂)ချပ်အနက် သူ့အမြဲတမ်း ဆိုပြခဲ့သည့်သီချင်းအမည်ကား 'ပြုံးပြုံးလေး' ဖြစ်ပါသည်။

ကျွန်တော်ကလည်း ဂီတဝါသနာထုံသူ ဖြစ်၍ ကျွန်တော်တို့နှစ်ဦးတွေ့ဆုံသည်နှင့် တစ်ယောက်တစ်လှည့်စီ သီချင်းဆိုညည်းကြလေ့ရှိပါသည်။

ရောင်းရင်းများက ကျွန်တော်တို့နှစ်ဦး၏ သီချင်းဆိုသံကို နားဆင်ပြီးသည့် အခါတိုင်း ' ခင်ဗျားတို့နှစ်ယောက်က အရက်၊ ဘီယာမူးတော့မှ ပိုပြီးအသံကောင်းလာသလိုပဲ'' ဟု အမြဲချီးကျူးလေ့ရှိပါသည်။

ထို့ကြောင့်လည်း ကိုစိုးလှသန်းတစ်ယောက် အရက်ကို နေ့တိုင်း သောက်မိလေသလား မပြောတတ်တော့ပါ။

⁂⁂⁂

တကယ်တော့ ကိုစိုးလှသန်း အရက်ကို နေ့တိုင်းသောက်နေခြင်းမှာ အိမ်ထောင်ရေး အဆင်မပြေမှုကြောင့်ဟု နောင်အခါကျမှ ကျွန်တော်သိခွင့်ရပါသည်။

အရပ် ထောင်ထောင် မောင်းမောင်း၊ အသားဖြူဖြူနှင့် ခန့်ညားသော ဥပဓိရုပ်ပိုင်ရှင်တစ်ဦးဖြစ်သည့် ကိုစိုးလှသန်းအဖို့ ချစ်သူ၊ ခင်သူ၊ ကြင်နာမြတ်နိုးသူမိန်းကလေးများ ဝိုင်းဝိုင်းလည်ခဲ့သည်မှာ ထူးဆန်းသော အကြောင်းခြင်းရာ မဟုတ်ပါ။ ပြီးတော့ မြန်မာ့အသံမှာ ဓာတ်ပြားရ အဆိုတော်တစ်ဦးမို့ မြာစွံလှချည့်။ ထိုပြင် ကိုစိုးလှသန်းက မြာလည်းပွေလိုက်သေးသည်တဲ့။

သို့အတွက် မိဘနှစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



က သားတော်မောင်အား ဆွေမျိုးနီးစပ်တော်သူ မိန်းကလေးတစ်ဦးနှင့် အမြန်ဆုံးပေးစားလိုက်လေရာ ကိုစိုးလှသန်းခမျာ အသည်းကွဲတိုးရစ်ကြီး ဖြစ်သွားလေတော့သည်။

မိဘပေးစား၍ ညားရသူကို တကယ်မချစ်၍ပဲလား၊ ချစ်ဦးသူ (သို့မဟုတ်) ချစ်ဖူးသူကိုပဲ ယောင်ယမ်းမှန်းဆတမ်းတမ်းတတ၊ လွမ်းနေရ၍ပဲလား မပြောတတ်ပါ။ ကိုစိုးလှသန်းတစ်ယောက် သောကဝေဒနာကို အရက်သေစာဖြင့် ကုစားသည့်အဖြစ်မျိုး ကြုံရချေပြီ။

သို့သော် ထိုဇနီးမယားနှင့် ကလေးနှစ်ယောက်ထွန်းကားသည်အထိ လင့်ဝတ္တရားငါးပါးနှင့်အညီ ပေါင်းဖော်လက်တွဲခဲ့ပါသည်။ မိဘများလည်း စိတ်ချမ်းသာအောင်ပေါ့။

နှစ်အတန်ကြာ၍ မိဘနှစ်ပါးစလုံး ကွယ်လွန်သည်အခါတွင်မတော့ ကိုစိုးလှသန်းတစ်ယောက် ဇာတိပြန်ပြလေသည်။ ဟိုတုန်းကအတိုင်း သောက်သောက်စားစား၊ ပျော်ပျော်ပါးပါး လူမင်းသားဘဝ၊ ရည်းစားက ထားလိုက်သေးသည်။

ထိုရောအခါ . . . ။

ခ္ခ္ခ္ခ္ခ္

"ကျွန်ကုလား မယားတောသူ"ဟူသော ဆိုရိုးစကားအတိုင်း ကိုစိုးလှသန်း၏ ဇနီးသည် မနုရီမှာ ကျေးတောသူ စစ်စစ်ဖြစ်ပါသည်။ မယားဝတ္တရားငါးပါး ကျေပွန်စွာဖြင့် လင်သားအပေါ် တအားချစ်ခဲ့ပါသည်။ သို့သော် အချစ်ကြီးတော့လည်း အမျက်ကြီးတတ်ပါသည်။

ကိုစိုးလှသန်းက အရက်သေစာသောက်စားပြီး မိုးချုပ်မှ အိမ်ပြန်လာသည်ကို သည်းညည်းခံနိုင်ပါသည်။ သို့သော် စနေ/တနင်္ဂနွေရုံးပိတ်ရက်များမှာပင် ရုံးတက်နေသည့်အတွက် ကြာတော့ မယုံသင်္ကာဖြစ်လာသည်။ ရုံးမှ စာရေးမများနှင့် ကိုစိုးလှသန်းကို ပေးစားသည်။ သမုတ်သည်။ စွပ်စွဲသည်။

သည်လိုနှင့် လင်မယား တကျက်ကျက်ရန်ဖြစ်ပြီး အိမ်တွင်းရေး ဆူဆူပူပူဖြစ်လာသည်။

ကိုစိုးလှသန်းကလည်း 'ဖ'ရှိသည်မဟုတ်လား။ ရုံးက စာရေးမလေးများသာမက၊ ရပ်ကွက်ထဲမှ ကောင်မလေးများနှ
ရင်းရင်းနှီးနှီး ပေါင်းပတ်၊ လက်
ပတ်၊ လက်ပွန်းတတီး နေလေ
တော့ ဇနီးမယားအဖို့ လုံးဝ ယုံ
ကြည်စရာ အကြောင်းမရှိချေ။

မိန်းမဆိုသည် အမျိုးက
လည်း မုန့်ကိုသာဝေစားနိုင်မည်
ဒါမျိုးတော့ ခွင့်မလွှတ်နိုင်သည်
မှာ သဘာဝကျပါသည်။

မိန်းမက တပူပူတဆူ
ဆူလုပ်လေ ကိုစိုးလှသန်းက အရွဲ
တိုက်လေလေ ဖြစ်သည်။ ကိုစိုး
လှသန်းအရက်သောက်တာ၊ အ
ပေါင်းအသင်း မက်တာကို ကြိုက်
သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်
စေ၊ မနုရီအနေဖြင့် မိမိအိမ်တွင်
လင်ယောက်ျား စိတ်ချမ်းသာ
အောင် ထားသင့်သည်ဟု ကို
စိုးလှသန်းက ယူဆသည်။

ယခုမူ ထိုသို့မဟုတ်
သည့်အတွက် အပြင်ထွက်ပြီး
အပျော်အပါး လိုက်စားရုံပဲ ရှိ
တော့သည်။

မနုရီကလည်း ကြာ
တော့ ပြန်ပြီးအရွဲ့တိုက်ချင်လာ
သည်။ ကိုစိုးလှသန်း အိမ်ပြန်
ရောက်လျှင် သူမလည်းအိမ်က
ထွက်လည်သည်။ အသိအိမ်များ



www.burmeseclassic.com

www.burmeseclassic.com



သို့ လျှောက်သွားသည်။

"အိမ်သူ မိန်းမလယ်၊ ကျင့်ဖောက်လွယ်၊ ညဝယ်လမ်း လျှောက်မှ" တဲ့ ဤသို့ဖြစ်လျှင်။



အိုးရွဲ့ကို စလောင်းအရွဲ့နှင့်ဖုံးတော့ နောက်ဆုံးတွင် ရှေ့ဆက်ရမည့် ဇာတ်လမ်းသည် ဖြတ်သန်းစရာမလိုတော့တဲ ပြတ်စဲခန်းသို့ ရောက်လေသည်။

မနုရီ တစ်ယောက် ယောက်ျား ကွယ်ရာတွင် ဖောက်ပြားသည်ဟူသော သတင်းထွက်ပေါ်လာသည်နှင့် ကိုစိုးလှသန်းက ဘာဘာညာညာ စုံစမ်းမေးမြန်းခြင်း၊ အလျှဉ်းမပြုတော့ဘဲ တရားရုံးတွင် ယတိပြတ်ကွာရှင်းလိုက်သည်။ သမီးငယ် (၂)ဦးကို တော့ မိခင်နှင့်အတူ နေထိုင်ခွင့်ပေးသည်။

ယောက်ျားတို့မည်သည် ကိုယ်ကသာ ပွေချင်ပွေမည်၊ ရှုပ်ချင်ရှုပ်မည်၊ ဖောက်ပြားချင် ဖောက်ပြားမည်၊ ဇနီးမယားက တစ်နည်းမှားလျှင်တော့ မည်သို့မျှ ခွင့်မလွှတ် နိုင်ကြသည်မှာ မူထုဇဉ် သဘာဝပင်။

ထို့ကြောင့်လည်း မနုရီနှင့် ကွာရှင်းပြီးသည့်နောက် လွတ်လွတ်လပ်လပ် နေထိုင်စားသောက်၍ လူပျိုတုန်းကလိုပဲ ပျော်ပျော်ပါးပါး၊ အဖော်သဟာများနှင့် အပျော်ယမကာ ဆိုင်သွားရုံမှ တစ်ပါး အခြားမရှိ။

ဤနေရာ၌ ကိုစိုးလှသန်း အတွေးတစ်ချက်မှားသွားသည်။ အိမ်ထောင်သည်ဘဝက လွတ်ပြီကျွတ်ပြီဟု နေချင်သလိုနေ၊ စားချင်သလိုစား၊ သွားချင်ရာကိုသွား မဖြစ်နိုင်မှန်း တဖြည်းဖြည်း သဘောပေါက်လာသည်။

အဘယ်ကြောင့်ဆိုသော် ကိုယ်ကအရာရှိဆိုတော့ ဝန်ထမ်းစည်းကမ်း၊ လုပ်ခွင်စည်းကမ်း၊ ရုံးချိန်စည်းကမ်းက ရှိသေးသည်။ ရှင်ရှိသေ၊ လူရှိသေဖြစ်အောင် အောက်လက်ငယ်သား အထင်မသေး အောင်၊ အထက် အဆင့်အကြီးအကဲများ မငြိုငြင်အောင် ဂုဏ်သိက္ခာကို ထိန်းရသည်။

ပြီးတော့ သူက လူပျိုလူလွတ်လည်း မဟုတ်သော အိမ်ထောင်ပျက်၊ သည်ကြားက သမီးနှစ်ယောက်က ရှိသေးသည်။ သည်တော့ နောက်ထပ်အိမ်ထောင်ပြုဖို့ကိစ္စ တော်ရုံတန်ရုံ အမျိုးသမီးက လက်ထပ်နိုင်လောက်အောင် ရဲရွမ်းသတ္တိရှိပါမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



ခု ကိုစိုးလှသန်းတွင် မိဘများမရှိတော့ပေမဲ့ ညီအစ်ကို မောင်နှမ အသိုင်းအဝိုင်းက ရှိ သေးသည်။ သူတို့ကလည်း နောက်အိမ်ထောင်ပြုမည့် ကိစ္စ အပေါ် မည်သို့သဘောထားကြ ပါမည်နည်း။

သို့နှင့် ကိုစိုးလှသန်း တစ်ယောက် အတွေးကယောက် ကယက်ဖြင့် အသက်ကလေးရ လာသည့်တိုင် တပင်လဲမှ တပင် မထူနိုင်တော့ပါ။ လေယူရာမျော ပါသည့် ရော်ရွက်ဝါကလေးလို ဟိုရောက်သည်ရောက် အရက် သောက်ပြီး လောကကြီးကို ရင် ဆိုင်ခဲ့ရပေတော့သည်။

⁂⁂⁂⁂⁂

သူနှင့်ပြန်လည် ဆုံတွေ့ ပြီးနောက် လုပ်ငန်းတာဝန် ပိပြား နေသည်က တစ်ကြောင်း၊ တိုင်း အတွက် လှည့်လည်ခရီးစဉ် ကြောင့်လည်းကောင်း သူ့ထံ မရောက်ဖြစ်တော့ပါ။

ပြန်ခါနီးတော့ သူ့ကို ကျွန်တော် စကားတစ်ခွန်းပြော ပြခဲ့ပါသည်။

"ခင်ဗျားပြောပြချက် အရ မကြာခင် သက်ပြည့်ပင်စင် ယူရတော့မယ်လို့ သိရတယ်။ ဒါပေမယ့် ခင်ဗျားဒီပုံစံအတိုင်း ဆက်သွားရင်တော့ သက်ဆိုး ရှည်မှာမဟုတ်ဘူး။ အရက်က ခင်ဗျားကို နိုင်သွားပြီ။ အတတ် နိုင်ဆုံး လျှော့သောက်ပါဗျာ။ ဒါ ကလဲ မိတ်ဆွေတို့ ဝတ္တရားရှိလို့ သတိပေးတာပါ။ ခင်ဗျားက ကျွန်တော့်ထက် အသက်ကြီးပါ တယ်။ စိတ်မရှိပါနဲ့"

"ရပါတယ်ဗျာ။ ကျေး ဇူးတင်ပါတယ်။ ခင်ဗျားတို့လို မိသားစုသံယောဇဉ် မရှိတဲ့ ကျွန် တော့်ဘဝမှာ အရက်နဲ့ပဲ ဖြေသိမ့် နေရဦးမှာပဲ"

အရက်နှင့် ဖြေသိမ့်နေ သော ကိုစိုးလှသန်းကို သခါရ လောကကြီးက မ. နစိမ့်တော့ပါ။ တစ်လခန့်အကြာတွင် ကိုစိုးလှ သန်းသတင်းကို သူ့တပည့်များ မှ တစ်ဆင့်ကြားသိရသည်။ အ ခြေအနေဆိုးရွားလွန်းလို့ ဆေးရုံ တင်လိုက်ရကြောင်း၊ ကျောက် ကပ်တစ်ခြမ်း မရှိတော့ဘဲ တစ် ခြမ်းမှာ ပျက်စီးနေကြောင်း အသည်းလည်း ခြောက်နေ ကြောင်း၊ မြို့နယ်ဆေးရုံမှတစ် ဆင့် ရန်ကုန်ဆေးရုံကြီးသို့ ဆက်

လက်သယ်ဆောင်ကုသလျက် ရှိ ကြောင်း ရန်ကုန်နေ သူ၏ အစ် မကြီးနှင့် သမီးငယ်တို့က လာ ရောက်သယ်ဆောင်သွားကြောင်း သိရပါသည်။

နောက်များ မကြာမီမှာ ပင် ရန်ကုန်ဆေးရုံကြီး၌ ကိုစိုး လှသန်းတစ်ယောက် လူ့လောက ကြီးမှ အပြီးအပိုင် ထွက်ခွာသွား ကြောင်းနှင့် သူ၏ ရုပ်အလောင်းကို အစ်မကြီးဖြစ်သူမှပင် ကမကထ ပြုလုပ်ခဲ့ရကြောင်း ထပ်မံကြား သိရပြန်ပါသည်။

ကိုစိုးလှသန်း ကွယ် လွန်ဆုံးပါးခဲ့ခြင်းမှာ ကျွန်တော့် အတွက် လုံးဝ မထူးဆန်းပါ။ အရက်မှာ ရေစုန်မျောခဲ့သူ တစ် ယောက်၏ နိဂုံးကမ္ပတ် အဆုံး သတ်ဇာတ်လမ်းမှာ သည်လိုပဲ ဖြစ်ရပါသည်။ ကျွန်တော် တစ်ခု တော့ ကိုစိုးလှသန်းအတွက် ဆု တောင်းပေးလိုက်ပါသည်။

"ကိုစိုးလှသန်း ကွယ် လွန်ချိန်မှာ သူစာတ်ပြားရခဲ့တဲ့ သီချင်းထဲကအတိုင်း ပြုံးပြုံးလေး နဲ့ပဲ တမလွန်ဘဝသို့ ကူးပြောင်း နိုင်ပါစေ"လို့။ ။

ဆွေမြင့်သူ (ရေကြီး/မြေ




www.burmeseclassic.com

www.burmeseclassic.com

ရွှေကော်မြေ
ကိုစိမ်းလန်း

# မိုးတစ်ည၏ ငိုရှိုက်သံ





www.burmeseclassic.com

## မိုးတစ်ညအါငိုရှိက်သံ

ရွှေကော်မြေ

ကိုစိမ်းလန်း

မြို့နယ် ဆေးရုံဝန်းအတွင်း လူဝင်လူထွက်များ ရှုပ်နေပါသည်။ သူငယ်ချင်းမိတ်ဆွေများက လာရောက်မေးမြန်းစုံစမ်းနေကြလေ၏။ ထိုအထဲတွင် အမျိုးသမီးတစ်ဦးသည် အရေးတကြီး သုတ်သုတ်ပျာပျာဖြင့် လူနာထားရာသို့ အပြေးတစ်ပိုင်းဝင်ရောက်လာသောကြောင့် မျိုးအောင်က ဆွဲခေါ် နှစ်သိမ့်တောင်းပန်နေသည်။

"မောင် အခုဘယ်မှာလဲ အစ်ကိုမျိုးအောင်"

"ကောင်းထက် ဆေးရုံပေါ်မှာရှိပါတယ် မေနှင်းရယ် အရေးပေါ်အခြေအနေမို့ ဘယ်သူမှ ဝင်တွေ့ခွင့် မပေးဘူး။ သွေးလိုနေလို့ ကြက်ခြေနီက ကိုဗထူးကို ထွန်းထွန်းသွားပြီး အကူအညီတောင်းနေတယ်၊ စိတ်အေးအေးထားပါ မေနှင်းရယ် ကောင်းထက်ကောင်းသွားမှာပါ"

"အစ်ကို မျိုးအောင် မေနှင်း--မေနှင်း--မောင့်ကို အထင်လွဲခဲ့မိတယ်။ မေနှင်းကိုယ် မေနှင်း ခွင့်မလွှတ်ဘူး အဟင့်ဟင့်"

"ဟဲ့ ဟဲ့ လူတွေကြားထဲမှာ ဘာလို့ငိုတာလဲ လာ လာ ဒီဘက်ကို စိတ်ကိုထိန်းပါ။ ငါတို့လဲ ရှိပါတယ်။ "တောက်" လူစိတ်မရှိတဲ့ ကောင်တွေ ငါနဲ့ မတွေ့လို့ပေါ့ကွာ။ တွေ့လို့ကတော့ ဘယ်လွှယ်လိမ့်မလဲ"

ဆေးရုံပေါ်တီကိုအောက်သို့ မော်တော်ဆိုင်ကယ်နှစ်စီး ဝင်ရောက်လာကြသည်။ ဒုရဲအုပ်နှင့် ရဲတပ်ဖွဲ့ဝင် နှစ်ယောက် လူနာကိုစစ်ဆေးရန် အခန်းတွင်းသို့ဝင်ရောက်သွားပြီး ပြန်ထွက်လာကြသည်။

"လူနာရှင်တွေ ရောက်လာပြီလား၊ ဘယ်သူများပါလဲ။ မဆိုင်တဲ့သူတွေ အပြင်ကို ထွက်ပေးပါ။ ကျွန်တော်တို့ စစ်ဆေးစရာရှိလို့ပါ"

"ကျွန်တော်တို့ပါ ခင်ဗျ"

"သူ့မိဘတွေ မရှိဘူးလား မရောက်သေးတာလား"

"ဟုတ်ကဲ့ပါ သူ့အမေလာပါလိမ့်မယ်။ အသက်ကကြီးနေတော့ သွားရေးလာရေး ခက်ခဲနေလို့ပါ"

"ဒါဆိုရင် ခင်ဗျားတို့ကို ကျွန်တော် မေးပါရစေ"

မျိုးအောင်သည် မေးသမျှကို ဖြေကြားပြီး မေနှင်းကိုခေါ်ကာ အပြင်သို့ ထွက်လာခဲ့ကြသည်။

"မေနှင်း ဟိုမှာ ထွန်းထွန်း ပြန်လာပြီ"

"ထွန်းထွန်း အဆင်ပြေလား"

"အိုကေ အားလုံးအဆင်ပြေတယ် ကိုဗထူး အထဲကိုကြွပါ ခင်ဗျ"

ကိုဗထူးနှင့် ဆရာဝန်တွေ့ပြီး အခန်းတွင်းသို့ ဝင်ရောက်သွားကြပါသည်။

"မေနှင်း နင်ဘယ်လိုသိပြီး ရောက်လာတာလဲ"

"အစ်ကို မျိုးအောင် အစ်မ အန်တီစမ်း လာပြောတာပါ"

"ဪ အေး နင်တို့ကို ငါပြောပြမယ် ကောင်းထက်ကံကောင်းတယ်လို့ ပြောရမယ်။ ဆရာဗထူးသွေးနဲ့ အတူတူပဲလို့ ပြောတယ်။ ဆရာဗထူးက သိပ်သဘောထားပြည့်ပါလား၊ အများ

www.burmeseclassic.com



ပြည်သူအတွက် ကိုယ်ကျိုးစွန့် ပြီး အမြဲတမ်းကူညီဆောင်ရွက် ပေးနေတဲ့ မြို့နယ်ကြက်ခြေနီက အရာရှိတဲ့ကွ စေတနာ၊ အနစ် နာ၊ ဝါသနာ အမြဲရှိတယ်။ ကောင်းထက်နဲ့ တွေ့ဖူးတယ် ပြောတယ်။ သူ့တပည့်လေးတွေ ကလဲ လိုအပ်တာမှန်သမျှကူညီ မယ်။ ဘာမှအားမနာနဲ့ လာခဲ့ ပါ ပြောလိုက်သေးတယ်။ လာ ကြကွာ တို့တွေ ဆေးရုံရှေ့က ဆိုင်မှာ ထိုင်ရင်းစကားပြောကြ တာ ကောင်းပါတယ်"

ကိုဗထူးသည် သွေးလှူ ပြီးသောအခါ အပြင်သို့ထွက် လာပါသည်။ လက်ဖက်ရည် ဆိုင်တွင်းမှ ထွန်းထွန်းက ပြေး ၍ထွက်ခေါ်လိုက်ပါသည်။

"ကိုဗထူး ကျွန်တော် တို့ဒီမှာ လာဗျို့ ကျွန်တော်တို့ အစ်ကို့ကို စောင့်နေတာ"

"ရပါတယ် ငါ့ညီတို့ရာ အစ်ကို ဘာမှမဖြစ်ပါဘူး။ ခါ တိုင်းလဲ လှူနေကျပဲ"

"အားရှိတဲ့ အစားအ စာတွေစားပြီး အနားယူပါဦး။ ကျွန်တော်တို့ကလဲ အစ်ကို့အ တွက် ပြန်ကူညီပါရစေနော်"

"ဟိုး ဟိုး မလိုပါဘူး ငါ့ညီတို့ရာ စိတ်မရှိပါနဲ့ ဖြူဖြူ စင်စင်နဲ့လှူပါရစေ။ ကိုယ့် စေတနာကို အရောင်မဆိုးပါနဲ့ ကွာ။ ကဲ ကဲ နောက်မှတွေ့မယ်။ အနားယူလိုက်ဦးမယ် သွားပြီ"

"ကျွန်တော်လိုက်ပို့ ပေးမယ်လေ"

"ရပါတယ် ရတယ် ဒီနားလေး နီးနီးလေးပါ။ သွား မယ်နော်"

မျိုးအောင်တို့ ခေါင်း ညိတ်ကာ ကျန်ရစ်နေခဲ့ကြ သည်။ မေနှင်းလည်း သူ့မိခင် လာခေါ်သွားသဖြင့် မဖြစ်မနေ ပြန်သွားရရှာသည်။

♥♥♥♥♥

ညနေစောင်း၍ အ နောက် ရိုးမတွင် နေမင်းကြီး မေးတင်စပြုနေသည်။ တောင် သူလယ်သမားများသည် အ လုပ်သိမ်းချိန် ရောက်နေပြီဖြစ် သည်။ ကောင်းထက်တစ်ယောက် လုပ်လက်စ အလုပ်ကို လက်စ သတ်ကာ သိမ်းလိုက်ရင်း ထွန်း ထွန်းရှိသော လယ်ကွက်ဆီ လှမ်းအော်ပြောလိုက်သည်။

"ဟေ့ကောင် ထွန်းထွန်း အလုပ်သိမ်းကြမယ်ဟေ့"

"အေး အေး ငါလဲသိမ်း ချင်နေတာကွ ဒီနေ့မှကွာ ဖြတ် တွေကလဲ ဆော်သလားမမေးနဲ့ ပူထူနေတာပဲ"

"ဟိုကောင်မျိုးအောင် ဒီနေ့လယ်ထဲဆင်းတာ မတွေ့ ဘူးကွ ဘာများဖြစ်နေလဲ မသိ ဘူး။ ညကျရင် ဒီကောင့်ဆီ သွားကြမယ် ထွန်းထွန်း"

"မင်းပြောမှပဲ ငါသတိ ထားမိတော့တယ်။ နေများမ ကောင်းလို့လား။ သူ့အိမ်မှာ ဘာအခက်တွေ့နေလဲ မသိပါ ဘူးကွာ"

"ဟုတ်တယ် ဒီကောင့် ဦးလေးကလဲ တစ်မှောင့်ကွ သွား မေးမှပဲသိမှာပေါ့ကွာ။ လာ လာ မှောင်နေဦးမယ်။ ခြေကင်း လက်ကင်းကြောက်ရတယ်"

စကားတပြောပြောနှင့် သူတို့နှစ်ယောက်ရွာထဲသို့ ရောက်လာခဲ့ကြသည်။ သူတို့ နေထိုင်ရာ အိမ်ဆီသို့ရောက် သည်နှင့် ရေချိုးအဝတ်အစား လဲ ညစာကို ကပျာကယာ စား သောက်ကြသည်။ ကောင်းထက် သည် တစ်ယောက်တည်း စိတ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းကျ စတိုင်လ်ဘောင်းဘီ အင်္ကျီကို ဝတ်ဆင်ကာ မှီးအပြည့်ဖြင့် အကောင်းစားရေမွှေးကိုဆွတ်ဖျန်းကာ ထွန်းထွန်းကို စောင့်နေလေသည်။

"သားလေး မင်းဘယ်ကိုသွားမလို့လဲ၊ ရေမွှေးနံ့ကလဲ မွှန်ထူနေတာပါပဲလား သားရယ်"

"အမေ သား ဒီညသူငယ်ချင်းတွေဆီ လျှောက်လည်မလို့ပါ။ ထွန်းထွန်းနဲ့ အတူသွားမှာ"

"အေး အေး သွားလဲသွားပေါ့ကွယ်၊ ညဉ့်နက် သန်းခေါင်တော့ မနေနဲ့ ကြားလား သားလေး"

"ဟုတ်ကဲ့ပါ အမေ။ ဟော ထွန်းထွန်း ရောက်လာပြီ။ မင်းကလဲကွာ နောက်ကျလိုက်တာများ အိမ်မှာတယောထိုးနေလားမသိဘူး"

"ဟော့ကောင် နာရီလဲမော့ကြည့်ပါဦး (၇) နာရီတောင်မထိုးသေးဘူး။ ဆန္ဒတွေ မစောနဲ့လေကွာ။ မင်းတို့လို သူရင်းငှားတို့ဘာတို့ မရှိတော့ အိမ်ရောက်တာနဲ့နွားမီးပို ကောက်ရိုးဆွဲ လုပ်နေရသေးတယ်"

"ဟဲ့ ကလေးတွေ သွားမယ်ဆိုလဲ သွားကြလေ။ လက်နှိပ်ဓာတ်မီးယူသွားကြဦး။ ရွာထဲမှာ ဘာသံညာသံ မကြားချင်ဘူးနော်"

## မင်းကလဲကွာ နောက်ကျလိုက်တာများ အိမ်မှာတယောထိုးနေလား မသိဘူး

"စိတ်ချပါ အရီးလေးရယ် စိတ်သာချ။ ကျွန်တော်တစ်ယောက်လုံးပါ ပါတယ်။ သွားပြီ အရီးလေးရေ"

မိုးသက်လေပြင်းတို့သည် တဖြူးဖြူးတိုက်ခတ်နေသလို လောကကြီးတစ်ခွင်လုံးသည် အမှောင်ထုကြီးက စိုးမိုးထားလေသည်။ ရွာလယ်လမ်းမကြီး၏ ဝဲယာဘေးတစ်လျှောက်တွင် ဝိုးစုန်းကြူးကလေးများ နှိမ့်ချည်မြင့်ချည် ဟိုပြေးဒီပြေး မီးအိမ်ငယ်ကလေးများ ထွန်းကာ အလှချင်း ပြိုင်နေကြလေသည်။ တောရွာဓလေ့အတိုင်း မှောင်သည်နှင့် အပြင်ထွက်သူရှားပါးကြသည်။ အကြောင်းမရှိက မထွက်ကြပေ။ အလုပ်နားပြီးဆိုသည်နှင့် ကိုရီးယားကားကြည့်နေကြသော အိမ်ကများသည်။ ခေတ်နှင့်လျော်ညီစွာ ဗီစီဒီဆိုသူက ဆိုနေကြသည်။

"ဟာ ကောင်းထက် ရှေ့မှာ လူတစ်ယောက်လဲနေပါလား"

"အေးကွ ဘာများဖြစ်တာပါလိမ့်။ အနားအရမ်းမကပ်နဲ့ သတိထားကွ"



www.burmeseclassic.com

www.burmeseclassic.com



ခတ်မီးနှစ်လက်စုံထိုးကာ ဖြည်းဖြည်းချင်းကပ်သွားသည်။ သူတို့သိသော တောင်ဘက်တန်းမှ ကိုအေးမျိုး ဖြစ်နေပါသည်။

"ထွန်းထွန်း ဦးလေးအေးချို မဟုတ်လား"

"အေး ဟုတ်တယ်ကွ ဒီလူ ခွေးနေပြန်ပြီနဲ့ တူတယ်။ တော်တော်ခက်တဲ့လူ မိုးသာရွာချလို့ ငါတို့နဲ့ မတွေ့ရင်တော့ လေငန်းပဲဖြစ်မလား။ မသကာ ရှာနဲ့ပဲ ကြွမလားပဲ"

"ကဲ ကဲ မင်းတစ်ဖက် ငါတစ်ဖက်တွဲခေါ်သွားကြမယ်"

"ဝုတ် ဝုတ် ဝုတ်"

"ဝုတ် ဝုတ် ဝုတ်"

"ဒီ ခွေးတွေကလဲ ဟောင်လိုက်တာ ဆူနေတာပဲ'

"ဟဲ့ခွေးတွေ နားမထည်ဘူးလား၊ "တောက်" ဘယ်လိုဖြစ်နေတာလဲ"

"ဗျို့ ဦးလေးသိန်းအောင် တံခါးဖွင့်ပါဦး။ ဒီမှာ ဦးလေးအေးချိုလမ်းမှာလဲနေလို့ တွဲခေါ်ဦး လာပို့တာ"

"အေး အေး လာပြီကွ ဩော် ငါ့ တူကြီးတို့ပါလား။ ကျေးဇူးတင်ပါတယ်။ ဒီကောင်ကွာ အမှတ်ကိုမရှိဘူး။ ကြီးလေမိုက်လေပဲ ကြီးမိုက် မနက်ကျမှတွေ့မယ်။ ခုတင်ပေါ်သာ ပစ်တင်ထားလိုက်ပါကွာ။ အရှက်မရှိတဲ့ ကြီးမိုက် ဟင်း"

"ကျွန်တော်တို့လဲ သွားစရာရှိလို့ သွားလိုက်ပါဦးမယ်"

"အေးကွယ် "သာဓု" ကျန်းမာပါစေ ချမ်းသာပါစေကွယ်"

♥♥♥♥♥

"ဒုန်း ဒုန်း ဒုန်း"

"ဟဲ့ ဘယ်သူတွေလဲ ဖြည်းဖြည်းလုပ်ကြပါဟယ်။ ဒီမှာ ကိုရီးယားကား အရှိန်ကောင်းနေလို့ပါ လာပါပြီနော်"

"ကျွန်တော်တို့ပါ အန်တီ"

"ဩော် ကောင်းထက်နဲ့ ထွန်းထွန်း လာလေဟယ် အထဲဝင်ကြဦး။ မင်းတို့သူငယ်ချင်း မြို့ကိုသွားလေရဲ့ သူညီမနေမကောင်းဘူးကြားလို့ အဲဒါသွားလေရဲ့"

"ဩော် ဒါကြောင့် လယ်ထဲ ရောက်မလာတာပဲ"

"လယ်ထဲ ဆင်းတာမတွေ့လို့လိုက်လာတာ။ မျိုးအောင်မရှိရင် ကျွန်တော်တို့ သွားလိုက်ပါဦးမယ်"

"အေးကွယ် မနက်ဖြန်ညနေဆို ပြန်ရောက်မှာပါ"

"ဟုတ်ကဲ့ ဟုတ်ကဲ့ သွားပြီနော် အန်တီ"

"အေးကွယ် အေးအေး သားပြန်လာရင်လဲ မင်းတို့လာသွားတဲ့အကြောင်း ပြောပြလိုက်ပါမယ်"

အပြန်လမ်းတွင် ကောင်းထက်၏ ခြေလှမ်းများ





www.burmeseclassic.com

www.burmeseclassic.com



နေးကွေးနေသလို ရင်ထဲတွင် ရေနစ်သူပမာ မွန်းကျပ်နေပါသည်။ ချစ်သူဆိုသော အသိတို့သည် တစ်ခါတစ်ရံ မှန်းဆရန် အလွန်ခက်လှပါသည်။ ကြားလိုက်ရသော သတင်းစကားသံကြောင့် နားထဲသို့မိုးကြိုးပစ်သလို ရိုက်ခတ်သွားခဲ့သည်။ အတွေးတို့သည် ဝေဝါးနေသလို ချက်ချင်းပင် ပြေးလွှားတွေ့ချင်စိတ်များ တဖွားဖွား ဖြစ်နေလေသည်။

"ထွန်းထွန်း ငါဒီညမြို့ကို လိုက်သွားရရင် ကောင်းမလား"

"ဘာမှမဖြစ်လောက်ပါဘူးကွာ၊ နာစေးချောင်းဆိုးလောက်ပဲ နေမှာပါကွ"

"ငါ အရမ်း စိတ်ပူနေတယ်ကွာ"

"အေး ဟုတ်ပြီ အဲဒါ အချစ်၊ ရင်ထဲကလာတဲ့အချစ် စိုးရိမ်ပူပန်မှုတွေ တွေ့ချင် မြင်ချင်စိတ်တွေဟာ အချစ်ပေါ့ကွာ"

"ကောင်းထက် မင်း ဘာမှတွေးမနေနဲ့၊ စဉ်းစားအကြံထုတ်ဖို့ မကြိုးစားနဲ့၊ မနက်ဖြန်

"အေး ဟုတ်ပြီ အဲဒါအချစ်၊
ရင်ထဲကလာတဲ့အချစ်
စိုးရိမ်ပူပန်မှုတွေ
တွေ့ချင် မြင်ချင်စိတ်တွေဟာ
အချစ်ပေါ့ကွာ"

မျိုးအောင်ပြန်လာရင် လွမ်းစာလေး ပါလာမှာ ကြိမ်းသေပဲ။ အလွမ်းဖျားလေး အချစ်ရဲ့ ဆွဲငင်အားကြောင့် အချစ်ဆိပ်ငွေ့ငွေ့လေး တက်သွားတာပါကွာ ဟဲ ဟဲ"

"ထွန်းထွန်း ငါ့ရင်ထဲမှာတကယ်ခံစားနေရတာ နှင်းဆီဆီကိုသွားချင်တယ်ကွာ ကျေးဇူးပြုပြီး မနောက်ပါနဲ့"

"ဟကောင်ရ မင်း သွားတော့ရော တွေ့ချင်တိုင်း တွေ့လို့ရမှာလား။ ဟိုက ဘော်ဒါတက်နေတာ မင်း တွေ့ရပါ့မလား အားကြီးကြီး။ အဲဒီဘော်ဒါက စည်းကမ်းအရမ်းကြီးတာ ပဲ့သည်တို့ စားစရာတို့ သွားပေးရင်တောင်မှ ဂိတ်ပေါက်မှာပဲ ထားခဲ့ရတာ မင်း ကြုံဖူးသားနဲ့"

"အေးပါကွာ အရမ်း စိုးရိမ်စိတ် လွန်သွားလို့ပါ။ မျိုးအောင် အပြန်ကို မဖြစ်မ... မျှော်ရတော့မှာပဲ"

"ငါအိမ်ရှေ့ရောက်နေ... ကောင်းထက် ငါလိုက်မပို့တော့ဘူး။ ဖြစ်တယ်မဟုတ်လား"

"အေးပါ ဖြစ်ပါတယ်"

ကောင်းထက် သည် အိပ်ရာထဲ ရောက်လာသည့်တိုင် အတွေးတို့သည် တစ်ခုပြီးတစ်... ချာချာလည်နေပါသည်။ မျက်... မှိတ်ထားသော်လည်း နှင်းလေ... ၏ ချစ်စရာအသွင်တို့သည် အ... စိုးမိုးနေသဖြင့် ဟိုသည်လှည့်... ကာ လူးကာဖြင့် အချိန်ကြာ... စွာဖြင့် မှေးခနဲ အိပ်ပျော်သွား... ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



''သား သားလေး ကောင်းထက် ထတော့လေ ကွယ်။ နေမြင့်တော့မယ် ကျင်မှူ သွားတာတောင် ကြာလှပြီ''

အမေ့ အသံကြောင့် ရုတ်တရက်နိုးလာပြီး ပျာပျာသလဲ အဝတ်အစားလဲကာ မျက်နှာတောင်မသစ်ဘဲ လယ်ထဲဆီသို့ အပြေးအလွှားလာခဲ့သည်။

"ယော့ကောင် ကောင်းထက် မင်းရှေ့မှာ ငါ့ကြက်မကြီး တက်နင်းသွားဦးမယ် သေချာကြည့်သွား။ ညက အဆိပ်တက်သွားလို့ ဒီလောက်နောက်ကျတာဖြစ်မယ်။ ဟုတ်တယ် မဟုတ်လား။ ဟား ဟား ဟား ဟား''

ထွန်းထွန်းအား ဘာမျှ ပြန်မပြောဘဲ မိမိလုပ်စရာရှိတာများကို လုပ်ကိုင်နေပါသည်။ အလုပ်သာလုပ်နေပါသော်လည်း သူ၏စိတ်အစဉ်သည် ချစ်သူဆီသို့ တမ်းတလွင့်မျောနေသည်။ သူရိန်လင်းရောင်တောက်တောက် ပြောင်ကာ ထန်းတစ်ဖျားသို့ ဆိုင်ရောက်ရှိလာတော့ နေမြင့်လေ အရှုးရင့်လေ ဆိုသလို တစ်ညလုံး အိပ်မပျော်ခဲ့သော ကောင်းထက်သည် ခေါင်းများ ကိုက်ခဲမူးဝေ လာသဖြင့် လုပ်လက်စအလုပ်ကို နားလိုက်ပြီး ဦးလေးမှုံ့အား ပြော၍ အိမ်သို့ ပြန်လာခဲ့သည်။

"သား အစောကြီးပြန်လာပါလ... ဘာဖြစ်လို့လဲ နေမကောင်းလို့လား''

''နေကောင်းပါတယ် အမေ၊ ခေါင်းထဲ ငြီးစီစီဖြစ်လာလို့ ဦးလေးမှုံ့ကို ပြောပြီးပြန်လာခဲ့တာပါ''

''ဆေးခန်းသွားပြကြမယ်သား''

"ရပါတယ်အမေ သား ဘာမှမဖြစ်ပါဘူး။ တစ်ရေးအိပ်လိုက်ရင် ရပါတယ်။ ညက အိပ်မပျော်ဖြစ်သွားလို့ပါ''

''ဒါဆိုလဲ တစ်ရှူးရှစ်ပါးဆေးသောက်ပြီး အိပ်နေလိုက်ပေါ့ သားရယ်''

''ဟုတ်ကဲ့ ဟုတ်ကဲ့ပါ''

ဆေးသောက်ပြီး အိပ်ပျော်သွားသည်မှာ ညနေစောင်း ဦးလေးမှုံ့ နွားသွင်းလာသံကြားမှ နိုးလာပါသည်။ အိပ်ခန်းအပြင်သို့ ထွက်လာလိုက်သည်။

''ဟာ ဟော့ကောင်တွေ ဘယ်တုန်းက ရောက်နေတာလဲ အိပ်မောကျသွားတယ်ကွာ။ ဆော်ရီးကွာ''

''သိပ်မကြာသေးပါဘူး။ အရီးလေးနဲ့ စကားကောင်းနေတာနဲ့ လာမနှိုးဖြစ်တာ''

"မျိုးအောင်ရာ ဒီကောင် အဆိပ်တက်နေတာကွ ငါသိတယ်''

''မင်းကြီးတော် အဆိပ်တက်ရမှာလား ဒီမှာဘာမှမဖြစ်ဘူး''

အဲဒါတော့ငါတို့မသိဘူး ဖြေဆေးလိုချင်ရင် ဘီယာလိုက်တိုက်ရမယ် မတိုက်ရင်ကတော့ သိတယ်နော် ဟင်း ဟင်း''

''အေးပါကွာ သိုက်ဆရာတို့ရယ် ကျွန်တော်မျိုး တိုက်ဆိုတိုက်ပါ့မယ် ပေးမှာသာ ပေးပါ''

''ဒီလိုမှပေါ့ကွာ မင်းကတိနော်''

''အင်းပါ ဆိုနေမှကွာ မှူနေပြန်ပြီ''

''ကောင်းထက် ဒီမှာနော် ဖောက်ရာပြင်ရာမပါဘူး သေချာကြည့် နောက်မှ တောပြောတောင်ပြော လာမပြောနဲ့။



www.burmeseclassic.com

www.burmeseclassic.com



စေတနာနဲ့ သယ်လဲလာရသေးတယ်။ အပြစ်အပြောမခံနိုင်ဘူးဟုတ်ပြီလား''

''တော်တော် စကားရှည်တဲ့ကောင်တွေ ပေးပေးသွားကြတော့''

''အေးပါ နှင်ပါနော် မျက်နှာကိုက မနက်ဖြန်ကြမှ ဆိုင်မှာ ကောင်းကောင်း ဆွဲပစ်လိုက်မယ်၊ ထွန်းထွန်း လာသွားကြမယ်''

''မင်းကတီနော် တို့ဆိုင်က စောင့်နေမယ်''

''အေးပါကွာ ကျေးဇူးတွေ တင်လှပါတယ်''

မျိုးအောင်တို့က နှုတ်ဆက်ပြန်သွားကြသည်။ ကိုရီးယားကား အရှိန်ကောင်းနေသော ကောင်းထက်မိခင်သည် အေးအေးဆေးဆေး ဆက်တီပေါ် ဖိမ်ကျနေတုန်း အိပ်ခန်းတွင်း ဝင်ရောက်ကာ စာကို ဖောက်ဖတ်လိုက်ပါတော့သည်။

''မောင်ရယ် မောင်ရယ်''

''မောင် နှင်းလေ မောင့်ကို အရမ်း သတိရနေတယ် မောင်ရယ် သတိရတိုင်းလည်း ငိုနေရတယ်ပေါ့။ နေနိုင်လိုက်တာ မောင်ရယ်၊ စာလေးတစ်စောင်မှမရေးဘူး။ နှင်းခွင့်လွှတ်ပြီးသားပါ။ အလုပ်တွေ ရှုပ်နေတယ်ဆိုတာ သိပါတယ်''

''နှင်းလေ မောင့်လိုဘဲ့ မရရင်တောင်မှ ဆယ်တန်း တော့အောင်ချင်ပါတယ်။ မောင် လျှောက်ထားတဲ့ အလုပ်ရခဲ့ရင် နှင်းတို့ ခွဲနေရဦးမယ်နော်။ နှင် ငိုရဦးမှာပေါ့။ အဖေနဲ့အမေက လည်း သူတို့သဘောကျတဲ့သူ လက်ထပ်ရမယ်တဲ့ မောင်ရယ် နှင်းဘာလုပ်ရမလဲ ဟင်''

''လူချင်းဘယ်လောက် ဝေးဝေး နှင်းရဲ့နှလုံးသားက မောင့်ဆီမှာပါ။ သစ္စာရှိရှိ ထာဝ ချစ်နေသူပါ။ မောင့်ကိုချစ်တယ် အရမ်းလဲလွမ်းတယ် သတိ တိုင်း မျက်ဝန်းမှာ မျက်ရည်တွေ ဝိုင်းလို့နေတယ် မောင်ရယ်''

ချစ်တဲ့နှင်

ကောင်းထက် တစ်ယောက် စာကိုဖတ်ရင်း မျက်ရည်များ လာသည်။ နှင်းရဲ့ စာလေး ရင်ဘတ်ပေါ်တင်ကာ တွေးတော မြင်ယောင်နေမိသည်။

''ဂုဏ်ပကာသန မက်မောပြီး တို့နှစ်ယောက် ကမ္ဘာခြားဖို့ ကြိုးစားနေလဲ ပါပဲ။ စိတ်ချကလေးရယ် မော လေ အေးမြတဲ့မေတ္တာ နွေး တဲ့အကြင်နာ အပြည့်အဝ သစ္စာများ ပေးနိုင်ပါတယ်ကွ

အဖေနဲ့အမေကလည်း
သူတို့သဘောကျတဲ့သူနဲ့
လက်ထပ်ရမယ်တဲ့ မောင်ရယ်
နှင်းဘာလုပ်ရမလဲ ဟင်

www.burmeseclassic.com



နှင်းရဲ့ အချစ်ကို တန်ဖိုးထားသလို မောင်ချစ်တာကိုလဲ ဘယ်လို အရာတွေနဲ့မှ တိုင်းတာလို့မရပါဘူး။ မောင်လေနှင်းကို အသက်ရှူတိုင်းချစ်နေတယ်ဆိုတာယုံပါ''

အတွေးများဖြင့် ဘဝင်ကျစွာပြုံးနေမိသည်။

♥♥♥♥♥

''အမေ့အတွက် ဘကြီးရယ်၊ ဦးလေးမှုံလင်မယားကို အားလုံးတိုင်ပင်ပြီးသား။ ယောက်ဖတစ်ဝမ်းကွဲကြီး စိတ်ချမယ်နော်၊ မနက်ဖြန်ဆို နှင်းကိုခေါ်သွားကြမှာ ည(၉)နာရီ ဘူတာရုံက စောင့်ပါ၊ နှုတ်လုံပါစေကွာ''

''မျက်နှာတော့ ပူသားကွ။ သူငယ်ချင်းမို့နော်''

''ကုသိုလ်ရပါတယ်ကွ''

''အေးပါ အေးပါ တို့အလှည့်ကျလဲ ဟဲ ဟဲ မင်းသိပါတယ်''

''ညီမလေးတို့ ဒီအအေးပုလင်းကို မသောက်နဲ့ မရှိသားဘူး။ စားပွဲထိုး ညီလေးအသစ်နှစ်လုံး ယူလာပေးပါ''

''ရှင် ဘာဖြစ်လို့လဲ''

''ဟာကွာ ဒီကောင် ဘာလာကြောင်နေတာလဲ။ လူလည်လိုလို ပေသီးလိုလို လာမရောနဲ့။ ဒါတို့အလန်းတွေကွ လာပတ်သက်ရင် ကွဲသွားမယ် နားလည်လား''

''အေး ငါက ကွဲရုံကွဲမှာ မင်းတို့ကွေးရမှာ မကြောက်ဘူးလား''

''ပေးစမ်းကွာ''

''ခွမ်း ခွမ်း''

လူငယ်လေးတွေက အတင်းဝင်လုသဖြင့် ရှန်းရင်းဆန်ခတ်ဖြစ်ကာ ပုလင်းနှစ်လုံး ကျကွဲသွားပါသည်။ ဆိုင်ရှင်နှင့် အနားရှိသူများ ဝိုင်းဝန်းဖျန်ဖြေပေးကြသဖြင့် အေးငြိမ်းသွားပါသည်။ မြင်တွေ့သမျှကို မိန်းကလေးအား အကြောင်းစုံ ရှင်းပြလိုက်သည်။

''ဒီက ညီလေးကို လေးစားသွားပြီကွာ။ ခဏထိုင်ပါဦး စကားလေး နည်းနည်းပြောကြရအောင်၊ ငါ့ညီကဒီမြို့ကပဲလား''

''မဟုတ်ပါဘူး။ ——— ရွာက ကောင်းထက်ပါ''

''အစ်ကိုက မြို့နယ်ကြက်ခြေနီက ဒုတင်ရင်းမှူးပထူးပါ''

''ငါ့ညီရဲ့ စိတ်ဓာတ်ကို ဂုဏ်ယူပါတယ်။ မြန်မာအမျိုးသားတိုင်းမှာ ရှိသင့်ရှိထိုက်တဲ့ အရာပဲ။ အခု ခေတ်ကာလမှာ တရားမဝင် ဝင်ရောက်လာတဲ့ ဆေးဝါးတွေ၊ ပြီးတော့ ချိုချဉ် ကော်ဖီ၊ ချောကလက်တွေ အမျိုးသားရေး ဥပဒေအရ အရေးယူတဲ့ သတင်းတွေဖတ်နေရတယ်။ မိန်းကလေးတွေအဖို့ လောကကိုကျောပေးပြီး မထိုင်ရဲလောက်အောင် မလုံခြုံတော့တဲ့ နေ့ရက်တွေများ ဖြစ်နေပြီလား။ ဒါဟာအချစ်လား (ဒါမှမဟုတ်) အချစ်လို့ ထင်မှတ်နေတာလား။ မိန်းကလေး တစ်ယောက်ကို ဘယ်လိုနည်းနဲ့ရရ ရရင်ပြီးစတမ်းလား။ အဲဒီလိုယောက်ျားမျိုးကို မြန်မာဗုဒ္ဓဘာသာအရဆိုရင် (၁၁)ဘုံမှာ ဘယ်လိုခေါင်းစဉ်နဲ့ ဘယ်လို အမည်စာရင်းသွင်းမလဲ။ ကမ္ဘာကျော် ရာမယဏဇာတ်တော်ထဲက ဒဿဂီရိက လူကြမ်းလူစွမ်းရုပ်ကြမ်း လူဆိုးကြီးအဖြစ် ထင်ရှားခဲ့သူက သီတာဒေဝီ မင်းသမီးလေးကို ခိုးယူပြီး သီဟိုဠ်ပြည်မှာ သံကွန်ချာခုနစ်ထပ်နဲ့ထားစဉ်က မင်းသမီးလေးကို လက်ဖျားနဲ့တောင်



www.burmeseclassic.com

www.burmeseclassic.com



မတို့ရက် မထိရက်ခဲ့ဘူး။ ဘယ်လိုနည်းနဲ့ ရရဆိုတာ အတင်းအဓမ္မတွေ အောက်လမ်းတွေနဲ့ မကြိုးစားခဲ့ဘူး။ ခုခေတ်မှာတော့ လှုံ့ဆော်ဆေးဝါးတွေ၊ အစားအသောက်တွေနဲ့ ဒီအကြောင်းကိုများ ကြားသွားခဲ့ရင် ခေါင်းဆယ်လုံးရှိတဲ့ ဒသဂီရိဘီလူးမျာ ဖျားသွားနိုင်တယ်"

"ဟုတ်တယ် အစ်ကိုဗထူးရ၊ ကျွန်တော်လဲ ဒီဆိုင်ထဲ စထိုင်ကတည်းက သူတို့ပုံစံကို အကဲခတ်နေမိတာ တစ်ယောက်က ဆေးလိပ်မီးညှိသလို အပေါ့အပါးသွားသလိုနဲ့ အအေးမှာပြီး ဆိုင်နောက်ထဲမှာ ဆေးမှုန့်တွေ ထည့်နေတာ လှမ်းမြင်လိုက်တာနဲ့ စိတ်ထဲမှာ မကောင်းကြဲပြီဆိုတာ သိလိုက်လို့ မောင်ရင်းနှမလို ကိုယ်ချင်းစာမိလို့ပါ။ ဒီကောင်တွေ တော်တော်ဆိုးတာပဲ။ ဒါကြောင့်မို့ ရောဂါဘယတွေ ပေါ်လာတယ် ပြောရတော့မလိုပဲနော်"

"ညီလေးလို သဘောပေါက်နားလည်မှ စိတ်ထားဖြူစင်ပြီး လူသားတိုင်းကို စာနာမှုရှိတဲ့သူတွေ များများရှိဖို့လိုအပ်တယ်။ ဒါကြောင့်လဲ ကျန်းမာရေး ဝန်ကြီးဌာနက လူတိုင်းသက်တန်းစေ့အသက်ရှည်နေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းရေးတို့ကို ကျေးလက်ဒေသအောက်ခြေထိ အသိပညာပေးခြင်း၊ ရောဂါကာကွယ်ခြင်း၊ ရောဂါဖြစ်ပွားလာလျှင်လဲ ထိရောက်စွာကုသခြင်းတွေပြုလုပ်နေတယ်လေ"

"အစ်ကိုတို့ ကြက်ခြေနီအဖွဲ့အစည်းဆိုရင်လဲ လူမှုကရုဏာနဲ့ စာနာမှု ဘက်မလိုက်မှု၊ ကြားနေမှု၊ သီးခြားလွတ်လပ်မှု၊ စေတနာနဲ့ ဝန်ဆောင်မှု၊ ညီညွတ်စည်းလုံးမှုစတဲ့ အချက်တွေကို တို့မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးက ဆောင်ရွက်နေသလို ဆင်းရဲဒုက္ခနည်းပါးသက်သာစေဖို့ရည်ရွယ်ပြီး လုပ်ငန်းကြီး (၃)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေတယ် ညီညီ၊ အဲဒါကတော့ ကျန်းမာရေးမြင့်တင်ဖို့ ရောဂါဘေးတားဆီးဖို့ ဘေးဒုက္ခ ကျရောက်သူများကို ကူညီဖို့တွေကို ဆောင်ရွက်နေပါတယ်--

"အစ်ကိုတို့ ကြက်ခြေနီအသင်းတွေရဲ့ ရည်ရွယ်ချက်က ကမ္ဘာ့ငြိမ်းချမ်းသာယာရေးအတွက် လူသားတို့ရဲ့ ဆင်းရဲဒုက္ခနည်းပါး သက်သာစေဖို့ ကာ





www.burmeseclassic.com

www.burmeseclassic.com



ကွယ်လုပ်ဆောင်ပေးတဲ့ လူမှုရေး လုပ်ငန်းမှန်သမျှကို အချိန်အခါ မရွေး ဒေသမရွေး၊ လူမျိုးမရွေး၊ အစွမ်းကုန်အားပေးမြင့်တင် ကူညီဆောင်ရွက်နေဖို့ပဲကွ"

"တန်ဖိုး ရှိလိုက်တာ အစ်ကိုရာ၊ ကျွန်တော်တောင် အားကျလာပြီ။ ဝါသနာလဲပါတယ်။ နောက်ရက်တွေမှာ ပြန်ဆုံကြမယ်။ အခုတော့ အရေးတကြီး သွားစရာရှိလို့ ခွင့်ပြုဦး အစ်ကို ဗထူး"

"ညီလေး မိုးတွေ ရွာနေတယ်လေ"

"ဟုတ်ကဲ့ မိုးကာအင်္ကျီပါတယ်။ အရေးကြီးလို့ သွားပြီ"

ကောင်းထက် ထွက်သွားပြီး ကိုဗထူးသည်လည်း ထီးဆောင်းကာ ပြန်လာခဲ့သည်။

"ဒုန်း ဒုန်း အင့်"

"ခွပ် အား"

စောစောက စားသောက်ဆိုင်ထဲမှာ အချင်းများခဲ့ကြသောလူငယ်များက ကောင်းထက်ကို ချောင်းရိုက်ကာ ထွက်ပြေးသွားကြလေသည်။

မိုးများသည် သဲသဲမဲမဲ အဖြိုးကြီးစွာ ရွာနေဆဲမို့ ဘူတာရုံထဲရှိ ခုံတန်းလျားပေါ်တွင် မေနှင်းတစ်ယောက်တည်း ရင်ဖိုလှိုက်မောစွာ ထိုင်နေရင်း မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာသည်။ နှုတ်ခမ်းလေးကို ဖိကိုက်ရင်း ချိန်းထားသောနာရီထက် တစ်နာရီတောင်ကျော်နေသဖြင့် ထီးကလေး ဆောင်းကာ လှည့်ပြန်သွားခဲ့သည်။ တရွေ့ရွေ့သွားနေသော ခြေလှမ်းနှင့်အတူ မောင်ရယ် ရက်စက်လိုက်တာ၊ နှင်းမှာ ဘာအပြစ်ရှိလို့လဲ။ မောင် ကတိမတည်ဘူး။ နှင်း ဘယ်လိုဖြေရမှာလဲ။ အသည်းတွေ ကြေလုပြီ မောင်ရယ်။ မျက်ရည်များနှင့်အပြိုင် မိုးလေများ ပြင်းထန်နေသည်။

လူ့ဘဝကံကြမ္မာ ဆန်းကြယ်နေသည်ကို မသိရှာဘဲ မိုးတစ်ညရဲ့ ဒဏ္ဍာရီတစ်ပုဒ်ပမာ အသည်းတွင်ကမ္ပည်းတင်ခဲ့သည်။

♥♥♥♥♥

အသည်းဖျား ဆတ်ဆတ်ခါရအောင် ရင်နာစွာ ကျန်ရစ်ခဲ့တဲ့ မောင့်အချစ်ကို မစာနာရင် နေပါစေ။ ခိုင်မာမြင့်မြတ်လှတဲ့ မောင့် ရင်ထဲက မေတ္တာစစ် မေတ္တာမှန်ဟာ လူသားဆန်တဲ့ နှလုံးသားအိမ်မှာ အချစ်စစ် တကယ်ရှိနေတယ်ဆိုတာ နှင်း တစ်ယောက်ထာဝရ သိစေချင်တယ်။

"နှင်း နှင်းဆီသွားမယ် အင်း"

ရက်တရက် သတိရလာသော ကောင်းထက်အား အနားတွင်ရှိနေ မျိုးအောင်၊ ထွန်းထွန်း၊ ကိုဗထူးတို့ အားရဝမ်းသာ ဝိုင်းလာကြသည်။

"ညီလေး သတိရပြီလား"

မင်းအမေလဲ ရှိတယ်။ ငါတို့တွေ မင်းအနားမှာရှိတယ်ကွ။ ဘာမှ အားမငယ်နဲ့ မင်းအမေလဲရှိတယ်နော်။ သူငယ်ချင်း"

"အမေ အမေ သား မျက်လုံးတွေ ဘာမှမမြင်ရဘူး။ ခေါင်းထဲမှာ ချာချာလည်နေတယ်။ နှင်း နှင်း ထွက်ပြေး သွား ထွက်ပြေး ပြေး အား"

"သားလေး----
ကောင်းထက်"

ရွှေကော်မြေ
ကိုစိမ်းလန်း



www.burmeseclassic.com

www.burmeseclassic.com



# ရက်ရွေးမနေပါနဲ့ ကိုကိုရယ်



www.burmeseclassic.com

www.burmeseclassic.com



"ရက်ရွေးမနေပါနဲ့ကိုကိုရယ်"

တွင်းကြီးသားတင်ဝင်းဦး

နေ့စဉ် ဆောင်ရွက်နေကျ အတိုင်း မနက် နေမထွက်ခင်မှ နေဝင်သည့်အထိ နယ်မြေလုံခြုံရေး တာဝန်များကို ယူရင်းနှင့် တာဝန်မှူး တာဝန်များကို ထမ်းရွက်နေသည့် ဒုရဲအုပ် ရန်နိုင်ထွန်းသည် ရဲစခန်းအတွင်း အလုပ်ရှုပ်လျက်ရှိသည်။ ပုဂံမြို့သစ်တစ်နေရာ မြို့သစ်အချက်အချာ ကျသည့် နေရာတွင်ရှိသည်။ မိမိတာဝန်မှူးယူနေရသည့် ရဲစခန်းရုံးခန်းထဲမှာ လုံခြုံရေးအတွက် လှည့်ကင်းကျသည့် ရဲဘော်များ၏ စာရင်းကို ကြည့်ရင်းနှင့်ရှိသည်။ ပြီးသည်နှင့် ရှေ့တွင်ရှိသည့် သတင်းစာကို ကောက်ယူပြီး ဖတ်နေလိုက်သည်။

"ကလင် ကလင် ကလင်"

ထိုအချိန် စားပွဲပေါ်ရှိ ဖုန်းအိတ်မှ အသံစာစာပြုလိုက်သည့်အတွက် ဖတ်လက်စသတင်းစာကို အောက်ချလိုက်ပြီး ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟယ်လို အမိန့်ရှိပါ။ ပုဂံမြို့သစ် ရဲစခန်းကပါ။ ဗျာ ဟုတ်ကဲ့ ... ကျွန်တော်တာဝန်မှူး ဒုရဲအုပ် ရန်နိုင်ထွန်းပါ"

ဒုရဲအုပ်သည် ဖုန်းမှပြန်၍ပြောနေပြီး သူ့ကိုယ်သူ မိတ်ဆက်လိုက်သည်။

"ဆရာ ကျွန်တော် ဆရာ့တပည့် တပ်သားမြင့်လွင်ပါ"

"ဟာ ဒီကောင် စောစောက ကျွန်တော်မြင့်လွင်ပါဆိုရင် ပြီးနေတဲ့ဟာ။ ကဲ ပြော မြင့်လွင် နယ်မြေထဲမှာ ထူးခြားမှုကို"

တကယ်တော့ တပ်သားမြင့်လွင်နှင့်အဖွဲ့ကို အရပ်ဝတ်ဖြင့် နယ်မြေအတွင်း မြေပုန်းခုတ်ခိုင်းထားခြင်းဖြစ်သည်။ နယ်မြေသတင်းယူဖို့ တာဝန်ပေးထားသူတွေဖြစ်သည်။ မှုခင်းကျူးလွန်ရေးအပြင် မှုခင်းကာကွယ်ရေးနှင့် အခြားအခြားသော ဖြစ်ရပ်ဆိုးတွေ မရှိရအောင် အရပ်ဝတ်နှင့် အသွင်ပြောင်းထားခြင်းသာဖြစ်သည်။ ထိုသို့ အသွင်ပြောင်းရာ၌ သူ့နယ်နှင့်သူ၊ သူ့တာဝန်နှင့်သူ ပေးထားခြင်းဖြစ်သည်။ ယခု တပည့်ဖြစ်သူ မြင့်လွင် ဖုန်းဆက်နေပြီ။

"ဟုတ်ကဲ့ ဆရာ။ ပုဂံမြို့သစ်မှာရှိတဲ့ သိဒ်ရပ်က ယွန်းမြို့သူဟိုတယ်မှာ မီးရှို့မှုတစ်ခု ဖြစ်နေတယ်"

"ဘာ ... မီးရှို့မှု"

မြင့်လွင်၏ ဖုန်းသတင်းပေးချက်ကြောင့် ဒုရဲအုပ် ရန်နိုင်ထွန်း မျက်လုံးပြူးသွားသည်။ ဘယ့်နှယ် မိမိအပိုင် ပုဂံမြို့သစ်၊ သိဒ်ရပ်ကွက်က ယွန်းမြို့သူဟိုတယ်မှာ မီးရှို့မှုဖြစ်ပွားခဲ့လို့တဲ့။ အဲ တပည့်မြင့်လွင် သတင်းပေးမှုက နားမရှင်းသေး။

"ဟေ့ကောင် တိုတိုနဲ့ တိတိကျကျ သတင်းပေးစမ်း။ မင်းပြောပုံက ယွန်းမြို့သူဟိုတယ်ကို မီးရှို့ခံရတာလား။ လူကို မီးရှို့ခံရတာလား။ အေး မင်းသတင်းအရဆိုရင် ဟိုတယ်ကို မီးရှို့ခံရတယ်ဆိုတဲ့ သဘောပေါ့ ဟုတ်လား"

ဒုရဲအုပ် ရန်နိုင်ထွန်း၏ ခပ်ဆတ်ဆတ်လေသံကြောင့် တပ်သားမြင့်လွင် ပြန်လည်၍ ဖြေကြားလိုက်သည်။

"ဆောရီးဆရာ။ အဲဒီ ယွန်းမြို့သူဟိုတယ်မှာ လူတစ်ယောက်ကို မီးရှို့ခံလိုက်ရတယ် ဆရာ၊ အဲဒါ အခြားကိုတော့ ကျူး



www.burmeseclassic.com

www.burmeseclassic.com





စက်လောင်ကျွမ်းမှု မရှိပါဘူး။ အရှိ ခံရတဲ့လူကတော့ အတော်ခံစား နေရပြီဆရာ။ လောင်ထားတာ တစ်ကိုယ်လုံးပဲ''

''အရှို့ခံရတာက ယောကျ်ားနော်''

''ဟုတ်ပါတယ်''

''ရှို့တဲ့လူက''

''မိန်းကလေးပါဆရာ၊ အဲဒါ ဆရာတို့အမြန်လာခဲ့ပါ''

''ကောင်းပြီ။ မင်းက အဲဒီမှာ အသေအချာကြည့်ထား။ အခြေခံဖြစ်ရပ်ကိုလဲ စုံစမ်းထား ကြားလား''

''ဟုတ်ကဲ့''

ဒုရဲအုပ်သည် တပ်သား မြင့်လွင်ကို ညွှန်ကြားချက်ပေး လိုက်ပြီး ဖုန်းကိုချလိုက်သည်။

ဒီကနေ့ နယ်မြေအတွင်း လုံခြုံ ရေးအတွက် တာဝန်ပေးရင်းနှင့် သတင်းစာ ကောင်းကောင်းဖတ် မည်ဟု စိတ်ကူးဆဲ၌ အမှုကပေါ် လာချေပြီ။ အချင်းဖြစ်အမှုက မိမိ အပိုင်နယ်မြေထဲက ဟိုတယ်မှာ ဖြစ်သည်ဆိုတော့ အမြန်သွားရ ပေတော့မည်။ အမှုကတော့ အချင်း ဖြစ်နေရာရောက်မှ ဖြစ်ကြောင်း ကုန်စင်သိရမည်မို့ သွားဖို့ပြင်ဆင် ရသည်။ ပြင်ဆင်အပြီး ညောင် ဦးမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး လှဌေး၊ အပိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ကြီး ထွန်းဦးတို့အား အစီရင်ခံ လိုက်သည်။

''ဟယ်လို ဟုတ်ကဲ့။ ကျွန်တော် ပုဂံမြို့သစ်ရဲစခန်းက ဒုရဲအုပ် ရန်နိုင်ဝင်းပါ။ ဒီကနေ့ မနက်ခင်း (၉)နာရီကျော်ကျော် မှာ ပုဂံမြို့သစ် သိခ်ရပ်ကွက်မှာ ရှိတဲ့ ယွန်းမြို့သူဟိုတယ်မှာ လူ တစ်ဦးကို မိန်းမတစ်ဦးက မီးရှို့ မှုဖြစ်နေကြောင်း သတင်းဝင်လာ ပါတယ်။ အဲဒါ အဲဒီအမှုနဲ့ ပတ် သက်ပြီး ညွှန်ကြားချက်ပေး တင်ပြအပ်ပါတယ်။ ခင်ဗျာ ဟုတ် ကဲ့။ အခုပဲ ယွန်းမြို့သူဟိုတယ် ကို သွားဖို့အဆင်သင့် ဖြစ်နေပါ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ဟုတ်ကဲ့ ဟုတ်ကဲ့ ဟိုတယ်ရောက်ရောက်ချင်း အချင်းဖြစ်အမှုကို အမည်နဲ့တကွ အသေးစိတ်တင်ပြပါ့မယ်။ ဟုတ်ကဲ့ စိတ်ချပါဆရာ အမြန်ဆုံးဆောင်ရွက်ပါ့မယ်။ ဟုတ်ကဲ့"

ဒုရဲအုပ် ရန်နိုင်ထွန်းသည် ဒုရဲမှူးနှင့်ခရိုင်ရဲတပ်မှူးတို့ထံ အစီရင်ခံလိုက်သည်။ ညွှန်ကြားချက်ကတော့ အချင်းဖြစ်နေရာ အမြန်သွား၊ အမြန်ဆောင်ရွက်ရန်နှင့် ဟိုတယ်ရောက်ပါက အမြန်သတင်းပို့ရန်။ သို့ကြောင့် ဒုရဲအုပ် ရန်နိုင်ထွန်းနှင့် နယ်ထိန်းအဖွဲ့အပြင် ပုဂံမြို့သစ်၊ စခန်းမှူး ရဲအုပ် ဝင်းထိန်၊ ဒုရဲအုပ် ကြည်ဦးတို့ဖြင့် ဦးစီး၍ ယွန်းမြို့သူဟိုတယ်သို့ အမြန်ထွက်ခဲ့ကြရချေပြီ။

ဘြော် တာဝန်သည် တာဝန်ပဲမို့ ညွှန်ကြားချက်သည် တာဝန် အသက်ဖြစ်နေခဲ့ပြီ မဟုတ်ပါလား။

⁂⁂⁂⁂⁂

'ယွန်းမြို့သူ'ဟိုတယ်။

ဒီဟိုတယ်က နာမည်ကြီးသည်။ တည်ဆောက်ထားပုံက လှသည်။ မြန်မာမှုလက်ရာများ လွှမ်းထုံထားပြီး ပုဂံမြို့သစ်၏ အဓိကကျသည့် နေရာတွင် တည်ရှိပြီး တည်းခိုသူပေါသည်။

ထိုဝန်းကျင် လုံခြုံရေးကွက်၌ တာဝန်ချထားရင်းနှင့် ယခုတော့ မှုခင်းတစ်ခုက လက်ကြားယိုပြီး ပေါ်ပေါက်ခဲ့ချေပြီ။ အော် တာဝန်ရှိ ရဲတွေက လုံခြုံရေးဆောင်ရွက်နေကြသော်လည်း မှုခင်းဆိုတာ မထင်မှတ်တဲ့ ဖြစ်တတ်သည် မဟုတ်လား။

ဒုရဲအုပ်နှင့်အဖွဲ့ ယွန်းမြို့သူဟိုတယ်အတွင်း ဝင်ခဲ့သည့်အချိန် ဟိုတယ်အဝမှာ တာဝန်ရှိသူ တချို့က စောင့်ကြိုနေကြသည်။ ဒုရဲအုပ်နှင့်အဖွဲ့ကို နှုတ်ဆက်ကြသည်။ တာဝန်ကျေနှုတ်ဆက်အပြီး အချင်းဖြစ်အခန်းသို့ဝင်ခဲ့ကြသည်။

"ဘယ်အခန်းလဲ"

"ဒီအခန်းပါဆရာ၊ ဖြစ်တာကတော့ စားသောက်ခန်းထဲမှာပါ"

ညွှန်ပြသည့် အခန်းအတွင်း ဝင်ရောက်ခဲ့ကြသည်။ အချို့က ဟိုတယ်အပြင်မှာ နေရစ်ခဲ့ကြပြီ။ အချို့က အပေါက်ဝမှာ နေခဲ့ကြသည်။ အရပ်ဝတ်နှင့်တပ်သားမြင့်လွင်ကို လူအုပ်ထဲမှာ တွေ့ရသည်။ ယခုဖြစ်သွားသည့် မီးရှို့မှုက ဝန်းကျင်သို့ ပြန့်နှံ့သွားပြီး လာရောက်စနည်းနာနေသူအချို့ကို တွေ့ရသည်။ အထဲမှာတော့ မီးရှို့ခံရသည့် လူကို ကုလားထိုင်ပေါ်တွင် ထိုင်လျက်သားတွေ့လိုက်ရသည်။ ထိုလူဝတ်ထားသည့် အဝတ်အစားများ မီးလောင်ခံထားရသည်။ မျက်နှာနှင့်လက်တွေ မီးလောင်ခံထား၍ အဝတ်ညှော်ရော၊ ခန္ဓာကိုယ်လောင်ထားသည့် ညှော်နံ့ပါရနေသည်။

ထိုလူသည် ပြင်းထန်သည့် မီးလောင်ဒဏ်ခံထားရ၍ သိပ်ပြီး မလှုပ်ရှားနိုင်။ ပါးစပ်ကဟရုံသာဟနိုင်ပြီး မျက်လုံးများကပြူးပြူးကြီး ကြည့်နေသည်။

"အမည်"

ဒုရဲအုပ်က မေးလိုက်သည်။

"မောင်ကျော်ဦးပါ"

"ဟုတ်ပြီ။ မောင်ရင့်ကို မီးရှို့သွားတဲ့လူက"

"စပယ်မြိုင်"

ဒုရဲအုပ်နှင့် စခန်းမှူး အဖွဲ့က စစ်ဆေးသည်။ အဓိက လို



www.burmeseclassic.com

www.burmeseclassic.com



အပ်ချက်ကို မေးသည်။ မေးရင်းနှင့် မြေပုံကြမ်းဆွဲသူဆွဲ၊ ဓာတ်ပုံရိုက်သူရိုက်။ တရားလိုဖြစ်သည့် ကျော်ဦး ထွက်ချက်ကို ရေးမှတ်သူမှတ်နှင့် အလုပ်ရှုပ်နေကြသည်။

"မောင်ကျော်ဦးရဲ့ အသက်က"

"နှစ်ဆယ့်ခုလေး"

"ဖခင်အမည်က"

"ဦးသောင်းစိန်"

ဒုရဲအုပ်အမေးကို ကျော်ဦးက ကြိုးစားဖြေနေရရှာသည်။

"စပယ်မြိုင်ဆိုတာက"

"သူ့အသက် နှစ်ဆယ့်ခုနစ်၊ ဒီမှာ"

ဟု ကျော်ဦးက ပြောပြနေစဉ် အသံတိမ်ဝင်သွားသည်။ ကျော်ဦး မီးဟပ်ခံထားရသည့် မျက်လုံးအိမ်များက မျက်ရည်များ ကျလာသည်။ ကျော်ဦး ငိုနေပြီလား။ ထိုအချိန် ဟိုတယ်မှ တာဝန်ရှိတစ်ဦးက ဝင်ဖြေသည်။

"ဒီလိုပါ ဆရာ။ စပယ်မြိုင်ရဲ့ဖခင်က ဦးမြင့်သောင်းပါ။ စပယ်မြိုင်က ဒီဟိုတယ်မှာ အဝတ်လျှော်အလုပ် လုပ်နေတဲ့သူပါ။ နေရပ်ကတော့ ဒီသိခ်ရပ်၊ ပုဂံမြို့သစ်ကပါ ဆရာ"

"ဟုတ်ပြီ"



နောက်တွင်တော့ ဒုရဲအုပ်နှင့် တာဝန်ရှိသူများသည် ကျော်ဦးအား မေးမြန်းစစ်ဆေးခဲ့ကြပြီးသည်နှင့် ဒုရဲမှူးခရိုင်ရဲတပ်ဖွဲ့ထံ အစီရင်ခံတင်ပြလိုက်သည်။

"ဟုတ်ကဲ့ မီးရှို့ခံရသူက ကျော်ဦးဆိုတဲ့လူဖြစ်ပြီး၊ မီးရှို့တဲ့သူ စပယ်မြိုင်ဆိုတဲ့သူပဲ ဖြစ်ပါတယ်။ ဟုတ်ကဲ့ အခုပဲ ညောင်ဦးဆေးရုံကို ပို့လိုက်ပါ့မယ်။ ဟုတ်ကဲ့ခင်ဗျာ"

ဒုရဲအုပ်နှင့် အဖွဲ့သည် အချင်းဖြစ်မှုအား အတည်ပြုပြီးသည်နှင့် မျက်မြင်သက်သေအချို့ကို စစ်ဆေးခဲ့သည်။ စစ်ဆေးချက်ကို မှတ်တမ်းတင်သည်။ ပြီးမြေပုံကြမ်းလည်း ဆွဲပြီးသွားသည်။ ဓာတ်ပုံလည်း ရိုက်ပြီးပြီမို့ ညွှန်ကြားချက်ပေးသည့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



မီးလောင်ခံရသည့် ကျော်ဦးအား ညောင်ဦးဆေးရုံကို ပို့လိုက်သည်။ ကျော်ဦးမှာတော့ ဝေဒနာကို ပြင်းထန်စွာခံစားရင်း ဆေးရုံကို ပါသွားချေပြီ။

ဆေးရုံသို့ ကျော်ဦးအား ပို့ပြီး အမှုလက်ခံရေးဖွင့်ဖို့အတွက် ရဲစခန်း(ပ)၄၀/၁၀၊ ပြစ်မှုဥပဒေပုဒ်မ ၃၀၇/၃၂၆ အရ အမှုတွဲရေးဆွဲလိုက်ရချေပြီ။ အော် အားနွဲ့သည့်မိန်းမသားတစ်ဦးက အားကောင်းမောင်းသန် ယောက်ျားတစ်ဦးကို အနိုင်ယူလိုက်ပြတာလား။ ရက်စက်ပြလိုက်တာလား။ မိန်းမမာယာနှင့် လှည့်စားပြီးကျားကွက်ရွှေ့ပြလိုက်တာလား။

ဘာပဲဖြစ်ဖြစ် စပယ်မြိုင်ကတော့ ဥပဒေကပေးသည့် အပြစ်ကို လည်စင်းခံရပေဦးတော့မည်။ ဒုရဲအုပ်အပါအဝင် တာဝန်ရှိသူအားလုံးကတော့ ညောင်ဦးဆေးရုံကို ရောက်သွားသည့် ကျော်ဦးအား ကျန်းမာချမ်းသာစေရန် အသက်အန္တရာယ်ကျရောက်သည်အထိ၊ ဆိုးဆိုးဝါးဝါး မဖြစ်စေရန် ဆုတောင်းနေကြသည်။

✽✽✽✽✽

"ကဲ စပယ်မြိုင်"

"ရှင်"

ပုဂံမြို့သစ် ရဲစခန်းအတွင်းဖြစ်သည်။ ဒုရဲအုပ် ရန်နိုင်ထွန်း။ စခန်းမှူးနှင့် ဒုရဲအုပ်တို့သည် စပယ်မြိုင်ကို စစ်မေးရင်းရှိသည်၊ စပယ်မြိုင်က အသား မဖြူမညို။ ပြီးတော့ ယဉ်ယဉ်လေးနှင့် ချောသည်၊ လှသည်ဟု ဆိုရမည်။ စပယ်မြိုင်သည် ကျော်ဦးထက် အသက်သုံးနှစ်ခန့်ကြီးသူလည်း ဖြစ်သည်။ ပြောရမည်ဆိုလျှင် လုံးကြီးပေါက်လှနှင့် ချောသည့် ပုဂံမြို့သစ်သူဟု ဆိုရင် မမှား။

ယခု လှပါသည်၊ ချောပါသည်ဆိုသည့် စပယ်မြိုင်သည် တရားခံ ဖြစ်နေရရှာပြီ။ ယောက်ျားတစ်ဦး သို့မဟုတ် စပယ်မြိုင်နှင့် ပတ်သက်ခဲ့သည့် ချစ်သူတစ်ဦးအပေါ်သို့ မကျေမနပ်ချက်တွေနှင့် ပြုရက်ခဲ့သူ စပယ်မြိုင်သည် မျက်နှာညှိုးငယ်ပြီးနေသည်။ ဤခံစားချက်များသည် နောင်တရသည့် အနေအထားများလား။ ဒုရဲအုပ်နှင့်အဖွဲ့ မဝေခွဲတတ်ကြပြီ။

အဘယ်သို့ဆိုစေ၊ တာဝန်ရှိသူတွေကတော့ တရားခံအလိုက် စစ်မေးရမည်က အမှန်။ ဥပဒေထက် မည်သူ့ကိုမျှ မငဲ့နိုင်။ ဥပဒေအထက် မည်သူမျှ မရှိ။ အပြစ်ရှိရင် ရှိသလို အပြစ်ပေးရမည်။ အပြစ်ပေးနိုင်ဖို့အတွက်ကလည်း အမှုတွဲကို ခိုင်လုံအောင် အတည်ပြုပေးရမည် မဟုတ်လား။

ဒုရဲအုပ်က ခပ်စိမ်းစိမ်းကြည့်၍ ခေါ်လိုက်သည့်အတွက် စပယ်မြိုင် ခေါင်းမော့လာသည်။

"အခု မောင်ကျော်ဦးကို ညောင်ဦးဆေးရုံကို ပို့လိုက်ရတာ သိပါတယ်နော်"

"ဟုတ်ကဲ့"

"မောင်ကျော်ဦးကို အချင်းဖြစ်တဲ့ ယွန်းမြို့သူဟိုတယ်ထဲက စားသောက်ခန်းထဲမှာ မေးမြန်းတော့ မောင်ကျော်ဦးရဲ့ထွက်ဆိုချက်က မစပယ်မြိုင်နဲ့ မောင်ကျော်ဦးတို့က ချစ်သူတွေဆို"

အဲဒီ စကားကြောင့် ဒုရဲအုပ်ထံကြည့်နေသည့် စပယ်မြိုင်၏မျက်လုံးများ ပို၍ဝိုင်းစက်သွားသည်။ ပို၍ တုန်လှုပ်သွားသည်ဟု ထင်လိုက်ရသည်။ အတော်ကြာမှ ဟုတ်ကဲ့ပါဟု ဖြေ



www.burmeseclassic.com

www.burmeseclassic.com



ရင်း ခေါင်းညိတ်ပြသည်။

"ချစ်သူတွေဆိုတာ ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်"

"သူ့ရဲ့ ထွက်ဆိုချက်ထဲမှာ ရည်ငံပြီးသားချစ်သူတွေ ဖြစ်ကြတယ်။ အခုလို ပြဿနာ အဖြစ်ခင် အချင်းမဖြစ်ခင်အရင်



ရက်က မောင်ကျော်ဦးဟာ မစပယ်မြိုင်နဲ့တွေ့ကြပြီး ပြဿနာဖြစ်ကြသေးတယ်ဆို၊ အဲဒါ ဟုတ်သလား"

"ဟုတ်ပါတယ်"

"ဘာဖြစ်လို့လဲ"

ဒုရဲအုပ်က မစပယ်မြိုင် အဖြေကို စောင့်သည်။ စပယ်မြိုင်က မဖြေ။ ဖြေဖို့ဝန်လေးနေလို့လား ဖြေဖို့ခက်နေလို့လား မသိ။ ဟင်းခနဲ သက်ပြင်းတစ်ချက်ချရင်း ခေါင်းငုံ့သွားသည်။ တော်တော်နှင့် မဖြေသည့်အတွက် ဒုရဲအုပ်က ပြောသည်။

"ကောင်းပြီလေ။ ညီမ မဖြေချင်ဘူး။ မဖြေလိုဘူးဆိုရင်လဲ ဆရာပြောပြရမှာပေါ့။ ဒါကတော့ မောင်ကျော်ဦးဖြေတဲ့ အတိုင်း ထွက်ဆိုချက်အတိုင်း ဆရာပြောတာနော်။ အဲဒီရက်က မောင်ကျော်ဦးနဲ့ စပယ်မြိုင်တို့ အချင်းများကြတယ်။ ဘာပြုလို့ အချင်းများသလဲဆိုရင်"

ပြောရင်းနှင့် ဒုရဲအုပ်သည် စပယ်မြိုင်ထံ လှစ်ခနဲကြည့်ပြီး အကြည့်များကို ဘေးသို့လွှဲလိုက်သည်။ စပယ်မြိုင်သည် ဆတ်ခနဲကြည့်ပြီး ခေါင်း

ငုံ့သွားပြန်သည်။ ဒုရဲအုပ်က ဆ[…]
ပြောသည်။

"ဘာပြုလို့ အချင်းမျ[…]
ကြသလဲဆိုရင် စပယ်မြိုင်က မော[…]
ကျော်ဦးကို အမြန်လက်ထပ်[…]
ဖို့ ပြောခဲ့တယ်။ ဟုတ်ရဲ့လား[…]

ဒုရဲအုပ် အဖြေစကာ[…]
မဆုံး စပယ်မြိုင်က ခေါင်းဆ[…]
ပြသည်။ ပြီး သူမ၏လှပသည[…]
မျက်လုံးများကို ပုတ်ခတ်ကစ[…]
ရင်း ပါးစပ်က စကားပြောဖို့ပြ[…]
နေသည်ကို ဒုရဲအုပ်နှင့်အဖွဲ့[…]
သတိထားမိသည်။

"အမှန်သာပြော[…]
စပယ်မြိုင်။ ဟုတ်တယ် ရဲရဲသ[…]
ပြောပါ။ ရှက်စရာ ကြောက်စရ[…]
မလိုပါဘူး"

စခန်းမှူး ရဲအုပ်နှင့် ဒု[…]
အုပ်ကပါ ပြောလိုက်ကြသည[…]
ထို့ကြောင့် စပယ်မြိုင်က ဖြည[…]
လေးစွာနှင့် ရင်ဖွင့်ကြသည်။

"ဟုတ်ပါတယ် ဆရ[…]
တို့ရယ်။ မြိုင် အမှန်ကို ဝန်ခံ[…]
မယ်။ ပြောပြပါ့မယ်။ အရင်ရက်[…]
က သူနဲ့ကျွန်မနှစ်ဦးသား တွေ[…]
ခဲ့ကြပါတယ်။ အရင်ရက်က[…]
တွေ့ခဲ့ကြတာပါ။ ဒါပေမယ့်အချ[…]
မဖြစ်မီအရင်ရက်က နှစ်ယောက်[…]

www.burmeseclassic.com



သားတွေကြတဲ့အချိန် ကျွန်မက သူ့ကို လက်ထပ်ဖို့ ပြောပါတယ်။ အဲသလိုပြောခဲ့တာ ကျွန်မက မိန်းမသားဆိုတော့ ကြေကြေကွဲကွဲနဲ့ တောင်းပန်ပြီး ပြောခဲ့သူပါ။ အဲဒါ သူက ဟိုရက်ရွှေ့ ဒီရက်ရွှေ့နဲ့ အချိန်ဆွဲခဲ့တယ်လေ"

"ဩော်"

"အဲဒါ ဆရာတို့ စဉ်းစားကြည့်ပေါ့။ မိန်းကလေးတစ်ယောက်က ပြောရမယ့်စကားတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ပြောထိုက်တဲ့ အချိန်ရောက်လို့ ပြောခဲ့တာပါ။ ဒီလောက်ဆိုရင် ဆရာတို့ သဘောပေါက်မှာပါ"

စပယ်မြိုင် စကားအဆုံး ဒုရဲအုပ်နှင့်အဖွဲ့ ခေါင်းညိတ်ပြသည်။ စပယ်မြိုင်က–

"အဲသလို ငြင်းချက်တွေထုတ်၊ ပျားရည်နဲ့ဝမ်းချပြီး ကျွန်မကို အချိန်ဆွဲ၊ စိတ်နာအောင် လုပ်ခဲ့သူဆိုရင်လဲ မမှားဘူး။ သူ့ကို ကျွန်မတို့လက်ထပ်ကြရအောင်လို့ ပြောလိုက်တော့ လက်မထပ်ချင်သေးဘူးဆိုတဲ့ အဖြေက ဟိုအရင်တွေ့တုန်းကတည်းက ပြောခဲ့တာ ငြင်းခဲ့တာကိုး။ အဲဒီတော့ သူ့ရဲ့စိတ်တွေက အရောင်ပြောင်းလဲလာလာပြီး သူ့အပေါ် မကျေမနပ် ဖြစ်လာခဲ့တော့တယ်လေ"

"အင်း အင်း ဟုတ်ပါပြီ"

"အဲဒါ အခု အဲသလို ငြင်းချက်ထုတ်နေတော့ သူနဲ့ ကျွန်မ စကားများကြတယ်။ တစ်ယောက် တစ်ခွန်းနဲ့ ဖြစ်လာကြတယ်။ သူကလဲ လက်မထပ်ချင်လို့ ဒေါသဖြစ်တယ်။ ကျွန်မကလဲ လက်ထပ်ချင်လို့ ဆန္ဒတွေဖြစ်နေပြီး သူကငြင်းတော့ဒေါသတွေ ဖြစ်လာတယ်။ အဲသလို နှစ်ဦးသား ဒေါသဖြစ်လာကြပြီး ဓာတ်ဆီခွက်ကို အပြိုင်လုကြတယ်လေ။ ကျွန်မလက်ထဲက ဓာတ်ဆီခွက်ကို မြင်တော့ သူက ဘာပြောသလဲဆိုရင် ဓာတ်ဆီသောက်သေချင်ရင် အပြင်မှာသွားသေ။ ဒီမှာသေရင် ဟိုတယ်နာမည်ပျက်မယ်။ အဲသလို ပြောခဲ့တယ်။ အဲဒီစကားက ကျွန်မသေရင် ကျေနပ်မယ်။ ကျွန်မကို ဂရုမစိုက်ဘူး။ သေလေကောင်းလေဆိုတဲ့သဘောမျိုး သက်ရောက်နေတယ် ထင်သွားခဲ့တယ်လေ။ အဲဒါကြောင့် သူကြင်မှ ကိုယ်ကြင်မယ်ဆိုတဲ့ စိတ်နဲ့နှစ်ဦးသား ဓာတ်ဆီခွက်ကို လုရင်းက သူ့ကိုပက်သလိုဖြစ်သွားပြီး လက်ထဲက မီးခြစ်ကလဲ နှစ်ဦးသားလုရင်းနဲ့ပဲ မီးပွင့်သွားပြီး ဓာတ်ဆီရွဲနေတဲ့ သူ့ကိုလောင်သွားရတာပါပဲရှင်။ သူ့ကို သေစေလိုတဲ့ဆန္ဒ၊ ဒုက္ခရောက်လိုတဲ့ဆန္ဒ မပါပါဘူး။ လက်ထပ်ဖို့ ငြင်းဆန်နေတဲ့သူ့ကို အဲသလို အထိ မရည်ရွယ်ပါဘူး"

စပယ်မြိုင် ပြောရင်း ခေါင်းငုံ့သွားသည်။ စပယ်မြိုင် အဖြေစကားကြောင့် ဒုရဲအုပ်နှင့်အဖွဲ့သည် မသိမသာ ပြုံးလိုက်ကြသည်။ ထိုအပြုံးများကို စပယ်မြိုင် မမြင်ပါ။ မမြင်ခဲ့ပါ။ သတိထားမိချင်မှ သတိထားမိမည်။ တကယ်တော့ ကျိတ်ကြံစည်ထားပြီးမှ အငြိုးနှင့် ဒါမှမဟုတ် အရက်တရားနှင့် လုပ်ခဲ့သည်လား။ လက်ထပ်လိုသည်ဟု သူမက ပြောမည်။ တစ်ဖက်က လက်မထပ်ချင်သေးဘူး ငြင်းမည်။ အချင်းချင်း ရိုက်ပုတ်ရုံ စကားများရုံနှင့်သာပြီးပြီ။ ယခုတော့ သို့ကလိုဖြစ်ဖို့ ဓာတ်ဆီခွက်ရော မီးခြစ်ပါ ပါလာသည်ဆိုတော့။

ဒုရဲအုပ်နှင့်အဖွဲ့ ဆက်



www.burmeseclassic.com

www.burmeseclassic.com



မတွေးလိုကြတော့။ ယခုတော့ မီးရှို့ခံရသူ ကျော်ဦးကိုလည်း စစ်ပြီးပြီ။ တရားခံစပယ်မြိုင်ကိုလည်း စစ်ပြီးပြီ။ကျော်ဦး၏ ထွက်ချက်ကတော့ ချစ်သူတွေဖြစ်ကြကြောင်း။

ပြဿနာတက်ခဲ့သေးကြောင်း ။ အချင်းဖြစ်နေ့က တစ်ရပ်တည်းနေသည့် သူငယ်ချင်းတစ်ဦးထံ လာခဲ့ကြောင်း။ ထိုသူငယ်ချင်းနှင့် ကျော်ဦးတို့ ဘောလုံးကန်ခဲ့သေးကြောင်း။ ပြီးတော့ သူတို့ ဘောလုံးကန်နေရာမှ စပယ်မြိုင်ရှိနေကြောင်း။ မကြာခင်မှာပဲ စပယ်မြိုင်က ဆိုင်ကယ်နှင့် ထွက်သွားကြောင်း။ ဓာတ်ဆီအဝယ်သွားမည်ဟု ပြောသွားကြောင်း။ စပယ်မြိုင်လုပ်ရပ်ကိုကြည့်ရင်း မလုပ်ဖို့တားမြစ်သေးကြောင်း။ စပယ်မြိုင်က တားမြစ်သည့်ကြားကပင် ကျော်ဦးထံသွားနေကြောင်း၊ ကျော်ဦးနှင့် စပယ်မြိုင်တို့ ဓာတ်ဆီဖလားကိုလုကြရင်းနှင့် စပယ်မြိုင်က ကျော်ဦးကိုပက်လိုက်ကြောင်း။ တစ်ကိုယ်လုံး ဓာတ်ဆီများရွဲသွားကြောင်း။ မျက်စိထဲဝင်သွားကြောင်း သို့ကြောင့် ကျော်ဦးက သူငယ်ချင်းအား ရေခပ်ပေးရန်နှင့် မျက်လုံးထဲ ဓါတ်ဆီဝင်သွား၍ မျက်လုံးဖွင့်မရကြောင်း၊ အကူအညီပေးရန်အတွက် သူငယ်ချင်းဖြစ်သူ ရေခပ်သွားနေစဉ် စပယ်မြိုင်က မီးရှို့ကြောင်း စသည့်ထွက်ချက်များကိုသာ အမှုနှင့်ပတ်သက်ပြီး တွေးရင်းရှိသည်။

ပြီးတော့ ကျော်ဦး၏ သူငယ်ချင်းကို စစ်ဆေးပြန်တော့ ကျော်ဦးထွက်ချက်အတိုင်း အမှန်ဖြစ်ကြောင်းနှင့် ကျော်ဦး မီးရှို့ခံရသည့်အချိန် ရေခပ်သွားနေ၍ မသိကြောင်း ထွက်ဆိုခဲ့သည် မဟုတ်လား။

ဲဲဲဲဲ

ညောင်ဦးဆေးရုံတက်နေသည့် ကျော်ဦးမှာ ရရှိထားသည့် ဒဏ်ရာများ မသက်သာ၍ မန္တလေးဆေးရုံသို့ နောက်ရက်တွင် သွားရောက်ကုသမှုခံခဲ့ရသော်လည်း မန္တလေးဆေးရုံကြီး၌ပင် သေဆုံးသွားခဲ့သည်ဟု သတင်းဝင်လာ၍ အားလုံးစိတ်မကောင်းနိုင်ကြတော့။

ထို့ကြောင့် ယခင်ပြစ်မှုပုဒ်မ ၃၀၇/၃၂၆ မှ ယခုတော့ ဥပဒေပုဒ်မ ၃၀၂ သို့ ပြောင်းလဲပြင်ဆင်၍ စပယ်မြိုင်အား အ[…] ဖွင့်လိုက်ရချေပြီ။ ယခုတော[…] ရက်မရွေးပါနဲ့ကိုကိုရယ်ဟု ပြော[…] ခဲ့သည့် စပယ်မြိုင်သည် ရက်ရွေ[…] နေသည့်ချစ်သူကို သတ်ဖြတ်[…] အတွက် ညောင်ဦးတရားရုံးမှ […] ချက်အမှတ် ၃၉/၁၀ ဖြင့် တရာ[…] စွဲဆိုတင်ပို့ခြင်းခံရပြီး ညောင်ဦး[…] ခရိုင်တရားရုံးမှ ရာဇဝတ်ကြီးအမှတ်[…] ၄/၁၀ ဖြင့် အမှုအား ကြားနာ[…] စစ်ဆေးခြင်းခံနေရပြီ။

ဩော် ... စပယ်မြိုင်[…] ရယ်။ "ရက်ရွေးမနေပါနဲ့ကိုက[…] ရယ်"ဟု ချစ်သူကျော်ဦးကို ပြော[…] ခဲ့သလို ယခုဥပဒေကပေးသည်[…] အပြစ်ကိုခံဖို့ ရက်ရွေးနေရလေပြီ[…]

*(၃-၅-၂၀၁၀ ရက်[…] ပုဂံ မြို့သစ်၊ ယွန်းမြို့သူဟိုတယ်[…] ၌ဖြစ်ပွားခဲ့သည့် မှုခင်းသတင်း[…] တစ်ပုဒ်အား မှီငြမ်း၍ စာဖတ်[…] များ သင်ခန်းစာရယူနိုင်ရန် ဝတ္ထု[…] အဖြစ် ရေးဖွဲ့ခြင်းဖြစ်ပြီး၊ အချင်း[…] ဖြစ်သူနှစ်ဦး၏ အမည်များကို […] ပြောင်းရေးသားခဲ့ပါသည်။ […] ရေးသူ)*

တွင်းကြီးသား တင်ဝင်း[…]



www.burmeseclassic.com

www.burmeseclassic.com



# လက်ထဲကငြီရ

ယုယုလွင်ကျော်



www.burmeseclassic.com

www.burmeseclassic.com



"လက်ထဲကခြေရာ" ယုယုလွင်ကျော်

လာဖင်ဒါကလပ်၏ စားသောက်ခန်းအတွင်းမှ ထွက်လာကြသော ဆာဂျက်စပါစလိန်းနှင့် မိတ်ဆွေများသည် ကစီနိုခန်းမဆီသို့ ဦးတည်လိုက်ကြသည်။ ထိုစဉ် ခန်းမအတွင်းမှ ဝန်ထမ်းတစ်ဦး ရောက်ရှိလာပြီး––

"မစ္စတာ ဂျက်စပါ၊ ဖုန်းလာပါတယ်"

ဂျက်စပါစလိန်း အံ့သြသွားသည်။ ကလပ်တွင် ရောက်နေသော သူ့ထံသို့ သည်လို ညအချိန်ကြီးမှာ ဖုန်းလာစရာ အကြောင်းမရှိ။ ကေ့န္တတော့ ဖုန်းဆက်သူသည် .....

"ဒီလူ မင်ချင်ဂန်ကတော့ ညကြီးအချိန်မတော် ဘာဒုက္ခပေးဦးမလဲ မသိဘူး"

သူက ဖုန်းခွက်ကို မလိုက်ပြီး–

"မင်ချင်ဂန်လား"

"ကိုယ်မှန်းတန်းပြီး သိတာပဲလား။ ဒီမှာ ပြဿနာတစ်ခုရှိနေသလိုပဲ။ မင်း ကိုယ်တို့ဆီလာခဲ့ရင်ကောင်းမယ်။ ကိုယ်နေတဲ့ ကန်နင်ဂမ်စံအိမ်ကို လာခဲ့ပါလား"

"အခုချက်ချင်း လာရမှာလား"

"အခုချက်ချင်းကိုလာမှဖြစ်မယ်။ တက္ကစီငှားပြီး အမြန်ဆုံးလာခဲ့လိုက်ပါ။ ကိုယ်တို့ နားမလည်နိုင်တဲ့ ပြဿနာတစ်ခုဖြစ်နေတယ်။ မင်းမှပဲ ကယ်နိုင်လိမ့်မယ်။ အနူးအညွတ်တောင်းဆိုပါတယ်"

ဖုန်းဆက် ပြီးပြီးချင်း တက္ကစီငှား၍ အမြန်ရောက်အောင် သွားလိုက်လေသည်။ ကန်နင်ဂမ်စံအိမ်၏တတိယထပ်တွင် လူပျိုဆောင်အဖြစ်ထင်ရှားသော အခန်းတွဲများရှိပြီး ထိုအခန်းတွဲများကို မင်ချင်ဂန်က ပိုင်ဆိုင်လေသည်။

စဝင်ဝင်ချင်းမှာပင် အနှောင့်အယှက် တစ်ခုခု ရှိနေပုံရသည်ကို သတိထားမိသည်။ တံခါးစောင့်နေသောလုံခြုံရေးကလည်း ခပ်တည်တည်ဖြစ်နေသည်။ ဓာတ်လှေကား မောင်းသူကလည်းတစ်စုံတစ်ရာကိုတွေးနေသလိုပင်။ စလိန်း တတိယထပ်သို့ရောက်လာသောအခါ မင်ချင်ဂန်၏လူယုံက သူ့ကို ခရီး ဦးကြိုပြုကာ စာကြည့်ခန်းထဲသို့ ခေါ်သွားလေသည်။

နူးညံ့ သိမ်မွေ့သော မင်ချင်ဂန်သည် စိတ်ရှုပ်နေဟန်ရှိသည်။ ကစားသမား အဖော်နှစ်ယောက်နှင့်အတူပိုကာဒေါင်းရန် စားပွဲကို ပိုင်း၍ ထိုင်နေသည်။ စတုတ္ထမြောက် ထိုင်ခုံက လွတ်နေသည်။

မင်ချင်ဂန်က စလိန်းကို နှုတ်ဆက်လိုက်ပြီး–

"မင်းလာတာ ဝမ်းသာတယ် ဂျက်စပါ။ ဒီလူတွေကို ရော သိတယ် မဟုတ်လား"

ဂျက်စပါစလိန်းက ခေါင်းညိတ်ပြရင်း ထိုသူနှစ်ယောက်ကို နှုတ်ဆက်လိုက်သည်။ နိုင်ငံခြားရုံးမှ အရာရှိ ဂေါ်ရင်း ဘရက်နှင့် ပါလီမန်အမတ်လည်း ဖြစ်၊ ကုမ္ပဏီ အများအပြားတွင် ဥက္ကဋ္ဌလည်း ဖြစ်သည့်အပြင် ကမ္ဘာ့ဘဏ္ဍာရေးအဖွဲ့တွင်လည်း လူသိများထင်ရှားသူ ဆာမာတင် ဗီးလစ်(ဗ်)။ ထိုနှစ်ယောက်စလုံးကို သူသိသည်။ လွတ်နေသော စတုတ္ထနေရာတွင် တစ်စုံတစ်ရာ ထူးခြားနေသည်ကို စဝင်လာကတည်းက သတိထားမိသည်။

"ကိုယ်တို့ဒီမှာ အမှော်တမ်း အပျင်းပြေ ကစားနေကြ



www.burmeseclassic.com

www.burmeseclassic.com



တာ။ လေးဆယ့်ငါးမိနစ်လောက် ရှိနေပြီ၊ ကိုယ်တို့သုံးယောက်ရယ်၊ ရော်နီကတ်တရိုက်ရယ်ပေါ့။ ဖဲ ဝေပြီးခါစပဲရှိသေးတယ် ကိုယ့် လူယုံသော်မဆင်က ကတ်တရိုက် အတွက်ဖုန်းလာတယ်လို့ လာ ပြောတာနဲ့ သူ့ဖဲချပ်တွေယူပြီး ထွက်သွားတယ်။ ဖုန်းကအပြင် ဘက်အခန်းလေးထဲမှာရှိတယ်။ ဆယ်မိနစ်လောက်ကြာတော့ သူ ပြန်မလာသေးတာနဲ့ ကိုယ်သွား ကြည့်လိုက်တော့ ကတ်တရိုက် လက်ထဲက ဖဲချပ်တွေက ဖုန်း ဘေးက စားပွဲလေးပေါ်မှာ တင် ထားတာကို တွေ့ရတယ်။ အိမ် ရှေ့တံခါးက ပွင့်နေတယ်။ ကတ် တရိုက်ကိုတော့ မတွေ့ဘူး။ တစ် ထပ်လုံး လိုက်ရှာပေမယ့်လဲ လုံး ဝရှာမတွေ့ဘူး။ ဒါနဲ့ အောက် ထပ်က တံခါးစောင့်ဆာဂျင်ကြီး ကို မေးကြည့်တော့လည်း သူ ကင်းစောင့်နေတဲ့ နေရာမှာ တောက်လျှောက်ရှိနေခဲ့တာတဲ့။ လွန်ခဲ့တဲ့ လေးဆယ့်ငါးမိနစ် လောက်ကတည်းက ခွေးတစ် ကောင်၊ ကြောင်တစ်မြီးမှ ဝင် လာတာလဲမရှိဘူး။ ထွက်သွား တာလဲ မရှိဘူးတဲ့။ အဲဒီအချိန် တုန်းက ကတ်တရိုက်ပျောက်သွား တာ ဆယ်မိနစ်လောက်ပဲရှိသေး တာ။ အဲ့ကြောင်ကြောင်တော့ နိုင်တယ်။ ကတ်တရိုက်က ဟတ် ချလောင်းဆိုပြီး ကိုယ်ပျောက် သွားသလိုပဲ––

"ဒီတိုက်ရဲ့ ဖွဲ့စည်းပုံ ကိုတော့ ခင်ဗျားကောင်းကောင်း သိပါတယ်ဂျက်စပါ။ အောက်ဆုံး ထပ်က ဆိုင်ခန်းတွေက ပိတ် ထားတာ သုံးနာရီလောက်ကြာ နေပြီ။ ပထမထပ်က ရုံးခန်းတွေ ကလဲ ညခုနစ်နာရီလောက်က တည်းက ရုံးဆင်းသွားကြတာ။ လူတစ်ယောက်မှ မရှိတော့ဘူး။ ဒုတိယထပ် တစ်ထပ်လုံးကလဲ ကျိုကျိုတက်ချမ်းသာတဲ့ ရုရှား ပိုလန်ကပြား တော်ဝင်မင်းသမီး မဒမ်မက်ဇီဇီ(လ်)ပိုင်တဲ့ အထပ် ပဲ။ ဘတ်ကင်ဟမ်(မ်) နန်းတော် က တောင်မှလာတွေ့ရတဲ့အတွက် ကြောင့် ကိုယ်တို့နဲ့ တော်ဝင်ပုဂ္ဂိုလ် တွေနဲ့ အဆက်အသွယ်မဖြစ်ရှိ စေခဲ့တဲ့ အမျိုးသမီးပါပဲ။ အေး





www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းချမ်းနေတတ်ပြီး ဘယ်တော့မှလဲ အပြင်ထွက်လေ့မရှိဘူး''

''ကတ်(တ)ရိုက်နဲ့ မင်းသမီးနဲ့ ရင်းနှီးသလား''

စလိန်းက မေးလိုက်သည်။

''မရင်းနှီးတာတော့ သေချာပါတယ်ဗျ။ ကတ်တရိုက်နဲ့ နောက်ဆုံးတွေ့လိုက်တုန်းကတောင် တခြားအထပ်တွေမှာ ဘယ်သူတွေနေသလဲဆိုတာမေးသေးတယ်။''

ဂျက်စပါစလိန်းက တယ်လီဖုန်းရှိရာ အခန်းကျဉ်းကလေးထဲသို့သွားကာ တယ်လီဖုန်းဘေးရှိ စားပွဲပေါ်တွင် ကတ်(တ)ရိုက် တင်ထားခဲ့သည့် ဖဲချပ်များကို ဂရုတစိုက်ကြည့်လိုက်သည်။ မျိုးတူဖဲများကို အစုလိုက်တွဲထားသည်။ သို့သော် ဖဲချပ်ဆယ့်နှစ်ချပ်တည်းရှိနေသည်။

စလိန်းက ဖုန်းလက်ကိုင်ကိုမ၍–

''ဟယ်လို ...''

ဘာသံမှမကြားရ။ ဘာအဆက်အသွယ်မှမရှိ။

မင်ချင်ဂန်၏ လူယုံတော်သော်မဆင်က–

''မစ္စတာကတ်(တ)ရိုက် ရဲ့ ဦးထုပ်နဲ့ ကုတ်အင်္ကျီက ဒီမှာရှိတယ် ဆရာ''

✪✪✪✪✪

''အခြေအနေ ဘယ်လိုလဲဗျ''

ဂျက်စပါစလိန်း စာကြည့်ခန်းထဲသို့ ပြန်ရောက်လာသောအခါ မင်ချင်ဂန်က လှမ်းမေးလိုက်သည်။

''ရော်နီကတ်(တ)ရိုက်ဟာ ရုပ်ရှင်ဆန်ဆန်ကိုယ်ပျောက်သွားတာပဲ။ အပြည့်အစုံပြောရရင် သူ့ကုတ်အင်္ကျီနဲ့ ဦးထုပ်က ဖုန်းထားတဲ့ အခန်းထဲမှာရှိတယ်။ ဖဲချပ်တွေက စားပွဲလေးပေါ်မှာရှိတယ်။ ပြီးတော့ ခင်ဗျားရဲ့ ဖုန်းကြိုးကလဲ အဖြတ်ခံထားရတယ်။ ဦးထုပ်မပါ၊ ကုတ်အင်္ကျီ မပါဘဲနဲ့တော့ ဒီအဆောက်အအုံရဲ့အပြင်ဘက်ကို ထွက်သွားမှာ မဟုတ်ဘူး။ အပြင်မှာ အရမ်းအေးတယ်လေ။ နှင်းတွေကလဲ သဲသဲမဲမဲကျနေတာ''

''ကတ်(တ်)ရိုက်ဟာ ဒီအဆောက်အအုံထဲမှာပဲ ရှိရမယ်''

''အခု ခင်ဗျားပြောနေတာ သာမန်ဘာမှမထူးခြားတဲ့ ရှင်းလင်းချက်ကြီးပါလား''

''အဖြစ်နိုင်ဆုံးအဖြေက ဒါပဲ စဉ်းစားလို့ ရသေးတယ်။ လောလောဆယ်တော့ ခင်ဗျားတို့ သုံးယောက်တတိယထပ်မှာ ပိုက်စိပ်တိုက် ရှာကြစေချင်တယ်။ ကျွန်တော်ကတော့ တံခါးစောင့် လုံခြုံရေးနဲ့စကားနည်းနည်းပြောပြီး လိုအပ်ရင် မင်းသမီးအခန်းမှာ နည်းနည်းတီးခေါက်ကြည့်လိုက်ဦးမယ်''

✪✪✪✪✪

လုံခြုံရေးသည် အရပ်မြင့်မြင့်၊ ထွားကျိုင်းသန်မာသောသူဖြစ်ပြီး ကိုယ်ရံတော်တပ်ဖွဲ့မှာ ဆာဂျင်ဟောင်းတစ်ဦးလည်း ဖြစ်သည်။ ဆုတံဆိပ်များချီးမြှင့်ခံထားရသူဖြစ်ပြီး ယုံကြည်စိတ်ချရလောက်အောင် နှိုးကြားတက်ကြွသော အလေ့အကျင့်ရှိသူဖြစ်သည်။ တစ်ဦးတည်းစောင့်နေသဖြင့် မင်ချင်ဂန်ထံလာရောက်သော ဧည့်သည်သုံးဦးနှင့် ဂျက်စပါစလိန်း ဝင်လာပြီးကတည်းက မည်သူမျှဝင်ရောက်လာခြင်း၊ ပြန်ထွက်သွားခြင်းမရှိကြောင်း



www.burmeseclassic.com

www.burmeseclassic.com





အခိုင်အမာပြောဆိုသည်။ ခတ်လေ့ကားမောင်းသူကလည်း တစ်ပုံစံတည်းပြောဆိုသည်။

ဂျက်စပါစလိန်းသည် ရုံးခန်းများရှိရာ ပထမထပ်တွင် ရုံးခန်းတစ်ခန်းချင်းစီ၏ ဝင်ပေါက်များကိုစစ်ဆေးလေသည်။ အခန်းတိုင်းတွင် မီးအားလုံးကိုပိတ်ထားပြီး သော့ဖြင့် လုံခြုံစွာခတ်ထားသည်ကို တွေ့ရသည်။

စလိန်းက လုံခြုံရေးဆာဂျင်ကြီးထံပြန်လာပြီး–

"ဒီမှာ ငှားနေကြတဲ့ လူတွေအကြောင်း ပြောပြနိုင်မလား"

"အခန်းငှားနေကြတဲ့ လူတွေအားလုံးအပြင်ထွက်သွားကြတယ်။ ပထမတစ်ယောက်က ရှေ့နေကြီးမစ္စတာ ဟတ်တယ်(လ်) သူက အမြဲတမ်း အဝတ်အစားအကောင်းစားတွေချည်းပဲ ဝတ်လေ့ရှိတယ်။ ဒီညနေစောစောပိုင်းလောက်က အပြင်ထွက်သွားတယ်။ နောက်သိပ်မကြာခင်မှ သူ့ရဲ့ ကိုယ်ရေးအရာရှိလဲ အပြင်ထွက်သွားတယ်။ ညနေခြောက်နာရီလောက်မှာ ကျန်တဲ့ သူ့စာရေးနှစ်ယောက်နဲ့ရုံးလုလင်လဲ ပြန်သွားကြတယ်––

"နောက်တစ်ယောက်က မစ္စတာဆင်(ဂ်)ဆန်၊ အမေရိကန် ရုပ်ရှင်ကိုယ်စားလှယ် တစ်ယောက်ပါ။ ဒီမှာငှားနေတာ သုံးနှစ်လောက်ရှိပြီ။ သူနဲ့သူ့ကိုယ်ရေးအတွင်းရေးမှူးကောင်မလေးကလဲ ညနေ(၇)နာရီလောက်က အပြင်ထွက်သွားကြတယ်၊ နောက်တစ်ယောက်ကလဲ ရှေ့နေပဲ မစ္စတာ ဆွေး(လ်)၊ နောက်တစ်ယောက်က မစ္စတာမိုက်ကယ်(လ်)ရှားပါး တိရစ္ဆာန် သားရေတွေနဲ့ အရှေ့တိုင်းထွက် တန်ဖိုးကြီးပစ္စည်းတွေကိုစုဆောင်းတဲ့သူပါ။ သူတို့နှစ်ယောက်စလုံးလဲ မတွေ့မိဘူး။ ဒီမှာအခြေတကျနေတာ မဟုတ်တော့ သူတို့အကြောင်းတော့ သိပ် မပြောပြတတ်ဘူး ဆရာ"

"ဒုတိယထပ်က မင်းသမီး မက်ဇီဗီ(လ်)အထပ်က လူတွေအကြောင်းပြောပြနိုင်မလား"

မက်ဇီဗီ(လ်)အကြောင်းကို အလွန်လေးစားရှိသေသောပုံစံဖြင့် ပြောပြလေသည်။

"မင်းသမီးက မုဆိုးမတစ်ယောက်ပါ။ အပြင်ကိုတော်တော် ထွက်ခဲပါတယ်။ ဒါပေမယ့် သူ့ဆီကို လာတွေ့တဲ့ လူတွေတော့များတယ်။ အင်မတန်ယဉ်ကျေးသိမ်မွေ့ပြီး ဉာဏ်ပညာထက်မြက်တဲ့ အမျိုးသမီးပါ။ ဂုဏ်သရေရှိပြီး မြင့်မြတ်တဲ့ အဆင့်အတန်းမြင့်တဲ့ ပုဂ္ဂိုလ်တွေ မကြာမကြာဆိုသလို လာတွေ့



www.burmeseclassic.com

www.burmeseclassic.com



လေ့ရှိတယ်"

"မင်းသမီးနဲ့ အတူနေတဲ့လူဘယ်နှစ်ယောက်ရှိလဲ"

"လူယုံ မိန်းကလေးတစ်ယောက်ရယ်၊ အိမ်အကူနှစ်ယောက်ရယ်၊ ကိုယ်ရံတော်ယောက်ျားသုံးယောက်ရယ် ရှိတယ်"

"ဒါဆိုရင် ချမ်းသာတဲ့အမျိုးသမီးလား။ သာမန် ရုရှားမပဲလား"

လုံခြုံရေး ဆာဂျင်ကြီးက–

"မဟုတ်ပါဘူး။ သူလိုချင်တာ မှန်သမျှ အကုန်ရနိုင်တယ်။ ဝိုင်တွေ၊ ပန်းတွေ၊ အကောင်းဆုံး အစားအစာတွေ၊ အဝတ်အစားတွေ၊ အစုံပါပဲ။ သူသွားယူစရာမလိုဘူး။ သူတို့ကိုယ်တိုင်လာပို့တာ။ ကားနှစ်စီးပိုင်တယ်။ တစ်ခါတလေ ဂီတပွဲတွေ၊ ပြဇာတ်တွေ သွားကြည့်မယ်ဆိုရင်တောင် သူမအတွက်သီးသန့်ထိုင်ခုံ အမြဲအဆင့်သင့်ရှိပြီးသား။ ပိုက်ဆံတွေလဲအများကြီးရှိတယ်။ သိပ်ကို ချမ်းသာတဲ့အမျိုးသမီးပါ"

"ခင်ဗျားပြောပြခဲ့တာတွေကနေ အထောက်အကူ တော်တော်လေး ရပါတယ်။ အခုကျွန်တော် နောက်တစ်ခုသိချင်တာက မင်ချင်ဂန်ရဲ့ အထပ်ကိုဝင်တဲ့ ဖုန်းလိုင်းရဲ့ ဝါယာကြိုးဘာကြောင့် ပြတ်နေတာလဲဆိုတာဘဲ ခင်ဗျား ပြောပြနိုင်မလား"

လုံခြုံရေးဆာဂျင်ကြီးကဖြတ်ထားသော ဖုန်းကြိုးကိုသေချာစိုက်ကြည့်ပြီး မျက်လုံးများ ပြူးကျယ်သွားသည်။

"ဘုရားသခင်၊ ညဦးပိုင်း ကျွန်တော် စစ်ကြည့်တုန်းကတောင် အကောင်းကြီးပါ။ ကျိန်တောင် ပြောရဲပါတယ်"

ဆာဂျင်ကြီးက တအံ့တဩ ရေရွတ်သည်။

စလိန်းက "၉နာရီ၁၅လောက်တုန်းက ကောင်းနေသေးတယ်မဟုတ်လား။ မင်ချင်ဂန်က ကျွန်တော့်ဆီကို ဖုန်းဆက်သေးတယ်။ အဲဒီအချိန်နောက်ပိုင်း ဒီနေရာကို ဘယ်သူလာသေးသလဲ"

"ကျွန်တော်နဲ့ ဓာတ်လှေကားစောင့် ဝီလျံ(မ်)ကလွဲရင် ဘယ်သူမှ ဒီနားမှာ မရှိဘူး။ မင်းသမီးရဲ့ အိမ်ဖော်နှစ်ယောက်ခွဲကျောင်းဖို့ ဟိုနားဒီနားအပြင်ထွက်သွားတာတော့ရှိတယ်။ ဒါကလဲ နေ့စဉ်ပုံမှန်လုပ်နေကျပါပဲ"

ဂျက်စပါ စလိန်းကခေါင်းတစ်ဆတ်ဆတ်ညိတ်က

"ခင်ဗျား ဒီနေရာမှာနောက်တစ်နာရီလောက် ဆက်ရှိနေဦးမှာလား"

"ကျွန်တော် တစ်ညလုံးရှိနေမှာပါ"

စလိန်းက ဓာတ်လှေကားဖြင့် မင်ချင်ဂန်၏ အထပ်သို့ ပြန်တက်သွားသည်။ သူတို့သုံးဦးစလုံးက စလိန်းအလာကိုစိတ်စောစွာစောင့်နေကြသည်။

"ကျုပ်တို့ အထပ်မှာတော့ ပိုက်စိပ်တိုက် ရှာပြီးပြီ၊ လုံးဝမရှိဘူး။ ခင်ဗျားရော ဘာသိခဲ့သေးလဲ"

"ရေရေရာရာတော့ မသိခဲ့ရသေးပါဘူး။ မင်းသမီးအထပ်ပဲ ကျန်တယ်။ ရှိနိုင်မယ် မထင်ပေမယ့် သွားတော့ကြည့်လိုက်ဦးမယ်။ ကဲ နောက်ကို မျှော်လင့်ချက်ပေါ်များသွားပြီ"

မင်းသမီး အထပ်

www.burmeseclassic.com



မပေါ်ဂနီ တံခါးရှေ့တွင် ရပ်၍ ဘဲလ် တီးလိုက်သောအခါ သပ်ရပ်စွာဝတ်ဆင်ထားသော တည်တည်ကြည်ကြည် လူတစ်ယောက် တံခါးကိုလာဖွင့်သည်။ လူယုံတစ်ယောက် ဖြစ်ဟန်တူသည်။

"မင်းသမီးရှိလား"

စလိန်းက မေးလိုက်သည်။

"ရှိပါတယ်။ ဒါပေမယ့် စည်းကမ်းအရ တွေ့ခွင့် လက်မှတ်ပါပါသလား"

"ရုတ်တရက် ပေါ်လာတဲ့ ကိစ္စမို့ပါ"

ကျွန်တော်ရဲ့ လိပ်စာကတ်ကိုပြလိုက်ပါ။ ခဏလောက် စကားပြောလို့ရမလား လို့လဲ မေးပေးပါ"

အစောင့်က ကတ်ပြားကို ယူကာ အထဲသို့ ဝင်သွားသည်။ သူဝင်သွားသော အခန်းတွင်းမှ အသံချိုချို မိန်းမအသံတိုကြားလိုက်ရပြီးနောက် အစောင့် ပြန်ထွက်လာသည်။

"ကြွပါ ခင်ဗျာ"

အစောင့်က ခရီးဦးကြိုပြီးနောက် ခမ်းနားသော ဧည့်ခန်းအတွင်းသို့ ခေါ်သွားသည်။ ကျက်သရေရှိလှသော ဂုဏ်သရေရှိ အမျိုးသမီး တစ်ယောက်ကို တွေ့ရသည်။

"ကျွန်မရဲ့ အသိမိတ်ဆွေလဲမဟုတ်တော့ ဒီလိုညကြီး အချိန်မတော်မှာ ကျွန်မဆီက ဘာများ သိချင်လို့ပါလဲ။ အမိန့်ရှိပါ"

"ကျွန်တော် မေးချင်တဲ့ အကြောင်းအရာက မင်းသမီးနဲ့ မနီးစပ်တဲ့ အကြောင်းအရာဖြစ်နေတော့ အစကနေ စပြောပါမယ်"

စလိန်းက အဖြစ်အပျက်ကို ရှင်းပြလိုက်ပြီး–

"ဒီ အဆောက်အအုံ တစ်ခုလုံးမှာ မင်းသမီးရဲ့ အထပ်ပဲ ရှာဖွေဖို့ ကျန်တော့တယ်။ ဒါကြောင့် မင်းသမီးရဲ့ အထပ်မှာ မင်းသမီးရဲ့ ကိုယ်ရံတော် တစ်ယောက်နဲ့အတူ ရှာဖွေခွင့်ပြုပါလို့ အလေးအနက်တောင်းဆိုပါရစေ"

မင်းသမီးသည် အံ့သြစွာဖြင့် မျက်ခုံးများ ဝင့်တက်လာသည်။ တောင်းဆိုမှုကို ကြိုက်ပုံမရ။

"ဒါကတော့ ဖြစ်နိုင်စရာအကြောင်းမရှိပါဘူး။ ကျွန်မကိုယ်တိုင်လဲ ဘယ်မှမသွားဘဲ အခန်းထဲမှာပဲ ရှိနေတယ်။ အဲ့ဒီရှင့်သူငယ်ချင်းကိုလည်း ကျွန်မ မသိဘူး။ ရင်းနှီးတဲ့လူကလွဲလို့ ဘယ်သူ့ကိုမှလဲ ကျွန်မ လက်ခံတွေ့ဆုံလေ့မရှိဘူး။ ဘာကြောင့် ကျွန်မနေတဲ့ အထပ်မှာ ရှိတယ်လို့ ထင်ရတာလဲ"

"ကျွန်တော်လဲ မင်းသမီးလိုပဲ မဖြစ်နိုင်ဘူးလို့ ထင်ပါတယ်။ ဒါပေမယ့် လူ တစ်ယောက်လုံး ဒီအဆောက်အအုံထဲမှာပျောက်သွားတယ်။ နေရာအနှံ့လဲ ရှာပြီးပြီ။ မင်းသမီးရဲ့ အထပ်ပဲကျန်တော့တယ်ဆိုတော့ ကျွန်တော်ပြောတာကျိုးကြောင်းဆီလျော်ပါတယ်"

မင်းသမီးက စလိန်း၏ လိပ်စာကတ်ကို ပြန်ကြည့်လိုက်ပြီး–

"ရှင့်နာမည် မစ္စတာဂျက်စပါစလိန်းလား။ ကျွန်မက အသိအကျွမ်း တော်တော့်ကို နည်းပေမယ့် ရှင့်နာမည်ကို ရင်းနှီးပြီး ခင်မင်တဲ့ လူလိုထင်မိတယ်။ ဒါနဲ့ ရှင် စာရေးဆရာ



www.burmeseclassic.com

www.burmeseclassic.com



လား''

''တစ်ခါတလေတော့ မှုခင်းတွေကို ရှုထောင့်အမျိုးမျိုးက သုံးသပ်ထားတဲ့ ဆောင်းပါးလေး၊ ဝတ္ထုလေးတွေရေးလေ့ရှိပါတယ်''

''ဒါဆိုရင်လဲ ကောင်းပါပြီ။ ရှင်လဲ သံသယရှင်းသွားအောင် ဝင်ကြည့်နိုင်ပါတယ်။ ကျွန်မ အခန်းမှာရှာဖို့ စိတ်ဝင်စားတယ်ဆိုတော့ အားနာပါးနာခွင့်ပြုပေးရမှာပေါ့။ ကြိုက်သလိုရှာပါ။ မပြန်ခင်တော့ ကျွန်မဆီလာတွေ့ပါဦး။ ဂရပ်ဘလင်ရေ လိုက်ပို့ပေးလိုက်ပါ''

ဂျာမန်(သို့မဟုတ်) ရုရှားနိုင်ငံသားဖြစ်ဟန်တူသော ကိုယ်ရံတော် တစ်ဦးက အရှိအသေပြုကာ ခေါ်ဆောင်သွားသည်။ စလိန်းက အထပ်တစ်ထပ်လုံးကို နေရာမလပ် ဂရုတစိုက်လေ့လာကာ ရှာဖွေသည်။

အသုံးမပြုဘဲ ထားသောအိပ်ခန်းတွင် တန်ဖိုးကြီးလှသော ပရိဘောဂ အပိုင်းအစ များစွာနှင့် အဖိုးမဖြတ်နိုင်သော အနုပညာလက်ရာများစွာကို စုပေါင်း၍ ထားရှိသည်။ ဗီရိုများထဲတွင် ဖန်ထည်ပစ္စည်းများနှင့် ရှားပါးကြွေထည်ပစ္စည်းများ ရှိလေသည်။ စလိန်းသည်တစ်လက်မမျှပင် မလပ်စေရဘဲ ဂရုတစိုက် ရှာဖွေလေသည်။

''ရှာစရာ နေရာလဲ မကျန်တော့ပါဘူး။ အခန်းအားလုံးရှာပြီးတဲ့အပြင် ဗီရိုအားလုံးထဲမှာလဲ ကြည့်ပြီးပါပြီ''

ဂရပ်ဘလင်က ရိုသေစွာ ပြောလေသည်။ ထို့နောက် မင်းသမီးရှိရာ နေရာသို့ ခေါ်ဆောင်သွားလေသည်။

မင်းသမီးက အနည်းငယ်သော အပြုံးဖြင့် ရယ်သလို သရော်သလိုနှင့်

''ဘယ်လိုလဲ ရှင့်။ ရှင့်လူကို ကျွန်မက ခုတင်အောက်မှာ ဖွက်ထားတာတို့ ဗီရိုထဲမှာ ပုန်းခိုင်းထားတာတို့များ မတော်တဆ တွေ့မိသေးလား။ ရှင့်သူငယ်ချင်းက တော်တော်ချောလို့များလား။ မရှာခဲ့တဲ့နေရာမရှိဘူးဆိုတာကိုတော့ ကျွန်မ သံသယမရှိပါဘူး''

စလိန်းက တောင်းပန်သောအမူအရာဖြင့်–

''သူ့ဒီကို လာပုံမရပါဘူး။ ရှာဖွေခွင့် တောင်းမိတ
အတွက် ခွင့်လွှတ်ပါ။ ရှာဖွေခွ
ပြုတဲ့အတွက်လဲ ကျေးဇူး အ
များကြီး တင်ပါတယ်''

''တစ်နေ့နေ့တော
ကျွန်မကို လာတွေ့ပါဦး။ ရှင့်ရဲ
ပျောက်ဆုံးနေတဲ့ သူငယ်ချင်းက
ဘယ်က ပြန်တွေ့လဲဆိုတာ
လာပြောရမယ်နော်''

စလိန်းက နှုတ်ဆက်၍
တံခါးဝဆီသို့ ထွက်လာခဲ့သည်
စိတ်ထဲတွင် ပို၍ ရှုပ်ထွေးလာ
သည်။ ကတိုက်ကရိုက် ဘယ်
ရောက်နေတာလဲ။ စဉ်းစား
ကျပ်လှသည်။ ထိုစဉ် သူ့ခြေ
လှမ်းတို့ တုံ့ဆိုင်းသွားကြသည်
တစ်စုံတစ်ရာသော ထူးခြားမှု
ကြောင့် သွေးခုန်နှုန်းပင် ရပ်တ
သွားတော့မလို ခံစားလိုက်ရ
သည်။ မဟော်ဂနီစားပွဲဝိုင်းကြီး
ပေါ်တွင်တင်ထားသော ကြီးမား
သည့် ရေဇလုံကြီးအတွင်း၌
ကြာပန်းများကို စိုက်ပျိုးထား
လေသည်။ ထိုရေဇလုံကြီး
ဘေးကပ်လျက် အရိပ်ကျနေ
သောနေရာတွင် သူကောင်း
ကောင်းမှတ်မိသော အရာတစ်
သည် စားပွဲပေါ်တွင် တို့ကြေ

www.burmeseclassic.com



လျက် တည်ရှိနေသည်ကို သူ့၏ စူးရှသော မျက်လုံးများဖြင့် ထင်းခနဲ တွေ့လိုက်ရလေသည်။

သူသည် ခေတ္တရပ်၍ ပန်းရန့်ကိုရှူရှိုက်ဟန်ဖြင့် ခါးကို ရှေ့သို့ အနည်းငယ်ကုန်းလိုက်သည်။ သူ့လက်ချောင်းများသည် သူတွေ့လိုက်ရသော ထိုပစ္စည်းကလေးကို ကောက်ယူလိုက်လေသည်။ သူကောက်ယူလိုက်သည်ကို မင်းသမီးနှင့်အဖော်များဘက်မှ ကြည့်လျှင်မမြင်ရချေ။ စလိန်းက ကိုယ်ကို ကိုင်းညွတ်၍ နှုတ်ဆက်လိုက်ပြီး ထွက်လာခဲ့သည်။

✪✪✪✪✪

မင်ချင်ဂန်တို့ သုံးယောက်သားသည် သူ့ကို စောင့်မျှော်လျက်ရှိကြသည်။ ကတ်တရိုက်ချထားခဲ့သော ဖဲချပ်များက စားပွဲပေါ်တွင် နဂိုအတိုင်းရှိနေသည်။

"အခြေအနေ ကောင်းလား"

"မပြောတတ်သေးပါဘူးဗျာ။ အခုလောလောဆယ် ခင်ဗျားတို့ ဖဲချပ်တွေ ပြန်ရေကြည့်ပါဦး"

ထူဆန်းသော တောင်းဆိုမှုကြောင့် သုံးယောက်သား စားပွဲဆီသို့ ပြန်သွားကြကာ ဖဲချပ်များကို ရေတွက်ကြသည်။

"ဆယ့်သုံးချပ်စီပါပဲ"

စလိန်းက ကတ်တရိုက်ဖဲချပ်များကို ယူလိုက်ပြီး လက်ဖဝါးထဲမှ တစ်ချပ်ချင်း စားပွဲပေါ်သို့ ဖတ်ခနဲ ဖတ်ခနဲ ပစ်ချသည်။ ထို့နောက် သူ့ဘောင်းဘီအိတ်အတွင်းမှ တွန့်ကြေနေသော ဖဲချပ်ကို ထုတ်လိုက်သည်။ ဖဲချပ်၏ နောက်ကျောဘက်သည် ကစားနေသော ဖဲချပ်များ၏ နောက်ကျောဘက်နှင့်အတူတူပင်ဖြစ်သည်။ ထုတ်လိုက်သော ဖဲချပ်ကို သူပစ်ချထားသော ဖဲချပ်ဆယ့်နှစ်ချပ်ပေါ်သို့ ဖတ်ခနဲ ပစ်ချလိုက်ကာ နှုတ်မှ ရေတွက်လိုက်သည်။

"ဆယ်သုံး"

မင်ချင်ဂန်တို့ သုံးယောက်က သူ့ကိုငေးကြည့်နေကြသည်။

"ဘာတွေ စဉ်းစားမိနေတာလဲ။ ပြောပြစမ်းပါဦး"

"ခဏလေးစောင့်ပါဦး၊ သေချာအောင် လုပ်လိုက်ဦးမယ်။ ခင်ဗျားတို့ လက်ထဲမှာ စပိတ်ဖဲနံပါတ်နှစ်ရှိလား"

မင်ချင်ဂန်က

"မရှိဘူးဗျ"

ဗာတင်ဖီးလစ်(ပ်) ကလည်း–

"ကိုယ့်ဆီမှာလဲ မရှိဘူး"

ဂေါရင်းဘရက်ကလည်း–

"ကိုယ့်ဆီမှာလဲ မရှိဘူးဗျ"

စလိန်းက ကတ်တရိုက်၏ ဖဲချပ်များကို စစ်ကြည့်သည်။

"စပိတ် ဖဲနံပါတ် နှစ်က ပျောက်နေတာပေါ့"

စလိန်းက အတိအလင်း ပြောလိုက်သည်။

"ဒါဆိုရင် စပိတ် ဖဲနံပါတ်နှစ်က ကတ်ကရိုက်လက်ထဲမှာ ပါသွားတာပေါ့။ သူဖုန်းသွားဆက်တုန်းက ဖဲချပ်ဆယ့်နှစ်ချပ်ပဲ စားပွဲပေါ်မှာ ကျန်ခဲ့တယ်လေ။ ဒီဖဲချပ်ကို ကျွန်တော် မင်းသမီး မက်ဇီဝီလ်အထံက ရခဲ့တာ။ စကားပြောကြရင်း လက်ထဲမှာ တင်းကျပ်နေအောင် ဆုပ်ကိုင်ထားပုံရတယ်။ တွန့်ကြေနေတာပဲ"

အားလုံးသည် အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေကို နားမလည်နိုင်ကြ။ ခဏနေမှ မင်ချင်ဂန်က–

"ဒီ လူကတော့ကွာ ဘာတစ်ခွန်းမှ မပြောဘဲနဲ့ အဲဒီ အထပ်ကို သွားတာဘာသဘော လဲ"

"ပြီးတော့ ပြန်မလာ ဘူးလေ"

ဂေါ်ရပ္ပဘရက်က ထပ် ဖြည့်သည်။

မာတင်ဖီးလစ်(ပ်)က–

"သူ အဲဒီမှာရှိနေတုန်း ပဲလား"

"မတွေ့ခဲ့ဘူးဗျ။ ဒါပေ မယ့် ဒီစပိတ် ဖဲနံပါတ်နှစ်ကတ် ကတော့ ကတ်တရိုက်လက်ထဲ မှာ ပါသွားခဲ့တာသေချာတယ်။ ဘာကြောင့် မင်းသမီးအခန်းမှာ ဒီဖဲချပ်ကို တွေ့ခဲ့ရတာလဲ"

စလိန်းက စဉ်းစား၍ မရသေးသဖြင့်–

"ကျွန်တော်တော့ လမ်းမပေါ်ကနေ လေ့လာကြည့် ချင်သေးတယ်"

သူတို့လေးယောက်သား တံခါးစောင့် ဆာဂျင်ကြီးကို မှာ ထားခဲ့ပြီးနောက် အဆောက်အ အုံအပြင်သို့ ထွက်ခဲ့ကြသည်။

ပလက်ဖောင်းအစွန်းတွင်ရပ်နေကြ ရာမှ စလိန်းက လမ်းပေါ်သို့ ခြေလှမ်းအနည်းငယ် ရွှေ့လိုက် ကာ အပေါ်မော့ကြည့်လိုက် သည်။ စလိန်း၏ မျက်လုံးများ သည် လိုက်ကာများ ကာထား သည့် မီးလင်းနေသော မင်းသမီး အထပ်၏ အောက်ကပ်လျက် အခန်းတစ်ခန်းဆီသို့ အထူးအာရုံ စိုက်မိလေသည်။ တံခါးစောင့်ကို ချက်ချင်းခေါ်၍ ထိုနေရာသို့ လက်ညှိုးညွှန်ပြကာ–

"အဲဒီ အလင်းရောင် လိုလို မှုန်မှားမှား မြင်နေရတဲ့ နေရာက မင်းသမီးပိုင်တဲ့ အ ခန်းပဲလား"

"ဟုတ်ပါတယ်"

"အခု အဲဒီအခန်းက ဘယ်သူ့ ရုံးခန်းလဲ"

"မိုက်ကယ်(လ်)ရဲ့ ရုံး ခန်းပါ။ လူကြီးလူကောင်း တစ် ယောက်ပါပဲ။ သားမွေးတွေနဲ့ အ ရှေ့ဟိုင်းထွက် အဖိုးတန်ပစ္စည်း တွေ ရောင်းဝယ်တဲ့ ကိုယ်စား လှယ်ပါ"

"အဲဒီလူက ဘယ်လို လူအမျိုးအစားလဲ"

"နိုင်ငံခြားသား တစ် ယောက်ပါပဲ။ နိုင်ငံခြားသား... ဝတ်တဲ့ အဝတ်အစားမျိုး ... လေ့ရှိတယ်။ ဒီမှာ အလုပ်... နေတာ သုံးနှစ်လောက်ရှိပ... ကောင်းကောင်းမွန်မွန် လူ... ယောက်ပါပဲ"

"ကျွန်တော်တို့ အ... ထပ်ကို ပြန်သွားမယ်။ တစ်... တော့ ဖြစ်မယ်ထင်တယ်။ ဘ... သူ့ကိုမှ အပြင်မထွက်စေ... ဆာဂျင်"

ထို့နောက် စလိန်... အုပ်စုသည် တတိယထပ်သို့... တည်လိုက်ကြသည်။

"မင်း ချင်ဂန် ခင်... ဆီမှာ လက်နက်တစ်ခုခုနဲ့ ဓာ... မီးရှိသလား"

"ခြောက်လုံးပြူး ... လက်ရှိတယ်။ ဓာတ်မီး... တော့ အများကြီးပဲ။ နေပါ... လက်နက်တောင်လိုတဲ့ ကိစ္စ... တော့"

"နောက်တစ်မိနစ် ... မိနစ်လောက်ဆိုရင် ကတ်ဟာ... ကိုပြန်တွေ့ပြီ"

စလိန်းကဖြတ်၍ ... လိုက်သည်။

သူတို့အားလုံး လှေကာ...

www.burmeseclassic.com



တစ်ဆင့် ခြေသံလုံအောင်ထိန်း၍ အောက်ထပ်သို့ ဆင်းလာခဲ့ကြသည်။ မစ္စတာမိုက်ကယ်နှင့်သား၏ ရုံးခန်းကိုရောက်သောအခါ အထဲသို့ လှမ်းကြည့်လိုက်သည်။ မှောင်မဲ၍ တိတ်ဆိတ်နေသည်။ အသက်မှူပင် ပြင်းပြင်းမရှူရဲဘဲ ငြိမ်နေကြပြီးနောက် စလိန်း၏ မျက်လုံးများထဲတွင် မျှော်လင့်ချက် ရောင်ခြည်များသန်းလာပြီး အမူအရာတို့က တင်းမာသည့် ပုံစံဖြစ်လာသည်။ ထို့နောက် သူ့လူများကို အချက်ပြလိုက်ပြီး အောက်ဆုံးထပ်သို့ တိတ်တဆိတ်ဆင်းလာခဲ့ကြသည်။

"ကျွန်တော် စတော့တလန်ယဒ်ကို ဖုန်းဆက်လိုက်ဦးမယ်"

စလိန်းက ပြောပြောဆိုဆို တယ်လီဖုန်းရှိရာသို့ သွားသည်ပြုစဉ် ဓာတ်လှေကားမှ ဘဲလ်မြည်သံကြားရသဖြင့် ဘယ်သူများလဲ ဟုသိချင်ဇောဖြင့် ခေတ္တ တိတ်ဆိတ်သွားကြသည်။ လှောင်နှံ့အနည်းငယ်အတွင်း ဓာတ်လှေကား ရောက်ရှိလာကာ ခင်းသမီး၏ မိန်းမဖော် အင်နာသည် ကုတ်အင်္ကျီထူထူကြီးကို ဝတ်၍ ခွေးကလေး တစ်ကောင်နှင့်အတူ ဓာတ်လှေကားအတွင်းမှ လှမ်းထွက်လာသည်။ စလိန်းက ရှေ့မှ ပိတ်၍ ထားလိုက်သည်။

**အင်နာက အော်ဟစ်ရန် ပါးစပ်ဟလိုက်စဉ် တံခါးစောင့် ဆာဂျင်ကြီးက ပါးစပ်ကို လက်ဖြင့် ပိတ်လိုက်သည်။**

"စိတ်မကောင်းပါဘူး မိန်းကလေး။ ဒီခွေးလေးက ညနေက အပြင်ထွက်ပြီးသွားပြီ မဟုတ်လား"

အင်နာက အရောင်တလက်လက် တောက်နေသော မျက်လုံးများဖြင့် ပြန်ကြည့်ရင်း

"ဟိုနား ဒီနားပဲ သွားမှာ"

ပြောပြောဆိုဆို စလိန်းကို တွန်းဖယ်၍ ဆက်သွားရန် ဟန်ပြင်သည်။ စလိန်းက နေရာမှ ရွှေ့မပေးချေ။

"ဒီခွေးကိစ္စက အရေးတကြီးလုပ်ရမယ့် ကိစ္စမဟုတ်ပါဘူး။ အခုဖြစ်နေတဲ့ ပြဿနာကို ဖြေရှင်းလို့ မပြီးမချင်း ဒီအဆောက်အအုံကနေ ဘယ်သူမှ ထွက်ခွင့် မရှိပါဘူး"

အင်နာက စလိန်းကို တွန်းဖယ်ကာ အပြင်ထွက်ရန် နောက်တစ်ကြိမ် ထပ်ကြိုးစားသည်။ ထို့ကြောင့် စလိန်းက–

"ဆာဂျင်ရေ ဒီအမျိုးသမီးကို ခဏလောက် ထိန်းထားလိုက်ပါဦး။ ခင်ဗျားအပေါ်မှာ ဘာအပြစ်မှ မကျရောက်အောင် ကျွန်တော် တာဝန်ယူတယ်"

အင်နာက အော်ဟစ်ရန် ပါးစပ်ဟလိုက်စဉ် တံခါးစောင့် ဆာဂျင်ကြီးက ပါးစပ်ကို လက်ဖြင့် ပိတ်လိုက်သည်။ စလိန်းက တယ်လီဖုန်းရှိရာသို့လျှောက်



www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။

"ဟဲလို စတော့တလန် ယဒ်ကလား ဆာဂျက်စပါစလိန်း စကားပြောနေပါတယ်။ အင်စပက်တာ စတင်(ပ်)ဆန်လား။ ခုချက်ချင်းလုပ်ရမယ့်ကိစ္စတစ်ခုရှိတယ်။ ရဲ သုံးလေးယောက်လောက်ခေါ် လာခဲ့ပြီး အင်စပက်တာကိုယ်တိုင် တင်နင်ပဲဉ်စံအိမ်ကို လာခဲ့ပါ။ ကျွန်တော် ခန်းမထဲက စောင့်နေမယ်။ အမြန်ဆုံးလာခဲ့ပါ"

ဖုန်းကို ပြန်ချလိုက်သည်။ အမျိုးသမီးက ရှန်းကန်နေရင်းမှ စလိန်းကို စားတော့ ဝါးတော့မလို ကြည့်နေသည်။

ခဏအကြာတွင် အင်စပက်တာ စတင်(ပ်)ဆန်နှင့် ရဲလေးယောက် အမြန်ဝင်ရောက်လာကြသည်။ အဖြစ်အပျက်အစအဆုံးကို ပြောပြလိုက်သော အခါ အင်စပက်တာက စိတ်ထက်သန်စွာဖြင့်–

"မိုက်ကယ်နှင့် သားဟုတ်လား။ သူတို့နဲ့ ပတ်သက်တဲ့ သတင်းတွေ ကျွန်တော်တို့လဲ ရထားတယ်"

အားလုံး ပထမထပ်ရှိ ရုံးခန်းများဆီသို့ သွားကြသည်။ တံခါးစောင့်ကြီး ပေးလိုက်သော သော့အပိုဖြင့် "မိုက်ကယ်နှင့်သား" ဆိုင်းဘုတ်ရှိရာရုံးခန်းကို ဖွင့်လိုက်သည်။ ထိုစဉ်ရုံးခန်းဘေး စကြံနားမှ အလင်းရောင်တစ်ခု ဖျတ်ခနဲ လင်းလာပြီး ပြန်ပိတ်သွားသည်။ စလိန်းက–

"ရဲသားနှစ်ယောက် ခန်းမထဲမှာ နေရာယူဖို့လွှတ်လိုက်ပါ။ အပေါ်ထပ် မင်းသမီး ခန်းကနေ ဒီရုံးခန်းကိုဝင်နိုင် လို့ပေါက်အပေါက်တစ်ခု ရှိလိ မယ်။ သူတို့ အဲဒီအပေါက်က အပေါ်ထပ်ကိုတက်သွားပြီး ေ ကားကနေ ပြန်ဆင်းလိမ့်မ ထင်တယ်"

စလိန်းက တောင်း သဖြင့် စတင်(ပ်)ဆန်က အမိ ပေးလိုက်ပြီး ကျန်လူအားလုံ





www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲသို့ ဆက်ဝင်သွားကြသည်။ စတင်(ပ်)ဆန်က သေနတ်နှင့် ချိန်ရင်း ဂရုစိုက်၍ ဝင်သွားသည်။ အခန်းတွင်း၌ ကြိုးဖြင့် နိုင်မြဲစွာ တုပ်ထားခြင်း ခံထားရသော လူတစ်ယောက်သည် ကုလားထိုင်တစ်လုံး ပေါ်တွင်ရှိ နေလေသည်။

မျက်နှာကြက်တွင် လုပ စွာပြုလုပ်ထားသော ကြိုးလှေကားတစ်ခုသည် တွဲလျားကျလျက်ရှိလေသည်။ ထိုသူ၏ ပါးစပ်တွင်စည်းထားသော အဝတ်ကို ဖြုတ်ပေးလိုက်သောအခါ ထိုသူက–

"မြန်မြန်လေးလုပ်ပါ။ အဲဒါ မင်းသမီးရဲ့ မီးဖိုဆောင်ကို ရောက်တဲ့ လျှို့ဝှက်တံခါးကို သွားတဲ့ ကြိုးလှေကားပဲ။ ထမင်းချက်တဲ့ လူက ကျွန်တော့်ကို ဖမ်းထားတာ။ သူနဲ့မိုက်ကယ်(လ်) တက်သွားတယ်။ မြန်မြန်လုပ်မှ ဖြစ်မယ်။ သူတို့ လှေကားကနေ ဆင်းသွားကြလိမ့်မယ်"

စလိန်းက စိတ်ချလက်ချ ပြုံးလိုက်ပြီး–

"သူတို့ကို ကြိုဆိုမယ့် လူတွေ ခန်းမထဲမှာ အလုံအလောက် ရှိပါတယ်။ စိတ်မပူပါနဲ့ ကက်တရိုက်ရယ်"

ဝဝဝဝဝ

နောက်တစ်နေ့ ညနေခင်းတွင် ဂျက်စပါစလိန်းသည် ပြည်သူ့ရဲတပ်ဖွဲ့၏ အထူးဖိတ်ကြားခြင်းခံရသော ဧည့်သည်တစ်ဦးဖြစ်ခဲ့လေသည်။ တာဝန်ရှိသူ အကြီးအကဲက–

"ဆာဂျက်စပါ။ မနေ့ညက ခင်ဗျားရဲ့ဆောင်ရွက်ချက်အတွက် ဒီနိုင်ငံရဲ့အစိုးရအနေနဲ့ ဘယ်လောက်ဂုဏ်ယူသလဲဆိုတာ ဖော်မပြတတ်အောင်ပါပဲ။ ကျွန်တော်တို့ တပ်ဖွဲ့တွေဟာ တိကျတဲ့ လမ်းကြောင်းမှန်ကို လိုက်နိုင်ဖို့ လုံးပမ်းနေကြတာပါ။ အခု ဖမ်းမိလိုက်တဲ့ဂိုဏ်းဟာ တိုင်းပြည်ကို ဒုက္ခပေးမယ့်အလုပ်တွေကို လုပ်နေတယ်ဆိုတာကို ကျွန်တော်တို့ သိထားပါတယ်။ ဒါပေမယ့် အဲဒီဂိုဏ်းမှာ မင်းသမီး မက်ဗီဝီလ် ပါဝင်ပတ်သက်နေတယ်ဆိုတာကိုတော့ မသိခဲ့ဘူး။ အမှန်တော့ မင်းသမီး မြေအောက်လှုပ်ရှားမှုအဖွဲ့သားတွေနဲ့ အဆက်အသွယ်ရှိခဲ့တဲ့အပြင် ထူးခြားတဲ့သတင်း အချက်အလက်တွေကို အပတ်စဉ် ပို့ပေးနေခဲ့တာပဲ–––

"အခုနောက်ဆုံး ဖြစ်ခဲ့တဲ့ ကိစ္စကတော့ အင်္ဂလန်ပေါင်တစ်သန်းတန်ဖိုးနဲ့ညီတဲ့ ရွှေတွေတင်ထားတဲ့ မီးသင်္ဘောတစ်စင်းဟာ အခုအချိန်မှာရေလက်ကြားထဲမှာရောက်နေပြီး ခေါင်းဆောင်ဖြစ်တဲ့ မင်းသမီးရောက်လာတာနဲ့ ပြန်ထွက်ဖို့ အဆင်သင့်ရှိနေပြီဆိုတာကို နောက်ဆက်တွဲစုံစမ်း သိရှိခဲ့ရတယ်။ ဖမ်းဆီးဖို့ ကိစ္စကို ဆောင်ရွက်နေပါပြီ––

"ကတ်တရိုက် ဘာကြောင့် ပျောက်သွားရသလဲဆိုရင် ကတ်တရိုက်ဟာ ကျွန်တော်တို့အဖွဲ့ထဲကလူဖြစ်ပြီး အပြင်မှာ လှုပ်ရှားနေတဲ့ သူတို့အကြောင်းကိုသိနေတဲ့ တစ်ဦးတည်းသော လူဖြစ်တယ်။ သူတို့နောက်ကို လိုက်နေတယ်ဆိုတာကိုလဲ သိနေတယ်။ မနေ့ညကတော့ ကတ်တရိုက်ကို လှည့်စားပြီး ဖမ်းမိသွားတယ်"

စားပွဲ၏တစ်ဖက်ခြမ်းတွင် ထိုင်နေသော ကတ်တရိုက်က–

"မင်း ချင်ဂန်ဆီရောက်နေမှန်းသိလို့ ကိုယ့်ကိုဖုန်းဆက်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်တာ။ သူတို့က စကားဝှက်ကို ပေးတယ်။ ကိုယ်လဲ မင်းသမီးအထပ်မှာ စောင့်နေမယ်ဆိုတဲ့ သတင်းပေးမယ့်လူဆီကို စကားပြောဖို့ လှေကားကနေဆင်းလာခဲ့တယ်။ စကားဝှက်ကို မှားမပြောမိဘူးဆိုတာ သေချာတယ်။ မင်းသမီးကိုဂါရဝပြုနေတဲ့အချိန်မှာပဲ ကိုယ့်နောက်ဘက်က ထမင်းချက်ရဲ့အသံကို ကြားလိုက်ရတယ်။ နောက်တစ်ခု ကိုယ်သိလိုက်ရတာကတော့ အပေါ်ထပ် မင်းသမီးရဲ့ မီးဖိုဆောင်ကနေ ကြိုးလှေကားကတစ်ဆင့် မိုက်ကယ်ရဲ့ ရုံးခန်းထဲကိုရောက်သွားနိုင်တယ်ဆိုတာကိုပဲ။ ပြီးတော့ ကိုယ့်နံရိုးကြားမှာ သေနတ်တစ်လက် လာထောက်ပြီး ကုလားထိုင်မှာ ထိုင်ခိုင်းတယ်။ ပြီးတော့ ပါးစပ်ကိုစည်း၊ ကိုယ်ကို ကြိုးနဲ့ တုပ်ထားလိုက်ကြတယ်။ အဲဒီပုံစံအတိုင်း တစ်နာရီကျော်ကျော်လောက် နေနေရတယ်။ သူတို့က ကိုယ့်ကို လှောင်သလို ပြောင်သလိုလုပ်နေကြတာ။ သူတို့လုပ်တဲ့ကိစ္စတွေ အားလုံးသိသွားပြီဆိုတော့ ချက်ချင်း လစ်ထွက်ကြတော့မှာလေ"

ကတ်တရိုက်၏ စကားအဆုံးတွင် အကြီးအကဲက–

"ကျွန်တော်တို့ ရုန်းရင်းဆန်ခတ်ဖြစ်မယ့်အခြေအနေကို အထူးသဖြင့် ရှောင်ရှားဖို့ဆန္ဒရှိပါတယ်။ ကန်နင်ဟမ်စံအိမ် ကို ဝင်ရှာဖို့ ဝင်ဖမ်းဖို့အမိန့်ထုတ်ထားတာမျိုးလဲ လုပ်မထားပါဘူး။ မင်းသမီးကဒီမနက်ပိုင်းမှာ ဒီနိုင်ငံကနေ အပြီးအပိုင်ထွက်သွားမယ်။ ဂရပ်ဘလင်ရယ်၊ မိုက်ကယ်နဲ့ သူ့သားရယ်။ အိမ်ဖော်တွေရယ်ကို တခြားတစ်နေရာ ရွှေ့ထားပြီး နေ့ခင်းဘက်မှာထွက်သွားကြမယ်လို့ စီစဉ်ထားကြတာ။ ကံကောင်းလို့ပေါ့ဗျာ။ ကတ်တရိုက်ကို ညတွင်းချင်းပြန်ရှာတွေ့နိုင်လိုက်နိုင်လို့ သတင်းအတိအကျရပြီး အားလုံးကို အချိန်မီမိလိုက်တယ်ဆိုတော့ ဆာဂျက်စပါရေ ခင်ဗျားကတော့ နိုင်ငံအတွက်အရေးကြီးတဲ့ တာဝန်တစ်ခုကိုထမ်းဆောင်လိုက်တာပါပဲ။ ဆုချီးမြှင့်ဖို့ကိုလဲ စီစဉ်ထားပါတယ်"

စလိန်းက–

"ကျွန်တော် ပါဝင်ပတ်သက်ခဲ့ရတဲ့ အစိတ်အပိုင်းမှာ ကျွန်တော့်သူငယ်ချင်းကို ရှာရင်းနဲ့ တိတ်တဆိတ် ဂိုဏ်းဖွဲ့ရှင်သန်နေတဲ့ အဖွဲ့တစ်ဖွဲ့လုံးကို မမျှော်လင့်ဘဲ ဖမ်းမိလိုက်တော့ စိုးရိမ်စိတ်တွေနဲ့အတူ တော်တော့်ကို ပီတိဖြစ်စေတဲ့ စိတ်လှုပ်ရှားစရာ ညတစ်ညပါပဲ"

တွေ့ဆုံပွဲ ပြီးဆုံးသွားသောအခါ စားပွဲတစ်ဖက်ခြမ်းမှ ကတ်တရိုက်က စားပွဲပေါ်တွင် လက်တစ်ဖက်ကိုတင်၍ ကိုယ်ကို ရှေ့သို့ ကိုင်းညွှတ်လိုက်ပြီး–

"ပြောစမ်းပါဦးဗျ။ မင်းသမီးရဲ့အထပ်မှာ ကိုယ် ကျိန်းသေရှိနေတယ်ဆိုတဲ့ အချက်ကို ဘယ်လိုများဉာဏ်ကစားပြီး ခြေရာခံမိလိုက်တာလဲ"

"စပိတ် ဖဲနံပါတ်နှစ်။ ခင်ဗျားရဲ့ ဆယ့်သုံးချပ်မြောက် ဖဲချပ်ကြောင့်ပေါ့ဗျာ။"

ယုယုလွင်ကျော်

E.PHILLIPS OPPENHEIM ၏ THE THIRTEENTH CARD ဝတ္ထုကို ဆီလျော်အောင် ပြန်ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# HURRICANE
## Restaurant

- ချိုသာသောဈေးနှုန်း
- သန့်ရှင်းသပ်ရပ်သော ဆိုင်အပြင်အဆင်
- ယဉ်ကျေးပျူငှာသော ဝန်ထမ်းများ၏ အကောင်းဆုံးဝန်ဆောင်မှု
- ကျွမ်းကျင်သော စားဖိုမှူးကြီး၏ ကောင်းမွန်လတ်ဆတ်သော အစားအသောက်များ
- နိုင်ငံခြားအရက်မျိုးစုံနှင့် မြန်မာစည်ဘီယာ၊ အေဘီစီစည်ဘီယာ အခြားအချိုရည်မျိုးစုံ

**တန်ဖိုးရှိလှတဲ့ ငွေကို အကျိုးရှိရှိကုန်ရကျိုးနပ်အောင်**
**HURRICANE Restaurant သို့ လာခဲ့ပါ။**

**အပတ်စဉ် သောကြာနေ့တိုင်း**
**အထူးအစီအစဉ် ဖျော်ဖြေမှုရှိသည်။**

အမှတ်(၃၄)၊ လေးထောင့်ကန်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်။
ဖုန်း ၀၉ ၃၃၀၃၄၂၁၉၊ ၀၉ ၄၁၀၃၄၃၅၂၂၊ ၀၉ ၃၃၁၅၅၅၈၉

www.burmeseclassic.com

www.burmeseclassic.com



# ချောက်ချားဖွယ် ငွေညစ်မှုရဲ့နိဂုံး

စိန်ဝင်းမော်



www.burmeseclassic.com

www.burmeseclassic.com



"ချောက်ချားဖွယ်
ငွေညှစ်မှုရဲ့နိဂုံး"
စိန်ဝင်းမော်

ဩစတြေးလျနိုင်ငံ ဆစ်(ဒ်)နီမြို့ရှိ ကမ်းနဖူး နေအိမ် ၏ အိပ်ခန်းတွင် "မက်ဒီပါ(လ်)ဗာ" က ရှေ့ရေးကိစ္စကို တွေးနေမိသည်။ စာကျက်ရန် အရေးပင်ပျော်ရွှင်ဖွယ် မကောင်းလှပေ။ အထက်တန်း ကျောင်းထွက် လက်မှတ်စာမေးပွဲနီးကပ်နေပြီ။ သူ့ကျောင်းနေဖက်သူငယ်ချင်းများနည်းတူ စာအုပ်နှင့်မျက်နှာခွာမရတော့။

အချိန်ကား နေ့လယ်(၂း၃၀)နာရီ။ ထိုဗုဒ္ဓဟူးနေ့တွင် (၁၈)နှစ် သမီးလေးက နေအိမ်တွင် တစ်ယောက်တည်း။ "မက်ဒီ"၏ အမေက ဈေးဝယ်ထွက်နေသည်။ အဖေဖြစ်သူ အပြည်ပြည်ဆိုင်ရာ ကွန်ပျူတာကုမ္ပဏီ၏အရာရှိချုပ်က အလုပ်ခွင်တွင် ရှိနေသည်။ မောင်ငယ် နှစ်ယောက်က ကျောင်းတက်နေသျက် အစ်ကိုဖြစ်သူက ခရီးထွက်နေသည်။ သူမ၏အိပ်ခန်းစားပွဲမှနေ၍ ဆစ်(ဒ်)နီမြစ်၏ရှုခင်းကို ငေးမျှော်ကြည့်နိုင်သည်။ သို့သော် ယခုအချိန်ကားအာရုံ စူးစိုက်ရမည့်အချိန်၊ နေ့လယ်အိပ်မက်မက်နေရန်အချိန် မဟုတ်။

ရုတ်တရက် "မက်ဒီ" က နောက်မှ အသံတစ်သံကို ကြားလိုက်ရသည်။ လှည့်ကြည့်လိုက်ရာ သက်တံရောင်သိုးမွှေးခေါင်းစွပ်နှင့် လူတစ်ယောက်က အိပ်ခန်းတံခါးဝ၌ ရပ်နေသည်။ သူက လက်နက်အဖြစ် အလူမီနီယံဘေ့(စ်)ဘောရိုက်တံကို ကိုင်ထားလျက် ကျောပိုးအိတ်ငယ် အမည်းရောင်ကို ပိုးထားသည်။ ကျူးကျော်သူက ဒေါ်လာသန်းပေါင်းများစွာ တန်သောအိမ်ကြီး၏ သော့ခတ်မထားသော အိမ်ရှေ့တံခါးမှဝင်လာခဲ့သည်။

"ငါ နင့်ကို နာကျင်အောင်မလုပ်ဘူး"

ဟုသူကပြောသည်။

"မက်ဒီ"က ခုံမှခုန်ထကာ အိပ်ရာဆီသို့ နောက်ဆုတ်သွားသည်။

"ရှင် ဘာလိုချင်သလဲ၊ ရှင် ဘာလုပ်နေတာလဲ"

ဟုမေးလိုက်သည်။

ထိုလူက သူ၏ဘေ့(စ်)ဘောဘက်တံနှင့် ကျောပိုးအိတ်တို့ကို အိပ်ရာပေါ်သို့ တင်လိုက်သည်။ ပြီးလျှင် ရိုးရိုးလေးသတိပေးသည်။

"ဘယ်သူ့မှ မထိခိုက်နာကျင်စရာ မလိုဘူး"

ထို့နောက် ထိုလူက ကျောပိုးအိတ်ထဲမှ လက်တော့လက်ဆွဲ ကွန်ပျူတာ အငယ်စားအရွယ်သတ္တုသေတ္တာကို ထုတ်ယူလိုက်သည်။ ၎င်းကို "မက်ဒီ"၏ လည်ပင်းတွင်ကပ်၍ ကိုင်ကာ စက်ဘီးသော့ဖြင့် ခတ်လိုက်သည်။ "မက်ဒီ"က ဘာဖြစ်နေသည်ကို နားမလည်နိုင်တော့။

"မက်ဒီ"က ထိုသူကို ဘာလုပ်နေကြောင်း မေးမြန်းသည်။ သူက မကြာမီပြောပြမည်ဟုဆိုကာ ခရမ်းရောင်ခရာကြိုးကိုခေါင်းပေါ်သို့ တင်လိုက်သည်။ ၎င်းနှင့်ဆက်လျက် ကွန်ပျူတာ မှတ်ဉာဏ်(USB)အတံနှင့်မှတ်စုပါသော ပလတ်စတစ်အိတ်ငယ် တစ်အိတ်ရှိသည်။ အီးမေး(လ်) လိပ်စာ "ဒတ်စတြော၁၈၇၀@ဂျီမေး(လ်)ကော(မ်)"ပါရှိသော ကတ်ပြားလေးက သူမလည်ပင်းတွင် ချည်ထားသော



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာငယ်တွင် ကပ်ထားသည်။

ထွက်ခွာရန် လှည့်လိုက်စဉ်ထိုလူက "မက်ဒီ"ကို (၁)မှ (၂၀၀)ထိရေတွက်ရန် ပြောသည်။ "ကျုပ်ပြန်လာမယ်"ဟု သူက ငြိမ်းခြောက်သည်။

"နင့်လှုပ်ရင် ငါမြင်နိုင်တယ်။ ငါဒီနားမှာပဲရှိမယ်"

ထိတ်လန့်စွာဖြင့် "မက်ဒီ"က ငြိမ်နေသည်။ ခေတ္တအကြာတွင် သူက အော်ဟစ်၍ အကူအညီတောင်းသည်။ အရာရာ ငြိမ်သက်လျက် သူက အော်ပြန်သည်။ ဘာမှုမထူးခြား။ သေတ္တာငယ်လေး လည်ပင်းတွင် ချည်ထားလျက်နှင့်ပင် "မက်ဒီ"က သူ၏ လက်ကိုင်ဖုန်းဆီသို့ ဖြည်းလေးစွာလျှောက်သွားသည်။ ဆန်းပြားစွာ တီထွင်ထားသော စက်လေးကိုမလှုပ်စေရဘဲ အမေနှင့် အဖေတို့ထံ လက်ကိုင်ဖုန်းဖြင့် သတင်းစကားပါးကာ ရဲကို အကြောင်းကြားခိုင်းသည်။

ထိုအခါတွင်မှ "မက်ဒီ"က ခရာကြိုးဖြင့် ချည်ထားသော ပလတ်စတစ်အိတ်တွင်းမှ မှတ်စုကို ဖြုတ်၍ ကြည့်မိသည်။ "ပေါက်ကွဲစေတတ်သောပစ္စည်း" ဆိုသည့် စကားလုံးကိုတွေ့မြင်မိသောအခါ "မက်ဒီ"က ချုံးပွဲချငိုတော့သည်။

"မက်ဒီ"က ဖုန်းခေါ်ပြန်သည်။ ဘာမှုမကြား။အဖေ၏ ဖုန်းနံပါတ်ကို နှိပ်ပြန်သည်။ "ဘီ(လ်)ပါ(လ်)ဗာ" အသက် (၅၂)နှစ်က ဒေါ်လာသန်းပေါင်းများစွာ မတည်ထားသော ကွန်ပျူတာ ဆက်စပ်လုပ်ငန်း အကြီးအကဲဖြစ်သည်။ "မက်ဒီ"က သူ့အဖေကို ရဲသို့အကြောင်းကြားရန်ပြောသည်။ထို့နောက် သူ့အခန်းသို့ ပြန်လာကာ မှတ်စုကို ဆက်၍ ဖတ်သည်။

"သင့် လည်ပင်းတွင် ချည်နှောင်ထားသော အမည်းရောင် သေတ္တာထဲတွင် နည်းပညာသစ် ပလတ်စတစ်ပေါက်ကွဲစေတတ်သော ပစ္စည်းများ ထည့်ထားသည့် သေတ္တာက ထောင်ချောက်ဗုံး တပ်ဆင်ထားသည်။ အတိအကျ ညွှန်ကြားချက်ကို လိုက်နာမှသာလျှင် လုံခြုံစွာ ဖွင့်၍ရမည်။

သင့်အနေဖြင့် ဤညွှန်ကြားချက်များ၊ နောင်ပေးပို့မည့် ညွှန်ကြားချက်များ၊ဆက်သွယ်မှုများ၊ ဖော်ပြထားသော စာသားများကို ဖယ်ဒရယ် သို့မဟုတ် တိုင်းအဖွဲ့အစည်းများ၊ရဲသို့မဟုတ် FBI(ဗဟိုထောက်လှမ်းရေးအဖွဲ့) သို့မဟုတ် မိသားစုဝင်မဟုတ်သည့် ပုဂ္ဂိုလ်များသို့ဖွင့်ဟ ပြောကြားခဲ့လျှင် "ဘရိုင်းယင်းဒေါက်ဂလပ်(စ်)ဝဲ(လ်)"အဖြစ်ကဲ့သို့ ချက်ချင်းဖြစ်ပွားမည်။

ဖော်ပြပါ ငွေသားကို လွှဲပေးရန် အသေးစိတ်ညွှန်ကြားချက်ကို ပေးပို့မည်။ ကျွန်ုပ်တို့ အနေဖြင့် ငွေလွှဲပေးပို့ခြင်း မပြုမီနှင့် ပြုပြီးနောက်ပိုင်းတွင် ဤညွှန်ကြားချက်များကို ဖောက်ဖျက်ကြောင်းသိရပါက သင့်မိသားစု၏ ကြီးမားသောအန္တရာယ်ပင်။

ငွေလွှဲပြောင်းပေးရန် ညွှန်ကြားချက်ကို မှန်ကန်စွာ လိုက်နာဆောင်ရွက်ပြီးပါက (ငွေရရှိပြီးလျှင်) သေတ္တာကို အန္တရာယ်ကင်းစွာ ဖွင့်နိုင်မည့် လျှို့ဝှက်ဂဏန်းတွဲကိုပေးပို့မည်။ ထို့ပြင်အတွင်းရှိပေါက်ကွဲစေမည့် ကိရိယာများကို ပျက်ပြယ်စေမည့် အတွင်းသော့ ပါပါမည်။

ဤညွှန်ကြားချက်များရရှိကြောင်း အတည်ပြုချက်ကို dirkstruan



www.burmeseclassic.com

www.burmeseclassic.com



1840@gmail.comသို့ဆက်သွယ်ပေးပို့ပါ။

("ဘရိုင်ယင်ဒေါက်ဂလပ်(စ်)ဝဲ(လ်)"မှာ ပီဇာမုန့်လှည့်လည် ပေးပို့သူဖြစ်ပြီး၊ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လတွင် "အီရီ"မြို့ပင်ဆေ(လ်)ဘေးနီးယားပြည်နယ်(အမေရိကန်)၌ ဂိုဏ်းတစ်ဂိုဏ်းမှ ဖမ်းဆီးခြင်းခံခဲ့ရသည်။ ၎င်း၏ လည်ပင်းတွင် ကော်လာချိန်ကိုက်ဗုံးကို ချည်ကာ ဘဏ်တစ်ခုကို ဓားပြတိုက်ခိုင်းသည်။ "ဘရိုင်ယင်"က စေခိုင်းသည့်အတိုင်းလုပ်ခဲ့သည်။ သို့သော် ဘဏ်မှထွက်ခွာစဉ် ရဲများရောက်ရှိလာခဲ့သည်။ ရုတ်တရက်ဗုံးက ပြင်းထန်စွာပေါက်ကွဲခဲ့တော့၏။



"မက်ဒီပါ(လ်)ဗာ" က "ဘရိုင်ယင်ဝဲ(လ်)ဖြစ်စဉ်"ကို ဘာမျှ နားမလည်။ ထို့ပြင် အီးမေး(လ်)လိပ်စာရှင် "ဒတ်စထြော" (Dirk Struan)သည် စာရေးဆရာ "ဂျိမ်း(စ်)ကလာဗဲ(လ်)"၏ နာမည်ကြီးဝတ္ထု "တိုင်ပန်း" (Tai-Pan)ထဲမှ အဓိကဇာတ်ကောင်ဖြစ်သည်ကိုမသိ။ ထိုဇာတ်ကောင်က ချမ်းသာကြွယ်ဝလျက် လိမ်မာပါးနပ် ကြမ်းကြုတ်သော တရုတ်ပြည် စီးပွားရေးကုမ္ပဏီမှ အကြီးအကဲဖြစ်ကာ ပြိုင်ဘက်များကို ချေမှုန်းတတ်သည်။

"မက်ဒီ"က မိမိ၏ အန္တရာယ်ကို သိရှိပြီးနောက် အဖေ့ထံ ထပ်မံဖုန်းဆက်ကာ ရဲကိုမခေါ်ရန်ပြောသည်။ သို့သော် အဖေက ရဲကို ခေါ်ပြီးဖြစ်ကာ အိမ်သို့အပြေးပြန်လာနေပြီ။ ရဲကလည်း လိပ်စာအတိုင်း လာနေချေပြီ။

ဩစတြေးလျ ရဲများက ဤသေတ္တာငယ်မျိုးကို မမြင်ဖူးပါ။(၂း၄၆)နာရီတွင် သူတို့ရောက်ရှိလာစဉ် "မက်ဒီ"က ထိန်းမနိုင်သိမ်းမနိုင် ငိုကြွေးနေသည်ကိုတွေ့ရသည်။ သူတို့က ချက်ချင်းပင် လမ်းကိုပိတ်ဆို့လိုက်ကြသည်။ ဆေးအကူဝန်ထမ်းများနှင့် မီးဘေးကယ်ဆယ်ရေးအဖွဲ့တို့ပါ ခေါ်ယူခဲ့ကာ သတင်းဦးရယူရန် မီဒီယာများကလည်း စုဝေးရောက်ရှိနေပါပြီ။

ဗုံးရှင်းလင်းရေး တပ်ဖွဲ့ဝင်များက အတတ်နိုင်ဆုံး မည်သည့် ဖောက်ခွဲရေးပစ္စည်းများဖြစ်သည်ကို ကြိုးစားစစ်ဆေးသုံးသပ်ကြသည်။ လက်ကိုင် ဓာတ်မှန်ရိုက် ကိရိယာက သေတ္တာငယ်အတွင်း၌ စက်ပိုင်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ပစ္စည်းများပါရှိသည်ကို ဖော်ပြသည်။ သို့သော် ရဲများအနေဖြင့် ထိုပစ္စည်းများသည် ပေါက်ကွဲစေတတ်သော ပစ္စည်းများ ဟုတ်မဟုတ်ကိုတပ်



www.burmeseclassic.com

www.burmeseclassic.com



အပ် သေချာ မဆုံးဖြတ်နိုင်ကြ။

သူ၏ လည်ပင်းမှ အလေးချိန်ဖိစီးမှုကို လျှော့ပါးစေရန် "မက်ဒီ"က သေတ္တာငယ်ကို လက်များဖြင့် ချီမကိုင်ထားရသည်။ သူ့ အသက်အန္တရာယ်ကို စိုးရိမ်လျက် ငိုကြွေးနေသော ကလေးမက တစ်စုံတစ်ဦးနှင့် စကား ပြောရန် ငွေအပ်နေသည်။ ရဲများက သူ့မိဘများကို လမ်းထိပ်ရှိ တယ်လီဖုန်းရုံတွင် ထားရှိပေးသည်။ နှစ်နှစ်သားငယ်၏ မိခင်ဖြစ်သူ ရဲမေ "ကယ်ရင်လိုဒင်"က အခင်းဖြစ်ပွားရာသို့ ပထမဦးဆုံး ရောက်ရှိလာသူ တစ်ယောက်ဖြစ်ကာ ကြောက်ရွံ့ ထိတ်လန့်နေသော ဆယ်ကျော်သက်မလေးကို ကြိုးစား၍ ဖြေသိမ့်သည်။ "မက်ဒီ"နှင့်အတူ ထိုင်နေခြင်းဖြင့် သူ့အသက် အန္တရာယ်ကိုပါ စွန့်စားရသည်ကို သိလျက်သူက "မက်ဒီ"၏ လာမည့် စာမေးပွဲအကြောင်းကို မေးမြန်းသည်။ အနုပညာ လေ့လာမှု၊ ဝါသနာများ စသည်ဖြင့် 'မက်ဒီ' ကျရောက်နေသော ထိတ်လန့်ဖွယ် အကြပ်အတည်းမှ စိတ်အာရုံပြောင်းစေရန် ထွေရာလေးပါး ပြောကြားနေသည်။

ဗုံးအနေဖြင့် အမှန်တကယ်အန္တရာယ်ရှိ/မရှိသိစေရန် အရေးကြီး မှုခင်းတပ်ဖွဲ့မှ စုံထောက်အရာရှိ "လု(ခ်)မိုး" ဦးဆောင်သော စုံထောက်အဖွဲ့က စီမံချက်တစ်ခုကို ဖော်ဆောင်သည်။ ထိုရဲစုံထောက်က အသက်(၁၉)နှစ်သားကပင် ရဲတပ်ဖွဲ့သို့ ဝင်ရောက်ခဲ့ကာ ရဲသက်တမ်းအတော်များများတွင် မှုခင်းစုံစမ်း စစ်ဆေးရေး၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအေဂျင်စီ (DEA)နှင့် မှုခင်းကြီးများ တပ်ဖွဲ့တို့တွင် လုပ်ကိုင်ခဲ့သည်။

ရဲက ခြိမ်းခြောက်ငွေညှစ်သူထံ တုံ့ပြန်ရန် ဆုံးဖြတ်ခဲ့သည်။ ဖခင် "ဘီ(လ်)ပါ(လ်)ဗာ" ပြန်ကြားရန် တိုတိုနှင့် ရိုးရိုးသေချာစွာ စီစဉ်ခဲ့သည်။

ညနေ (၆)နာရီကျော်တွင် ရဲက ပခုံးပေါ်မှ ကျော်၍ ကြည့်နေစဉ် "ဘီ(လ်)ပါ(လ်)ဗာ"က သေတ္တာမည်းလေးနှင့် တွဲထားသော လိပ်စာအတိုင်း အီးမေး(လ်)ပို့ရန်ရေးသားခဲ့သည်။

"ဟိုင်း ကျုပ် နာမည် "ဘီ(လ်)"ပါ။ ကျုပ်က ခင်ဗျား ရဲ့ကိုရိယာကို လည်ပင်းမှာချိတ် ဆွဲခဲ့တဲ့ မိန်းကလေးရဲ့ အဖေပါ။ ကျုပ် ဘာဆက်ပြီး လုပ်စေချင် သလဲ?"

သူက အီးမေး(လ်)ကို "ဘီ(လ်)"ဟု လက်မှတ်ရေးထိုး ကာ သူ့လက်ကိုင်ဖုန်းမှ ပေးပို့ ခဲ့သည်။

ရဲနှင့် "မက်ဒီ"၏ မိ သားစုတို့က ရဲဌာနချုပ်တွင် အီး မေး(လ်) ပြန်ကြားချက်ကို စောင့်နေစဉ် ခြိမ်းခြောက်ငွေ ညှစ်သူ၏ စာကို လက်ဖွေရာ အတွက် မှုခင်းဆေးပညာဆိုင်ရာ စစ်ဆေးမှုပြုလုပ်ပေးပို့ခဲ့သည်။

ပြန်ကြားချက်ကို အ ချည်းနှီးစောင့်နေစဉ် စုံထောက် များက အိမ်နီးချင်းများ၊မိတ်ဆွေ များကို မေးမြန်းကာ ဘာဖြစ် သည်ကို ဆက်စပ်ဖော်ထုတ်ရန် ကြိုးစားခဲ့ကြသည်။ လောလော ဆယ်တွင် ဗုံးရှင်းလင်းရေး တပ် ဖွဲ့ကသူတို့၏စီစစ်ချက်ကို ဆက် လက် ပြုလုပ်လျက်ရှိကြသည်။

ည (၁၁)နာရီ ကျော် တွင် သေတ္တာငယ်သည် လော လောဆယ်အန္တရာယ်မရှိဟုဗုံးရှ လင်းရေးတပ်ဖွဲ့မှ စိတ်ချ...ကြည်



www.burmeseclassic.com

www.burmeseclassic.com



ကာ ကော်လာဖုံးကို ဖြတ်တောက်ခဲ့သည်။ "မက်ဒီ" လွတ်လပ်ပါပြီ။

တုန်လှုပ်ချောက်ချား ဖွယ်အတွေ့အကြုံက "မက်ဒီ"နှင့် သူ့မိသားစုတို့အတွက် (၉)နာရီနီးပါးမျှ ပူပန်သောက ဝေဒနာကို ခံစားခဲ့ကြရသည်။ ခြိမ်းခြောက်ငွေညှစ်သူကလည်း ငုပ်လျှိုး ပျောက်ကွယ်သွားဟန် ရှိသည်။

ခြိမ်းခြောက်စာ ရသည်နှင့် "လု(စ်)မိုး"နှင့်အဖွဲ့က ဂျီမေး(လ်)စာရင်းသို့ ဝင်ကြည့်ခြင်း ရှိ/မရှိ ဆုံးဖြတ်ရန် "ဂူးဂဲ(လ်)" ကွန်ပျူတာ ဌာနချုပ်နှင့် ဆက်သွယ်ခဲ့သည်။ အင်တာနက် ကုမ္ပဏီကြီးက ကွန်ပျူတာတွင် ထည့်ထားသော အချက်အလက် မှတ်တမ်းများကို ကြည့်ကာ dirkstruan1840@gmail စာရင်းကို မေလ (၃၀)ရက်နေ့တွင် ၎င်း ကာလိုမြို့ "အိုဘဲ"လေဆိပ်နှင့် ဆက်သွယ်မှုရှိသည့် အင်တာနက်သုံးစွဲသူက အစပြုခဲ့ကြောင်းစုံထောက်များကို ပြောသည်။

ထိုညက "ဂူးဂဲ(လ်)" သတင်းအချက်အလက် မှတ်တမ်းအရ မွန်းလွဲပိုင်းတွင် ထိုစာရင်းကို သုံးကြိမ်ဝင်ကြည့်ခဲ့ကြောင်း၊ နှစ်ကြိမ်မှာ သြစတြေးလျနိုင်ငံ နယူးဆောက်ဝေး(လ်)ပြည်နယ် အလယ်ကမ်းခြေရှိ "ကင်ကမ်းဘား"စာကြည့်တိုက်ကွန်ပျူတာ မှဖြစ်သည်။ ထိုနေရာမှာဆစ်(ဒ်)နီမြို့မှ နာရီ အနည်းငယ်သာ သွားရသော နေရာဖြစ်သည်။ တတိယအကြိမ်မှာ ဗီဒီယို ဆိုင်တစ်ဆိုင်မှ ဖြစ်သည်။ "လု(စ်)မိုး"က စုံထောက်များကို စစ်ဆေးရန်စေလွှတ်သည်။

"ဂူးဂဲ(လ်)"က စုံထောက်များကို ထိုစာရင်းသို့ ဝင်ကြည့်ခဲ့သည့် အချိန်အတိအကျကို ပြောပြနိုင်ခဲ့သည်။ ထို့နောက် "ကင်ကမ်းဘား"ကားရပ်နားရန် နေရာရှိ လုံခြုံရေးကင်မရာ (CCTV) မှတ်တမ်းကို ကြည့်ရှုရာ ကားတစ်စီးနှင့် ယာဉ်မောင်းကို အတိအကျ ဖော်ထုတ်နိုင်ခဲ့သည်။ ကားရပ်နားရာ နေရာ အနံ့ကို ပုံဖော်သော ကင်မရာက သတ္တုရွှေရောင် Range Rover ကားကိုဖော်ပြသည်။ သို့သော် စုံထောက်များက ကားနံပါတ်ကို မမြင်ရ။သို့တစေ ထိုကားထဲမှ

# ကော်လာ ရှပ်အင်္ကျီနှင့် ဘောင်းဘီကို ဝတ်ထားပုံမှာ "မက်ဒီ" မှတ်မိသောပုံရိပ်နှင့် ဆင်သည်။

ထွက်ကာ စာကြည့်တိုက်တွင်းသို့ ဝင်သွားသော လူတစ်ယောက်၏ ပုံရိပ်လွှာကို မြင်တွေ့ခဲ့ကြရသည်။


"မက်ဒီ"က သူ့ကို တိုက်ခိုက်သူမှာ မငယ်ကြောင်း ရဲကိုပြောပြခဲ့သည်။ သူ့အနားသို့ကပ်၍ လည်ဆွဲသေတ္တာငယ်ကို ချည်နှောင်စဉ် ရင်ဘတ်အမွေးဖြူများကို သတိပြုမိခဲ့သည်။ ခေါင်းစွပ်မျက်စိပေါက်မှ တစ်ဆင့် မျက်ရစ် အတွန့်များကို မြင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com





သည်။ အသက်(၅၅)မှ (၆၀)ဖြစ်မည်ဟု ခန့်မှန်းသည်။ လုံခြုံရေးကင်မရာတွင် ဖော်ပြသောလူက ကော်လာရှပ်အင်္ကျီနှင့် ဘောင်းဘီကို ဝတ်ထားပုံမှာ "မက်ဒီ"မှတ်မိသောပုံရိပ်နှင့်ဆင်သည်။

စုံထောက်များက ကားထုတ်လုပ်သူများနှင့် စိစစ်ရာ Range Rover ကားမှာ ၂၀၀၁ မှ ၂၀၀၆ မော်ဒယ်ဖြစ်ကြောင်း ပေါ်လွင်သည်။ ထို့နောက် လမ်းနှင့်ယာဉ်များ အာဏာပိုင်အဖွဲ့နှင့်စိစစ်လျက် သူတို့၏ ရှာဖွေမှုကို ပြည်နယ်အတွင်း မှတ်ပုံတင်ထားသော ကားများဆီသို့ ကျဉ်းပစ်နိုင်ခဲ့သည်။ ထို့နောက်ဖြစ်နိုင်ခြေရှိသော ထိုကားမျိုးများကို ပိုင်ရှင်၏ ယာဉ်မောင်း လိုင်စင်ပါဓာတ်ပုံများနှင့် စနစ်တကျ စစ်ဆေးခဲ့သည်။

စာကြည့်တိုက်မှ ဓာတ်ပုံမှတ်တမ်းရရှိပြီး (၄၈)နာရီအတွင်း သူတို့က အမည်တစ်ခုကို ရရှိခဲ့သည်။ "ပေါ(လ်)ဒေါက်ဂလ(ပ်)(စ်)ပီတာ"။ ခြိမ်းခြောက်ငွေတောင်းသူက "ပါ(လ်)မာ" အိမ်တွင်းသို့ ချဉ်းနင်းဝင်ရောက်ခဲ့ပြီး ခုနစ်ရက်အကြာတွင်ဖြစ်၏။ သို့သော် အမှုကို ထိုးဖောက်မှုက မြန်သော်လည်း "ပီတာ"က ကွန်ရက်မှလွတ် ထွက်သွားခဲ့သည်။ လုံခြုံရေးကင်မရာနှင့် လူဝင်မှုကြီးကြပ်ရေး မှတ်တမ်းများက (၅၂)နှစ်ရှိ ဩစ

တြေးလျ လူမျိုးက ဩဂုတ်လ(...
ရက်နေ့တွင် ဆစ်(ဒ်)လေဆိပ်...
လော့(စ်)အင်ဂျလိစ်မြို့သို့ ထွက်ခွာ...
မည့် အမေရိကန်လေကြောင်း...
လိုင်း လေယာဉ်ပေါ်သို့ တက်...
ရောက်သွားကြောင်းပြသသည်...
ရဲများက အမေရိကန် လေယာ...
ပျံသန်းမှု ခရီးစဉ်မှတ်တမ်းများ...
ကို မေတ္တာရပ်ခံကာ "ပီတာ"...
ချိတ်ဆက်ခရီးစဉ်ဖြစ်သည့် ...
ကာဂိုမြို့လေယာဉ်နှင့် ထိုမှတ...
ဆင့် ကင်တပ်ကီပြည်နယ် "...
ဝပ်(စ်)ဗီး(လ်)"မြို့သို့ ခရီးဆက်...
ကြောင်းတွေ့မြင်ခဲ့သည်။

ထပ်မံစုံစမ်းဖော်ထုတ်...
ချက်များအ ရ "ပီတာ"က ဆ...
(ဒ်)နီမြို့သို့ လွှန်ခဲ့သော နှစ်...
ဖွန်လ(၁)ရက်နေ့တွင် ရောက်...
ခဲ့ကြောင်း ဆက်စပ်လေကြောင်း...
ခရီးစဉ် (အိုဟဲလေဆိပ်၊ ချီကာ...
မြို့၊ အီလီနွိုက်(စ်)ပြည်နယ်)...
တစ်ဆင့် မေ(၃၀)ရက်နေ့ ၂၀...
ခုနှစ်တွင် ထွက်ခွာခဲ့ကြောင်း ...
ပေါက်သည်။ ထိုနေ့နှင့်နေ့...
ကား G-mail အရင်း ဖွင့်လှ...
ခဲ့သောနေ့ပင်။

စုံထောက်များက ...
ကြေး သဲလွန်စလမ်းကြောင်း...



www.burmeseclassic.com

www.burmeseclassic.com



လည်း လိုက်ခဲ့သည်။ ထိုသည်က မှုခင်းနှင့် ဆက်စပ်မှုကို ပိုမိုရရှိခဲ့သည်။ "ပီတာ"၏ ဘဏ်မှတ်တမ်းများက Central Cost အဝတ်အထည်နှင့် အားကစားပစ္စည်းဆိုင်တွင် ("မက်ဒီ"ကို မတိုက်ခိုက်မီတစ်ပတ်အလို၌) ဝယ်ယူခဲ့ကြောင်း ဖော်ပြသည်။ ထိုဆိုင်၏ လုံခြုံရေးကင်မရာမှတ်တမ်းကဘော့(စ်)ဘောဘက်တံတစ်ခုဝယ်ယူခဲ့ကြောင်း၊သက်တံရောင်သိုးမွေးခေါင်းစွပ် အတွက်သူ၏ အကြွေးဝယ်ကတ်ဖြင့် ငွေချေခဲ့ကြောင်းပြသသည်။

"ပီတာ"က စီးပွားရေးနှင့် ဥပဒေဘွဲ့များရရှိခဲ့သည်။ သူက စီးပွားရေးသမား၊ကလေးသုံးယောက်ဖခင်ဖြစ်ကာ စာရေးဆရာဖြစ်ကြောင်း ပြောသည်။ ခြောက်ငွေညှစ်မှုကို တစ်စစီချေချက်ချသည်။ ဝတ္ထုတစ်ပုဒ်ရေးသည့် ပမာ။

"မက်ဒီ"အား လက်ရာက် ကျူးလွန်မှုအပြီး (၁၂)ရက်အကြာ ဩဂုတ်လ(၁၅)ရက်တွင် FBI (ဖယ်ဒရယ်စုံစမ်းထောက်လှမ်းရေးဗျူရို)အရေးပေါ်အဖွဲ့က ကင်တပ်ကီပြည်နယ်ရှိ "ပီတာ"၏ ဖနီးပေါ့အင်နေအိမ်ကို ဝင်ရောက်စီးနင်းခဲ့သည်။ ထိုအိမ်ရှိ စားပွဲပေါ်တွင် "ဂျိမ်း(စ်)ကာလာဗယ်"ရေးသားသော "တိုင်ပန်း" ဝတ္ထုစာအုပ်ကိုတွေ့ရသည်။

သို့နှင့် စုံထောက် "အင်ဒရူးမတ်"က လူဝစ်(စ်)ဗီး(လ်)မြို့ရှိ FBI ဌာနချုပ်တွင် "ပေါ(လ်)ပီတာ"ကို တစ်စတစ်စ ဖွဲ့ထုတ် စစ်မေးခွင့်ရခဲ့သည်။

"ခင်ဗျားအနေနဲ့ ခြိမ်းခြောက်မှု၊ ပြန်ပေးဆွဲမှုနဲ့ ဩဂုတ်လ(၃)ရက်နေ့က "မက်ဒီ"ရဲ့ လည်ပင်းကို ချည်ခဲ့တဲ့ ဗုံးနဲ့ပတ်သက်ပြီး ဘာပြောချင်သလဲ?"

"ဟင့်အင်း"

"ခင်ဗျားမှာ တာဝန်ရှိသလား?"

"ဟင့်အင်း"

တဖြည်းဖြည်း စုံထောက်ကြီးက "ပီတာ"ကို ဆွဲခေါ် မေးမြန်းလာခဲ့သည်။

"ခင်ဗျား"ဒတ်စတြော" နာမည်နဲ့ အီးမေး(လ်)လိပ်စာကိစ္စ ဘာသိသလဲ?"

"ဟုတ်ကဲ့"

"အဲဒါနဲ့ ပတ်သက်ပြီး ဘာပြောနိုင်သလဲ?"

"ကျွန်တော် "ဒတ်စတြော နာမည်နဲ့ အီးမေး(လ်)လိပ်စာတစ်ခုရှိခဲ့ ... တည်ထောင်ခဲ့ပါတယ်"

ထို့နောက် လည်ပတ်ဗုံးတွင် တွဲချည်ထားသော ကွန်ပျူတာမှတ်ဉာဏ်ပြားကို မှုခင်းဆိုင်ရာစစ်ဆေးချက်အရ ပယ်ဖျက်ထားသော ဖိုင်သုံးခုပေါ်လာခဲ့သည်။ တစ်ခုက ခြိမ်းခြောက်ငွေတောင်းစာ။ "မက်ဒီ"၏ လည်ပင်းတွင် ချိတ်ဆွဲထားခဲ့သော ပုံနှိပ်မှတ်တမ်းပါ အချက်များနှင့်အတူတူပင်။ ထိုမှတ်တမ်းတွင် လက်ခံရရှိသူက "ဒတ်စတြော"၏ ဂျီမေး(လ်)လိပ်စာနှင့် ဆက်သွယ်ရန် ညွှန်ကြားထားသည်။ စိစစ်ဖော်ထုတ်ချက်အရ ထိုဖိုင်မှာ "ပေါ(လ်)ပီ"ဆိုသူ၏ ကွန်ပျူတာဖြင့်တီထွင်ခဲ့ကြောင်း ပေါ်ပေါက်သည်။

စုံထောက်ကြီးက ထိုအချက်ကို ဖိ၍မေးရာ "ပီတာ"က ဘယ့်အတွက်နှင့် မည်သို့မည်ပုံ "ပေါ(လ်)ပီ"၏ ကွန်ပျူတာတွင် ရှိနေသည်ကို မဖြေရှင်းနိုင်။ သူက ဆိုးဆိုးရွားရွား



www.burmeseclassic.com

www.burmeseclassic.com





တိုက်ခိုက်မှုပါ ဟုသာ အခိုင်အမာ ဆိုနေသည်။

စစ်မေးစဉ် "ပီတာ" က ကုမ္ပဏီတစ်ခုတွင် သူ့ငွေ ဒေါ်လာ (၁၂)သန်းမျှ ဆက်နွယ်နေကြောင်းပြောသည်။ သူမသိသော်လည်း ရဲကသိနေသည်မှာ ကွန်ပျူတာ မှတ်ဉာဏ်တွင် ပါရှိသောစာတစ်စောင်ပင်။ စာက ကုမ္ပဏီသို့ ငွေတောင်းဆိုမှုပင်။ ငွေညှစ်မှုမှာ "မက်ဒီ"နှင့် မဆိုင်ဘဲ ထိုကုမ္ပဏီ၏ အကျိုးခံစားခွင့်ရှိသူကို ပစ်မှတ်ထားခဲ့ဟန်ရှိသည်။ စုံထောက်က ထိုစာကို ထုတ်ပြပြီးမေးသည်။

"ဒီစာကို မြင်ဖူး သလား?"

"ပီတာ"က ချောင်းတစ်ချက် ဟပ်လိုက်ကာ ပြောသည်။

"ကျွန်တော် မှတ်ချက်ပေးဖို့ မရှိပါဘူး"

မကြာမီ "ပီတာ"က ဩစတြေးလျသို့ လွှဲပြောင်းပေးခြင်းခံရရာ လေယာဉ်ပျံပေါ်တွင် ပါလာတော့သည်။ အိမ်တွင်းသို့ ချိုးဖောက်ဝင်ရောက်မှု၊ အကျိုးအလို့ငှာ ဖမ်းဆီးထိန်းသိမ်းထားမှုတို့ကို ရင်ဆိုင်ရန်ဖြစ်၏။ ကနဦး ငြင်းဆိုမှုများရှိခဲ့သော်လည်း နောက်ဆုံးတွင် မှုခင်းအတွက် အပြစ်ရှိကြောင်း ဝန်ခံခဲ့တော့သည်။

သူ့ရှေ့နေများက "ပီတာ"အနေဖြင့် "မက်ဒီ"ကို တိုက်ခိုက်ချိန်တွင် စိတ်ဝေဒနာခံစားနေရကြောင်းထုချေသည်။ မှုခင်းစိတ်ပညာရှင်များကလည်း စိတ်ကျရောဂါနှင့် မိန်းမနှင့်ကွဲကွာမှု၊စီးပွားပျက်မှုကြောင့် စိတ်ကျရောဂါ ရှိကြောင်း သုံးသပ်ကြသည်။

သို့သော် တရားသူကြီး "ပီတာဇာရာ"က လက်ခံယုံကြည်မှုမရှိပေ။

'သက်သေခံ အထောက်အထားတွေအရ ကျူးလွန်သူအနေဖြင့် ငွေညှစ်ရန် စီစဉ်ခဲ့ကြောင်းပေါ်လွင်သည်။ ခံရသူသားကောင်၏ ထိတ်လန့်ကြောက်ရွံ့မှုအတွက် စာနာနားလည်ရန် မှာကန့်သတ်မှုရှိကြောင်း'' ပြောဆိုကာ "ပီတာ"ကိုထောင် (၁၃)နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

တရားရုံး ပြင်ပတွင် "မက်ဒီ"က မီဒီယာများကို ရဲဝံ့စွာ ရင်ဆိုင်သည်။ နာမည်နဲ့ ပတ်သက်စရာ မရှိတော့ပါဘူး။ ကျွန်မအဖို့မှာ စီရင်ချက်ကိစ္စနဲ့ တရားသူကြီးရဲ့ ကျွန်မနဲ့မိသားစုတို့ ခံစားခဲ့ကြရတဲ့ စိတ်မချမ်းမြေ့ဖွယ် အတွေ့အကြုံကို အသိအမှတ်ပြုတာ ကြားရခြင်းပါပဲ"

သူ့အမေ"ဘယ်လင်ဒါ" ကတော့ စွန့်စားခန်းကို အကောင်းဆုံး သုံးသပ်ပြသည်။ "ဘဝမှာ ဘာအရေးကြီးသလဲဆိုတာ အသိတရားရခဲ့ပါတယ်။ ခုတော့ အသေးအဖွဲ့ ကိစ္စတွေအတွက် မပူတော့ပါဘူး"


(၇/၂၀၁၃ Reader's Digest ပါ Simon Bouda ရေးသားသည့် Collared ကိုပြန်ဆိုသည်။)

စိန်ဝင်းဝေ



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



"တစ်ကျွန်းပြန်၏ဘဝခရီး"

တက္ကသိုလ်ရွှေဆင့်

ဆရာတော်ကြီး ဦးတိလောက သီတင်းသုံးတော်မူသော ကျောင်းအဝင်းအတွင်းမှာ သာသနာ့အဆောက်အအုံများပြည့်နေပြီး အလွန်မှုစည်းကားလှသည်။ ဆရာတော်ကြီး၏ မဂ္ဂင်ရိပ်သာမှာ တရ- အားထုတ်နေသော ယောဂီများနှင့်သာသနာ့ကျက်သရေကို ဆောင်နေသည်။ ဆရာတော်၏ ဘွဲ့အမည်မှာ ဦးတိလောက ဖြစ်သော်လည်း လူ့ဘဝမှာ ခေါ်သော ဦးထွန်းမင်းဟူသော အမည်သာတွင်နေသည်။ ဦးတိလောကသည် ဒေါ်အေးမယ်၏ ဈာပနာပွဲမှ သရဏဂုဏ်တင်ရေစက်ချပြီး ပြန်အလာတွင် ပင်ပန်းနေသောကြောင့် မျက်စိမှိတ်ပြီး အနားယူနေမိသည်။ ဦးတိလောကမှာ မျက်စိကမှိတ်ထားသော်လည်း အတွေးရိပ်က မှိတ်မနေသောကြောင့် ညနေက ဒေါ်အေးမယ်၏ ယောက်ျားဦးသာလှမှာ မျက်ရည်စက်လက်နှင့် ရေစက်ချနေသည့် ရုပ်ပုံလွှာကအတွေးထဲမှာ ထင်ရှားစွာပေါ်နေသည်။ ဦးတိလောကသာ လူ့ဘဝကြီးထဲမှာ မကျွေ့မကောက်ဖြောင့်တန်းစွာ ရှိနေမည်ဆိုလျှင် ဦးသာလှ၏နေရာတွင် ဦးတိလောကမှာ မျက်ရည်စက်လက်ဖြင့်ရေစက်များချနေမလား။ ဩော် .. သွားလေသူ အေးမရယ် ... အတိတ်ဆိုတာလည်း မေ့နိုင်ခဲသော အရာမဟုတ်တော့လည်း လောကဓမ္မတာအတိုင်း အကြောင်းတိုက်ဆိုင်လာလျှင် ပေါ်လာတတ်စမြဲပ။

ဆဆဆဆဆ

လွန်ခဲ့သော အနှစ်ခြောက်ဆယ်ကျော်ခန့်က ဖြစ်သည်။

ထွန်းမင်း တစ်ယောက်ယာတောမှာ သီချင်းလေး တအေးအေးနှင့် နွားရှဉ်းများကို ရှေ့မှဦးဆောင်ရင်း ယာထွန်နေသည်။ ထွန်းမင်းသည် သီချင်းဆိုနေသောကြောင့် နေမင်း၏အပူရှိန်ကို သတိမထားမိပေ။ ကျောတစ်ပြင်လုံးတွင် ချွေးများကရွှဲရွှဲစိုနေသည်။ မွန်းတည့်နေ၏ အပူရှိန်ကို မခံနိုင်သောအောင်ရင်က ထွန်းမင်းကို မကျေနပ်သောလေသံဖြင့် လှမ်းသတိပေးလိုက်သည်။

"ဟေ့ကောင် ... ထွန်းမင်း မွန်းလွဲတော့မယ်။ မင်းယောက္ခမ အခင်းမို့ မျက်နှာလုပ်နေတာလား။ နွားတွေလဲ မောလှပြီ။ ဟောဟဲလိုက်နေတာ မြင်ရဲ့လား"

ထွန်းမင်းသည် အောင်ရင် ပြောစကားကြောင့် နေကိုမော့ကြည့်လိုက်မှ မွန်းလွဲနေမှန်းသိကာ နွားများကို ထွန်တုံးမှချော့ကာ ဖြုတ်လိုက်သည်။ ထွန်းမင်းတို့အဖွဲ့သည် နေမင်း၏အပူရှိန်ကို အံတုရင်း ရွာဆီသို့ ခပ်သွက်သွက် မောင်းလာကြတော့သည်။

ဆဆဆဆဆ

ထွန်းမင်းနှင့် အောင်ရင်မှာ ငယ်သူငယ်ချင်းများ ဖြစ်ကြသည်။ တစ်ယောက်နှင့် တစ်ယောက် ပြောမနာဆိုမနာ ညီအစ်ကိုရင်းပမာ ခင်မင်ရင်းနှီးကြသည်။ အောင်ရင်က ထွန်းမင်းထက် အသက်ပိုကြီးသည်။ ထိုကြောင့် ထွန်းမင်းအပေါ်မှာ အစ်ဆရာလုပ်တတ်သည်။ ထွန်းမင်းကလည်း ကျေနပ်စွာ တပည့်ခံလေ့ရှိသည်။ သူတို့နှစ်ယောက်မှာ ဆရာ,တပည့်ပမာလည်း ချစ်ခင်ရင်းနှီးမှု ရှိကြသည်။ အောင်ရင်မှာ အလုပ်ကိစ္စရှိတိုင်း ထွန်းမင်းကို တပည့်တစ်ယောက်လို



www.burmeseclassic.com

နေရာအနှံ့ပါအောင် ခေါ်သွားတတ်သည်။ ထွန်းမင်း၏ သည်းခံမှုကိုလည်း နိုင်ကွက်ယူကာ နေရာတိုင်းမှာ လွှမ်းမိုး ရှိုင်းပြတတ်သည့် အကျင့်ရှိသည်။

ထွန်းမင်းသည် ယာတောမထွက်ရသောကြောင့် အားနေသည်။ အားနေသောကြောင့် ထွန်သွားများကို ထွန်တုံးကိုတပ်လိုက်၊ ဖြုတ်လိုက်လုပ်ရင်း တစ်ယောက်တည်း အလုပ်ရှုပ်နေသည်။ထိုစဉ်မှာ အောင်ရင်ရောက်လာသည်။ ရောက်လာသည်နှင့် ထွန်းမင်းကို မေးခွန်းထုတ်နေသည်။

"ထွန်းမင်း .. မင်းကိုငါ မေးစရာရှိလို့ လာတာ။ ငါမေးတဲ့ မေးခွန်းကို မှန်မှန်ဖြေ"

ထွန်းမင်းသည် အောင်ရင်၏ဆရာကြီးသံပါပါနှင့် မေးလာလာသော စကားကြောင့် မခံချင်စိတ်ဖြစ်လာသည်။

"အောင်ရင်ရာ မေးစရာရှိတာ မေးစမ်းပါ။ မင်းက မလာသေးဘူး အထက်စီးနင်းကစတာ"

"ဟဲ ဟဲ ဟဲ ကို့လူက လဲ ဒေါသချည်းပဲ။ စကားမှမစရသေးဘူး။ ငါမေးမှာက မင်း အေးမယ်ဆိုတဲ့ ကောင်မလေးကို စိတ်ဝင်စားနေတာ မဟုတ်လား"

"ဟုတ်သားပဲ အောင်ရင်ရ။ ဘာဖြစ်လို့လဲ"

အောင်ရင်သည် ထွန်းမင်းစကားကြောင့် အံ့ဩထိတ်လန့်သွားသည်။

"သူငယ်ချင်းရယ် ရောဂါသည်ကို ဝယ်ယူသလိုဖြစ်နေမယ်။ အေးမယ်က ကျန်းမာရေးမကောင်းဘူး။ သိပ်ချူချာတာကို မင်းလဲ အမြင်ပဲကွာ။ မလွန်ခင်က နောက်ဆုတ်လိုက်ပါ"

အောင်ရင်၏ စေတနာအရင်းခံနှင့် မေတ္တာစကားများကို ကြားရပြန်တော့ ထွန်းမင်းဝမ်းသာကြည်နူးရပြန်သည်။ အောင်ရင်ပြောသည့်စကားမှာ အလွန်မှန်လှသည်။ အေးမယ်မှာ ရောဂါထူပြောပြီး ကျန်းမာရေးအလွန် ချူချာလှသည်။ အေးမယ်နှင့် ထွန်းမင်းမှာ အိမ်နီးချင်းများဖြစ်သောကြောင့် တစ်ယောက်အကြောင်း တစ်ယောက် ကောင်းစွာသိနေသည်။ အေးမယ်ရောဂါနှိပ်စက်လို့ အော်ဟစ်တိုင်း ထွန်းမင်းရင်ထဲမှာ နာကျင်ခဲ့ရသည်။ နာကျင်မှုကြောင့် အေးမယ်အပေါ် ချစ်တာ ထ[illegible] သနားကရုဏာပိုခဲ့ရသည်။ သနားကရုဏာပိုမှုကြောင့် အောင်ရင်က နောက်ဆုတ်ခိုင်းသည်ကို မဆုတ်နိုင်ဘဲ ရှေ့သို့သာ ဆက်တိုးမည်ဟုသော အဖြေကို ပေးလိုက်မိသောကြောင့် အောင်ရင်က စိတ်ဆိုးဒေါသဖြစ်ပြီး ထွန်းမင်းအိမ်မှာ ရေနွေးတောင်မသောက်ပဲ ပြန်သွားတော့သည်။

★★★★★

"အေးမယ် မောင်ကြီး

**သူငယ်ချင်းရယ် ရောဂါသည်ကို ဝယ်ယူသလိုဖြစ်နေမယ်။ အေးမယ်က ကျန်းမာရေးမကောင်းဘူး။**

www.burmeseclassic.com





တောင်းခံနေတဲ့ အဖြေကို ပေးပါ တော့ကွာ။ ရက်တွေလတွေကြာ လာရင် မောင်ကြီးရောဂါ တိုးလိမ့် မယ်။''

အေးမယ်သည် ထွန်း မင်းက အဖြေတောင်းနေသော ကြောင့် အနေရခက်၊ အဖြေရ ခက်နေသည်။ သူနှင့်ထွန်းမင်းမှာ ငယ်စဉ်ကစပြီး ကစားဖော်များ ဖြစ်ကြသည်။ ထွန်းမင်းကို သူ့ အမေက ငယ်စဉ်ကသင်ပေးခဲ့ သည့်အတိုင်း မောင်ကြီးဟုသော အခေါ်က နှုတ်ကျိုးနေသည်။

''မဖြစ်နိုင်ပါဘူး မောင် ကြီးရယ်။ အေးမယ်က မောင် ကြီးဘဝကို ဒုက္ခပေးသလို ဖြစ် နေမှာပေါ့တော်''

''အေးမယ် ပေးတဲ့ဒုက္ခ ကို မောင်ကြီးခံချင်နေတာ နှစ် တွေကြာလှပါပြီဗျာ။ ဒီတစ်ခါတော့ မငြင်းပါနဲ့။ အေးမယ်က ငြင်းရင် မောင်ကြီးသေရလိမ့်မယ်''

ထွန်းမင်းသည် အေးမယ် အခါခါ ငြင်းပယ်နေသည့်ကြားမှ အေးမယ်အချစ်ကို ရအောင်ယူ နိုင်ခဲ့သည်။ အေးမယ်ကို အလုပ် ကြမ်းလုံးဝ မခိုင်းဘဲ တယုတယ ထားခဲ့သည်။ အေးမယ်က မနေ နိုင်၍ အလုပ်လုပ်လျှင်လည်း ထွန်း မင်းက တားလေသည်။ အေး မယ်မှာ ထွန်းမင်း၏ကြင်နာယုယ မှုများကြောင့် စေတနာများ ပိုခဲ့ ရသည်။ အေးမယ်သည် အိမ်မှု ကိစ္စများပြီး၍ ထမင်းကျက်သော

အခါ အလကားမနေဘဲ နွားဖေ
များ၊ နွားစာကျင်းအပြည့် ဆ
ထည့်ထားသည်။ နွားစာကျုံးထေ
လေ့ရှိသည်။ ထွန်းမင်းမှာ နွားစ
တောင်းကို ကြည့်ကာ ရင်ထဲမှ
တော့ အပြုံအမောပြေသွာ
သော်လည်း အေးမယ်ကို မလု
ရန် တားရပြန်သည်။

''အေးမယ်ကလဲကွာ
နွားရေခပ်ပြီး နွားစာတွေ ကျုံ
မထားပါနဲ့။ ကျန်းမာရေးသာ ဂ
စိုက်ပါ။ မောင်ကြီးလုပ်နိုင်ပါတယ
ယာတောက အပြန်အေးမယ
မျက်နှာလေး မြင်လိုက်ရုံနဲ့ အမေ
ပြေသွားပါပြ''

အေးမယ်မှာ ထွန်းမင်
ပြောလာသောစကားကြောင့် ဝမ
သာကြည်နူးမှုအပြည့်ဖြင့် ရှက
ပြုံးပြုံးနေသည်။

ထွန်းမင်းသည် ညနေ
ပိုင်းတွင် နွားများ ဝသောအခ
အပေါင်းအသင်းနှင့် အမြည်းစာ
ဆိုကာ အရက်ဆိုင် လိုက်သွာ
တတ်သည်။ ရက်ပေါင်းများလာ
သောအခါ ထွန်းမင်း အရက
သောက်တတ်လာသည်။ အရက
ကြိုက်လာသည်။ အိမ်အပြ
ညဥ့်နက်လာသည်။ နေ့းဖြစ်သ



www.burmeseclassic.com

www.burmeseclassic.com



အေးမယ်မှာ ခင်ပွန်းသည်ပြန်လာနိုးနှင့် ထမင်းခူးခပ်ပြီး စောင့်ခဲ့ရသည့် ရက်ပေါင်းကလည်း မနည်းတော့ပေ။ ထွန်းမင်းအချိန်မတော်မှ ပြန်လာလည်း အေးမယ်က အပြစ်မတင်ဘဲ စိတ်ရှည်စွာဖြင့် ထမင်း ခူးခပ်ကျွေးသည်။ ထွန်းမင်းကလည်း အရက်သောက်လာသော်လည်း ဇနီးဖြစ်သူအပေါ် ရန်လုပ်ခြင်းမရှိ။ အေးမယ်ကို သနားသနားသော မျက်ဝန်းများနှင့် စိုက်ကြည့်နေတတ်သည်။

ဝါဆို ဝါခေါင် ရေဖောင်ဖောင်လများတွင် ထွန်းမင်းတို့ ယာတောများမှာ ရေလွှမ်းနေသောကြောင့် အလုပ်အားနေကြသည်။ နွားကျွေးရသောအလုပ်တစ်ခုသာ ရှိသည်။ နံနက်ခင်း နွားကျွေးအလုပ်ပြီးသောအခါ ထွန်းမင်းတို့ လူငယ်တစ်စုမှာ အောင်မြင့်အိမ် ကစားဝိုင်းသို့ လူစုနေကြသည်။ ထွန်းမင်းမှာ အောင်မြင့် ကစားဝိုင်းတွင် လိုအပ်သော ဆယ်များကို ထုတ်ပေးနေသည်။ အောင်မြင့်မှာ အခန့်သားထိုင်ရာမှာနေ၍ ထွန်းမင်းကို တပည့်တစ်ယောက်လို ခိုင်းလေ့ရှိသည်။ တစ်နေ့တွင် အောင်မြင့်၏ သုံးပုံကစားဝိုင်းကစားရန်အတွက် လူငယ်/လူကြီးပြည့်ကျပ်နေကြသည်။ အောင်မြင့်က ထွန်းမင်းကို သုံးပုံကစားဝိုင်းတွင် အသုံးပြုရန် ဆယ်များထုတ်ခဲ့ဖို့ ထိုင်ရာမှလှမ်း

**မင်းကို**
**ခွေး**
**တစ်ကောင်လို**
**လှိမ့်ကန်သလို**
**ကန်ထည့်လိုက်တာ**
**မင်း**
**လှုလှုပပ**
**ခံလိုက်ရတယ်**
**မဟုတ်လား။**

ပြီး အမိန့်ပေးလိုက်သည်။ ထွန်းမင်းမှာ အောင်မြင့် ခိုင်းသည့်အတိုင်း သုံးပုံကစားဝိုင်း အတွက် ဆယ်များထုတ်ပေးပြီး ဝိုင်းဘေးမှာ ထိုင်နေသည်။ ထွန်းမင်းထိုင်နေစဉ် အောင်မြင့်မှာ သုံးပုံကစားဝိုင်တွင် သုံးသည့်ဆယ်များ မဟုတ်ဘဲ မှားထုတ်ရမလားဆိုကာ ဒေါသထွက်နေသည်။ ဒေါသထွက်ရုံသာမဟုတ်ဘဲ ရုတ်တရက် မတ်တတ်ရပ်လိုက်ပြီး ထွန်းမင်းကို ခြေထောက်နှင့် လှိမ့်ကန်လေသည်။ ထွန်းမင်းမှာ ရုတ်တရက် အကန်ခံလိုက်ရသောကြောင့် ဘာမှ မပြောနိုင်ဘဲ ရှက်အန်းအန်းနှင့်ကြောင်ကြည့်နေလေသည်။

* * * * *

သုံးပုံကစားဝိုင်းပြီး သွားသောအခါ ထွန်းမင်းတို့အဖွဲ့မှာ နိုင်လာသူက ဒကာခံကာ နေလယ်ဝိုင်းမှစ၍ အရက်ဝိုင်းဖွဲ့နေကြသည်။ တစ်လုံးပြီးတစ်လုံး မှာသောက်ရင်းက အရက်ရှိန်က မြင့်တက်လာသည်။ အာသွက်၊ လျှာသွက်ဖြစ်လာကြသည်။ အရက်သောက်ရင်းက ထွန်းမင်းကို ဖိုးသောင်းက စကားစလိုက်သည်။

“ထွန်းမင်းရာ မင်းအစား ငါ ရှက်လိုက်တာကွာ။ မင်းဆရာအောင်မြင့်က လူတွေထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



# ဖိုးသောင်း ပေါက်ဆိန် ပေးမနေနဲ့ ဒီကောင်က ရေမြွေ အဆိပ်မရှိဘူး။

မင်းကို ခွေးတစ်ကောင်လို လိမ့်ကန်သလို ကန်ထည့်လိုက်တာ မင်းလှလှပပ ခံလိုက်ရတယ် မဟုတ်လား။ မင်းကျေးဇူးရှင် မိဘကတောင်အဲလိုရက်ရက်စက်စက် ကန်ခဲ့ဖူးမှာ မဟုတ်ဘူး”

ဖိုးသောင်း ပြောနေသော စကားကို ခင်မောင်သန်းကပါ အားရစွာ ထောက်ခံလိုက်သည်။

“အေးကွာ ဟုတ်တယ်။ ငါလိုကောင်ဆို ဘယ်ခံလိမ့်မလဲ။ ပြန်ချလိုက်မှာပေါ့။ အတူတူ လက်နက်ဖက်၊ ခြေထောက်နှစ်ချောင်းပါတာပဲ။ ထွန်းမင်းလိုကောင်က လူညံ့၊ လူပျော့စာရင်းထဲ ပါတာကွ”

ထွန်းမင်းမှာ အရက်ရှိန်က တဖြည်းဖြည်းတက်လာကာ ခေါင်းထဲမှာ ရီဝေဝေဖြစ်လာသည်။ ဒေါသတရားများက တစ်လိမ့်လိမ့် တက်လာသည်။ တစ်ကိုယ်လုံး ပူထူနေသည်။ ဒေါသအရှိန်မြင့်တက်နေချိန်တွင် သူငယ်ချင်း ဖိုးသောင်းက ဆွလိုက်ပြန်သည်။

“ထွန်းမင်းရာ ဒီမှာ တို့အိမ်မှာ ပေါက်ဆိန်အရိုးတိုလေး အဆင့်သင့်။ ထက်သမှ မြည့်နေတာပဲ။ မင်းယောကျ်ားပဲ သတ္တိရှိရင် အောင်မြင့်ကို ပေါက်သတ်လိုက်ပါလား”

ခင်မောင်သန်းက ဝင်ပြီး ပြောလိုက်ပြန်သည်။

“ဖိုးသောင်း ပေါက်ဆိန် ပေးမနေနဲ့ ဒီကောင်က ရေမြွေ အဆိပ်မရှိဘူး။ အောင်မြင့် နှိပ်စက်သမျှကို ခံနေဦးမယ့်ကောင်”

ထွန်းမင်းမှာ သူငယ်ချင်းများ မြှောက်ပင့်နေမှုကြောင့် အောင်မြင့်အပေါ်မှာ ချစ်သူငယ်ချင်းအသွင်ပျောက်ကာ ရန်သူလို အတွေးများ အမြင်များက ဖုံးလွှမ်းလာသည်။ ဖုံးလွှမ်းလာသည်နှင့် တစ်ပြိုင်တည်း အရက်
ပုလင်းကို လက်တစ်ဖက်မှ ဆွဲ
ကာ ပုဆိုးစလွယ်သိုင်းထဲသို့ ဖိုး
သောင်း လက်ညှိုး ညွှန်လိုက်
သော ပေါက်ဆိန်ကို ထည့်လိုက်
သည်။ ခြေလှမ်းများက အောင်
မြင့် အိမ်ဘက်ဆီသို့ ဦးတည်
လျှောက်လာသည်။ ထွန်းမင်း၏
နားထဲမှအရက်ဝိုင်းမှ သူငယ်ချင်း
များ၏ “ဒါမှ သတ္တိကောင်းတဲ့
တို့သူငယ်ချင်း ထွန်းမင်းကွ” ဟူ
သော အသံများက ရစ်ဝဲနေ
သည်။ လမ်းမှာတွေ့သော သူ
ငယ်ချင်းများကို အရက်တိုက်
လိုက်သေးသည်။ အရက်မ
သောက်လျှင် ပေါက်ဆိန်ဖြင့်
ပေါက်သတ်လိုက်မည်ဟု ကြုံးဝါး
နေသဖြင့် အရက်မကြိုက်သူများ
မှာလည်း သူ့ကိုကြောက်နေ
သောကြောင့် မျက်စိမှိတ်၍ တစ်
ကျိုက်လောက် သောက်လိုက်ရ
သည်။ ထွန်းမင်း၏ အသိတရား
များသည် အရက်နှင့်ဒေါသများ
ရောထွေးကာ အမှောင်ကျနေ
သည်။ အောင်မြင့်ကို သတ်ဖို့က
ဆန္ဒပြင်းထန်နေသည်။

အောင်မြင့် အိမ်ထဲ
သွားသောအခါ ထွန်းမင်း စိတ်
ကြိုက် ဖြစ်နေသည်။ ကစား



www.burmeseclassic.com

www.burmeseclassic.com



သမားများ ရှင်းနေသည်။ အောင်မြင့်တစ်ယောက်တည်းသာ ရှိနေသည်။ အောင်မြင့်သည် ဖဲချပ်များကို ကုလားဖန်ထိုးကာ တယုတယ အာရုံစိုက်နေသည်။ ထွန်းမင်းလာနေသည်ဘက်နှင့် ကျောပေးလျက်ဖြစ်နေသောကြောင့် ထွန်းမင်း လာနေသည်ကို လုံးဝမမြင်ရပေ။ ထွန်းမင်းက ခြေကို ဖွဖွနင်းရင်း အောင်မြင့်အနီးသို့ ရောက်အောင် သွားလေသည်။ လက်လှမ်းမီလောက် အရောက်တွင် ထွန်းမင်းသည် အောင်မြင့်၏ ဦးခေါင်းဆီသို့ပေါက်ဆိန်ဖြင့် ပေါက်ချလိုက်သည်။ အောင်မြင့်မှာ ရှေ့သို့ထိုးစိုက်ကျသွားလေသည်။ ကျွမ်းစိုက်ကျသွားသော အောင်မြင့်၏ ကျောကုန်းကို ပေါက်ဆိန်ဖြင့် ဆက်ပေါက်ပြန်သည်။ ထွန်းမင်းမှာ လူစိတ်ကင်းမဲ့စွာဖြင့် အသားထဲစိုက်ဝင်နေသော ပေါက်ဆိန်ကို နုတ်ယူပြီး လက်က လှုပ်လာရင် လက်ကို ပေါက်လိုက်ပြန်သည်။ အောင်ရင်၏ ခန္ဓာကိုယ်တစ်ခုလုံးကို ထင်းတုံး တစ်တုံးသဖွယ် သဘောထားကာ အသက်ပျောက်သွားမှ ထွန်းမင်းပေါက်ဆိန်ကို လက်မှ လွှတ်ပစ်လိုက်တော့သည်။

# မောင်ကြီး ကိုအောင်မြင့်ကြီး လူသတ်လို့ သေပြီတဲ့။ လူ့အသက် တစ်ချောင်း လုပ်ရက်လိုက်ကြတာ။

ထွန်းမင်းသည် အိမ်သို့ အခြေမပျက် အပြေးပြန်လာခဲ့သည်။ အိမ်ရောက်သည်နှင့် အောင်မြင့် လူသတ်ခံရသည်ဟူသော သတင်းဆိုးကြီးက လျင်မြန်စွာ ပြန့်နှံ့လာသည်။ ထိုသတင်းကို ကြားလိုက်ရသည်နှင့် ထွန်းမင်း ထိတ်လန့်တုန်လှုပ်ချောက်ချားသွားသည်။ အေးမယ်က နမြောတသစွာဖြင့် ပြောလာသည်။

“မောင်ကြီး ကိုအောင်မြင့်ကြီး လူသတ်လို့ သေပြီတဲ့။ လူ့အသက်တစ်ချောင်း လုပ်ရက်လိုက်ကြတာ။ မောင်ကြီး သူငယ်ချင်း သေဆုံးသွားတာ နမြောစရာကောင်းလိုက်တာ။ ဘယ်လိုလူက ရက်ရက်စက်စက် သတ်သွားပါလိမ့်မယ် မောင်ကြီးရယ်”

“အေးမယ် ‥ အောင်မြင့်ကို မောင်ကြီး သတ်ခဲ့တာ”

အေးမယ်မှာ ထွန်းမင်း စကားကြောင့် “ဟင်” ဟူသော စကားတစ်လုံးသာ ပြောကာ ရုတ်တရက် မေ့မြောသွားလေသည်။

ထွန်းမင်းကို ညနေ မှောင်ရီပျိုးစအချိန်တွင် တာဝန်ရှိ ရဲများက လာရောက်ဖမ်းဆီးသွားကြလေသည်။ ထွန်းမင်း ခြေသလုံးအစုံကို ဖက်၍ အေးမယ် ငိုရှိုက်နေသည်။ ငါးနှစ်သား အရွယ်သားငယ်မှာ မိခင်ဖြစ်သူကို စူးရှသော မျက်ဝန်းအစုံနှင့် ငေးစိုက်ကြည့်နေသည်။ သားငယ်၏ အဖြစ်ဆိုးကို သိသောအခါ ထွန်းမင်း၏ အမေသည် ရင်ဘတ်ကို လက်နှင့်ဖိရင်းပြေးဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး အမေ့သားလူလိမ္မာကြီး။ အဖြစ်ဆိုးလိုက်တာကွယ့်။ ငါ့သား ဒီလောက် မိုက်တွင်းနက်လိမ့်မယ်လို့ အမေအိပ်မက်တောင် မမက်ခဲ့ပါဘူး။ ငါ့သားကြီး မိုက်ပြစ်တွေကြောင့် ဒီဘဝမှာ ထောင်ဝရဝေးကြရပြီ။ အမေ့ကို မငဲ့ညှာတာတောင် မင်းမွေးထားတဲ့ သားလေးရှေ့ရေးကို ထည့်တွက်သင့်ပါတယ် လူမိုက်ကြီးရဲ့"

ထွန်းမင်းသည် နောင်တရသော မျက်ဝန်းအစုံနှင့် သားငယ်ကို စိုက်ကြည့်လိုက်သည်။ သားငယ်၏ ရုပ်ပုံလွှာက ထင်ရှားမှုမရှိ။ စိမ့်အိုင်ထွက်နေသော မျက်ရည်များ ဝေဝါးနေသည်။ ဝေဝါးနေသည့် မျက်ဝန်းများဖြင့် အမေနှင့်ဇနီးသည်ကို အားယူကြည့်ရင်းဖြင့် တာဝန်ရှိရဲများ နောက်လိုက်ပါသွားရလေသည်။

အောင်မြင့် သေဆုံးသည့် ကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာ ကျေးရွာဥက္ကဋ္ဌက သက်ဆိုင်ရာမြို့နယ်ရဲစခန်းသို့ သတင်းပို့လိုက်သည်။ သက်ဆိုင်ရာစခန်းမှူးက ပထမ သတင်းကို တိုင်ကြားချက်အရ ဖွင့်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးထံ အကြောင်းကြားခဲ့လေသည်။

မြို့နယ်မှူးက စခန်းမှူးအား လိုအပ်သည်များကို ညွှန်ကြား၍ အမှုကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။

စခန်းမှူးက အချင်းဖြစ်သော ကျေးရွာရှိ ထွန်းမင်းနှင့် အောင်မြင့်အချင်းဖြစ်သည့် နေရာကို သွားရောက် စစ်ဆေးလေသည်။ အောင်မြင့်၏ အလောင်းအနေအထားကို ဓာတ်ပုံအမျိုးမျိုးရိုက်ကာ ရှာဖွေပုံစံဖြင့် အမှုနှင့်ပတ်သက်သောပစ္စည်းများကို သိမ်းဆည်းခဲ့လေသည်။

ထို့နောက် လိုအပ်သော သက်သေများကို ပြည့်စုံစွာ စစ်ဆေးပြီး ရဲလုပ်ငန်း ပြီးစီးသည်အထိ ဆောင်ရွက်လေသည်။ မြို့နယ်ဥပဒေအရာရှိ၏ အကြံပေးချက်အရ သက်ဆိုင်ရာတရားရုံးသို့ အမှုကို တရားစွဲတင်ရန် ပို့လိုက်လေသည်။

✽✽✽✽✽

ထွန်းမင်းမှာ တရားသူကြီးက အမိန့်ချမှတ်သော နေ့တွင် သူ့ဘဝတစ်သက် ဘယ်သောအခါမှ မေ့ပျောက်ရမည် မဟုတ်ပေ။ အောင်ရင်ကို မသေမချင်းသတ်မှု ပြစ်ဒဏ်ဖြင့် တရားသူကြီးက တစ်သက်တစ်ကျွန်းဒဏ်အမိန့်ချမှတ်ခဲ့ပါသည်။ ထိုနေ့မှာ ထွန်းမင်း၏ ရင်ထဲတွင် ပူလောင်ပြင်းရှစွာ ခံစားခဲ့ရသည်။ ချစ်လှစွာသော သားငယ်နှင့် ထာဝရ ခွဲရတော့မည် ဆိုသော အတွေး။ ရောဂါသည်မလေး ဖြစ်သော အေးမယ် သားတစ်ယောက်နှင့်

## တရားသူကြီးက အမိန့်ချမှတ်သော နေ့တွင် သူ့ဘဝတစ်သက် ဘယ်သောအခါမှ မေ့ပျောက်ရမည် မဟုတ်ပေ။

www.burmeseclassic.com



လောကအလယ်မှာ မျက်နှာငယ်နှင့်သောက ၊ ဒုက္ခတွေ ရောပြွန်းပြီး ခါးစည်းခံနေရမည့်ပုံရိပ်၊ အသက်ပေးပြီး မွေးခဲ့သော အနန္တကျေးဇူးရှင် မိခင်ကြီးကို သူ့ဘ၀တစ်သက်မှာ ပြုစုလုပ်ကျွေးခွင့်ဆုံးရှုံးရမည့် အဖြစ်များကို တွေးကြည့်ရင်းက ရင်ထဲမှာ ပူလောင်မှုများက ပိုလာသည်။ ထိုအဖြစ်တို ကြိုတင်တွေးဖြစ်ခဲ့ရင် ထွန်းမင်း တစ်ယောက် ဒီလောက်ထိခိုက်တွင်းနက်ရဲမည်မဟုတ်။ ခုတော့ ကိုယ့်မိုက်ပစ် ကိုယ်ခံရပေတော့မည်။

ထွန်းမင်း ကျွန်းပေါ်ရောက်ချိန်မှာ အတိတ်က အရိပ်[illegible]ည်းကို မေ့ပစ်နိုင်အောင် ကြိုး[illegible]မည်ဟု စိတ်ကိုတင်းထားလေသည်။ မိသားစုကို မေ့နိုင်အောင်[illegible]စားကြည့်သော်လည်း မရ[illegible] အလွှန်မှ ပေါများလှသော[illegible]သီးများကို မြင်တွေ့လိုက်[illegible]မှာ အုန်းသီးအလွန်ကြိုက်[illegible] သားလေးကို သတိရတမ်း[illegible]ပြန်သည်။ ထွန်းမင်းသားကို[illegible]ရှုများနှင့်အတူ အတွေးက[illegible]ပြန်သည်။ အင်း ဒီကျွန်း[illegible]မှာ နှစ်တွေကလည်း ဘာလိုလိုနဲ့ အတော်ကြာခဲ့ပြီ။ ခုနေမှာ အေးမယ်တစ်ယောက် နောက်အိမ်ထောင်များ .. ထွန်းမင်းသည် သားကိုသတိရလိုက်၊ ဇနီးကို ရင်ထဲမှာလွမ်းလိုက်နှင့် အလုပ်ကိုသာ ကြိုးစားလုပ်နေရသည်။ အလုပ်လုပ်နေရသော်လည်း ရင်ထဲမှ ဝေဒနာက မသက်သာလှပေ။

တစ်နေ့တွင် ထွန်းမင်းတို့နေသော ကျွန်းကို ဂျပန်ပြည်မှလာသော သင်္ဘောကြီးဆိုက်ကပ်လာသည်။ မြန်မာပြည်ရောက်မည့်အထင်နှင့် အလုအယက် တက်နေကြသည်။ ထွန်းမင်းလည်း ထိုသင်္ဘောကြီး လိုက်သွားရန် သူ့ဆရာထံသို့ သွား၍ ခွင့်ပန်လေသည်။

ထွန်းမင်း၏ ဆရာက မလိုက်ရန် တားလေသည်။

"ငါ့တပည့် မလိုက်နဲ့ မင်း မြန်မာပြည်မရောက်ဘဲ ငါးစာဖြစ်သွားမယ်။ ဆရာ့စကားနားထောင်ပါ။ ဆရာ့စကားနားထောင်သူက အမှားနည်းပါတယ်။ မြန်မာပြည်သွားမယ့် သင်္ဘောတွေ လာဦးမှာပါ။ စိတ်ရှည်ရှည်နဲ့စောင့်ပါ။ ဆရာ သေသေချာချာ

## ငါ့တပည့် မလိုက်နဲ့ မင်း မြန်မာပြည် မရောက်ဘဲ ငါးစာ ဖြစ်သွားမယ်။

ထည့်ပေးလိုက်ပါမယ်။ မင်းက စိတ်ရင်း ကောင်းပါတယ်။ ကံကောင်းမှာပါကွ"

ထွန်းမင်းသည် သူ့ဆရာ၏ ဆုံးမစကားကို လက်ခံလိုက်သည်။ ဆရာဖြစ်သူကို သူ့ဇနီးရောဂါသည်လေးအကြောင်း စိကာပတ်ကုံး ပြောပြနေသည်။

⁂⁂⁂

ထွန်းမင်းသည် စိုက်ပျိုးရေးအလုပ်နှင့် မွေးမြူရေးအလုပ်ကိုသာ အားသွန်ခွန်စိုက်လုပ် နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့ဘဝကို တိုးတက်သည်ထက် တိုးတက်လာအောင် အလုပ်နှင့် တည်ဆောက်နေသည်။ သူ့ခြံမှထွက်သော ကြက်ဥ၊ ဘဲဥများကို သူ့ဆရာထံသို့ သွားရောက် ကန်တော့ရာ မမျှော်လင့်သော စကားကို ကြားရသည်။ ထွန်းမင်းမှာ အတိုင်းမသိ ဝမ်းသာ...သွားသည်။ သားနှင့် ဇနီးကို ပြန်တွေ့ရမည်ဆိုသော အတွေးဖြင့် အပျော်ဆုံးကမ္ဘာလေးထဲ ရောက်သွားသည်။

## မင်းဘဝမှာ ဒေါသတရား ရှေ့တန်း... တင်ခဲ့လို့ မှားခဲ့ပြီ။ သားတစ်ကွဲ... မယားတစ်ကွဲနဲ့ မင်းရင်ထဲမှာ... ဘယ်လောက်ထိခံစားရမယ်ဆိုတာ... ငါနားလည်တယ်...

"ထွန်းမင်း ခုသင်္ဘော တစ်စီး ရောက်နေတယ်ကွ။ ခုရောက်နေတဲ့ သင်္ဘောက မြန်မာပြည်ရောက်မှာ သေချာတယ်။ မင်း လိုက်သွားပေတော့။ ဟိုရောက်ရင်လဲ စိတ်ရော ရုပ်ပါ အေးချမ်းအောင်နေဖို့ ကြိုးစား။ ဒေါသတရားကို သတိတရားနဲ့ အချိန်မီ ချုပ်ကိုင်နိုင်အောင် ကြိုးစား။ မင်းဘဝမှာ ဒေါသတရား ရှေ့တန်းတင်ခဲ့လို့ မှားခဲ့ပြီ။ သားတစ်ကွဲ၊ မယားတစ်ကွဲနဲ့ မင်းရင်ထဲမှာ ဘယ်လောက်ထိ ခံစားရမယ်ဆိုတာ ငါနားလည်တယ်။ ဆရာက အသက်အရွယ်လဲ ကြီးလှပြီ။ ဒီကျွန်းပေါ်မှာပဲ ဘဝကို အရိုးထုတ်တော့မယ်"

ထွန်းမင်း၏ ဆရာသည် ဝမ်းနည်းသံဖြင့် စကားကို ထိန်းပြောနေသည်။ ထိန်းပြောရင်းက မျက်လုံးအိမ်ထဲမှာ မျက်ရည်များက လွှမ်းနေသည်။ ထွန်းမင်းလည်း ဆရာကို ကန်တော့ပြီး ဝမ်းနည်းစွာ ထွက်လာခဲ့တော့သည်။

သင်္ဘောကြီးက တရွေ့ရွေ့ခုတ်မောင်းနေသည်။ ထွန်းမင်းမှာ သင်္ဘောကြီးကို အလွန်မှ နှေးလှသည်ဟု ထင်မိသည်။ သားလေးအတွက် ယူလာသော အနှံသီးများကို ကြည့်မိ... သည်။ ပြုံးရွှင်နေသော သား... ၏ မျက်နှ...က မျက်စိထဲမှာ ထ... ရှားစွာ ပေါ်လာပြန်တော့ ထွ... မင်းရင်ထဲမှာ အေးမြသွား... သည်။ ဇနီးသည် အေးမ... အကြောင်းဖျတ်ခနဲ ဝင်လာ... မှာ ရင်ထဲမှာထိတ်ခနဲ ပူလော... သွားပြန်သည်။ ဩော် ကျန်... ရေး ချူချာလှတဲ့ ရောဂါသ... မလေး လူ့လောကကြီးထဲမှ ရှိ... ရဲ့လား မသိဘူး။ အမေရဲ့ ... မားလှတဲ့ မေတ္တာတရား... ကြောင့် သားအမေနဲ့ ပြန်... ရတော့မယ်။ အမေ့ကို ...



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာမာနဲ့ ပြန်တွေ့ရပါစေလို့ ထွန်းမင်း ရင်ထဲမှာ ဆုတောင်းနေမိသည်။ ထွန်းမင်း အတွေး ရောင်စုံထဲ မျှောနေစဉ်မှာ သင်္ဘောကြီး ဆိုက်ကပ်လေသည်။

ထွန်းမင်းသည် ယူစရာ ပစ္စည်းလေးများကို ပြင်ဆင်ပြီး သင်္ဘောကြီးပေါ်မှ ပျော်ရွှင်စွာ ဆင်းခဲ့လေသည်။ သင်္ဘောက အဆင်း မွေးရပ်မြေရောက်ဖို့ရန် အတွက် ကားအဆင့်ဆင့် ရှာစီးရသည်။ ကားခရီးဂိတ်ဆုံးသွား ပြန်တော့ ရွာပြန်ဖို့ဈေးအနီး ဝန်းကျင်မှာ လှည့်ကြုံလှည့်ပတ်ရှာရပြန်သည်။ လှည်းကြုံရှာ မရသည်အဆုံး ပြန်ချင်ဇောဖြင့်



လေးမိုင်ကျော်ဝေးကွာသော ခရီးကို ခြေလျင်လျှောက်ခဲ့သည်။ ထွန်းမင်းမှာ သားနှင့်ဇနီးကို တွေ့လိုဇောဖြင့် လျှောက်ခဲ့သည်မှာ ခြေထောက်မြေပြင်ပေါ်သို့ ကျသည်မထင်ခဲ့။ ပါလာသော အုန်းသီးတွဲနှင့် မြက်ဖျာလေးကို ထမ်းပိုးဖြင့် ရှေ့နောက်ထမ်းကာ ရွာဆီ သို့ ဦးတည်လှမ်းခဲ့သည်။ တော လမ်းရှိ မြေပဲခင်းတွင် ပေါက်တူး ပေါက်နေကြသော အမျိုးသမီး များက ထွန်းမင်းကို ရုတ်တရက် မြင်လိုက်ရသော အခါ အံ့သြ ထိတ်လန့်ကုန်ကြသည်။ နှုတ်မဆက်ရဲဘဲ သရဲခြောက်သည်အထင်နှင့် ကြောက်လန့်စွာ ပြေးကုန်တော့လေသည်။

ထွန်းမင်းသည် ရွာထဲသို့ ရောက်သောအခါ ဇနီးအိမ်သို့ အလျင်မဝင်ဘဲ အမေ့အိမ်သို့ အရင်ဦးတိုက်ဝင်လိုက်သည်။ ပါလာသော အုန်းသီး အချို့ကို ဖြုတ်ကာ မိခင်ကြီးကိုကန်တော့လိုက်သည်။ မိခင်ဖြစ်သူမှာ ထွန်းမင်း ကန်တော့ပြီးချိန်အထိ မစောင့်ဘဲ သားဖြစ်သူကို ကလေးငယ် တစ်ယောက်ပမာ ဝမ်းသာအားရပြေးဖက်ထားလိုက်သည်။ လက်မောင်းကို ကိုင်ထားရင်းက ပြောပြန်သည်။

"ငါ့သားကြီး ဝလာလိုက်တာ။ အမေက ဒီဘဝငါ့သားနဲ့မတွေ့ရတော့ဘူးလို့ထင်နေတာ အောင်မယ်လေး အေးမယ်ရေ အေးမယ်ရဲ့" ဟုဆိုကာ မမျှော်လင့်ဘဲ ရုတ်တရက်ကြီး ထွန်းမင်း၏ မိခင်က ငိုချလိုက်သောအခါ ထွန်းမင်း ထိတ်လန့်သွားသည်။

ရောဂါသည်မလေး အေးမ သေရှာပြီဟု ထွန်းမင်းရင်ထဲမှ အတပ်တွေးလိုက်သည်။ ထွန်းမင်းသည် ခရီးပန်းလာသဖြင့် အေးဆေးစွာဖြင့် အိပ်ရာထဲမှာမှေးပြီး အနားယူနေလိုက်သည်။ ညနေစာ ထမင်း စားပြီးသောအခါ ရေနွေးကြမ်းသောက်ရင်း မိသားစု စကားဝိုင်းဖွဲ့ကြသည်။ စကားဝိုင်းတွင် ထွန်းမင်း၏ အစ်ကိုက အေးမယ်အကြောင်းကို စပြောလာသည်။

"ငါ့ညီ အေးမယ်က မင်းထင်သလို သေတာမဟုတ်ဘူးကွာ။ အေးမယ်က ခဏခဏ ဖိုက်နာတော့ ဆေးဆရာ ဦးသာလှကို ခေါ်ကုရတာ တစ်နေ့တည်း မဟုတ်တော့ သူတို့ချင်း သံယော



www.burmeseclassic.com

www.burmeseclassic.com



ဖင့်ရှိပြီး ညားသွားကြတယ်ကွာ။ အေးမယ်အပေါ်မှာ ဒေါသမဖြစ်ပါနဲ့။ ဒါမျိုးတွေက လောကမှာဖြစ်တတ်တဲ့ သဘာဝပါ"

ထွန်းမင်းသည် သူ့အစ်ကို ပြောလိုက်သော စကားများကြောင့် ချက်ချင်းမျက်နှာတစ်ခုလုံးနီရဲသွားသည်။ ရင်ထဲမှ ဒေါသများက တလိမ့်လိမ့်တက်လာသည်။ တောက်တစ်ချက်ကို ပြင်းထန်စွာခေါက်လိုက်ပြီး လက်သီးကို ဆုပ်လိုက်သည်။ ထိုအချိန်မှာ သူ့ဆရာကမှာကြားလိုက်သော စကားသံများက နားထဲမှာရစ်ဝဲလာသည်။ စိတ်ကို ပြန်လည်ထိန်းချုပ်ရင်းက ပြောလိုက်သည်။

"အစ်ကိုကြီး ကျွန်တော်လူဝတ်နဲ့ မနေချင်တော့ဘူးဗျာ ကိုရင်ကြီးပဲ ဝတ်တော့မယ်။ မနက်ဖြန် အမေနဲ့အစ်ကိုကြီးက ရွာဦးဘုန်းတော်ကြီးကျောင်းကို လိုက်ပို့ပါဗျာ"

⁂⁂⁂⁂⁂

ကိုရင်ကြီး ထွန်းမင်းကို အနေအထိုင် တည်ငြိမ်ခန့်ညားမှုကြောင့် ကြည်ညိုသူများ အလွန်ပေါ်များလာသည်။ ကိုရင် ထွန်းမင်းသည် ရသမျှအချိန်အားလုံးကို အဖြုန်းထဲမပါအောင် ဆရာတော်ကြီးထံမှာ စာသင်ကြားသည်။ ဓမ္မပဒစာအုပ်များကို ဖတ်သည်။ တရားတိတ်ခွေများ နာကာ တရားကို အချိန်မှန်အားထုတ်ပြီး အချိန်ကို စနစ်တကျ အသုံးပြုနေသည်။ ထွန်းမင်း၏ သီလ၊ သမာဓိ၊ ပညာဂုဏ်များကြောင့် ပဠင်းခံပေးချင်သော ဒကာ၊ ဒကာမများ ဝိုင်းဝိုင်းလည်နေသည်။ ထွန်းမင်း၏မိခင်ကြီးက သားဖြစ်သူကို မည်သူမျှ ရဟန်းခံခွင့်မပေးဘဲ သူကိုယ်တိုင်ရဟန်းအမ ခံယူလိုက်လေသည်။ ထွန်းမင်းသည် ရဟန်းဘဝသို့ ရောက်သောအခါ ရွာဦးကျောင်းမှာ သီတင်း မသုံးဘဲ ဝိပဿနာတရားများ ဆက်လက်အားထုတ်နိုင်ရန်အတွက် မြို့သို့ကြွသွားလေသည်။

ဦးတိလောကမှာ မြင်းမူစံတောရိပ်သာမှာ ဝိပဿနာတရားများ နှစ်ပေါင်းများစွာ အားထုတ်ပြီး မွေးရပ်မြေသို့ ပြန်ကြွလာခဲ့သည်။ ဆရာတော်သည် မွေးရပ်မြေမှ တောကျောင်းလေးမှာ သီတင်းသုံးတော်မူလေသည်။ ယခုအခါမှာ ဆရာတော်၏ တော

ကျောင်းလေးမှာ အုံ့ညြွဖွယ်ကော…
လောက်အောင် သာသနာ့တံခွ…
လွှင့်ထူနေသည်။ ဆရာတော်…
မဂ္ဂင်ရိပ်သာကြီးအတွင်းမှာ တရ…
ဝင်ယောဂီအပေါင်း တရားအာ…
ထုတ်ကြသော "သစ္စာရောင်ခြည်…
ဓမ္မာရုံကြီးမှာ အလွန်မှ ကျယ်ဝန်…
ခံ့ညားထည်ဝါလှသည်။ ယော…
နားနေဆောင်များကလည်း ဓမ္မာ…
ကြီးနှင့် အလွန်လိုက်ဖက်ညီလ…
သည်။ ရုတ်တရက် ဓမ္မာရုံပေါ်…
မှ ကြေးစည်သံပေါ်ထွက်လာ…
သည်။ ကြေးစည်သံကြောင့် ဦး…
တိလောကသည် ယောဂီများကို…
ဓမ္မရေအေး အမြိုက်ဆေး တိုက်…
ကျွေးရန်အကွက် အမှတ်သတိ…
ဖြင့် သက်နန်းကိုပြင်ရုံလိုက်သည်…
လူ့ဘဝက လောဘ၊ ဒေါသ…
မောဟတရားများ အလွန်…
ထူပြောသော ကိုထွန်းမင်းနှင့် ယ…
ခု တရား, တရားပြ၊ တရားအာ…
ထုတ်နေသော ဦးထွန်းမင်း ဘဝ…
ခရီးက။ ။

တက္ကသိုလ်ရွှေဆ…



www.burmeseclassic.com

www.burmeseclassic.com



# ပင်နယ်တီဘောလုံးတစ်လုံးကပေးတဲ့ သင်ခန်းစာ



တစ်ခါတုန်းက ဘောလုံးပွဲတစ်ပွဲမှာ ပင်နယ်တီကန်ရပါတယ်။ ပင်နယ်တီဆိုတာ ပွဲချိန်အတွင်း ဂိုးရေိယာထဲမှာ ပြစ်ဒဏ်ဘောကျူးလွန်မိလို့ ပေးရတဲ့ ပင်နယ်တီရှိသလို အသင်းနှစ်သင်း ပွဲချိန်အတွင်းရော အချိန်ပိုမှာပါ သရေကျနေလို့ နောက်တစ်ဆင့်တက်ရေး ဆုံးဖြတ်ရင် ပင်နယ်တီကန်ပြီး ဆုံးဖြတ်ရတာမျိုးလည်း ရှိတတ်ပါတယ်။

မတူတာက ပွဲအတွင်း ပင်နယ်တီက ဂိုးဝင်သွားရင် ချေပဂိုးပြန်သွင်းဖို့ အချိန်ကျန်နေလို့ ပင်နယ်တီပေးရတဲ့အသင်းက စိတ်ဓာတ်မကျဘဲ ပြန်ကန်လို့ရပါတယ်။ အဲဒီလိုပဲ ပင်နယ်တီကန်သွင်းရတဲ့ အသင်းဘက်ကလည်း တိုက်ရိုက်ကန်သွင်းတဲ့အချိန် ဂိုးမဝင်ရင်တောင် ဂိုးသမားပုတ်ထုတ်လို့ဖြစ်ဖြစ်၊ တိုင်ထိထွက်လို့ဖြစ်ဖြစ် ကန်တဲ့လူက ထပ်ကန်



www.burmeseclassic.com

www.burmeseclassic.com



သွင်းခွင့်ရှိသလို၊ ဘေးမှာစောင့်နေတဲ့ ကိုယ့်အသင်းသားတွေကလည်း ထွက်လာတဲ့ ဘောလုံးကို ပြေးတန်သွင်းခွင့်ရှိပါတယ်။ တစ်ဖက်အသင်းက လူတွေကလည်း ပြန်ထွက်လာတဲ့ ဘောလုံးကို ပြေးပြီး ဖျက်ပိုင်ခွင့်ရှိပါတယ်။ ဒါက ပွဲချိန်အတွင်းရတဲ့ ပြစ်ဒဏ်ဘောကိုတန်တဲ့ ပင်နယ်တီမျိုးမှာပါ။

ပွဲချိန်ပြည့်တန်ပြီး အချိန်ပိုကန်လို့ပြီးတဲ့အထိ သရေကျလို့ နောက်တစ်ဆင့်ကို တစ်သင်းပဲတက်ရတော့မယ်ဆိုရင် ကန်သွင်းရတဲ့ ပင်နယ်တီကတော့ တော်တော်ကွာသွားပါပြီ။ ပွဲရဲ့ အဆုံးအဖြတ်လည်း ဖြစ်သလို နှစ်ဖက်အသင်းရဲ့ ဂိုးသွင်းသူနဲ့ ဂိုးသမားအတွက် စိတ်လှုပ်ရှားစရာပါ။

ဂိုးသွင်းသူက ဘောလုံးကိုတစ်ကြိမ်ပဲ ထိခွင့်ရှိပေမယ့် ဂိုးသမားကတော့ ဘောလုံးဝင်လာနိုင်မယ်ထင်ရင် ကြိုက်သလို ကာကွယ်နိုင်ခွင့်ရှိပါတယ်။ အဲဒီအတွက် သင်ခန်းစာကောင်း တစ်ခုကို အစ်ကိုကြည့်ရတဲ့ ဗီဒီယိုဖိုင်လေး တစ်ဖိုင်ကနေရပါတယ်။

တကယ်တော့ အဲဒီပင်နယ်တီဟာ ပွဲရဲ့အဆုံးအဖြတ် နောက်ဆုံးဂိုးဖြစ်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီဂိုးဝင်တယ်၊ မဝင်ဘူးဆိုတဲ့ နောက်မှာ ခံစားသွားရတဲ့ ဘောလုံးကန်သွင်းသူနဲ့ ဘောလုံးဖမ်းသူ ဂိုးသမားတို့ရဲ့ ခံစား မှုက ပြင်းထန်လွန်းလို့ပါ။ ဒါပေမယ့် အဲဒီပင်နယ်တီ ဘောလုံးဟာလည်း တစ်သက်မှာ တစ်ခါတောင်ဖြစ်ခဲတဲ့ ခံစားမှုမျိုး ပေးခဲ့လေတော့ အားလုံးရဲ့ ခံစားမှုဟာ ပြောင်းပြန်ပြောင်းလဲကုန်ပါတယ်။

ဒီလိုပါ။ ပင်နယ်တီကန်မယ့် ဘောလုံးသမားက ဘောလုံးတည်ထားပါတယ်။ ဂိုးသမားကလည်း အသင့်ပါပဲ။ ဒီလိုနဲ့ ဒိုင်လူကြီး ဝီစီမှုတ်တော့ ဘောလုံးသမားက ကန်ပါတယ်။ မဝင်ပါဘူး။ ဘားတန်းထိ ထွက်ပါတယ်။ ဘောလုံးက ပြင်းလွန်းတော့ ဘားတန်းကို ထိတဲ့အချိန်မှာ လွင့်သွားပါတယ်။

အဲဒီအချိန် ကန်တဲ့သူကလည်း ဘောလုံးမဝင်တော့တာ သိလို့ ကွင်းပေါ်မှာ ဒူးထောက်ချပြီး လှဲချလိုက်ပါတော့တယ်။ သူက တစ်ကြိမ်ပဲ ကန်ခွင့်ရတာကိုး။ ဘောလုံး သူ့ဆီပြန်လာရင်တောင် ထိလို့မှ မရတော့တာ။

အဲဒီအချိန် ဂိုးသမားကလည်း ဘားတန်းထိ ထွက်သွားတဲ့ ဘောလုံးအတွက် သူဖမ်းစရာ မလိုအောင် ပွဲပြီးသွားတာကြောင့် ပျော်မြူးအော်ဟစ်လို့ ပင်နယ်တီစည်းထဲက ထွက်၊ သူ့အသင်းသားတွေရှိရာသွားပြီး အောင်ပွဲခံနေပါပြီ။ နိုင်တဲ့အသင်း ပရိသတ်ကလည်း အော်ဟစ်လို့ပေါ့။

ဒါပေမယ့် လောကမှာ ကိုယ်မထင်ထားတာတွေ ဖြစ်လာတာ အများကြီးပါ။ အဲဒီလို မထင်မှတ်တာတွေဖြစ်တတ်တဲ့ လောကကြီးမှာ တစ်သက်လုံးတစ်ခါမျှ မကြုံဖူးတာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပါပဲ။ အခု အဲဒီ ပင်နယ်တီမှာ အဲဒီလို မထင်မှတ်တာ တစ်ခုဖြစ်ခဲ့ပါတယ် ညီလေးရေ။ ဘာလဲဆိုတော့ ခုန ဘားတန်းထိထွက်သွားတဲ့ ဘောလုံးက ကြုံ့ကြုံ့ဖန်ဖန် ဂိုးရှေ့ကို ပြန်ကျလာတာပါပဲ။

ဟုတ်ပါတယ်။ ပုံမှန်အားဖြင့် အရှိန်ပြင်းလွန်းတဲ့ ဘောလုံးဟာ ဘားတန်းထိပြီးရင် ဂိုးနောက် ရောက်ချင်ရောက်၊ ဒါမှမဟုတ် ဂိုးရှေ့ ဂိုးဘေး တခြားနေရာတွေ ဝေးဝေးကို လွင့်စဉ်သွားနိုင်လျက်နဲ့ အဝေးကြီးကို မြောက်တက်သွားပြီးမှ ဂိုးရှေ့ကို ပြန်ကျလာပါတယ်။ ကျရုံတင်မက မြေကြီးပေါ်ထောက်ပြီး တလိမ့်လိမ့်နဲ့ ဂိုးဘက်ကို ပြန်သွားပါတယ်။

အဲဒီ အချိန်မှာ အဲဒီဘောလုံးကို ကန်ခဲ့တဲ့ ဘောလုံး သမားဟာ ဂိုးစည်းထဲမှာ ရှိမနေတော့သလို ဂိုးသမား



www.burmeseclassic.com

www.burmeseclassic.com



ကလည်း အားရပါးရ လက်သီးလက်မောင်းတွေတန်းပြီး အောင်ပွဲခံနေတဲ့အချိန်ပါ။ အဲဒီဘောလုံး ဂိုးထဲကို လိမ့်နေတာသိလို့ ဂိုးသမားရဲ့ အသင်းဘက် ပရိသတ်က လှမ်းအော်ပေမယ့် ဂိုးသမားဟာ အောင်ပွဲခံနေလို့ မကြားပါဘူး။ ဖြစ်ချင်တော့ သူကြားလို့ လှည့်ကြည့်တဲ့အချိန်မှာ ဘောလုံးဟာ ဂိုးစည်းကိုကျော်လို့ ဂိုးထဲဝင်သွားပါပြီ။

ဂိုးရှေ့မှာ ဒိုင်လူကြီးနဲ့ စည်းကြပ်ဒိုင်ပါရှိလေတော့ ဘောလုံးကန်လိုက်တဲ့ ဘောလုံးသမားက ဒိုင်လူကြီးကို မေးတဲ့အခါ ဂိုးပေးလိုက်ပါတယ်။ မှန်ပါတယ်။ ပွဲအပြီးကန်တဲ့ ပင်နယ်တီရဲ့ သဘောအရ ကန်တဲ့သူက တစ်ကြိမ်ပဲ ကန်ခွင့်ရှိပေမယ့် ဂိုးသမားကတော့ ဂိုးထဲမဝင်အောင် ဘောလုံးဘယ်လိုနည်းနဲ့ ပြန်လာလာ ကာကွယ်ရမှာပါ။ အခုကာကွယ်မယ့်သူမရှိတဲ့ ဂိုးထဲကို ဘောလုံးဝင်သွားလေတော့ ဒိုင်လူကြီးပေးတဲ့ ဂိုးဟာအမှန်ပါပဲ။ ပွဲကတော့ ပြီးသွားခဲ့ပါပြီ။

**ညီလေးရေ---**

ဒီဗီဒီယိုဖိုင်၊ ဒီပင်နယ်တီဘောလုံး တစ်လုံးကရလိုက်တဲ့ သင်ခန်းစာက တော်တော်တန်ဖိုးကြီးပါတယ်ကွာ။ အဓိကကတော့ "ဘဝမှာ ဘယ်အရာမျှ မသေချာဘူး။ ကျရှုံးပြီထင်ခါမှ အောင်မြင်သွားသလို အောင်မြင်ပြီထင်ခါမှ ကျရှုံးသွားတဲ့ သဘောတရားတွေရှိတယ်" ဆိုတာပါပဲ။

အဲဒီ ဗီဒီယိုဖိုင်ကို တင်ပေးတဲ့ Amazing Video ကတော့ "ကြီးမားတဲ့သင်ခန်းစာ" ဆိုပြီး အချက် (၃)ချက်ကို ပေးပါတယ်။ အဲဒါတွေက-

(၁) အချိန်မကျခင် မင်းရဲ့ မျှော်လင့်ချက်ကို ဘယ်တော့မျှ မစွန့်ပါနဲ့ (၂) အချိန်မကျခင် ဘယ်တော့မျှ အောင်ပွဲမခံပါနဲ့ (၃) တိုက်ပွဲတစ်ပွဲ မပြီးခင် မင်းရဲ့ ပန်းတိုင်ကို ဘယ်တော့မျှ မစွန့်လွှတ်ပါနဲ့ ဆိုတာတွေပဲ ညီလေးရေ။

**ညီလေးရေ--**

ဘဝမှာ အခက်အခဲ အမျိုးမျိုး၊ ပြဿနာအမျိုးမျိုး ကြုံဖူးကြပါလိမ့်မယ်။ အစ်ကိုလည်း ထိုနည်းတူပါပဲ။ ဒါပေမယ့် ညီလေးယုံကြည်ထားတဲ့ အရာရှိရင် အဲဒီနေရာကို ရောက်ကိုရောက်ရမယ်လို့ စိတ်မွေးပြီး ရောက်အောင်သွားရမှာပါ။ ညီလေးအတွက် စိတ်ပျက်စရာ၊ စိတ်နာစရာ၊ စွန့်ပစ်ချင်စရာ၊ လက်မြှောက် အရှုံးပေးချင်စရာ၊ အများကြီး အများကြီးရှိနေမှာပါ။ ဒါပေမယ့် အဲဒါ ညီလေး တစ်ယောက်တည်း မဟုတ်ပါဘူး။ လူတိုင်းလူတိုင်း ကြုံနေရတဲ့ အရာပါ။

အခုလက်ရှိ အစ်ကိုတို့ တကယ်ကြုံနေရတာလေးတွေတောင် ရှိသေးတယ်။ အစ်ကိုတို့ သုံးနေတဲ့ Hand Phoneတွေရဲ့ ဂိမ်း (Game)တွေမှာ Candy Crush Sagaဆိုတဲ့ ဂိမ်းကို လူတိုင်းကစားကြတယ်။ Level က အခုဆို ၃၉၀ကျော်အထိ ရှိတယ်။ Level တိုင်းကို ဖြတ်ကျော်ဖို့ Life ဆိုတဲ့ အကောင်လေးက လိုပါတယ်။ စဉ်းစားရတယ်။ အချိန်လိုတယ်။ တချို့ Level တွေမှာ Life ငါးကောင်စလုံးကုန်လည်း Level မတက်ဘူး။ တချို့ဆို သုံးလေးပတ်နဲ့ Level တစ်ဆင့်မအောင်လို့ လက်မြှောက်အရှုံးပေးသွားတယ်။ လုံးဝကို မကစားတော့ဘဲ ရပ်သွားတာ။

တကယ်တော့ ဂိမ်းတစ်ခုကို မကစားနိုင်လို့ ရပ်ပစ်တာ ပြဿနာမရှိပါဘူး။ ပိုက်ဆံမရ၊ စိတ်ဝင်ပန်းတာပိုး။ တကယ့် လူ့လောကထဲမှာ အဲဒီလိုသာဆိုရင်တော့ ရှုံးပြီသာ မှတ်တော့။ ပြောရရင် ဂိမ်းတောင်မှ ကိုယ့်ရှေ့မှာ အဲဒီ Level ကို ကျော်ဖြတ်သွားသူတွေ အများကြီး။ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့တဲ့ မိန့်ခွန်းတွေထဲက တစ်ခွန်းလောက်တော့ မျှချင်ပါတယ်။ ဗိုလ်ချုပ်က ဗုသိမ်ဘက်မှာ လှေပြိုင်ပွဲ သွားကြည့်တော့ သူမြင်တာကို ပြောခဲ့တာပါ။ "လှေတစ်စင်းက ပန်းတိုင်မရောက်သေးဘူး။ ရှေ့ကိုရောက်ရုံနဲ့ တက်ထောင်တယ်"တဲ့။ အဲဒီ စိတ်ဓာတ်က ကျွန်ဖြစ်မယ့် စိတ်ဓာတ်ပါတဲ့ ညီလေးရေ။ ပင်နယ်တီ ဖမ်းတဲ့ ဂိုးသမားလိုပေါ့။ ဘောလုံးက သူ့ဂိုးထဲ ပြန်ရောက်မရောက် မသိသေးဘူး။ ပျော်မြူး အောင်ပွဲခံနေတာလေ။

ဗိုလ်ချုပ်ကတော့ လွတ်လပ်ရေးကို ကြိုးစားတဲ့ အခါ မရသေးခင် တက်မထောင်ဖို့ ပြောချင်တာပါ။ ပြီးတော့ အဲဒီ မိန့်ခွန်းထဲမှာပဲ ဗိုလ်ချုပ်ပြောခဲ့တာ။ "တေသရာဇ ခြင်္သေ့မင်းတို့ဟာ သားကောင်ဖမ်းရင် ကြီးကြီးသေးသေး အားစိုက်ထုတ်တာမှာတော့ အတူတူပဲ"တဲ့။ လွတ်လပ်ရေးကို ရချင်ရင် အားစိုက်ထုတ်ဖို့ လိုတယ်လို့ ဗိုလ်ချုပ် ဥပမာပေး ပြောတာပါ။ ပန်းတိုင်ကို ရောက်ချင်ရင် အောင်မြင်မှု ဆိုတာကို ရချင်ရင် ဘယ်တော့မျှ ဖွဲ့မလျှော့ဘဲ ကြိုးစားပေးဖို့ပါ ညီလေးရေ။

**ညီလေးရေ---**

ဘဝဆိုတာလည်း ဂိမ်းတစ်ဂိမ်းလိုပါပဲ။ သတ်မှတ်ထားတဲ့ အဆင့်တွေရှိမယ်။ ပေးထားတဲ့ အင်အားတွေရှိမယ်။ ရှိတဲ့အားနဲ့ ရှိတဲ့ဉာဏ်ပညာနဲ့ သုံးရင်း အဆင့်တွေကျော်လွှားပြီး ကိုယ်လိုချင်တဲ့ ပန်းတိုင်ကို သွားရတာပါပဲ။

တစ်ခါတစ်ခါ ရှေ့မှာပြောခဲ့တဲ့ ဘောလုံးပွဲ ပင်နယ် တီ ကန်ရသလို ကိုယ်က ဂိုးမဝင်ဘူးထင်ပြီးမှ ဂိုးဝင်သွား တဲ့ အဖြစ်မျိုး၊ ကိုယ်က ဂိုးသမားနေရာကနေ ဂိုးမဝင်ဘူး ထင်ပြီး အောင်ပွဲခံမှ ဂိုးဝင်သွားသလို ရှုံးနိမ့်ရတာမျိုးတွေ ကလည်း ဘဝမှာ ကြုံနိုင်ပါသေးတယ်။

အဓိကကတော့ အစ်ကို ပြောခဲ့သလိုပဲ "ဘဝမှာ ဘယ်အရာမှ မသေချာဘူး။ ကျရှုံးပြီ ထင်ခါမှ အောင်မြင်သွားသလို၊ အောင်မြင်ပြီ ထင်ခါမှ ကျရှုံးသွားတဲ့ သဘောတရားတွေရှိတယ်"ဆိုတာ မမေ့ဖို့ပါပဲ။

ပြီးတော့ အဲဒီ ဗီဒီယိုဖိုင်ထဲကလို ပြောရရင် "မင်း ရှုံးပြီလို့ မသေချာခင်အထိ မျှော်လင့်ချက်ကိုမစွန့်လွှတ်ပါနဲ့ကွာ။ မင်း နိုင်ပြီလို့ မသေချာသေးဘဲနဲ့လည်း ကြိုးစားမှုကို လျှော့ပြီး အောင်ပွဲမခံပါနဲ့ကွာ။ မင်းသွားရမယ့် လမ်းရဲ့အဆုံးက ပန်းတိုင်ကို ရောက်ဖို့ဆိုရင် မင်းဝင်နေတဲ့ တိုက်ပွဲကို အဆုံးထိ ဆက်တိုက်ပါ"လို့သာ အစ်ကိုမှာချင်တာပါပဲ ညီလေးရေ။

**ဆူးသစ်**

**၁၄း၄၅နာရီ**

**(၂၈-၄-၁၃)**



www.burmeseclassic.com

www.burmeseclassic.com

# အမုန်းမရှိတဲ့ နားခိုရာ



နှလုံးသားရဲ့ထောင့်

မြင့်ချမ်းနှလုံးသား

နှလုံးသားက ဖြစ်တည်လာတဲ့ ဆန္ဒလေးတစ်ခုကို အချစ်လို့ခေါင်းစဉ်တပ်ကြရင် ငါရရှိခဲ့တဲ့ အချစ်စစ်က မှန်တယ်လို့ရော ငါယုံကြည်ရမလား 'ယယ'။ အပြစ်တစ်စုံတစ်ရာ မရှိဘဲ အစွန့်ပစ်ခံရတဲ့ အဝယ်ခံဘဝက ဘယ်လောက် အဖြစ်ဆိုးပြီး ခံစားရခက်တယ်ဆိုတာ 'ယယ' ဆိုတဲ့ ငါ့ရဲ့ နင့်ကို သိစေချင်တယ်တာ။ ဒီရင်ဘတ်ကြီးတစ်ခုလုံး တွဲအက် သလို ဖြစ်ပြီးမှ ထွက်ကျလာတဲ့ အသည်းတွဲစာစုတွေက နင်နဲ့ဘယ်လိုမှ မထိုက်တန်ပေမယ့် နင့်ကြောင့် နင့်အတွက် နင့်ကိုပဲ မိုက်မဲစွာနဲ့ ငါ ရည်စူးနေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆိုရင် ငါဟာလည်း ထိခိုက်နာကျင်လည်း တတ်ပြီး ခံစားမှုတွေနဲ့ ထုဆစ်ထားတဲ့ သက်ရှိလူတစ်ယောက်ပါဟာ။ ပုံသဏ္ဌာန်စစ်မှန်ပြီး ခံစားချက်မရှိ အသက်မဲ့နေတဲ့ နိုင်ငံခြားဖယောင်းပြတိုက်က ဖယောင်းလူသားလို့များ ငါ့ကိုနင် အထင်မှားခဲ့ရောလား။ အခုချိန်မှာတော့ ငါစကားတွေကို ခြေနှစ်ချောင်းရှိပါလျက်နဲ့ လမ်းလျှောက်ခွင့်မရှိတဲ့ "ဗိုးချဲ"ပေါ်က ဒုက္ခိတတစ်ယောက်ရဲ့ အမုန်းတရားကြောင့် ဖြစ်ပေါ်လာတဲ့ စွဲချက်တွေပါလို့ နင့် အသိုင်းအဝိုင်းမှာ ဖြေရှင်းနေရင်လည်း နာကျင်စွာနဲ့ ငါ တွေနစ်ပါတယ် 'ယယ'ရယ်။

ငါက နင့်အတွက် နင်နဲ့ စတွေ့ချိန်ကစပြီး အခုအချိန်ထိ သက်ရှိအရုပ်တစ်ရုပ်ပဲလေ။ နင် ပျော်ရွှင်ဖို့အတွက် အရှုံးအဖြစ်ခံပြီး အရာရာကို စတေးပေးတတ်တဲ့ သက်ရှိအရုပ်လေ။

ဘဝမှာ အောင်မြင်မှုတွေနဲ့ပြည့်စုံစေဖို့ 'အောင်ပြည့်စုံထွတ်'ဆိုတဲ့ ငါ့ကို လှေထားလိုနင်းပြီး အမြင့်ကို တက်သွားခဲ့တဲ့ 'ယယ' ခေါ် 'မေယုယထိုက်' တစ်ချိန်က စကားပြောရင် 'ယယ'တလေလို့ သုံးနှုန်းတတ်တဲ့ နင့်ကို မြင်မြင်ချင်းဆိုသလိုပဲ ငါ ချစ်ခဲ့မိတယ်။ အောင်မြင်မှုတွေကို သဘောကျပြီး သီချင်းတွေကို မြတ်နိုးပါတယ်လို့ ဆိုတတ်တဲ့ နင်က အောင်မြင်စပြုနေတဲ့ အဆိုတော်ပေါက်စလေး ငါ့ကို အရင်ဆုံးမိတ်ဆက်ပြီး ခင်မင်မှုတွေနဲ့ အစပျိုးခဲ့တယ်။ ငါ့သူငယ်ချင်း တေးရေးဆရာရဲ့ ညီမလေးမွေးနေ့မှာ မွေးနေ့ရှင်ရဲ့ သူငယ်ချင်းအနေနဲ့ပေါ့။

"ဟယ် ရှင်က ရှေ့ခံအဆိုတော 'ထွတ်' ဟုတ်



တယ်မို့လား။ တွေ့ရတာ ဝမ်းသာလိုက်တာ 'ယယ'က ရှ…
ပရိသတ်လေ"

ချစ်စဖွယ်မျက်နှာလေးကို အပြုံးပန်းလေးဆ…
ပြီး လက်ကမ်းလာတဲ့ မိန်းမချောလေးရဲ့ လက်ကို လှမ်း…
မိကတည်းက ငါ့ဘဝထဲမှာ နင့်ကိုနေရာပေးမိသွားတ…
'ယယ'။ ငါ့ရဲ့နှလုံးသား အနက်ရှိုင်းဆုံးတစ်နေရာမှာ…
ငါ့ ဖုန်းနံပါတ်ကို နင်တောင်းသွားပြီးကတည်းက–

"ဘာလုပ်လုပ် 'ထွတ်'ကို သတိရနေတယ်…
ဆိုပြီး ကလေးတစ်ယောက်လို ဖုန်းတွေ ခဏခဏခေါ်…
တောင်–

"ငါ့သား 'ထွတ်'ကတော့ နိုင်ငံကျော်အဆို…
ကြီးကျနေတာပဲ"လို့ အိမ်က မေမေပြောတဲ့အထိတော…
ဖြစ်ခဲ့တယ် 'ယယ'။ ခင်မင်ခြင်းကို အစပြုလို့ စ…



www.burmeseclassic.com

www.burmeseclassic.com



လိုက်လိုက်လာတတ်တဲ့ ကောင်မလေး။ တွေ့သမျှလူ အားလုံးက လိုက်ဖတ်တဲ့အတွဲလေး။ ဇာတ်သိမ်းလှမယ့် Love Story လေးလို့ပြောကြတဲ့ ခေါင်းစဉ်အောက်မှာ နှင်နဲ့ငါ လှလှပပ သရုပ်ဆောင်ခဲ့ကြတယ်။ ဒါပေမယ့် အများထင်သလို အဆုံးသတ်တော့ မကောင်းခဲ့ဘူးနော် 'ယယ'။ ချစ်သူသက်တန်းလို့ ရေတွက်နိုင်တဲ့ ကာလလေးကိုရောက်တော့ အဆိုတော်ပေါက်စလေးရဲ့ ဘဝက မတက်နိုင်တဲ့ ငါ့ရဲ့ချစ်သူ နှင်ကတော့ အောင်မြင်ကျော်ကြားတဲ့ မော်ဒယ်မလေး ဖြစ်နေခဲ့ပြီလေ။ ကျော်ကြားခြင်းဆိုတဲ့ ဒီလမ်းကို လျှောက်ခဲ့တဲ့ လူတိုင်း ဘာတွေဖြစ်ပျက်တတ်တယ်ဆိုတာ ငါ ကိုယ်တိုင်မသိခဲ့ပေမယ့် နှင့်သတင်း နှင့်အတင်းကတော့ ငါ့ဝတ်ဝန်းကျင်မှာ ပြန့်လို့ ရက်တွေကတစ်ရက်ပြီးတစ်ရက် ပြောင်းလာသလို နှင့်ရဲ့အပြုအမူတွေကလည်း ငါ့အတွက် ပြောင်းလဲလာခဲ့ပြီ 'ယယ'ရယ်။ နေသာသလိုနေတတ်တဲ့ နှင်ကတော့ ငါ့ရဲ့ စိတ်ခံစားချက်တွေကို ဘယ်ရိပ်မိပါ့မလဲ။

"ထွတ်က ယယရဲ့ ချစ်သူအနေနဲ့ ဒီလိုမဆိုင်တဲ့ မေးခွန်းတွေကိုလည်းမေးခွင့်ရှိတယ်ဆိုပြီး မေးတာလား။ ထွတ်တောင် ထွတ်ရဲ့ အခွေတွေထုတ်ဖို့အတွက် ထွန်ဆာ လိုသလို ယယလဲ ယယရဲ့အောင်မြင်မှုအတွက် ထုတ်လုပ်ရေး ကုမ္ပဏီ စပွန်ဆာရှာရတာပေါ့။ ထွတ် ထုတ်ပေးနိုင်တာကို ယယ ဘာသာကြိုးစားနေတာပါ။ ထွတ်ကို အပူကပ်နေတာလည်းမဟုတ်ဘူး။ ယယကို စိတ်ညစ်အောင် ဒီလို စကားတွေ မပြောပါနဲ့"

စိုးရိမ်စိတ်တွေနဲ့ နှင့်အတွက် ပူပန်ပြီး ပြောခဲ့တဲ့ စကားတွေက အပြုံထည်တွေပါ။ ဒါပေမယ့် တုံ့ပြန်လိုက်တဲ့ နှင့်ရဲ့စကားတွေက ငါ့ရင်ရဲ့ အရှိုက်တည့်တည့်ကို မှ ထိတယ် 'ယယ'ရယ်။ ဘာလဲ နှင့်ချစ်သူ မဖြစ်ခင်ကတည်းက ပိုင်ဆိုင်တဲ့ ဒီနေရာကနေ အဆင့်မတက်နိုင်လို့ အထင်အမြင်သေးတာလား။ ငါဆိုတဲ့)ကောင်က ဂီတမှာ ပျော်ဝင်နေရရင်ကို ပျော်ရွှင်နေတတ်တာ။ ငါ့ချစ်သူမဖြစ်ခင်ကတည်းက နှင်မသိခဲ့လို့လား။ မနိမ့်ကျပေမယ့် မိဘအုပ်ထိန်းမှုအောက်မှာပဲ နေထိုင်တတ်တဲ့ ငါက ပေါ်ပင်မက်တဲ့ နှင့်ဘဝကို မပံ့ပိုးနိုင်လို့လား။

"ယယ အခုတစ်လော အလုပ်အရမ်းများတယ် ထွတ်ရဲ့။ ဖုန်းသိပ်မခေါ်နဲ့နော်။ ရိုက်ကွင်းထဲရောက်နေလို့ ယယက ဖုန်းမကိုင်နိုင်ရင် ထွတ် စိတ်ပူနေရမှာစိုးလို့နော်"

အလုပ်များလာတယ်ဆိုတဲ့ အကြောင်းပြချက် ပါးပါးလေးတွေနဲ့ နှင့်ကို ကားအကောင်းစားကြီးနဲ့ အဝန်းပြေ နေရာတွေ၊ ကုန်တိုက်တွေ တော်တော်များများမှာ တွေ့နေရတယ်ဆိုတော့ ငါ့အဖြစ်က ဒါ 'ယုန်'ပါလို့ ပြောနေရတဲ့သားနဲ့ကို မယုံနိုင်တဲ့အဖြစ်။

"ထွတ် ဒါ ယယနဲ့ စာချုပ်ချုပ်ထားတဲ့ ကုမ္ပဏီက Boss လေ"

"ဒါ ထွတ်တဲ့ ရှောခ်သီချင်းတွေ ဆိုတယ်လေ။ ယယရဲ့ Best Friend ပေါ့"

တညုတုတု အမူအရာလေးနဲ့ နာမည်ကြီး ကုမ္ပဏီတစ်ခုက MD ပေါက်စလေးနဲ့ ငါ့ကို မိတ်ဆက်ပေးခဲ့တယ်နော်။ Best Friend တဲ့လား ယယရယ်။ Boy Friend လို့တောင် လူကြားထဲမှာ မိတ်ဆက်မပေးခဲ့တဲ့ နှင့်ကို ငါ နားလည်ပါတယ် ယယရယ်။ အခြေအနေနဲ့ အချိန်



www.burmeseclassic.com

www.burmeseclassic.com



အခါကိုလိုက်ပြီး ထိုယ့်ချစ်သူအတွက် ကြံ့ရာနေရာမှာ နေပေးဖို့ ငါ အသင့်ပါပဲ။

"ယယက အခုအချိန်မှာ အတည်လက်ထပ်လိုက်ရင် နာမည်ကျသွားမှာပေါ့။ ထွတ်လဲ အတူတူပဲလေ။ ထွတ်ကလဲတွာ သိရက်သားနဲ့ ယယတို့အတွက် အချိန်တွေ အများကြီး ကျန်ပါသေးတယ်။ ယယတို့ ထပ်ပြီး ကြိုးစားကြတာပေါ့နော် ထွတ်"

ပလီပလာ စကားတွေနဲ့ နင့်မာယာတောမှာ ငါ မျောချင်တိုင်း မျောလို့ နင့်အတွက်ကတော့ ငါ တကယ်တို ငပေါကြီးဖြစ်လို့ပေါ့။

ငါ့အတွက် နေကွယ်မိုးမှောင်ပြီး ထံဆိုးတဲ့ နေ့တစ်နေ့ပေါ့။ နယ်ရှိုးပွဲတစ်ပွဲကအပြန် လမ်းအကွေ့မှာ မျက်နှာချင်းဆိုင်က လမ်းကြောမှားလာတဲ့ ကုန်ကားနဲ့ တိုက်မိပြီး ကားအက်ဆီးဒင့် အကြီးအကျယ်ဖြစ်ခဲ့တယ်။ ငါ့မိဘ၊ ငါ့အသိုင်းအဝိုင်းကြောင့် အရင်လိုပုံမပျက်ခဲ့ပေမယ့် ဒုက္ခိတဆိုတဲ့ နာမ်စားလေးကိုတော့ ငါမလိုချင်ဘဲ ပိုင်ဆိုင်လိုက်ရတယ်။ ဆေးရုံတက်နေတဲ့ ကာလအတွင်း နင် လူမရောက်လာသလို ဖုန်းတောင် တာဝန်ကျေပဲဆက်ပြီး မေးခဲ့တယ်နော် ယယ။ ဒါတွေက နင့်ရဲ့ ငါ့အပေါ်ထားခဲ့တဲ့ မေတ္တာတရားတွေလား။ ဖြစ်ခဲ့တဲ့ အကြောင်းအရာတွေကို ကံတရားကြောင့်လို့ ငါအပြီးသတ် မလွှဲချပါဘူး။ ရှေးဘဝက ငါ့ရဲ့ မကောင်းခဲ့တဲ့ အကြောင်းတရားကြောင့်ပဲလို့ ငါ ဖြေသိမ့်နိုင်ပါတယ်။ ဒါပေမယ့် ငါ့ချစ်သူ နင့်ရဲ့ စိမ်းကားရက်စက်မှုတွေအတွက်တော့ ငါ ကြေကွဲမိတယ် ယယ။

ဘဝမှာ ရှုံးနိမ့်မှုတွေပဲ ပိုင်ဆိုင်နေရတဲ့အချိန်၊ အားငယ်စိတ်တွေနဲ့ ဘယ်သူ့ကိုမှ ခေါ်ပြောချင်စိတ်မရှိတာ ကြောင့် အိမ်ထဲမှာပဲ အခန်းအောင်းပြီး ငါ ပုန်းနေမိတယ် အရင်တုန်းက သီချင်းဆိုရရင်ကို ပျော်ရွှင်နေတတ်တဲ့ ငါ အခုအချိန်မှာ သီချင်းဆိုဖို့ဆိုတာ အိပ်မက်တောင် မမက် တော့ဘူး။ ငါ မြတ်နိုးပါတယ်ဆိုပြီး တကိုင်ကိုင်လုပ်ခဲ့တဲ့ ဂစ်တာလေးလည်း အခန်းထောင့်တစ်နေရာမှာ ဖုန်တက် လို့၊ ဘာအသံမှ မကြားချင်လောက်တဲ့အထိ ထိန်းမရတဲ့ စိတ်ကြောင့် ဖုန်းကိုပိတ်ပြီး အရာအားလုံးကို မေ့နိုင်အောင် မေ့ထားခဲ့တယ်။ အောင်မြင်မှုဆိုတာ ငါ့အတွက်တော့ ဘာ မှန်းတောင် မသိနိုင်တော့ဘူး။ စုန်းစုန်းမြုပ်သွားတဲ့ ငါ့ နာမည်က ငါ့ကို သာမန်ဘဝမှာပဲ နေသားကျစေခဲ့တယ်





www.burmeseclassic.com

www.burmeseclassic.com



'ပိုးချဲ' နဲ့ နေရလို့ စိတ်တတ်မတျပေမယ့် သေားမှာအတူမရှိဘဲ ရှင်သန်ပြီး နေထိုင်လို့မရတဲ့ ရှေ့ဆက်ရမယ့် ဘဝအတွက်တော့ အားငယ်မိတယ်။ ဒီလိုဖြစ်နေတဲ့ ငါ့ဘဝဆိုးထဲ နင့်ကိုဝင်လာဖို့ ငါ ဖိတ်ခေါ်ပါတော့မလား ယယရယ်။ နင့်ဘက်က ဖွတ်ဝင်လာမယ်ဆိုရင်တောင် ငါ အလာမခံနိုင်ပါဘူး။ ငါက ကိုယ်ကျိုးကြည့်ပြီး အတ္တကို ရှေ့တန်းတင်တတ်တဲ့လူ မဟုတ်ဘူးဆိုတာ နင် သိပါတယ်။ ငါ့ကို နင် ရှောင်လွှဲစရာမလိုပါဘူး။ နင်မထားခဲ့ရင်တောင် ငါက ဒုက္ခိတဖြစ်နေတဲ့အတွက် နင့်ကို ထားခဲ့မှာပါ ယယရယ်။ အခုတော့ နင့်လုပ်ရပ်က တကယ်ကို သွေးပျက်စရာပဲဟာ။ ကိုယ့်ချစ်သူတစ်ယောက် ဒုက္ခိတဖြစ်သွားတဲ့အချိန် အခြားတစ်ယောက်နဲ့ နင်က တရားဝင်စေ့စပ်ကြောင်းလမ်းလိုက်တယ်တဲ့။

ဘာကိုမှ စိတ်ဝင်မစားဘဲ နေခဲ့တဲ့ ငါ။ နင့် သတင်းပါတဲ့ စာစောင်ကိုမှ စိတ်လိုလက်ရ ယူကြည့်မိတာ ငါ့ကိုယ်ငါတောင် မယုံနိုင်အောင်ဖြစ်မိတယ်။ နှစ်လကျော်၊ သုံးလအတွင်းမှာ ပြောင်းလဲသွားတဲ့ နင့်လုပ်ရပ်က ငါ့အတွက်တော့ အတော် ဆိုးရွားတယ်ဟာ။ တကယ်ဆိုရင် နင်နဲ့ ငါက လမ်းခွဲစကားကို တရားဝင်မပြောရသေးတဲ့ ချစ်သူတွေအဖြစ်ရှိနေတုန်းပါ။ ကိုယ့်ချစ်သူ ဒုက္ခရောက်နေလို့ ဖေးကူချင်တဲ့စိတ် နင့်မှာမရှိခဲ့ရင်တောင် လမ်းခွဲစကားကိုတော့ ငါနဲ့ မျက်နှာချင်းဆိုင်ပြီး ပြတ်ပြတ်သားသား ပြောခဲ့သင့်တာပေါ့ ယယရယ်။

အရင်က ချစ်ခဲ့ဖူးတယ်ဆိုတဲ့ နင့်ရဲ့အချစ်တွေက မြောင်းထဲမှာလား၊ အရည်မရ အဖတ်မရဆိုတာ နင့်ရဲ့ချစ်ခြင်းလား။ အကြောင်းပြချက်တွေ နင့်ဆီက မလိုချင်တော့ပေမယ့် နင့်ရဲ့ ဖြောင့်ချက်ကိုတော့ ငါစောင့်နေမိတယ် ယယရယ်။ အသက်တစ်ခါရှူတိုင်း အောင့်တက်လာတဲ့ ငါ့နှလုံးသားကို အိပ်ဆေးတိုက်ပြီး သိပ်ထားရမလား။ ဒါမှမဟုတ် သွေးထဲမှာ အဆိပ်တက်နေတဲ့ နင့်ကိုလွမ်းတဲ့စိတ်ကိုပဲ ငါ ဖောက်ထုတ်လိုက်ရမလား။ နင်လိုချင်တာ၊ နင်မက်မောခဲ့တာ အောင်မြင်မှုလား၊ ဂုဏ်လား၊ ငွေလား။ နင့်ကိုယ်တိုင် ဝေခွဲရခက်နေရင်တောင် နင် ရွေးချယ်လိုက်တဲ့လမ်းက နင့်ဆန္ဒအားလုံး ပြည့်စုံနေတဲ့အတွက် နင် ပျော်ရွှင်နေမယ်ဆိုတာ မှန်းပြီး ငါ မြင်နိုင်ပါတယ် ယယရယ်။

မကြာသေးတဲ့ ကာလလေးအထိ နင်နဲ့ချစ်သူအဖြစ် လူသိရှင်ကြားတွဲခဲ့တဲ့ 'အောင်ပြည့်စုံထွတ်' ဆိုတဲ့ ငါ့ကို နင့်ရဲ့ ခင်ပွန်းလောင်းက မသိခဲ့တာလား။ ဒါမှမဟုတ် တန်ဆောင်ကောင်းတဲ့ နင့်အပြုံးတုတွေကြောင့် သိရက်နဲ့ ငါ့လိုပဲ မိုက်မှားနေတာလား။ နင် မျှော်မှန်းထားတဲ့ အအောင်မြင်ဆုံးဘဝကို ဒုက္ခိတ ငါက မဖန်တီးပေးနိုင်လို့ လမ်းသစ်ဖောက်ပြီး နင်လျှောက်လှမ်းသွားတာ ငါ နားလည် ပါတယ်။ ဒါပေမယ့် ဒုက္ခိတတစ်ယောက်ရဲ့ လက်ကိုတွဲပြီး နင့်ဘဝရဲ့လမ်းတွေကို လျှောက်ရမှာ ရှက်ကြောက်နေလို့ပါ ဆိုတဲ့ အတွေးဆိုးတွေကိုတော့ ငါ မတွေးပါရစေနဲ့ ယယ ရယ်။

အရာရာကို မျက်နှာပြောင်တိုက်ပြီး ရင်ဆိုင်ဝံ့တဲ့ နင့်ကိုတော့ ငါ လက်မြှောက်အရှုံးပေးပါတယ်။ သစ္စာတရားတွေနဲ့ ပြည့်နှက်နေတဲ့ အချစ်ကိုမှ လိုချင်မိတဲ့ ငါ၊ အချစ်ကိုမှ လွယ်လွယ်နဲ့ ကိုးစားချင်တဲ့ ငါ၊ ဘဝတိုက်ပွဲတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြားထဲက အချစ်ဆိုတဲ့ ဒီပွဲမှာလည်း ငါ ရှုံးခဲ့ပါတယ်။ ဒါပေမယ့် နှင့်ကိုတော့ ငါ မမုန်းပါရစေနဲ့ ယယရယ်။ အရင်လို ဂစ်တာတစ်လက်နဲ့ နှင့်ကိုရည်စူးပြီး အသည်းကွဲသီချင်းတွေ ရေးစပ်ဆိုဖို့ အင်အားမရှိတော့ပေမယ့် နှင်နဲ့ငါကြားက လက်ကျန်သံယောဇဉ်တွေကို တစ်ဖက်သတ်ဆန်စွာ ငါ့ဘက်ကပဲ ကဗျာတစ်ပုဒ်နဲ့ ရင်ခွဲတာ အဆုံးသတ်ပေးပါ့မယ်။

ဘောင်ခတ်မထားတဲ့
အကြောင်းတရားထဲမှာ
နေသားတကျရှိနေတဲ့
ငါ့ဘဝကို
ဖယောင်းလိုပုံသွင်း
နှင့်ခြေရင်းမှာ
'ခ' စားစေခဲ့ပြီးမှ
ရာဇသံနဲ့
ထော်ရာမှာနေဆိုပြန်တော့
ချစ်သူရေ---
နှင့်အချစ်က
အမြင့်တနေ ခြေခံပြီး
ကျစေတာနဲ့ မတူပြန်ဘူးလား
မသေချာတဲ့ဘဝ
နှင်အဆင်အလှလို့
ဒီရင်မှာ ခဏနားခဲ့တယ်ဆိုရင်တောင်
'နားခိုရာ' ဆိုတဲ့ ငါ့ဘက်မှာ
နှင့်အတွက် အမုန်းဆိုတာမရှိဘူး
နှင် နားလည်မယ်ဆိုရင်
ငါဆိုတဲ့ကောင်က
အမုန်းကိုမသိဘဲ ချစ်ခဲ့တာမဟုတ်ဘူး
ချစ်ခဲ့လို့ကို နှင့်ကို မမုန်းခဲ့တာ
တစ်ချိန်က ငါ ချစ်ခဲ့ဖူးတဲ့ ယယဆိုတဲ့ နှင်
ငါနဲ့မသက်ဆိုင်တော့တဲ့ လက်ရှိဘဝမှာ
ဒီထက်ပျော်ရွှင်ပါစေလို့ တောင်းဆုတွေနဲ့

အဝေးတစ်နေရာက နှင့်ရဲ့နားခိုရာ

ထွတ်

ပြည့်ဖြိုး (စက်အယ်လ်)

တဲ ..."ပြည့်ဖြိုး (စက်အယ်လ်)"ရဲ့ **"အမုန်းမရှိတဲ့နားခိုရာ"** ဆိုတဲ့ နှလုံးသားရှုထောင့်ထဲက **'ထွတ် (ခေါ်) အောင်ပြည့်စုံထွတ်'** ရဲ့ခံစားချက်တွေကို **'ယယ(ခေါ်)ခေထုဆာထိုက်'** က ဘယ်လို ပြန်ပြီးဖြေရှင်းမလဲ။ ယယရဲ့ထိုယ်စား၊ ကိုယ်ပွားခံစားပြီး (၁၁-၁၀-၁၃) နေ့ နောက်ဆုံးထားကာ ရေးသားပေးပို့ကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

**စောင်ပြိမ်းသူ(ကြို့ဖင်ထောက်)**

**ထာဝန်ခံအထ်ဒီထာ**

**ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း**



www.burmeseclassic.com




## တာဝန်ခံအယ်ဒီတာရဲ့သုံးသပ်ချက်
## ပဏာမရွေးချယ်စိစစ်ချက်

၂၀၁၃ခုနှစ်၊ ဇွန်လထုတ် မှုခင်းရှုထောင့်ရသစုံမဂ္ဂဇင်းထဲမှာ ဖော်ပြခဲ့တဲ့ **"ထွန်းဆိုင်နိုင် (ဝင်ထတ်ဘူး)"** ရဲ့ **"သောင်ထင်ခဲ့ဖူးသောထမ်း၊ခြေ"** ဆိုတဲ့ နှလုံးသားရှုထောင့်ထဲက **"ထွန်း"**ရဲ့စွပ်စွဲချက်တွေကို **"ဆောင်"**ရဲ့ ကိုယ်စား ကိုယ်ပွားခံစားပြီး ဖြေရှင်းပေးထားသူတွေထဲက ပဏာမရွေးချယ်ထားတဲ့ (၁၀)ဦးရဲ့ စာရင်းကို ဖော်ပြလိုက်ပါတယ်–

| | | |
|---|---|---|
| (၁) | အောင်အောင်ဦး | "မှားရက်လေတယ်" |
| (၂) | ကျော်ခင်းလွင် | "ကျေးပါနော်လွန်းရယ်" |
| (၃) | ဆွေပိုင်မြင့် | "လွယ်ရက်ထယ်နော်" |
| (၄) | မင်းဆက်နိုင် | "ကြေကွဲဝံ့ရိပ်" |
| (၅) | ဇော်ဇော်ထွန်း | "စောင့်ကြိုနေပါ" |

www.burmeseclassic.com



(၆) သူရိန်စိုး
"လွမ်းရပါတဲ့လွန်း"

(၇) အေးမင်းသတ်
"လွန်း---ရယ်"

(၈) ဝဏ္ဏသော်
"ဖြေသိမ့်နိုင်ပါစေ"

(၉) Secret
"ထွက်ပေါက်မဲ့နှလုံးသား"

(၁၀) ထန်နီ (တောင်ကြီး)
"ရက်လွန်အလွမ်းတို့ငြိမ်းနိုင်စေ"

## ပြန်ထည်စိစစ်သုံးသပ်ချက်

(၁) **အောင်အောင်ဦး "မှားရတဲ့ထေထထ"**

အရေးအသား ပြေပြစ်ပေမယ့် ကျိုးကြောင်းဖော်ပြချက်က ဖောင်းပွရှည်လျားလွန်းပြီး အားနည်းနေပါတယ်။

(၂) **ထျော်ဓင်းထွင် "ထျေါနော် ထွန်းရယ်"**

ခေါင်းစီးက အဓိပ္ပာယ်လွဲနေပါတယ်။ နှလုံးသားရှုထောင့်ကို သေသေချာချာ ဖတ်ပြီးမှ အံ့ဝင်ခွင်ကျဖြစ်ရှင်းပြပါ။

(၃) **ဆွေဝိုင်ဖြင့် "ကြေထွဲဝုံရိပ်"**

ကျိုးကြောင်းဖော်ပြချက် သင့်ပါတယ်။

(၄) **ဓင်းဆာထ်နိုင် "ကြေထွဲဝုံရိပ်"**

ကျိုးကြောင်းဖော်ပြချက် သင့်ပေမယ့် အရေးအသားမှာ အားနည်းနေပါတယ်။

(၅) **ဓော်ဓော်ထွန်း "ဓောင့်ကြိုနေဝါ"**

မူလနှလုံးသားရှုထောင့်ထဲမှာ ပါတာတွေကို အားလုံးစုပြုံပြီး ရေးဖို့မလိုပါဘူး။ လွန်းရဲ့စွဲချက် အဓိကကိုသာ ပြန်ရှင်းရမှာပါ။

(၆) **သူရိန်စိုး "လွမ်းရပါတဲ့ လွန်း"**

ခေါင်းစီးလေးနဲ့အညီ ရေးသားထားတာ သင့်ပါတယ်။ ဒါပေမယ့် ကျိုးကြောင်းဖော်ပြချက်က လွဲနေပါတယ်။

(၇) **အေးမင်းသတ် "လွန်း--ရယ်"**

အစချီလာတာ ကောင်းလာပြီး နိဂုံးပိုင်းရောက်မှ အားနည်းသွားပါတယ်။ စာရေးမယ်လို့ ဆုံးဖြတ်ထားရင် စိတ်ရှည်ဖို့လိုပါတယ်။

(၈) **ဝဏ္ဏသော် "ဖြေသိမ့်နိုင်ပါစေ"**

စိတ်ကူးယဉ်ဆန် ရုပ်ရှင်ဗီဒီယိုဇာတ်လမ်း ဆန်သွားပါတယ်။

(၉) **Secret "ထွက်ပေါက်မဲ့ နှလုံးသား"**

ကျိုးကြောင်းဖော်ပြချက် သင့်ပေမယ့် ရုပ်ရှင် ဗီဒီယိုဇာတ်လမ်းဆန်သွားပါတယ်။ ဆက်လက်ကြိုးစားစေချင်ပါတယ်။

(၁၀) **ထန်နီ (တောင်ကြီး) "ရက်လွန်အလွမ်းတို့ ငြိမ်းနိုင်စေ"**

အရေးအသားက ပြေပြစ်မှုအားနည်းနေပါတယ်။ သဘာဝယုတ္တိရှိပါတယ်။ ဒါပေမယ့် နိဒါန်းအဖွင့်မှာ မလိုအပ်ဘဲ ရှည်နေပါတယ်။ အဓိက ဖွင့်ထောက်ကိုသာ ဖော် ပြသင့်ပါတယ်။ ဆိုလိုတာက ထူးမောင် မိန်းမခိုးတဲ့ကိစ္စပါ။

## အကြိုက်ဆုံးဖြောင့်ချက်နှလုံးသားပိုင်ရှင်

ဒီလအတွက် အကြိုက်ဆုံး ဖြောင့်ချက်နှလုံးသားပိုင်ရှင်ကတော့ **"ထန်နီ-တောင်ကြီး"** ဖြစ်ပါတယ်။ ကဲ **"ထန်နီ-တောင်ကြီး"** ရဲ့ **"ရက်လွန်အလွမ်းတို့ငြိမ်းနိုင်စေ"** ဆိုတဲ့ ဖြောင့်ချက်နှလုံးသားကို ခံစားကြည့်ကြပါစို့။

**မောင်ဉာဏ်သူ(ကြို့ပင်ကောက်)**
**တာဝန်ခံအယ်ဒီတာ**
**ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားရှင်ထောင့်
ပြောင်ချက်နှလုံးသား

# ရက်လွန်အလွမ်းတို့ ငြိမ်းနိုင်စေ

**တန့်နိ (တောင်ကြီး)**

လွန်းရေ မင်းသတင်းမကြားရတာ ကြာခဲ့ပေါ့။ ခုလို မမျှော်လင့်ထားတဲ့အချိန်မှာ လွန်းဆီက စကားတွေကို ကြားလိုက်ရတော့ မောင် အလွန်ပဲ ဝမ်းသာတယ်။ ထပ်ပြီးကျေးဇူးတင်ရမှာက ထူးမောင်ပေါ့။ လွန်း မှတ်မိတယ် ဟုတ်လား ထူးမောင်ကို မောင့်ရဲ့ သူငယ်ချင်းလေ။ လွန်းနဲ့ လေးငါးခါ ဆုံဖူးပါတယ်။ အခုလည်း ထူးမောင်ကျေးဇူးနဲ့ လွန်းရဲ့ စာကိုဖတ်လိုက်ရတာ။ မောင် ရှေ့တောကို ရောက်နေတယ်။ မှန်းချက်နဲ့ နှမ်းထွက်မကိုက်ပါဘူး။ လွန်းဘာလို့



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို အဆက်အသွယ်ဖြတ်သွားလဲဆိုတာ စဉ်းစား မရခဲ့ဘူး။ ခု လွှန်းရဲ့စာကို ဖတ်ရမှ ကိုတုန်းက ထိစွတွေ ပေါ်လာတော့တယ်။ လွှန်းရယ်ဘာလို့တစ်ယောက်တည်း စဉ်းစားပြီး ဆုံးဖြတ်လိုက်တာလဲ။ မောင့်ကို အဲဒီအချိန် တုန်းက တစ်ခါတည်းဘာလို့ ဖွင့်မမေးလိုက်တာလဲ။ မေးလိုက်ရင် ဒီလောက်ကြီး ဝေးနေစရာတောင်မလိုဘူး။ ခုတော့ မောင့်မှာ လွှန်းကို လွမ်းလိုက်ရတာ။ အဆက် ဖြတ် ရှောင်ပုန်းသွားတဲ့သူကို မောင်ဘယ်လိုရှာရှာ ဘယ် လိုပဲ စုံစမ်းခဲ့စုံစမ်းခဲ့ ဘာသတင်းမှ မရခဲ့ဘူး။ လွှန်းရယ် တစ်ဖက်သတ်အတွေးနဲ့ လွှန်းတစ်ယောက်တည်း အပူမီး တောက်တွေ ဖွားခဲ့ရတယ်လို့ လွှန်းမှတ်ထင်နေမှာပဲ။ မဟုတ်ဘူးလွှန်း။ မောင်လည်း လွှန်းနဲ့ထပ်တူ ခံစားခဲ့ရ

တာပါ။ လွှန်းကို ဘယ်မှာမှ စုံစမ်းလို့မရခဲ့လို့ ရင်နဲ့မ ဒေါင် ခံစားခဲ့ရတာပါ။ "ဘာကြောင့်များ သတင်းမကြ ဘာမကြားနဲ့ အဆက်ဖြတ်သွားရတာလဲ။ ငါ့ကိုလှည့်စား တာလား" ဆိုတဲ့အတွေးနဲ့ သက်ပြင်းတွေ အကြိမ်ကြိမ် လို့ လောင်မြိုက်နေခဲ့ရတာ အချိန်တွေ အတော်ကြာခဲ့ တယ် လွှန်း။ မေ့ချင်သူ ရှောင်တိမ်းမှတော့ လွှန်းပျော် လည်း နေပါစေဆိုတဲ့ အတွေးနဲ့ဝေးဝေးကနေ တိတ် ခိုး လွမ်းဆွတ်ကြေကွဲနေရသူပါ။ ခုမှပဲ လွှန်းရဲ့စာ ဖတ်ရမှ ပြဿနာအစကို သိရတော့တယ်။ မောင့်





www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြခွင့်ပြုပါ။

ဟုတ်ပါတယ်။ လွှန်းပြောခဲ့သလို အဲဒီနေ့ည ဘူတာရုံကို မောင်ရောက်ခဲ့ပါတယ်။ ဒါကလည်း ကိစ္စတစ်ခုကြောင့်ပါ။ လွှန်း နားလည်အောင်ပြောရရင်တော့ လွှန်းတွေ့ခဲ့တဲ့ မိန်းကလေးက ချိုချိုဦးပါ။ အဲဒီနေ့က ချိုချိုဦးကို ခိုးပြေးဖို့ ထူးမောင်က လာကြိုရမှာ။ ဒါပေမယ့် ထူးမောင် အိမ်မှာ ပြဿနာတက်တယ်လေ။ ထူးမောင်ရဲ့ အမေက ထူးမောင်နဲ့ ချိုချိုဦးကို သဘောမတူဘူး။ သူသဘောတူတဲ့ မိန်းကလေးရှိတယ်။ ထူးမောင်ကလည်း ချိုချိုဦးက လွဲရင်မယူဘူးနဲ့ ပြဿနာတွေ တက်ကြတာ။ ချိုချိုဦးကို ခိုးမယ့်ညမှာ ထူးမောင်အမေက မေ့လဲပြီး ထူးမောင်နဲ့ သူ့အစ်ကိုက ရန်ဖြစ်ကြပါလေရော။ မောင်တို့အဖွဲ့လည်း ဝင်ပြီး ဖျန်ဖြေပေးရတာပေါ့။ ထူးမောင်က မောင့်ကို လွှတ်လိုက်တာ ဘူတာရုံမှာ ချိုချိုဦးကို ခေါ်ပြီး အစီအစဉ်အတိုင်း လုပ်ထား။ နောက်မှ သူလိုက်ခဲ့မယ် ဘူတာရုံမှာ ချိုချိုဦးတစ်ယောက်တည်း ယောင်ချာချာ စောင့်နေရလိမ့်မယ်။ မင်းပဲ ငါ့ကို ကူပါလို့ ပြောတာနဲ့ မောင်တို့ သူငယ်ချင်းတွေ အစီအစဉ်ဆွဲထားတဲ့အတိုင်း ချိုချိုဦးကို မောင်က ဘူတာရုံမှာလာခေါ်ခဲ့ရတာပါ။ ခုတော့ ကြွေလည်သွားပါပြီ။ သမီးတောင် တစ်ယောက်ရနေပြီပဲ။ ဒီလောက်ဆို လွှန်း သဘောပေါက်လောက်ပြီနော်။

မောင်ကလွှန်းတစ်ယောက်တည်းကို ချစ်ခဲ့တာပါ။ မောင် အဲဒီအစီအစဉ်ကို လွှန်းကို ပြောမပြခဲ့တာကတည်း ကြံဖန်စိတ်ပူနေမှာစိုးလို့ ပြောမပြခဲ့တာပါ။ ပြောပြခဲ့ရင် ဒီလိုလွှမ်းရတဲ့အဖြစ်နဲ့ ကြုံမှာမဟုတ်ဘူး။ ဒါတွေက မောင့်အပြစ်ပါ။ လွှန်းကို မောင် တောင်းပန်ပါတယ်။ မောင် လွှန်းဆီက အဆက်အသွယ်မရလို့ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိခဲ့ဘူး။ လွှန်းရဲ့ သူငယ်ချင်း ငုဝါနားလည်း ရောက်တယ်။ ငုဝါကလည်း သူလည်းမသိဘူး ဆိုတော့ ဆွေးရောပေါ့။ လွှန်းဆီလိုက်သွားရင်ကောဆိုတော့ လွှန်းက ဘယ်မှာရှိမယ်မှန်းလည်း မသိဘူးတဲ့။ လွှန်းက မိဘတွေနားနေမှာလား။ အဘွားတို့နား သွားမှာလားမသိဘူးလို့ ငုဝါပြောမှ လွှန်းရဲ့အကြောင်း မောင်ဘာမှ တောင်းတောင်းမသိမှန်း အဲဒီအခါကျမှ နားလည်လာခဲ့တယ်။ လွှန်းက ဆက်သွယ်လာမှာပါဆိုတဲ့ မျှော်လင့်ချက်နဲ့ မျှော်ခဲ့တယ်။ လွှန်းဆီ စာရေးဆက်သွယ်ခဲ့တယ်။ ပြန်စာမလာခဲ့ပါဘူး။ အကြိမ်ကြိမ်မျှော်ခဲ့ပါတယ်။ စာမလာ၊ သတင်းမကြား၊ ဖုန်းလေးတောင် တစ်ချက်ဆက်ဖော်မရခဲ့ဘူး။ လွှန်းက တစ်ဖက်သတ်အတွေးနဲ့ ခြေရာဖျောက်သွားခဲ့တာ။ မောင် ဘယ်လောက်အနေရခက်လိုက်သလဲ။ မောင့်ရဲ့ သူငယ်ချင်းတွေကလည်း လွှန်းအဆက်ဖြတ်သွားတယ်လို့ပဲ ထင်ကြတာ။ လွှန်းနဲ့ သွားခဲ့ဖူးတဲ့ နေရာအနှံ့ ခြေဆန့်ခဲ့ပေမယ့် လွှန်း အရိပ်အယောင်ကိုတောင် မမြင်ရခဲ့ဘူး။ အရင်က အတိတ်ခြေရာတွေက မောင့်ရဲ့ ရင်ခွင်လွှာကို နင်းခြေခဲ့ကြတယ်။ အလွှမ်းကြီးလွှမ်းခဲ့ရတာပါ။ အိမ်ကလည်း တျော်င်းပြီးလို့ လေနေတဲ့ မောင့်ပုံစံကိုမြင်ပြီး မလေးမှာ အလုပ်သွားလုပ်ဖို့ လုပ်ပေးတယ်။ မောင် စိတ်လေနေတာ အမှန်ပဲ။ ဒါနဲ့ သူငယ်ချင်းနှစ်ယောက်နဲ့ ထွက်သွားခဲ့တယ်။ ဟိုမှာတစ်နှစ်ကျော်ပဲ လုပ်ဖြစ်ခဲ့တယ်။ သိပ်အဆင်မပြေဘူး။ သွားရတာ ကာမိရုံပဲ



www.burmeseclassic.com

www.burmeseclassic.com





ပေါ့။ ဒါနဲ့ မောင့်အစ်ကိုကပြန်ခေါ်ပြီး မင်းဘာလုပ်ချင်တာလဲ။လုပ်ချင်တယ်ဆိုရင် ဖြစ်အောင်လုပ်တဲ့။ မောင့်သူငယ်ချင်းတွေနဲ့ ပေါင်းပြီး အင်တာနက်ဆိုင်ဖွင့်တယ်။ ဝိမ်းတောပေါ့။ မီးအားတိုးရတော့ အဲဒါကလည်း အလုပ်ဆိုရှုံပါလဲ။ အဲဒီလောက်ကြီး မဟုတ်ပြန်ဘူးလေ။ သူများတွေ အဆင်ပြေပြီး ငါတို့က ဘာတွေလိုအပ်နေလို့လဲဆိုပြီး သူငယ်ချင်းတွေ ဝိုင်းအဖြေရှာကြတယ်။ အဲဒီမှာ မောင့်
အဖေက ထောက်ပြတယ်။ "မင်းတို့စီးပွားရေးလုပ်မှာ
လား။ သူငယ်ချင်းတွေ စုရုပ်လားတဲ့"

အဆင်မပြေပါဘူး လွှန်း၊ မင်းမရှိတဲ့နောက်ပိုင်
မှာ မောင်ဟာ အရာရာမှာ စိတ်နောက်ကိုယ်ဝါ ဘာကို
သိပ်မလုပ်ဖြစ်ခဲ့ဘူး။ ဝန်ခံရရင် ပျော့ညံ့တာပေါ့။ မင်းတ
အချိန်တိုင်းမဟုတ်တောင် နေ့တိုင်းတော့သတိတရ လွှ
ဖြစ်ခဲ့တာတော့ အမှန်ပါ။ အပုန်းတောင်းလွှန်းတယ်နေ
လွှန်းရယ် လွှန်းခံစားနေရတာတွေကို အဲဒီတုန်းက ဖြ
ဖြစ် မောင့်ကို ဆူလိုက် ရန်ဖြစ်လိုက်ပါလား။ အခုထေ
မောင်တို့ နှစ်ယောက်လုံး နှစ်တွေကြာအောင် အလွ
ထောင်ချောက်မိနေခဲ့ရတာ။ လွှန်းနဲ့ဝေးနေခဲ့ရပေမ
မောင် လွှန်းအပြင် နောက်တစ်ယောက်ကိုတောင် မချ
ခဲ့ဖူးပါဘူး။ လွှန်းတစ်ယောက်တည်းကိုသာ မြတ်မြတ်
နိုး ချစ်ခဲ့မိတာပါ။ လွှန်းနဲ့ဝေးနေချိန်မှာ မောင့်ဘဝထ
အထူလောင်ရာသီပါ။ အရာရာတိုင်း လွှန်းအဖြစ် မှတ်ထ
နေခဲ့မိသူကိုး။ လွှန်းကို သတိရတိုင်း မောင်တစ်ယော
တည်း အရူးတစ်ယောက်လို လက်သီးဆုပ်ကြည့်လို
လက်ဝါးထောင်ကြည့်လိုက်နဲ့ ဆုံဖူးတဲ့ ပထမနေ့လေး
အမှတ်တရဖြစ်နေမိတယ်။ မောင့်ပုံစံက ချစ်သူရည်း
တောင်မလေးက ထားသွားလို့ အသည်းကွဲနေတဲ့ ပုံစံ
ဖြစ်နေရတာကိုး။ မပြောမဆိုနဲ့ လွှန်းက တကယ်ထ
သွားခဲ့တာကိုး။ မောင့်ရဲ့အိမ်ကတော့ မောင့်ဒီပိုင်းကို သ
မကြည့်ရဘူးပေါ့။ ဘာလုပ်လုပ် အဖြစ်မှ မရှိတာ။

မောင့်အစ်ကိုရဲ့ သူငယ်ချင်းက သူရဲ့ရှေ့



www.burmeseclassic.com

www.burmeseclassic.com



လာခေါ်တာနဲ့ မောင်လည်း အစ်ကိုနဲ့ လိုက်လာခဲ့တာ။ ဆိုင်ကိုတော့ သူငယ်ချင်းတွေနဲ့ အတူတူဆိုတော့ ဒီအတိုင်းထားခဲ့လိုက်လို့ရတယ်လေ။ စုပွင့်တာဆိုတော့ သူငယ်ချင်းတွေနဲ့ ညှိလို့ရတာပေါ့။ ခု ရွှေတောရောက်တာ ထင်သလောက်မဖြစ်သေးပါဘူး။ ရွှေတောဆိုတော့ နာမည်ကတော့ နာမည်ကြီးပါပဲ။ ဒီမှာက အားလုံးဖြစ်နေတာမှ မဟုတ်တာ။ မောင့်ရဲ့ အစ်ကိုက အိမ်ပြန်တော့ ဒီတစ်ခါ အပြန်မှာ ထူးမောင်လိုက်လာတာ။ သူလည်း လိုက်ကြည့်တာပေါ့။ အဲဒီမှာ ကိုကောင်တွေက လွှန်းရဲ့ စာကိုဖတ်ရလို့ ထူးမောင်နဲ့ မောင့်ဆီထည့်ပေးလိုက်တာ။ မောင် ဝမ်းနည်းဝမ်းသာဖြစ်ခဲ့ရတယ်။ မောင်တို့ ဝေးနေခဲ့ရတဲ့ အဖြစ်ကို ဝမ်းနည်းတယ်။ လွှန်းရဲ့စိတ်ကို သိခွင့်ရလိုက်တော့ ဝမ်းသာသွားတယ်။ မောင် လွှန်းကို မညာခဲ့ပါဘူး။ သစ္စာလည်း မဖောက်ခဲ့ပါဘူး။ ထူးမောင်ကို ဒီအကြောင်း ပြောပြလိုက်တော့ ထူးမောင် စိတ်မကောင်းဖြစ်သွားတယ်။ ချိုချိုဦးကလည်း လိုအပ်ရင် သူလည်း လိုက်ဖြေရှင်းပေးပါ့မယ်တဲ့။ သူတို့နှစ်ယောက်ကြောင့် ဖြစ်ရတာဆိုတော့ ဘယ်လိုတောင်းပန်ရမှန်းတောင်မသိတော့ဘူးလို့ ပြောကြတယ်။ မောင်ကတော့ ရပါတယ်လို့ပဲ ပြောလိုက်တယ်။ ဒါက မထင်မှတ်ထားတဲ့ ထိစွတစ်ခုပေါ့။ ခုတော့ အလွမ်းတွေ ထင်ကျန်ရစ်ပေမယ့် မောင်တို့နှစ်ယောက်ရဲ့ ခိုင်မြဲတဲ့ ချစ်ခြင်းမေတ္တာကို မှတ်တမ်းတင်နိုင်ပြီပေါ့။

လွှန်းရေ အလွမ်းတွေကို ဖြေပါ။ လွှန်းအပေါ် ထားတဲ့ မောင့်ရဲ့ ခံစားမှုတွေကြောင့် မောင့်ရဲ့ အခြေအနေမှန်ကို အိမ်ကလည်း သိနေတော့ ဘာ ကန့်ကွက်စကားမှ မဆိုကြပါဘူး။ ဒါပေမယ့် တစ်ခုတော့ ပြောတယ်။ "ထိုက်သင့်တဲ့ ဘဝကို ထူထောင်နိုင်ပြီဆိုမှ တစ်ဖက်လူကို တွဲဖို့ လက်ထပ်ပါတဲ့"။ မောင်က ဘာလုပ်လုပ် သိပ်အဖြစ်မရှိဘူးလေ။ ခုတော့ ပီပြင်အောင် လုပ်ပါ့မယ်လို့ ကတိပေးထားတယ်။ ဒီတစ်ခါတော့ တို့တွဲထားတဲ့ လက်ကို ပိုမြဲအောင် ခိုင်ခိုင်ဆွဲထားရအောင်။ မပြောမဆိုနဲ့တော့ အဝေးကို ထပ်မပြေးပါနဲ့တော့ လွှန်းရယ်။ ထုံကျဉ်နေတဲ့ နှလုံးသားကို စာနာနားလည်ပေးတယ်ဆိုရင် မောင့်ရဲ့ ဖြေရှင်းချက်ကို လက်ခံပေးပါ။ လွှန်းရဲ့ အလွမ်းမောတွေကို ဖြေဖျောက်နိုင်တဲ့ အဖြေမှန်လည်းရှိနေပါတယ်။ မောင့်ရဲ့ ခိုင်မြဲတဲ့ ချစ်ခြင်းမေတ္တာကိုလည်း ဖွင့်ဆိုပြနိုင်ပါတယ် လွှန်း။ အလွမ်းတွေ ဖြေဖျောက်ပြီး ချစ်ခြင်းနဲ့ ကြိုပါနော်။ ။

လွှန်းအတွက်ထာဝရ

မောင်

**ထန်နီ–တောင်ကြီး**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




# ဘယ်သူကြောင့်

ကျော်ဇေယဟိန်း (ဒေါ်ပုံ)

တိုရာတုကာ ဇာတ်ညွှန်းရေးခဲ့ပြီး ဒါရိုက်တာ ဒေါ်နုက မာန်ထက်ချီ ဗီဒီယိုထုတ်လုပ်ရေးအတွက် ဓနန်းစန်းဝင်း (ဇော်လ မြိုင်) စီစဥ်ပေးမှုဖြင့် "ဘယ်သူကြောင့်" ဟု အမည်ပေးပြီး ဗီဒီယို ဇာတ်ကားရိုက်ကူးပေးထားသည့် ဇာတ်ကားကို အာကာယ်အဓိ ထိထ်း ထက် (လယ်ဝေး)က မာန်ထက်ချီဗီဒီယိုစက်နှင့် တည်ဖြတ်ပေးပြီး ဝီတမျိုး လှဆန်းဦးတို့က နောက်ခံသံစဥ်များ ဖန်တီးဖြည့်ဆည်းပေး ထားပါတယ်။ ဇာတ်ဝင်တေးကို အေးချမ်းမေဓာ သီဆိုပေးထားပါ တယ်။

ပါဝင်လှုပ်ရှား သရုပ်ဆောင်ပေးထားကြတာက ထိန်း ဝေထံ၊ ရဲအောင်၊ ထွန်းအိန္ဒြာဗို၊ ရွှေစင်၊ ရွှေပိုးအိမ်၊ ထိန်းရတု၊ အ မိုင်းခင်။ မာန်ထက်ချီ ရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေးမှ သရုပ်ဆောင် များ ဖြစ်ကြသည်။ မှုခင်းရှုထောင့်ဓဂ္ဂဇင်း စာဖတ်ပရိသတ် ကြိုတင် သိရှိခံစားစေရန် အသိပေးတင်ပြပေးလိုက်ရပါသည်။

စားသောက်ဆိုင်ကို အကြောင်းပြုပြီး မူးယစ်ဆေးဖြန့် ဖြူးနေသော ဦးဂျင်မိ၏ ဆိုင်တွင် ဇော်လမြိုင်မှ ရောက်လာသော အောဝမ်းနှင့် ဖိုးဇော်တို့ သူငယ်ချင်းနှစ်ယောက် အလုပ်လုပ်ရင်းက





www.burmeseclassic.com

www.burmeseclassic.com





မှုးထစ်ဆေးစွဲသွားကြသည်။

အောဝမ်း၏ မိခင် ဒေါ်ခင်ငြိမ်းအေးမှာ ဆေးဝင်စင်ရငွေနှင့် သား အောဝမ်းရှာဖွေပေးသောငွေဖြင့် ဆေးရုံတက် ခွဲစိတ်ကုသနေချိန်တွင် အောဝမ်းညီမ ဂျူးဂျူးမှာ သူငယ်ချင်း သဒ္ဒါရုံနှင့်အတူ ဦးဂျင်မီစားသောက်ဆိုင်တွင် စင်တင်အဆိုတော်အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ကြသည်။

တစ်နေ့ ဦးဂျင်မီ ခရီးထွက်စဉ် ဦးဂျင်မီ၏ မိတ်ဆွေ ဦးတျာ့ကြီးနှင့် ဦးဒေးဗစ်တဂျူးဂျူးကို ခြေတော်တင်လိုက်ကြသည်။ အစ်ကို အောဝမ်းကလည်း ဆေးငြိမ်နေရှာ၍ ဘာမျှမသိ။ ဦးဂျင်မီ ပြန်လာသောအခါ တျာ့ကြီးနှင့် ဒေးဗစ်တို့က ဝုထ်ထူကြွားပြရာ ဦးဂျင်မီက အားတျချိုးတျူးနေခဲ့သည်။

ဒေါ်ခင်ငြိမ်းအေး ခွဲစိတ်ကုသပြီး တစ်လနဲ့အကြာ ဆေးရုံမှဆင်းလာသောအခါ သမီးမှုပျက်နေ၍ သမီး၏ သူငယ်ချင်း သဒ္ဒါရုံကို စုံစမ်းရာမှ သမီးငယ်ဘဝပျက်သွားပုံ သိခဲ့ရသည့်အပြင် သားအောဝမ်းမှာလည်း ဆေးသမားဖြစ်နေကြောင်း သိခဲ့ရသည်။

ဦးဂျင်မီဆိုင်သို့ သားအောဝမ်းကို ရှာရန် ရောက်သွားသောအခါ နှစ်ပေါင်း (၂၀)ခန့် ကွဲနေခဲ့သော လင်သား (ကိုအုန်းသော်)နှင့် ဆုံတွေ့ကြရာမှ ဦးဂျင်မီသည် အောဝမ်းနှင့် ဂျူးဂျူး၏ဖခင်အရင်းဖြစ်မှန်း သိလိုက်ရသောအခါ ဆက်လက်ရှုစားကြပါရန်။


**ကျော်ဇောထိန်း**





www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



# မွေးခံထိုက်သူဖြစ်ပါစေ

နိုင်စဉ်သန့်



ပွဲရုံလုပ်ငန်းပိုင်ရှင် ဦးဇော်ထက်၊ ဒေါ်စန္ဒာတို့တွင် တစ်ဦးတည်းသော သား မောင်အားသစ်ရှိပြီး ငုံထားမတတ်ချစ်ကြ၍ ပတ်ဝန်းကျင်ရှိ အခြားကလေးများနှင့် ရောနှောကစားကြသည်ကိုပင် ခွင့်မပြုကြပါ။

ဦးဇော်ထက်၊ ဒေါ်စန္ဒာတို့၏ နေအိမ်တွင် ဒေါ်စန္ဒာ၏ မိခင် ဘာသာရေးလိုက်စားနေသူ ဒေါ်ထမုံရှိနေခဲ့ရာ မြေး မောင်အားသစ်မှာ ဘာသာရေးကိုစိတ်ဝင်စားလာခဲ့သည်။

အဘွားဖြစ်သူနှင့် တရားနာရင်း ရဟန်းသံဃာများကို မြင်တွေ့ရင်းမှ မောင်အားသစ်သည် မိခင်နှင့် ဖခင်တို့အားကိုရင်ဝတ်ပေးပါရန် ပူဆာခဲ့ပြီး သာသနာ့ဘောင်တွင် ရာသက်ပန်နေလိုပါသည်ဟု ပြောသောအခါ မိခင်နှင့်ဖခင်တို့မှာ ခါးခါးသီးသီး ငြင်းဆန်ခဲ့ကြသည်။ မောင်အားသစ်က သာသနာ့ဘောင်သို့ ဝင်မည့်ကိစ္စကို ဒေါ်ထမုံက ခွင့်ပြုကြည်ဖြူခဲ့ပါသည်။ အဘွားဖြစ်သူ ကြည်ဖြူသော်လည်း မိခင်ဖြစ်သူက လုံးဝခွင့်မ



ပြုခဲ့သဖြင့် မောင်အားသစ် စိတ်ဆင်းရဲခဲ့ကာ မိခင်ဖခင်အ
ဖြစ်မှားမိမည်ကို စိုးရိမ်သောကြောင့် အဘွားက ဒေါက်
အရှင်ဇောတိက၏ အမွေခံထိုက်သူဖြစ်ပါစေစာအုပ်မှ သား (
ယောက်နှင့် အမေအကြောင်း မိဘမေတ္တာဇာတ်တစ်ခုကို ဖ
သဖွယ် ပြောပြခဲ့သည်။

မြေးအတွက် စိတ်ဆင်းရဲဖြစ်ပြီး ဒေါ်ထမုံ



www.burmeseclassic.com

www.burmeseclassic.com





ပြီးသောအခါ ကိုဇော်ထက်နှင့် ဒေါ်စန္ဒာမှာ သားတို ထိုရင်ဝတ် ခွင့်ပေးခဲ့ရလေသည်။ သားတိုရင်ဝတ်ပြီး၍ သားမျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း မိခင်နှင့်ဖခင်မှာ မျက်ရည်များနှင့် သားလိုသမျှ ဖြည့်ဆည်းပေးချင်၍ လိုသမျှပြောပါရန် ကိုရင်ကို ပြောသောအခါ ကိုရင်က သူ သာသနာ့ဘောင်သို့ရောက်ပြီဖြစ်၍ မိခင်ဖခင် တို့ သူ့ဆီမလာကြစေလိုကြောင်း သူ့အတွက် သပိတ်တစ်လုံး နှင့် သင်္ကန်းများ လှူပြီးဖြစ်၍ အားလုံးပြည့်စုံပြီဖြစ်ကြောင်း သူ ဝရိယတ္တိ ပရိပတ္တိစသော သာသနာ့နယ်ဝင် သာမဏေတစ် ဦး၏ လုပ်ဆောင်ရမည့် အရာအားလုံးကို သံယောဇဉ်ကင်း ကင်းနှင့် လုပ်ဆောင်ကြိုးစားလိုကြောင်း မိခင်နှင့်ဖခင်တို့ မကြာ ခဏ လာနေပါက သူသာသနာ့ဘောင်တွင် ဘာမျှလုပ်၍ရမည် မဟုတ်၍ သူ့ကိုနားလည်ပေးစေလိုကြောင်း ခွင့်ပန်ခဲ့ရာ မိဘ နှစ်ပါးမှာ မခံစားနိုင်ကြတော့ဘဲ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ် ထုန်ကြတော့သည်။ ဘာတွေ ဆက်ဖြစ်ပေါ်လာမလဲဆိုတာ စောင့်မျှော်ကြည့်ကြပါ။

ဤရုပ်ရှင်ဇာတ်ကား ဖြင့်္အတွက် "စိန်ရတနာ"



ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ရွှေပြည်ထွန်းကြည် စီစဉ်ပေးသည်။ ဒါရိုက်တာ ရွှေပြည်ကတုံးက မဖြိုမဂုဏ်ရည်ဆရာတော် ဒေါက်တာ အရှင်ကောဝိဒ၏ အမွေခံထိုက်သူဖြစ်ပါစေ တရားတော်အား နာကြား၍ ခေတ်နှင့်အညီ ဇာတ်အိမ်ဖွဲ့ ခံစားရေးဖွဲ့ပြီး ဇာတ်ညွှန်းပါ ရေးခဲ့ပေးထားပါသည်။ တွဲဖက်ဒါရိုက်တာ တင်အောင်ကျော်၊ နေစက်၊ ဒါရိုက်တာ ရွှေပြည်ကတုံးတို့က ပုံဖော်ခံစားရိုက်ကူးတင်ပြထားခြင်း ဖြစ်သည်။

ကျော်ရဲအောင်၊ နဝရတ်၊ မင်းရာဇာ၊ အားသစ်၊ ညီဝင့်နိုင်၊ ဒေါ်မြင့်မြင့်ခင်၊ ဦးအောင်လွင်၊ ဗေလုဝ၊ ဒိန်းဒေါင်၊ ဇော်ဇော်အောင်၊ စံလင်း။ ဂွမ်းပုံလေး၊ မေဝန်းချို ထိုက်စုဝင်း စသည့် ဇာတ်ပို့ဇာတ်ရန်များစွာနဲ့ ကလေးသရုပ်ဆောင် ဖွဲ့သစ်တို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

**ဒိုင်စင်သန့်**


www.burmeseclassic.com



# တာအုပ်စင်ရှယောင်

ကိုကြီးထူး

## “အနီအနက်တစ်ဝက်တစ်ခြမ်း”



တရုတ်[illegible] ထင်ရှားသော အကြောင်းခြင်းရာတွေ [illegible] အခါအားလျော် [illegible] မှ စုစည်း [illegible] (၄)ကို [illegible] သင့်တော်[illegible] [illegible] ရှိသင့်သည့် စာအုပ်ဖြစ်သည်။ [illegible] လျှင် ၂၀၀၀/-နှုန်းဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိသည်။

---

## “ပရဟိတနိုင်ငံရေး”




“အရာသတိုးနွယ်”၏ ဤစာအုပ်တွင် “နိုင်ငံရေးလုပ်တယ်ဆိုတာ အများအကျိုးဆောင်ရွက်တာပါ။ အများအကျိုး[illegible] ဆောင်ရွက်တဲ့အခါ ပရဟိတစိတ်မရှိရင် လုပ်လို့မရဘူး။ ပရဟိတစိတ်မရှိဘဲ နိုင်ငံရေးလုပ်ရင် အတ္တဟိတဆိုတဲ့ မိမိကိုယ်ကျိုး[illegible] အတွက်သာလုပ်တတ်ပါတယ်။ အတ္တဟိတ နိုင်ငံရေးသမားတွေများနေတဲ့ နိုင်ငံမှာ ထွက်လမ်း၊ တရားမျှတ[illegible] တန်းတူညီ[illegible] ဆိုတဲ့အရာတွေဟာလည်း ရောက်မလာနိုင်ပါဘူး” ဟု ဖွင့်ဆိုထားသည်။ သင့်စာအုပ်စင်တွင် ရှိသင့်သည်။ မိမိကြိုက်စာပေ[illegible] ယဥ်မျိုးစာပေမှ တစ်အုပ်လျှင် ၂၅၀၀/-နှုန်းဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com






## “ငြိမ်းချမ်းရေးသာရရင်”

“မြန်မာနိုင်ငံစာရေးဆရာများအသင်း” မှ ထုတ်ဝေလိုက်သော ဤစာအုပ်တွင် ဟံသာဝတီ ဦးဝင်းတင်၊ ဦးသော်ဒိုး (ကျွန်း) လူထုစိန်ဝင်း အပါအဝင် စာရေးဆရာ၊ စာရေးဆရာမ (၁၈)ဦး၏ ခံစားချက်များကို စုစည်းထားခြင်းဖြစ်ရာ မှတ်သားအတုယူဖွယ်ရာများ ပါရှိသည်။ မြန်မာနိုင်ငံစာရေးဆရာများအသင်းစာအုပ်ဆိုင်၊ ဖုန်း-၀၁၅၂၃၁၅၃၀ နှင့် လောကသာရစာအုပ်တိုက် ဖုန်း-၀၉၄၃၁၀၅၁၁၉၀တို့မှ ဖြန့်ချိလျက်ရှိသည်။

## “ပလက်တီနမ်ဝတ္ထုတိုများ”



“ဆရာဖေအောင်” ၏ ဝတ္ထုတိုများ စာအုပ်တွင် ဝတ္ထုတို (၃၂)ပုဒ်ပါရှိရာ ... လိမ့်မည်။ “ရွှေဘောင်” ... ဖတ်ရှုဖွယ်ရာ ... ဖြစ်သည်။ ... တစ်အုပ်လျှင် ၁၅၀၀/-ကျပ်ဖြင့် ထက်ပြည့်လုံးဆို ဖြန့်ချိလျက်ရှိသည်။ ဖုန်း-၀၉၄၂၂၅၃၃၃၀၀ သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။



## “လွတ်မြောက်မှုအတွက် အမှတ်တရ”

မြန်မာနိုင်ငံစာရေးဆရာအသင်းက ဖွင့်လှစ်ခဲ့သော စာရေးနည်းအခြေခံတစ်သွန်သင်တန်းဆင်း “ဆရာဝဘုကြာ” ၏ ပွဲဦးထွက် ဝတ္ထုပေါင်းချုပ်ဖြစ်သည်။ အတွေ့အကြုံရှိ ရေးသားထားရာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ ရန်အောင်စာပေမှ တစ်အုပ်လျှင် ၁၅၀၀/-ကျပ်နှုန်းဖြင့် ထက်ပြည့်လုံးဆို ဖြန့်ချိလျက်ရှိသည်။

ကိုကြီးထွေး



www.burmeseclassic.com

www.burmeseclassic.com



# တစ်လတာသင့်ကံကြမ္မာ

တက္ကသိုလ်စိုးမိုးနိုင်

## တနင်္ဂနွေ



ဟိတ်ဟန်အပြည့်ဖြင့် တတ်ကြွစွာ လုပ်ကိုင်တတ်ချိန်။ ယုံကြည်ချက်မာနအပြည့် သွက်သွက်လက်လက် လုပ်ကိုင်ပြောဆိုမှုတွေ့မည်။ တွေ့စည်ချက်တို သောကြာနေ့သားသမီးတို့ ကူညီမှုပေးမည်။ ငွေကြေးကိစ္စ၊ လုပ်ငန်းသစ်ကိစ္စ၊ အိမ်၊ ခြံ၊ မြေကိစ္စ စနစ်တကျပြောဆိုမှု အောင်မြင်မည်။ ဝင်ငွေတိုးတက်မည်။ နေ့စဉ်သတိနှင့် ယှဉ်လျက် ကောင်းသောစကားကို ပြောပါ။ အံ့ဩစရာကောင်းသည့် အဆင်ပြေမှုများ တွေ့မည်။

BURMESE CLASSIC .com

နှလုံးသားနှင့်အတူ ဦးနှောက်ပါ ကူ၍ ချစ်တတ်ချိန်ဖြစ်၏။ ကဗျာမဆန်၊ စာမဖွဲ့သော်လည်း တန်ခွဲ့နွဲ့ မြန်မြန်ဆန်ဆန် ချစ်ခွင့်ရတတ်၏။ အချစ်ကံကောင်း၏။

**ထီထိုးရမည့်နေ့** – တနင်္လာ၊ သောကြာ။

**အထူးပေးဝထာန်း** – (၁ စ ၁) (၆ စ ၁)

**ယတြာ**– မွေးနေ့ မွေးနံ့ထောင့်တွင် ရေသက်စေ့သပွါယ်ပါ။ ရွှေသက်န်းလှူဒါန်းပါ။

## တနင်္လာ



ကြံတိုင်အောင် ဆောင်တိုင်းမြောက်မှု တွေ့ရချိန်။ အဆင်မပြေဖြစ်ထားသည့် ကိစ္စရပ်တိုင်း အဆင်ပြေမှု တွေ့ရပါလိမ့်မည်။ လုံ့လဝီရိယကြောင့် ထင်ပေါ်ကျော်ကြားလူသိများစရာ တွေ့မည်။ ရာထူးနေရာအတွက် ဇွဲဖြင့်ဆိုမှု အဆင်ပြေမည်။ အချိန်တိုအတွင်းမှာ ပြောင်းလဲမှု တွေ့မည်။ အားမာန်အပြည့်ဖြင့် ဆောင်ရွက်ပါ။

နှစ်ဖက်မိဘ သဘောတူသော အချစ်ရေးမျိုးနှင့် တွေ့ရပါလိမ့်မည်။ ချစ်သူ၏ အရေးယူဂရုစိုက်မှုခံရလိမ့်မည်။ ချစ်သူ၏ ယုံစားအားကိုးမှု ခံရမည်။ အချစ်ရေး၊ အချစ်ကံကောင်း၏။

**ထီထိုးရမည့်နေ့** – ဗုဒ္ဓဟူး၊ သောကြာ။

**အထူးပေးဝထာန်း** – (၁ စ ၂) (၃ စ ၆)

**ယတြာ**– မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေရန် “မင်္ဂလ” သုတ်တော်ကို ရွတ်ဖတ်ပူဇော်ပြီး ဆင်ခြင်ပွားများ ကျင့်ကြံအားထုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါ



အခွင့်အရေးသစ်ကို အပြည့်အဝ အသုံးချခွင့် ကြုံရချိန်၊ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခြင်းကြောင့် အောင်မြင်ပျော်ရွှင်မှု ကြုံမည်။ အိုးအိမ်ပြောင်းရွှေ့ရတတ်သည်။ မေတ္တာဖြင့် ဖွဲ့ချည်ထားသော မိသားစုကမ္ဘာလေး လှပနေပါလိမ့်မည်။ ဆွေရိပ်မျိုးရိပ် မကင်းသူတစ်ဦးကို ကူညီပံ့ပိုးမှု၊ အကြံပေးလမ်းညွှန်မှု ပြုရတတ်၏။ လုပ်ငန်းသစ် ပေါ်မည်။

**ထီထိုးရမည့်နေ့** – ကြာသပတေး၊ စနေ။

**အထျူးဝေးဝထာန်း** – (၄ ၈ ၀) (၅ ၈ ၇)

**ထကြော**– အိမ်ရှိဘုရားမှာ ဆီထမင်း ကပ်လှူပူဇော်ပါ။ ထို့အပြင် မိမိပတ်ဝန်းကျင်ရှိ ကလေးများကိုလည်း ဆီထမင်းကျွေးမွေးကာ ဒါနပြုပါ။

## ဗုဒ္ဓဟူး



မှန်တစ်ချပ်ရှေ့ ရပ်ကြည့်မိတတ်ချိန်။ သင်လျှောက်လှမ်းနေသည့်လမ်းက ပုံမှန်လမ်းမဟုတ်နိုင်ပါ။ မိမိကိုယ်မိမိ ရှုထောင့်အမျိုးမျိုးမှ စေ့ဖန်သုံးသပ်ကြည့်သင့်၏။ အပေါင်းအသင်းနယ်ပယ်သစ် ကြုံမည်။ သင့်ရိုးသားမှု၊ ကြိုးစားမှုက သင့်ကို ကူညီမှုပေးပါလိမ့်မည်။ ဝီရိယမပါရင်တော့ အောင်မြင်မှုနှင့် ဝေးသွားပါလိမ့်မည်။

သင် လုံးဝမမျှော်လင့်ထားသော အချစ်ရေး အခြေအနေသစ်နှင့် ကြုံရပေလိမ့်မည်။ ချစ်မိသူကြောင့် ဘဝတက်လမ်းအချို့ ရပ်တန့်သွားနိုင်သည်။ အချစ်ရေး ညံ့၏။

**ထီထိုးရမည့်နေ့** – ဗုဒ္ဓဟူး၊ ကြာသပတေး။

**အထျူးဝေးဝထာန်း** – (၇ ၈ ၀) (၂ ၈ ၅)

**ထကြော**– အိမ်ရှိဘုရားမှာ နှင်းဆီပန်း၊ အောင်သပြေ၊ ရေချမ်းနှင့် မုန့်လုံးရေပေါ် (၂၇)လုံး ကပ်လှူပူဇော်ပါ။

## ကြာသပတေး



ဒုက္ခနှင့်သုခကြား လှုပ်ရှားနေရချိန်။ ဒုက္ခကို ပိုပြီးကြုံရမည်။ ဖြစ်လိုသည်ကတစ်မျိုး၊ ဖြစ်လာသည်က တစ်မျိုး ကြုံနေတတ်သည်။ အငြင်းပွားစရာကိစ္စရပ်များ ကြုံရတတ်သည်။ တစ်ဦးထက်မကသော ပြိုင်ဘက်များ မှာနှင့် ကြုံရမည်။ ဒုက္ခနှင့် အခက်အခဲများကို ရင်မဆိုင်ဘဲ မည် သည့် အောင်မြင်မှုမှ မရနိုင်ပေ။ အောင်မြင်မှုက သင့်ထံ အလိုလို ရောက်ရှိရန် ခက်ခဲ၏။ ဒုက္ခ အခက်အခဲကို ကျော်လွှားပြီး အောင်မြင်မှုထံ သင်က အရောက်သွားလိုက်ပါ။

ပြန်ပြောရ မလွယ်ကူသော အချစ်ဇာတ်ရှုပ်ကြီးနှင့် ကြုံမည်။ မိတ်ဆွေသစ်က သင့်အချစ်မှာ ခလုတ်တန်သင်းဖြစ်နေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



**ထီထိုးရမည့်နေ့ –** တနင်္လာ၊ သောကြာ။

**အကျိုးပေးဂဏန်း** – (၁ ၈ ၁) (၆ ၈ ၁)

**ထကြာ–** မိမိစိတ်ဆွေ အပေါင်းအသင်းများကို ကြာဖ်ကြော် ကျွေးမွေးကာ ဒါနပြုပါ။

**သောကြာ**



ခပ်ဆန်းဆန်း ခပ်ရှုပ်ရှုပ် ပြဿနာတစ်ခုနှင့် ကြုံရတတ်သော ကာလပါ။ ကံမြင့်စေရန် "မကောင်းမှုကိုရှောင်၊ ကောင်းမှုကိုဆောင်၊ စိတ်ကိုဖြူစင်အောင်ထား" လျက် ကြိုးစားပါ။ အိပ်ပျော်နေသော ခြင်္သေ့၏ ခံတွင်းသို့ မည်သည့်သားကောင်မှ အလိုအလျောက် ဝင်မလာနိုင်ပေ။ ကိုယ့်ဒူးကိုယ်ချွန် အစွမ်းကုန်ကြိုးစားလိုက်ပါ။ ပညာရေးတိုးတက်အောင်မြင်စေရန် ဝီရိယရှိရှိ ဇွဲအပြည့်ဖြင့် ကြိုးစားပါ။

အစွဲအလမ်းကြီးကြီး ချစ်မိသူနှင့် ကြုံရမည်။ ချစ်သူလေးက နှလုံးအိမ်တွင် ငြိအောင် ဆွဲနှောင်ထားလိမ့်မည်။ အချစ်ကြောင့် ထိမ်ပေါ်ခုန်တက် ပျော်မြူးခွင့်ရလိမ့်မည်။ အချစ်ရေး သိပ်–သိပ်ကောင်း၏။

**ထီထိုးရမည့်နေ့ –** တနင်္ဂနွေ၊ အင်္ဂါ။

**အကျိုးပေးဂဏန်း** – (၂ ၈ ၅) (၈ ၈ ၀)

**ထကြာ–** အောင်သင့်အောင်ထိုက်သော မင်္ဂလာများအောင်မြင်ပြည့်ဝစေရန် မေတ္တာစိတ်ကို လွှမ်းခြုံလျက် (၇)ရက် သားသမီးများကို မေတ္တာပို့ပါ။

**စနေ**



အမြင်ကြယ် စင်ကြယ်မှု ကြုံရချိန်။ ကံထူးနေသည်။ ယခုလမှာ စတင်သည့်လုပ်ငန်းကိစ္စများ အကြီးအကျယ် အောင်မြင်မှုကြုံမည်။ ကံ–ကံ၏ အကျိုးကို ယုံကြည်ပြီး ဘာသာတရားဆိုင်ရာ ကောင်းမှုကုသိုလ်များကို လုပ်ဆောင်ပါ။ မှန်ကန်သော အမြင်ကို ရှာဖွေပါ။ အမြင်မှန်ခြင်းသည် အခွင့်ကောင်းများရရန် တစ်ပန်းသာလိမ့်မည်။ ရပ်ဝေးဒေသ၊ ပြည်ပနိုင်ငံရပ်ခြား ခရီးသွားလာသည့် ဆက်သွယ်မှုကိစ္စ အကျိုးအမြတ်ရရှိပါလိမ့်မည်။

ချစ်သူက မျက်စိအောက်က အပျောက်မခံနိုင်အောင် ဖြစ်နေလိမ့်မည်။ ချစ်သူဝိုင်းဝိုင်းလည်နေချိန်ဖြစ်၍ ချစ်သူက စိတ်မချခြင်းကြီးစွာ ဖြစ်နေလိမ့်မည်။ အချစ်ကံ အထူးရှယ်ကောင်းပါလိမ့်မည်။

**ထီထိုးရမည့်နေ့ –** ဗုဒ္ဓဟူး၊ သောကြာ။

**အကျိုးပေးဂဏန်း** – (၃ ၈ ၀) (၉ ၈ ၆)

**ထကြာ–** မြတ်စွာဘုရားရှင်၏ ဂုဏ်တော်များကို အာရုံပြုလျက် ဘုရားဂုဏ်တော်ကိုးပါးကို အဓိဋ္ဌာန်ပုတီးသက်စေ့စိပ်ပါ။

**တက္ကသိုလ်မိုးမိုးနိုင်**



www.burmeseclassic.com